www.burmeseclassic.com

# လရောင်ကျူးရင့်

ပေါင်းဖက်ခဲ့ကြသောချစ်သူများအား
အမှူးထား၍



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀



## အခန်း (၁)

"နာမည်ကျတော့ မယ်တွဲ့တဲ့၊ လူကိုမြင်လိုက်ရရင် အရိုးပြေတာ တစ်စက်မှမရှိဘူး၊ ယောကျ်ားစိတ်ဝင်စားတယ် ဆိုရင်တောင် တစ်မျိုးကောင်းဦးမှာ၊ ခုတော့ ဘာမှန်းကိုမသိဘူး၊ ဘာကို လက်ညှိုးထိုးရမှန်းကို မသိတာ၊ အံ့ရော...အံ့ရော"

ထုံးစံအတိုင်း အမြင်မတော်တာ တစ်ခုတွေ့ပြီဆို ဒေါ်ရီရီ ရင်ဘတ်ထုပြီးမှ ပြော၏။ ရှိရင်းအသံထက် ပိုတိုး၍ ခပ်ကျယ်ကျယ်အော်သည်။

လူမမာကို ဆေးတိုက်ဖို့ဟာ လက်က ဆေးထုပ်ဖြည်လို့ မပြီးနိုင်။ ပြီးစရာလည်း မရှိပေ။ ဒေါ်ရီရီ့မျက်လုံးတွေက ငါးမျှားချိတ်နှင့် ငါးစာထုပ်ကိုချ၍ ကျကျနနအလုပ်ဖြစ်နေသော မယ်တွဲ့ဆီမှာ....

"မိမယ် ညည်းကိုယ့်ဖအေ လူမမာဖြစ်နေတာကော သတိရရဲ့လား"

ရွှေသမင်စာပေ

www.burmeseclassic.com

မယ်ဘွဲ့ကတော့ မော့မကြည့်ပါ။ သားရေကွင်းနှင့်ဖြစ်သလို တုပ်စည်းထားသည့် ပလပ်စတစ်အိတ်ကို ဖြည်လိုက်ရင်း....

"ဒေါ်လေးကလဲ၊ အဖေ နေမကောင်းတာ မယ် ဝင်ခံလို့မှ မရတဲ့ဟာ၊ ဘာလုပ်ပေးရမှာလဲ"

ပြောနေရင်း ပလပ်စတစ်အိတ်ထဲကို နှိုက်ယူလိုက်တာ ပါလာသည်က တွန့်လိမ်လှုပ်ခါနေသည့် တီကောင်တစ်ကောင်....

"အမလေး..အမလေး..ယူသွား..ဟဲ့...ယူသွားစမ်းပါ"

ဒေါ်ရီရီ ဆေးထုပ်ကို လွှတ်ချမိတော့မလိုဖြစ်ကာ မျက်လုံးပြူးမျက်ဆံပြူးနှင့်အော်သည်။ မယ်ဘွဲ့က နည်းနည်းလေးမှ ဂရုမစိုက်ဘဲ တီမကောင်ကို ငါးမျှားချိတ်မှာ သေသေချာချာတပ်နေသည်။ ပြီးမှ ငါးစာထုပ်ကို ဘောင်းဘီဘေးအိတ်ထဲကောက်ထည့် ငါးမျှားတံကို ကောက်ယူပြီး ထရပ်လိုက်၏။

"မယ် ငါးသွားမျှားဦးမယ်"

သွားမယ်ဆိုတော့လည်း ဒေါ်ရီရီမကြိုက်။

"တွေ့လားအစ်ကို၊ အစ်ကို့သမီးလုပ်ပုံ၊ ဒီမှာဖအေဖျားနေတာ နှင်းနှိပ်ပေးမယ်၊ ပြုစုမယ် ဘာမှမရှိဘူး၊ ရှော့ပင်ပွပွ ရုပ်အကျီဖရိုဖရဲနဲ့ မိမယ် ညည်းကိုယ့်ကိုယ်ကိုယ် ဘာမှတ်နေလဲဟင်"

မယ်ဘွဲ့ ကျွတ်ခနဲ စုတ်သပ်၍ နှုတ်ခမ်းကို ဘယ်ဘက်ကောညာဘက်ကော ရွဲ့လို့ရသမျှ မဲ့ရွဲ့ပစ်သည်။

"ပြောပြီးပြီပဲ မယ် အဲဒီလိုမနေတတ်ပါဘူးဆိုမှ"

"ဘာ ညည်းက မိန်းကလေးမဟုတ်ဘူးလား"





"မိန်းကလေး ဖြစ်တာနဲ့ပဲ ငါးမမျှားရတော့ဘူးလား မဆိုင်တာ"

"ဘာဖြစ်လို့မဆိုင်ရမှာလဲ မိန်းကလေးက မိန်းကလေးလိုနေပေါ့ အင်းထဲမှာ ငါးမျှားနေကြတာ မိန်းကလေးရှိလား"

"ရှိတာပဲ"

"အံမယ် ဘယ်သူလဲ ဘယ်သူရှိလဲပြော မဟုတ်ရင် နားပြေးအုပ်ပစ်မယ်"

"မယ်လေ မယ်မျှားနေတာပဲ ဘာဖြစ်လို့လဲ"

တူဝရီးနှစ်ယောက် မပြေလည်ကြသည့်အဖြစ်ကို ပက်လက်ရှိနေသော လူမမာမှာလည်း မကြားချင်ဘဲ ကြားနေရသည်။ ကြားနေကမို့လည်း သက်ပြင်းချရုံအပြင် ဝင်ရောက်စွက်ဖက်ဖို့ စိတ်ကူးမဖြစ်ခဲ့ပါ။

ဒေါ်ရီရီကတော့ ဒီတူမလေးတစ်ယောက်ပဲရှိတာ မိုင်းကောင်းကျောက်ပိလေးဖြစ်စေချင်သည်။ ချောချောလှလှလေး မွေးထားပြီး အပျိုရှုံင်ရယ်လို့ ဂုဏ်တက်ရတာလည်း ဘာမှမရှိခဲ့ပေ။

မယ်ဘွဲ့တို့ အလှပြင်တာက သနပ်ခါးပါးကွက်ကြီးတွေ ဖြူးဖြူးပြဲပြဲကွက်မည်၊ ခေါင်းဖြီးလိုက်တာနဲ့ ပြီးပြီ။

"ဟဲ့ ပါးကွက်ကြီးက ပုံချထားသလိုပါလား၊ နည်းနည်းဖျက်ချလိုက်စမ်း"

ပြောလည်းမရ။

"ဒေါ်လေးပဲလိမ်းခိုင်းတာ ပြန်ဖျက်ခိုင်းတော့ နှစ်ခါရှုပ်တာနော်"

ရွဲ့တာလည်းမဟုတ်ဘဲ မျက်နှာသစ်ချပြီး ပြန်ထွက်လာတော့ ဒေါ်ရီရီပဲ ဓွေ့ဓွေ့ခုန် ဖြစ်ရသည်။

www.burmeseclassic.com



"မျက်နှာမှာ ဆီလောင်းထားတာကျနေတာပဲ သွား မျက်နှာသစ်စမ်း" ဆိုတာလည်း နားမထောင်။

"တော်ကြာ ရေချိုးမှာပါ"

ဟုပြောပြီး တော်ကြာဆိုတာက ဟိုလုပ်ဒီလုပ်နှင့် မိုးသာချုပ်သွားသည်၊ မယ်ဘွဲ့တို့ မျက်နှာအဆီတဝင်းဝင်းနှင့်၊ အပေါင်းအသင်းကျသည်း မိန်းကလေး ယောကျာ်းလေး မခွဲခြားဘဲ ဘယ်သွားသွား ...လုပ်လုပ် တွဲသွား၊ ရောထိုင်....

သူမကတော့ သူ့ကိုယ်...ဟ...ဗင်ဒ္ဒသို့ ထင်သလဲ မသိ။ ဒေါ်ရီရီမှာ ကိုယ့်တူမလေးက ချောချော...လှလှ ယောကျာ်းလေးတွေက မစမ်းရဲတာ ရှိချင်ရှိမည် ရင်းနှီးနေကြလို့ မစဉ်းတာလည်း ဖြစ်နိုင်သည်။

ဒါပေမဲ့ ရိုးသားမှုရှိကြမှာမဟုတ်တာကို သိထားသဖြင့် ဘယ်လိုမှ စိတ်မချ။

"မိမယ် ညည်းတော်တော်ခက်နေပြီသိလား၊ ငါမပြောချင်တော့ဘူး၊ ပြောကိုမပြောချင်တော့တာ"

ကိုယ့်ပူပန်မှုတွေကို ပြန်မျိုချ၍ ဒီနည်းနဲ့ပဲ အဆုံးသတ်ကျန်ခဲ့ရပြန်သည်။ ဒါတောင် တိုးသဲ့သဲ့ ရယ်ကျဲကျဲ ပြောသွားသေးသည်။

"တော်သေးတာပေါ့"

တဲ့။ မယ်ဘွဲ့ဆင်းသွားမှ ဆေးထုပ်ကို ပြန်ဖြည်ရသည်။

"အစ်ကို ထလေ ဆေးသောက်ရအောင်"

ဒီတော့မှ ဦးဘရင် ခပ်ဖြည်းဖြည်းထထိုင်၏။ ဒေါ်ရီရီက ဆေးနဲ့ရေကို ကိုင်ထား၍ စောင့်နေရင်းမှ....





"သမီးလေး မွေးထားရပြီး သားနဲ့တူနေပြီအစ်ကို မိဘကို ကြင်နာရမှန်းလည်း မသိ၊ မိန်းကလေးပီပီသသ အိမ်မှုကိစ္စလည်း ဘာမှ မနိုင်"

"အဲဒါ နင်ပဲ အလိုလိုက်ခဲ့တာမို့လား ရီရီ၊ ညည်းမနေနဲ့၊ ငါလည်း စိတ်ညစ်တာပဲ"

"အစ်ကို့ကို စိတ်ညစ်စေချင်လို့ ပြောတာမဟုတ်ဘူး ပြုစုစေချင်တာ ကျွန်မက ကမ်းနားဆင်းပြီး ပစ္စည်းကြို၊ ပြန်ရောင်းနဲ့ နေ့လည်မှ အိမ်ပြန်ရတာ တစ်မနက်လုံး ...စ်ရှို့ကို တစ်ယောက်တည်း ထား မချလို့"

"နင် မရှိရင်တော့ သူအိမ်မှာနေပါတယ်"

ဦးဘရင်က ဆေးကို ပါးစပ်ထဲ ပစ်သွင်းပြီး ရေနဲ့မျောချလိုက်သည်။ ပြီးတော့ အိပ်ရာထဲပြန်မလှဲဖြစ်သေးဘဲ....

"အိမ်မှုကိစ္စဆိုတာ မိန်းကလေးဇီဇအရ ပြောရရင် လက်ထပ်သင်ဖို့လည်း မလိုဘူး နားရှက်ခွဲလာပြီး မီးဖိုထဲအတင်းဝင် ထမင်းချက်နိုင်းနဲ့ လုပ်လို့လည်းမရဘူး သူကိုယ်၌က ချက်ပြုတ်သိမ်းဆည်းတာကို ဝါသနာပါမှ ဒါမှမဟုတ်လည်း သူ့အတွက် သူ့စိတ်ကိုက ဒါကိုလိုချင်တောင့်တလာမှ သူဟာသူဖြစ်လာမယ့် ကိစ္စပါ"

"ပြောတော့မယ် အစ်ကိုရယ် မိန်းကလေးပဲဟာ ဝါသနာပါမှ ချက်ပြုတ်ရမှာလား ယောကျာ်းယူပြီဆိုမှ ထမင်းချက်တတ် ဟင်းမချက်တတ်ဖြစ်တော့ သူလည်းမျက်နှာငယ်မယ်၊ မိဘတွေကော ကောင်းဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း သူဟာသူပြီးသွားမှာပါ အရှည်ကြီးလှမ်းတွေးပြီး ပူမနေနဲ့ ရီရီ ငါတို့မသင်ခဲ့မပြခဲ့တာလည်း မဟုတ်ဘူး။ သူကိုက ဒီတိုင်းဖြစ်ချင်နေတာ မသင်ပါနဲ့ မလုပ်ပါနဲ့ တားနေတဲ့ဂျူဒိုတွေ မြားပစ်တွေကျတော့ သူလုပ်ချင်တာ သူဖွတ်လုပ်ဖွတ်သင်တာပဲ"

"အဲဒါ ခက်တာ ကျွန်မဖြင့် မိမယ်အကြောင်းတွေတွေးမိရင် အိပ်ချင်နေတဲ့ မျက်စိတောင် ထကျယ်တယ် တကယ်ပြောတာ"

ဒေါ်ရီရီက ရေခွက်ကို စားပွဲပေါ်ပြန်တင်လိုက်ပြီး လျှော်ဖွတ်စတွေ့သမျှ လိုက်ဆွဲယူနေရင်း....

"ဒြဘ်ခေါင်းရင်းခြံက အစ်ကိုဆီလာသေးလား ဆိုက်ကားဝယ်မယ့်သူ ခေါ်လာမယ်ဆိုတာ"

ဦးဘရင်က ခေါင်းခါ၍ အိပ်ရာထဲမှာ အသာပြန်လှဲ၏။

"လာလည်းမ[illegible]ပါ[illegible]ငါနေကောင်းရင် ပြန်နင်းမှာပေါ့"

"အစ်ကို နင်းမှာစိုးလို့ကိုပဲ ရောင်းပစ်ချင်တာ အစ်ကို့အသက်အရွယ်က နားသင့်တဲ့အရွယ် ရောက်နေပြီ ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘူး"

"ကောင်းကောင်း မကောင်းကောင်း စားဖို့ကရှာရမှာပဲ နင့်တစ်လုပ်စာတည်းနဲ့ ဒီအိမ်မှာ ဘယ်လိုလုပ်စားမလဲ"

"အခု စားနေတာပဲ အစ်ကိုရယ် စောစောက ကျွန်မပူတာက မိမယ်ကျောင်းဆက်တက်ဖို့ပူတာ သူကတက်မှမတက်ချင်တာ သူ့ကိုယ်သူဆယ်တန်းလေးအောင်ထားတာကို ဘွဲ့ရန်ယူထားတာကျနေတာပဲ အဝေးသင်နဲ့ဖြေပါဆိုတာကို လုံးဝစိတ်မဝင်စားဘူးတဲ့"





ဒါဆို ညည်းက တက္ကသိုလ်တက်ချင်တာလား ငါဖြစ်အောင်ထားမယ်လို့ ရွဲ့မေးတော့....

"ဒဂုံတက္ကသိုလ်လောက်ပဲရမှာ မတက်ချင်ဘူး ဘွဲ့တစ်ခုယူပြီးဟို မရောက်ဒီမရောက်ဖြစ်နေမှာ ဘာထူးမှာလဲ"တဲ့။

ပြောလိုက်တာ လေတစ်လုံး မိုးတစ်လုံး....

"ဆရာဝန် အင်ဂျင်နီယာဖြစ်ချင်အစကတည်းက ညည်းကြိုးစားပါလား"

ဆိုတော့ ဖြေပုံက ဒေါသဖြစ်ချင်စရာ...

"ဒေါ်လေးတို့ ကျူးရှင်းရှာရမှာစိုးလို့ လျှော့ဖြေလိုက်တာ ကျေးဇူးတင်ထိုက်သေးတယ်"

တဲ့။ ခုကျတော့ ဆယ်တန်းအောင်ထားပြီး ဒီတိုင်းနေလိုက်တာ တကယ်ဆို ကျောင်းစာကို ပြန်မကြ[illegible]ဖြစ်သည်။ ဒေါ်ရီရီက အစ်ကိုဖြစ်သူကို ကရုဏာဒေါသနှင့် စိ[illegible]ကြည့်၏။

"ညီမဆိုပေမယ့် တိုင်ပင်ဖော် တိုင်ပင်ဖက်လိုသဘောထားပြီး ပြောတာဆို နည်းနည်းပါးပါးလက်ခံစမ်းပါအစ်ကိုရယ် မရောင်းချင်ဘူးဆိုရင်လည်း အငှားနင်းမယ့်သူကိုပေးလိုက် နေ့စဉ်အံ့နှာကြေးလေး ရလည်း ဆန်ဖိုးဆီဖိုးရနေတာပဲ"

"ငါ့ဆိုက်ကားကို သူများပေးမနင်းနိုင်ပါဘူး လူတွေက ကောင်းတာမဟုတ်ဘူး ကိုယ့်ပစ္စည်း မဟုတ်ရင် မဟုတ်သလို လုပ်တာ"

"အဲဒါက ထားပါဦး အစ်ကို့သမီးက ဆိုက်ကားနင်းဖို့ တာ[illegible]ကဲလုပ်နေတာနဲ့ တွေ့ဦးမယ်"

www.burmeseclassic.com



"အဓိပ္ပာယ်မရှိတာ"

ဦးဘရင်က စောင်ကို ရင်ဘတ်ထိဆွဲခြုံလိုက်ပြီး ခေါင်းခါနေသည်။ ဒေါ်ရီရီက မဲ့မဲ့ကြီးနှင့် ခေါင်းညိတ်ကာ..

"အဓိပ္ပာယ်မရှိဘူးဟုတ်လား မနေ့ညကပဲ အစ်ကို့သမီး သူ့သူငယ်ချင်းတွေရှေ့တစ်ယောက် နောက်တစ်ယောက်တင်ပြီး..."

"ဟင်..ဘာ..ဘယ်ကိုသွားတာလဲ"

"ကြာကန်ကို သွားမယ်လို့ပြောတာပဲ ကျွန်မတော့မယုံဘူး ကျော်ရကျော်နဲ့ သီတာချိန်းတွေ့တာကို လိုက်ပို့တယ်ထင်တာပဲ"

"ခက်တယ်"

ဦးဘရင် မျက်လုံးတွေမှိတ်သွားတာ ပြန်ဖွင့်မလာတော့ပါ။ ပြောစရာရှိသေးပေမယ့် ဒေါ်ရီရီပါးစပ်ပိတ်၍ အသာလေးပဲထွက်လာခဲ့မိသည်။

မိမယ် ဒီလိုမျိုး အခေါက်ခေါင်းမနည်းအောင်ထွက်နေတာများသိရင် ဘယ့်နှယ်လုပ်မလဲ။ ဒီက သိလို့ပြောနေတာကျတော့ လက်မခံချင်။ ဘယ်သူမှ မခက်ပါဘူး ဒီကောင်မလေးကိုက ခက်နေတာ...





အခန်း (၂)

အရပ်အမြင့်က ငါးပေအထက်မှာ ဘယ်လောက်ကျော်နေသည်တော့မသိ။ ဖိနပ်ပါးစီးထားတာတောင် သူ့အထက်မှာ မိုးချင်နေ၏။

ထက်စိုးသူက ပခုံးချင်းယှဉ်လျှောက်ရင်း မယ်ဘွဲ့ကိုပြန်ကြည့်၍ နှာခေါင်းရှုံ့၏။

"မယ်ဘွဲ့"

"ဘာလဲ"

"ဘယ်သူ့အားကိုးနဲ့ ဒီလောက်ရှည်နေတာလဲ"

"ဘာ"

"အရပ်"

"နင်ကကော ဒီလောက်တောင်ဘာဖြစ်လို့ တိုနေရတာလဲ"

"ဟာ..ဟင်..ပုနေရတာလဲ လုပ်စမ်းပါ အလိုလိုလူစင်မမီဖြစ်တဲ့အထဲ"

ပျာပျာသလဲဖြစ်သွားသည့် ထက်စိုးသူပုံကိုကြည့်၍ မယ်ဘွဲ့က



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

"နင်က ပုတာမှ မဟုတ်တာ ခါးကနေ အထက်ပိုင်းက နော်မယ်ပဲ"

"ပြောတော့မယ်"

"ခါးအောက်ကနေ တိုနေတာ"

"သေစမ်း"

"ဟား..ဟား..ဟား"

မယ်ဘွဲ့က ဟားတိုက်ရယ်သည်။ အားမရဘဲ လက်ဝါးနှစ်ဖက် ဖြန့်းခနဲတီး၍ရယ်၏။ လမ်းသွားလမ်းလာတွေ လှည့်ကြည့်ကြ၏။

ထက်စိုးသူ မှုန်ကုတ်ကုတ်ဖြစ်နေကာ...

"သူများကို ပြောဖို့များဆို အားပါးတရပဲနော်"

"မဟုတ်လို့လား နင်ဟာလေ ခြေထောက်တိုတိုလေးတွေနဲ့ အပေါ် ရှည်အောက်တို ဝတ်လိုက်ရင် ဘောင်းဘီရှည်က ခြေထောက်ပေါ်မှာ ငါးလက်မထုလောက် ပုံနေသေးတယ်"

"မယ်ဘွဲ့"

ထက်စိုးသူက အံကြိတ်ခေါ်၏။ ငယ်သူငယ်ချင်းတွေမို့ သည်းခံ နေရတဲ့အထဲမှာ မယ်ဘွဲ့ကို သူသည်းအခံရဆုံး။ တကယ်ဆို မယ်ဘွဲ့ က လွဲပြီး သူ့ကိုဘယ်သူမှ ပုပါသည် တိုပါသည်ဟု မှိုချိုးမျှစ်ချိုးမပြော ခဲ့ဘူးလေ။

မယ်ဘွဲ့ကြောင့်လည်း သူမှာ လူပုလူတိုဖြစ်ရသည်။ သူနဲ့တွဲသမျှ ယောက်ျားလေး သူငယ်ချင်းထဲမှာလည်း အရပ်ခပ်တိုက်တိုက်တွေပဲ ဖြစ်ပြီး ထူးခြားမြင့်မားတဲ့သူမရှိ။





မယ်ဘွဲ့က အရပ်မြင့်သည့်အပြင် ဆံပင်ပါးပါး တို့က ပခုံးထောက်ရုံလေးပဲရှိသည်။ လည်တိုင်ရှင်းသအောင် နှုတ်ခမ်းကို

အသားလေးဖြူပေမယ့် ပါးရိုးအနည်းငယ်ပေါ်သည်။ ကြီးနဲ့ လူပုံက ချင်၏။ နှုတ်ခမ်းက လေးကိုင်းကွေးသလို အနေတော်ပြည့်ပြည့်ဖူးတော့ ဖြစ်ကာ အနားသတ်ဖျားလေးတွေမှာ ဖြာချင်သလိုရှိ၏။

နှာတံပေါ်တာကော မျက်လုံးပြူးပုံကော စုပေါင်းကာ ဖြာလွဲ့လွဲ့ မျက်ဝန်းများကြောင့် သူမတစ်ကိုယ်လုံးမှာ နုနွဲ့လှပတာ မရှိပေ။

ရက်စက်တတ်သော မျက်ဝန်းတို့ကို ပုံဖော်ကြည့်မိတာနှင့် ပေါး ရိုးကားပုံကတွေဝေတတ်သူ မဟုတ်မှန်း သိသာနေသည်။ ဘယ် က လှမ်းကြည့်ကြည့် အရပ်မြင့်တာနှင့် လည်တိုင်ရှင်းနေသော မယ်ဘွဲ့ပုံစံ က ထင်းခနဲပေါ်လွင်သည်။

မယ်ဘွဲ့နဲ့ ကပ်ယှဉ်နေတိုင်း သူပဲနိမ့်ကျန်ခဲ့တာဖြစ်၏။ ပြီး တော့ ကံမကောင်းလျှင် မယ်ဘွဲ့ဟားတိုက်ရယ်တာကို ခံရသေးသည်။

ထက်စိုးသူ မျက်နှာက ရှုပုတ်ပွထနေ၏။

"နင့်ကို ငါစေတနာပျက်လာပြီနော်"

"အံမာ"

"ငါ့ခြေလှမ်းတွေ တခြားလှည့်သွားရင် နင်ဘယ်လောက် စီးပွားပျက် သွားမယ်ထင်လဲ"

"အိုး လုပ်လိုက်စမ်းပါ လူတိုလေးရဲ့ နင်လည်းနင်ရဖို့ လိုက်လာ တာပဲ ဒီအလုပ်မဖြစ်တော့ ဘာဖြစ်လဲ ဘယ်လိုလဲ ပြန်လှည့်မလား"

"မယ်ဘွဲ့ နင်ဟာလေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ပုတ ုက်ချင်ဘူး"

"ပြောပြေ ရဲဘူးလို့ဝန်ခံ"

"ချ ွဲနဲ့"

ထက်စိုးသူက မျက်စောင်းထိုး၍ ဘေးကလက်ဖက်ရည်ဆိုင်ကို ကြည့်သည်။ ကိုယ်ပဲခံရသေးသည်။ သူ့ကိုလည်း ပြန်တောင်းပန်ရ တော့မယ့် အဖြစ်မို့ အသာငြိမ်နေလိုက်ရပေမယ့် မခံချင်စိတ်နှင့် မျက်နှာကတော့ မကြည်။

"ဘယ်လက်ဖက်ရည်ဆိုင်လဲ"

"ဒီနားမှာလို့ ပြောတာပဲ သူကြို့ရောက်နေမှာယ်တဲ့"

ပြောနေရင်း ထက်စိုးသူက အလှမ်းမကွာလှသော လက်ဖက်ရည်ဆိုင်တွေကို ဟိုဒီလိုက်ကြည့်ရှာသည်။ ထိုစဉ်မှာ လက်ခုပ်တီးသံ နှစ်ချက်ကြားလိုက်ရ၏။ မယ်ဘွဲ့ကော သူကော လှည့်ကြည့်မိကြသည်။

လက်ဖက်ရည်ဆိုင်နှင့် မီနီမားကတ်လေးကြားက ကားပါကင် တစ်ခုထဲက လူ…

"အဲဒီလူပဲ"

ထက်စိုးသူက ခြေဦးလှည့်၏။

"လက်ဖက်ရည်ဆိုင်မှာ ဆုံမှာဆို ဘယ့်နှယ်ကားတွေကြားထဲမှာ"

"လာစမ်းပါ နင်ကလည်း သူ့မှာအကြောင်းရှိလို့ပါဆိုမှ"

နှစ်ယောက်သား လမ်းကူးပြီး ထိုနေရာသို့ရောက်လျှင် သူတို့ ထိုသူ့ရှေ့ထိ သွားကြရသည်။ တကယ်ဆို နည်းနည်းပါးပါး ရှေ့ထွက်





ရပ်ပြပါတော့လား။

မယ်ဘွဲ့က မျက်မှောင်ကုတ်တာကို သိသာအောင် နှုတ်ခမ်းကို ပါ ဖိပိတ်၍ စူးစိုက်ကြည့်သည်။ ကားက ကိုယ်ပိုင်ကားကြီးနဲ့ လူပုံက လေယာဉ်ပေါ်က ဆင်းလာတဲ့ ဘိုရှူးပုံစံ၊ တွေ့ချင်သည့် ကိစ္စကျတော့ ဆိုက်ကားငှားဖို့ဖြစ်နေတာ တစ်မျိုးတော့ တစ်မျိုးပါပဲ။

"ကိုထက် မင်းပြောတဲ့ ဆိုက္ကားနင်းမှာသူလား"

ရောက်ရောက်ချင်းပဲ သူကစမေး၏။ ထက်စိုးသူက မယ်ဘွဲ့ကို ပြန်ကြည့်ပြီး ခေါင်းညိတ်သည်။

"သူ့ဆိုက္ကားပဲ သူ့အဖေနေမကောင်းလို့ သူနင်းမှာ"

မိန်းကလေးဖြစ်နေတာကို မယုံကြည်သလို နှာခေါင်းမသိမသာ ရှုံ့တာပဲရှိကာ ဘာမှမမေးဘဲ ခေါင်းညိတ်သည်။ ထက်စိုးသူနဲ့ ထိုသူ စောစောပိုင်းက ပြောဆိုထားကြပြီးသားဖြစ်ပုံရှိလျက် နောက်ထပ်ရှေး ဖယ်နေဖို့လည်း မရှိတော့တာမျိုး။

"အေးလေ ဘာပဲဖြစ်ဖြစ် ပြောသလိုလုပ်ဖို့တော့လိုတယ် မနက် ဖြန် ညနေ (၆) နာရီတိတိကို ရောက်အောင်လာခဲ့ ပြောတဲ့အတိုင်းပဲ လုပ် မစပ်စုနဲ့"

"နေပါဦး ဘာလုပ်ရမှာလဲ ဘာပစ္စည်းတွေပို့ပေးရမှာမို့လို့လဲ ပြော သလိုလုပ်ပေးမှာကတော့ လုပ်ရမှာပဲလေ ကျွန်မက အလုပ်လက်ခံပြီး ရင် ဒါကို ခင်ဗျားပြောဖို့ မလိုပါဘူး အခု ကျွန်မမေးသင့်တာကတော့ မေးရမှာပဲ စပ်စုတယ်ထင်ရင် မဖြေနဲ့ ရှင်းရှင်းလေးပဲ"

ထိုသူက မျက်မှောင်ကုတ်သွားပြီး ထက်စိုးသူကို ဘယ်လိုလဲဆို



www.burmeseclassic.com

www.burmeseclassic.com



အညှို့မျက်လုံးများနှင့် ဝင့်ကြည့်သည်။ ထက်စိုးသူက စိတ်ပျက်စွာ ရှည်ကြည့်ကာ...

"မယ်ဘွဲ့ နင့်ကိုငါ ပြောပြီးပြီလေ"

"ပြောပြီးပေမယ့် အခုထပ်သိချင်တယ် ငါ့ဆိုက္ကားပေါ်မှာ မဟုတ်မဟတ်တာတွေ တင်ခိုင်းတာဆို ငါဒုက္ခရောက်မှာပေါ့"

"ကောင်းပြီ"

ထိုသူက လည်စည်းကို ဟန်ပါပါတစ်ချက်ကိုင်ပြီး လည်ချောင်းရှင်းသည်။ မယ်ဘွဲ့မျက်နှာကို ဆယ်စက္ကန့်လောက် စိုက်ကြည့်နေပြီးမှ...

"ပြောမယ် ပြီးရင် ထပ်မမေးပါနဲ့ နောက်ထပ်မစပ်စုဘဲ အလုပ်ကို လက်ခံပါ"

မယ်ဘွဲ့က ဘာမှပြန်မပြော...

"ပြောလို့ သိပ်မကောင်းပေမယ့် မင်းသံသယရှင်းအောင်တော့ ပြောပြမယ် ငါတို့ရဲ့ အစ်မကြီးကို အိမ်ထောင်ရေး ဒုက္ခကိုခံစားနေရတယ်"

ထိုသူသည် သိပ်မပြောချင်သလို ခပ်ရိုင်းရိုင်းဖြစ်သွားပြီးမှ...

"သူ့ယောကျ်ားကိုလည်း သူမစွန့်လွှတ်နိုင်ဘူး အဲဒါကြောင့် မိန်းမသားပီပီ ဗေဒင်ယတြာကို အားကိုးတယ်ဆိုပါတော့ ဒါပေမဲ့ ယတြာက ကြမ်းတယ် ပြောရရင်တော့ သိပ်မကောင်းဘူးပေါ့ သူ့ယောကျ်ားမသိအောင် လုပ်ရတယ်ကွာ မင်း အဲဒီလောက်ထိ အကြမ်းဖျင်းမှတ်ထား ယတြာပစ္စည်းက မိန်းမရုပ်ကြီးပဲ"

"မိန်းမရုပ်ကြီး"





"ဟုတ်တယ် လူနဲ့တစ်ထပ်တည်းတူအောင် ဖန်တီးထားရတာ အဲဒီအရုပ်ကိုကော မိန်းမအသုံးအဆောင်အချို့နဲ့ စောင်ခေါင်းအုံး အကုန် နာရီနဲ့အတိအကျ အရုပ်မျက်နှာမှန်ကန်အောင် သွားစွန့်ရမှာ"

ပြောပုံက ဟုတ်သလိုလိုတော့ ဟုတ်သလိုလိုပါ ဒါပေမဲ့ ဆိုက္ကားနဲ့မှ ရမှာလား"

"ဆိုက္ကားနဲ့မှ ဖြစ်မှာမို့လို့ပါ ဒါက အကြောင်းအမျိုးမျိုးကြောင့်ပေါ့ မင်းဘာသိချင်သေးလဲ"

မယ်ဘွဲ့စိတ်ထဲမှာ ရှိနေတာကို တွက်မိလိုက်သလို ထိုသူက ရှင်းပြပြီးမေးဆတ်လာ၏။ မယ်ဘွဲ့ကလည်း ပွင့်ပွင့်လင်းလင်း ပဲပြောဖို့ ဆုံးဖြတ်၍ ....

"တစ်မျိုးတော့ တစ်မျိုးကြီးပဲ။ ဒါပေမဲ့ သွား ပစ်ပေးရမှာဆိုတော့ ပြဿနာတော့ မရှိပါဘူး ဘယ်ကိုပစ်ပေးရမှာလဲ"

"အဲဒါ ဒီညနေဖုန်းဆက်ပြောမယ်"

"ဘယ်ကိုဆက်မှာလဲ ကျွန်မတို့နားမှာ ဖုန်းမှမရှိတာ"

"ငါ လာပြောပါ့မယ်"

ထက်စိုးသူက သူ့ရင်ဘတ်ကိုပုတ်ပြပြီး ဝင်ပြော၏။

"ဒီလိုလေ အရုပ်မျက်နှာကိုပဲပြောရင် မင်းနေရာရှာရတာ ဒုက္ခများမှာ ဒါကြောင့် အရုပ်မျက်နှာအရ ဘယ်နားဖြစ်နိုင်တယ်ဆိုတာကို ငါတို့ပဲရှာပေးမယ် အဲဒီအတိုင်းမင်းသွားပေါ့"

ထိုသူက ပြောနေရင်း ကုတ်အင်္ကျီအိတ်ထဲက ထောင်တန်နှစ်အုပ်ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့လာရတာ ဝေးတယ်ဆိုတော့ ပို့ပေးပါ့မယ် အပြန်လည်း မိုးချုပ်မှာလေ ရော့ ငါးသောင်းယူလိုက်”

ပါလာသလောက်ထဲမှ တစ်ထပ်ကို တစ်ဝက်ခွဲထုတ်ပြီးပေး၏။ ငါးသောင်းဆိုပါလား လို့က်ခနဲဝမ်းသာသွားသည်။ မသက်ာစိတ်က လည်း အကင်းမသေဘဲရှိ၏။ ထိုသူက သူတို့ပိုက်ဆံကို လှမ်းယူလိုက်ပြီးမှ....

“အလုပ်ကို သေချာချင်လို့ ငွေပိုပေးထားတာနော် နာရီမလွဲစေနဲ့ ချိန်းတဲ့အတိုင်းမိနစ်မစွန်းဘဲရောက်အောင်လာပါ ဘယ်သူမှ မသိစေချင်လို့ ဝေးတဲ့အရပ်က မင်းတို့ကိုလှမ်းပြီး ငှားရမ်းတာပဲ”

မိန်းမက ယတြာချေတာဆိုတော့ သူ့ယောကျာ်းသိမှာတော့ စိုးမှာပါပဲ ဒါကိုတော့ လက်ခံမိသည်။ ဘာပဲဖြစ်ဖြစ် ဒီပိုက်ဆံကို မယ်ဘွဲ့လိုချင်နေပြီ။

“မိန်းကလေးဆိုပေမယ့် မင်းကိုတော့ ယုံကြည်ပါတယ် တိတိကျကျဖြစ်ဖို့ပေါ့”

ထိုသူက ကားထဲဝင်ခါနီးမှ မယ်ဘွဲ့ကိုကြည့်ပြော၏။

“နောက်တစ်ခုက မင်းဒီအတိုင်းတော့ မလာဘူးထင်တယ် ဟုတ်ပါ့မလား”

“ဘယ်လာမလဲ ကျွန်မကလည်း မရိုးသားစွာထွက်ရမှာ ရိုးသားတာတစ်ခုက အဲဒီကို အတိအကျ ရောက်အောင်လာမယ်ဆိုတာပဲ”





အခန်း (၃)

ဘာကြီးမှန်းမသိပေမယ့် လေးတာကတော့ ပစ်စလက်ခတ် သေချင်အောင်လေးနေလေသည်။

ဂျိမ်းစ်ဘွန်းလို ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းကာ ဘောင်းဘီရှည်ပွပွနှင့် အဖေ့ရှပ်အင်္ကျီအရောင်ပြယ်နေသော ဖားဖားကြီးကိုဝတ်ထားခဲ့သည်။ အားစိုက်နင်းရလေ အင်္ကျီကလေး၊ ဆိုက္ကားကလေးနှင့် ချွေးတွေပြန်လာ၏။ ဒီအထုပ်သွားယူရတာကလည်း ဆိုက္ကားကို နာရီဝက်သာသာလောက်နင်းခဲ့ရ၏။

သူမထင်ခဲ့သလို တိုက် (သို့မဟုတ်) အိမ်တစ်အိမ်ဆီသွားနေရတာလည်းမဟုတ်။ ဆန်ကိုဒေါင်လို နေရာရှေ့က ကားနောက်ခန်းထဲကနေ ဆိုက္ကားပေါ် ပြောင်းတင်ခဲ့ရတာဖြစ်သည်။

တင်ပေးလိုက်ကြတာက သူတို့ကိုယ်တိုင်၊ နင်းရတော့မှ ဒီလောက်လေးတာကြီးကို သတိရသည်။ ဒီလာခါနီးတော့မှ ထက်စိုးသူက အကြောင်းပြကောင်းကောင်းနှင့် နေခဲ့၏။ စပြောကတည်းကလည်း

www.burmeseclassic.com



သူတပါးစိတ်ကိုက်မှာ ညနေစာရှယ်ကျွေးရမှာဟု စကားခံခဲ့တာမို့ ထပ်ခေါ်တော့ဘဲ ထားခဲ့တာဖြစ်သည်။

ဒီနေ့အလုပ်ကြီးအကိုင်ကြီး လုပ်ရမှာမို့ ဆိုက်ကားကို မနေ့ကတည်းက ဘာဖြစ်နေသည် ညာဖြစ်နေသည်ဟု ဒေါ်လေးကိုပြောထားခဲ့သည်။ ဒီနေ့လည်ကျမှ...

"မယ့်ဘာသာ အဖေမသိအောင် သွားပြင်လိုက်မယ် ဒေါ်လေးအဖေ့ကို သွားမပြောနဲ့နော် အဖေက သူ့ဆိုက္ကားခိုးနင်းရကောင်းလားဆိုပြီး ရောဂါတွေတက်ဦးမယ် ပျက်သွားတာသိရင်ပိုဆိုးမှာ မပြောနဲ့နော် ပြီးအောင်စောင့်ပြင်ပြီး ပြန်ယူလာမယ်"

သဘာဝကျကျပြောပြီး ဆိုက္ကားကို ထုတ်ယူခဲ့တော့ ထွက်ခဲ့ရတာ လွယ်ပါသည်။ ပျော့စိစိ တုန်ခါနေသော တာလပတ်စအိတ်ထူကြီး၏ ထိုအရုပ်မကို လှည့်ကြည့်၍ တက်ခေါက်လိုက်မိသည်။

အလွယ်တကူ ထွက်ခဲ့နိုင်၍ ချောချောမောမောပြီးသွားမှာပဲ 'ဟုတ်လှချေလား' ဟုတွက်၍ ပီတိဖြစ်နေတာမှ မဆုံးသေး။

တစ်ပြားတစ်ချပ်မှ မတို့မထိရသေးသော ငွေလေးသောင်းသုံးထောင်ကို ကျကျနနသုံးဖို့ စိတ်ကူးယဉ်နေတာတွေ ဒေါသနှင့် လုံးထွေးကုန်၏။

"တောက် လေးလိုက်တာ မသာကျနေတာပဲ"

သိပ်မယဉ်ကျေးတတ်သည့် ပါးစပ်က ရိုင်းရိုင်းစိုင်းစိုင်းပဲ ပြောပစ်လိုက်မိသည်။ ညွှန်ကြားလိုက်သည့်လမ်းက သိပ်မကောင်း....

ချိုင့်ခွက်တွေ ကျောက်ခဲသလဲတွေနှင့် ဆိုက္ကားက ယိမ်းထိုးဆောင့်





ခုန်နေ၏။ ရှေ့မှာမြစ်ကြောင်းကို တွေ့နေရပြီ။ ပြီးတော့ ကမ်းနားမှာဖြစ်သလို ဆောက်ထားကြသည့် အိမ်စုလေးတွေ၊ ထိုသို့သွားသည့် လမ်းကလေးနှင့် ဟိုးအဝေးမှာ ဘုရင့်နောင်တံတားကြီးကို ခံ့ညားစွာ လှမ်းမြင်နေရ၏။

သူ့မှာတော့ မခံ့ညားနိုင်ဘဲ တစ်ကိုယ်လုံးတွန့်လိမ်ကောက်ကွေးနေအောင် နင်းနေရ၏။ ချွေးဒီးဒီးကျတာကို မသုတ်အား။ ဒီကြားထဲသောက ရှည်လျားကိုင်းနွဲ့နေကြသော အလေ့ကျပင်တွေကြားထဲမှာ လမ်းက သေချာမမြင်ရတော့ပေ။

ကားတစ်စီးလောက်သွားလို့ရအောင် ကျယ်နေပြီး လမ်းက ငရဲပြည်နဲ့ လူ့ပြည်စပ်ကြားကို စက္ကန့်မခြား ခုန်ဆင်းခုန်တက် လုပ်ပေးနေရသလို...

"အား သေပါပြီ"

ချိုင့်ခွက်ကြီးထဲကို ဒုန်းခနဲဆောင့်ကျသွား၏။ နောက်ဘီးက ဘယ်လိုမှ ရှေ့မဆက်နိုင်တော့ဘဲ မယ်ဘွဲ့ဆင်းလိုက်ရသည်။

"ဟူး"

ဆိုက္ကားက မီးလုံးတွေရှိနေပေမယ့် မလင်းနိုင်သည့် ဘဝမို့ မိုးချုပ်သွားသည်နှင့် ဘာမှသဲသဲကွဲကွဲ မမြင်ရတော့ပေ။ လေပူလုံးကြီး မှုတ်ထုတ်လိုက်ရင်း ဆိုက္ကားကို မရအရ ပြန်တွန်းတက်သည်။

"အား လေးလိုက်တာ"

ဒီလောက်တောင် ပင်ပန်းရတာ ဘယ်မှာ ငါးသောင်းတန်လို့ပါ။ လူကပင်ပန်း၊ ဒေါသကထွက်။



www.burmeseclassic.com

www.burmeseclassic.com



အကြာဝဝနည်းပစ်ရမယ့် အရပ်မျက်နှာကလည်း ရှာမှရှား ဒီလမ်းအထွက်ပြီး မြစ်ထဲပစ်ချရမည်တဲ့။

"မင်း ဆိုက္ကားကို ကမ်းနားစပ်ထိ စီးသွားလို့ရတယ် ရေစပ်ဘက်ကို နောက်မြီးလှည့်ပြီး ဒါကို တွန်းချပစ်လိုက်ရုံပဲ မ သယ်နေဖို့ မလိုဘူး"

ဟိုလူပြောလိုက်တာကို သတိရတော့ တစ်တစ်ခွခွဆဲပစ်လိုက်ချင်သည့် စိတ်ကိုမနည်းထိန်းလိုက်ရ၏။

ဒါကြီးကိုများ မသယ်တွန်းချလုပ်ရဦးမည်ဆိုလျှင် ဒီက ပြန်တာနှင့် ထိုသူ့ပါးကို ဘယ်ပြန်ညာပြန် ခြောက်ချက်လောက် ရိုက်ပစ်ရမှ ကျေနပ်လိုက်မည်။ ၎

အရုပ်ကြီးအပြင် အသုံးအဆောင်ပစ္စည်းတွေပါ ထည့်ထားရလို့ လေးတာပါတဲ့။ ဘယ်လောက်တောင် ထိုးသိပ်ထားသည်မသိ။ သူတို့ မသယ်ရတိုင်း မစာမနာ။

ဒေါသဇလပ္ပနှင့် နောက်တစ်ကြိမ်ဆွဲတင်ဖို့ အသက်ဝဝရှူလိုက်မိ၏။ ဖရိုဖရဲ ပွထကျနေသော ရုပ်အင်္ကျီလက်စနှစ်ဖက်ကို လက်မောင်းနားထိ ဆွဲလိပ်တင်ပစ်၍ နောက်ထပ် ဒုက္ခများဦးမည့်လမ်းကို မျှော်ကြည့်သည်။

မလိုတော့ဘူး ရှေ့မှာကမ်းနားပဲ။ နည်းနည်းတော့ ဝမ်းသာစိတ်လေး ဖြစ်ကာ ဒီတစ်ခါ ရှိုင့်ခွက်ကြီးက လွတ်အောင်အားတိုက် အင်တိုက် တွန်းတင်ပစ်လိုက်၏။

"ဝုန်း"

"အယ်"





အထုပ်ကြီးက သူမထက်ဒေါသကြီးကြောင်းပြသွား၏။ ဆိုက္ကားပေါ်ကနေ ဆောင့်အောင့်ဖွမ်းထိုးပြီး ခုန်ဆင်းသွားလေသည်။ သွားပြီရှေ့ကို မျှော်ကြည့်တော့ နီးနေပြီဆိုပေမယ့် ကမ်းစပ်ကို ရောက်ဖို့ ဒါကြီးကို ဒရွတ်တိုက်ဆွဲလို့လည်းမဖြစ်နိုင်။

ဆိုက္ကားပေါ်ပြန်တင်ဖို့က ပိုဆိုးသွား၏။ ဘယ်လိုလုပ်မလဲ။ ခုကျမှ တကယ်ခေါင်းကြီးရတော့သည်။ အထုပ်ကိုသေချာကြိုးမတုပ်ခဲ့မိသည့် ကိုယ့်အဖြစ်ကိုပဲ ဒေါသထွက်မိတော့သည်။

အချို့ဆိုက်ကားသမားတွေများ လူမမြင်ရအောင် ပစ္စည်းတွေအပြည့်တင်ပြီး ဒီလိုပဲ သွားနေကြတာ ဘယ်လိုချည်ကြ တုတ်ကြသလဲ။

"သမီးနော် ဆိုက္ကားကို ခိုးခိုးနင်းနေတယ်လို့ ရိရိပြောတယ် မဆိုင်တာကို မလုပ်နဲ့ ဆိုက္ကားနင်းတာ မိန်းကလေးနဲ့ဘာမှ မဆိုင်ဘူး နင်းတတ်နေတိုင်း ဟုတ်လှပြီထင်နေလား"

အဖေဆူတုန်းက မယ်ဘွဲ့ပခုံးတွန့်၍ ကြိတ်ရယ်မိသည်။

"ဘာဖြစ်လဲ နင်းတက်ရင်မပြီးဘူးလား"

ဟုလည်း မကြားအောင် ပြောမိခဲ့သည်။ ခုတော့ နင်းတတ်ရုံနဲ့ မပြီးမှန်း သိခဲ့ပြီ။ ဒါပေမဲ့ နောက်ကျသွား၏။ အထုပ်ကြီးနားကို စိတ်ညစ်ညစ်နဲ့ကပ်လာခဲ့စဉ် ခွေးပိန်တစ်ကောင်က ဘယ်လိုရောက်လာမှန်းမသိ။

လူရှိတာကိုလည်း ဂရုမစိုက်ဘဲ လည်ပင်းရှည်လျက် အထုပ်ကြီးနားကို တိုး၏။ နှာသီးရှုံ့ပွရှုံ့ပွနှင့် တိုးနမ်းသည်။

"တောက်...သွား.စမ်း...ဒီခွေး"



www.burmeseclassic.com

www.burmeseclassic.com



ထမ်ရုရုနဲ့ကောက်ပစ်တော့မလို ဟန်ပြင်တော့ ခွေးကနောက်တွန့်သွားသည်။ သို့သော် ထွက်မသွားဘဲ တအုအုမာန်ဖီ၏။ ထို့နောက် နောက်ဆုတ်ပြေးရင်း ဟောင်ပါတော့သည်။ ပြဿနာပါလား၊ လူမသိသူမသိလေကောင်းလေပဲဟု မှာလိုက်တာကို သတိရသည်။

ဟိုဘက်နားက လူတွေ ထွက်လာကြရင် ဒုက္ခ၊ ကျောက်ခဲရှာပြီး ပေါက်ထုတ်လိုက်မှ ခွေးဟောင်သံပျောက်သွားခဲ့သည်။ နဖူးက ချွေးကို သပ်ချရင်း ဆံပင်တွေကိုပါ ထိုးသိပ်တင်ပစ်လိုက်မိသည်။

ဘယ်ကိုကြည့်ကြည့် မှောင်မိုက်နေပြီဖြစ်၏။ ဒီထက်မိုးချုပ်သွားလျှင် ပြန်ရသွားရမှာနဲ့ မဖြစ်သေး။ အထုပ်ကြီးကို ဆ ကြည့်ဖို့ကိုင်လိုက်မိ၏။ လက်နှစ်ဖက်နဲ့ဖက်၍ မကြည့်လိုက်တော့ ကြွတက်မလာဘဲ အထဲက ပျော့ပျော့အိအိကြီးကို သတိထားမိလိုက်သည်။

ဘေးဘီအထက်အောက်ကို လျှောက်စမ်းလိုက်မိ၏။ ပစ္စည်းအတိုအထွာနှင့်တူသော ဖုဖုဖောင်းဖောင်း နိုးလိုးခုလု ဘာမှမတွေ့ရဘဲ ပခုံး၊ လက်မောင်း၊ ဖင်နှင့် ကွေးထားသည့် ခြေထောက်ပုံစံ။

အရုပ်ကြီးပါမှန်းတော့သိသည်။ ဒါပေမဲ့ ထိကြည့်မိတော့ လက်ကနေ အာရုံထဲမှာ ခံစားလိုက်မိတာက တစ်မျိုးကြီးဖြစ်နေ၏။

ထိုစဉ် ခွေးဟောင်သံက ခပ်လှမ်းလှမ်းကနေ ရူးရူးဝါးဝါးပေါ်လာ၏။ အမှောင်ထုနဲ့ ခွေးဟောင်သံကြောင့် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားမိသည်။

ပို၍ချောက်ချားသွားသည်က လက်ဖဝါးနှင့် ဖိဆုပ်ထားမိသော ဦးခေါင်းကြီးကြောင့်ဖြစ်၏။





အရုပ်နဲ့လည်း မတူပါလား စိတ်ထဲမှာ ဘာမှန်းမသိဘဲ မသင်္ကာစိတ်တွေဖြစ်လာကာ အထုပ်ကို ရှေ့တိုးနောက်ငင် တွန်းလှုပ်ကြည့်မိသည်။

ဘာဖြစ်လဲ ဖွင့်ကြည့်မယ်။ ထိပ်မှာစုချည်ထားသည့် ကြိုးစကို ကိုင်မိကာ 'မစပ်စုနဲ့'ဆိုသော ခဏခဏမှာသည့် စကားကို သတိရမိသည်။

သူများကိစ္စ သူများပစ္စည်းဆိုတာကို တွေးမိရင်း စိတ်ကမလုံမလဲဖြစ်လာသည်။ သို့သော် ကြီးထွားလာသည့် သံသယစိတ်နှင့် စပ်စုလိုတာပဲဖြစ်သော တားမြစ်တာကိုမှ ဖွတ်တိုးလုပ်ချင်သည့် လူ့သဘာဝ အတိုင်း....

"ကဲ...ဟာ"

အထုပ်ကို သေရျာလှည့်ပတ်ကိုင်ကြည့်ပြီး ကြိုးစကို ဆောင့်ဆွဲဖြုတ်လိုက်၏။ မှားပြန်ပြီ။ ဖြည်ကာမှ ပို၍ကျပ်ကာ ချွေးပြန်လာပြန်သည်။ ပြီးတော့ ဟိုဘက်ကလျှော့ ဒီဘက်ကကျပ်နှင့် အထုပ်က မပြေဘဲ ပျော့ပျော့ပြပ်ပြပ်ကြီးဖြစ်သွား၏။

ဘာဖြစ်လို့ မှားပြီးရင်း ထပ်မှားနေရတာလဲ ကိုယ့်ကိုယ်ကို ဒေါသထွက်လာကာ ပြန်ချည်ဖို့ မကြိုးစားတော့ဘဲ မရမကဖြည်ဖို့ ဆုံးဖြတ်လိုက်သည်။

အတော်ကြီးကြိုးစားမှ ကြိုးကပြေကျသွား၏။ လက်တွေလည်း ကျိန်းစပ်စုတ်ပြတ်နေပြီ။ သို့သော် သိချင်စိတ်က ကြီးစိုးနေသဖြင့် အထုပ်ကို ဖြဲကြည့်လိုက်မိ၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



**ဖုံးကြီးလား** ကိုင်ကြည့်လိုက်တော့ အေးစက်စက်ကြီး။ အတွင်း**မှာ ဂွမ်းတစ်စောင်**ထူကြီးနှင့် ပတ်ထားတာပဲဖြစ်သည်။ ဒါပေမဲ့ စောင်**တိုပါ** အအေးဓာတ်ကကူးနေသည်။

ရင်တွေတဒိန်းဒိန်းခုန်လာကာ တစ်စုံတစ်ခုကို စိတ်ကစားမိလိုက်၏။ ပခုံးကနေ လက်ကိုရွှေ့ကြည့်လိုက်တော့ ဂွမ်းစောင်ကြီးနှင့် လွတ်နေသော အသားကိုထိကိုင်လိုက်မိသည်။

"ဒါ..ဒါ"

သေချာပြီဆိုတာ သိလျက်နှင့် လက်ကမေးဖျားတစ်ခုကိုထိနေပြီးသားဖြစ်ကာ အိတ်ကိုပါ အဝမှ ဆွဲလှန်ပစ်လိုက်လျှင်....

"အမလေး"

နောက်ဆုတ်ချိန်မရဘဲ လှုကထိုင်လျက်နှင့် ပက်ခနဲ နောက်ပြန်လဲကျသွား၏။ လူသေကောင်ကြီး။ ဟုတ်သည်၊ အရုပ်က မျက်လုံးကြီးပြူးနေမလား ရေခဲရိုက်ထားသလို အေးစက်နေကာ မလှုပ်မယှက်ကြီးငြိမ်ကျသွားခဲ့၏။ ထိုစဉ် သူမလာခဲ့သည့် လမ်းဘက်က လက်နှိပ်ဓာတ်မီးရောင်တစ်ချက်လက်သွား၏။ ခွေးဟောင်သံက သူမရှိရာဘက်သို့ ပိုနီးလာသည်။

လူသေကောင်ကြီးနဲ့ သူမကို ဒီနေရာမှာတွဲမြင်သွားရင် ဘယ်လိုရှင်းမလဲ..ပြေး၊ ဆင္ဒမအာရုံက အန္တရာယ်ကိုသိလိုက်၏။ ရုတ်ခနဲထ၍ ကမ်းနားဘက်ကို ပြေးခဲ့မိသည်။

"ဟင်"

လမ်းဝနဲ့တည့်တည့် ကမ်းပါးစောက်မှာ လူတစ်ယောက်၊ မှောင်





နေပေမယ့် ယောကျ်ားမိန်းမတော့ ခွဲခြားလို့ရသေးသည်။ ဒီလူ ဒီနားမှာ ဘယ်တုန်းကတည်းက ရှိနေတာလဲ။ နောက်ကိုပြန်ကြည့်လိုက်တော့ ဆိုက္ကားကို ဒီအတိုင်းကြီး မြင်နေရသည်။ ဒါဆို အထုပ်ကြီးနဲ့ သူမတွဲလျက်ပါလာတာကို ဒီလူမှချမြင်ပြီ...

"ဒီမှာ...ဒီမှာ"

ထိုလူ့နားကိုပဲ တည့်တည့်ပြေးသွားလိုက်မိ၏။ ကမ်းပါးစောက်ကသိပ်မမြင့်ပေမယ့် ဒီနေရာမှာ အုတ်ဘောင်ခတ်ထားသလို တိတိရိရိလေးမတ်စောက်နေ၏။

ဒါကြောင့် ဒီနေရာမှာ ဆိုက္ကားနောက်ပြန်ဆုတ်ပြီး အထုပ်ကိုတွန်းချလိုက်ဖို့ပြောတာဖြစ်မည်။ ဒီလူ ဒီနားကို ဘယ်တုန်းကရောက်ပြီး ဘာရပ်လုပ်နေတာလဲ။ နောက်က ဓာတ်မီးရောင်တွေ နီးလာ၏။ အရိပ်တွေကို လှမ်းမြင်ရတာ တစ်ယောက်တည်းမဟုတ်....

"ဒီမှာ ခင်ဗျားဘာရပ်လုပ်နေတာလဲ"

ရှေ့ထပ်တိုးတော့ ကုတ်အင်္ကျီအနက်နှင့်အတွင်းက အဖြူရောင်ရှပ်ကိုမြင်လာရ၏။ အောက်ပိုင်းကလည်း အနက်ရောင်ပဲဖြစ်သည်။

မတ်မတ်ရပ်နေတာမို့ ဘောင်းဘီရှည်က ပွနေတာလား ပုဆိုးဝတ်ထားတာလား ခွဲခြားလို့မရ။

"ဒီမှာ မေးနေတယ်လေ ခင်ဗျားဘာလုပ်နေတာလဲ"

"စောစောက လန့်အော်လိုက်တာ မင်းလား"

"ဟင်"

ပိုမိုထိတ်လန့်သွားမိ၏။ မယ်ဘွဲ့အော်တာကို သူကြားတာပဲ။ ရှ



www.burmeseclassic.com

www.burmeseclassic.com



ဘာဘနှင့် နားထောင်ကောင်းသော အသံကိုတွက်လျှင် ဒီလူအလွန်ဆုံး မှီ အသက်အစိတ် သုံးဆယ် ဒါဆိုရင် စုံထောက်တစ်ယောက်လား။

ဒီလူ့သေကောင်ဟာ လူသတ်မှုပဲ ဒီကိစ္စကြို့တင်သတင်းရပြီး လာစောင့်နေတာဆိုလျှင်....

"ခင်ဗျား ခင်ဗျားက ဘာလဲဟင် ခင်ဗျားတမင်လာစောင့်ကြည့်နေတာလား ဟိုလူသေကောင်ကြီးက မယ်နဲ့မဆိုင်ဘူး"

"ဘာ"

"ခင်ဗျားကြားတာပဲ အားလုံးမြင်တယ်မို့လား"

"မမြင်ပါဘူး"

"မညာနဲ့ ခင်ဗျားမြင်တယ်"

သူ့ထံမှ သက်ပြင်းချသံကို ကြားလိုက်ရစဉ်...

"ဟာ ဒီမှာအထုပ်ကြီးနဲ့ ဆိုက္ကားတစ်စီး ဘာကြီးလဲ"

လူသုံးယောက်၏ ပုံစံကိုဒီတိုင်းကြီးလှမ်းမြင်လိုက်ရသည်။ သူမတို့ကိုလည်း မြင်မှာပဲဖြစ်၏။ ထို့ကြောင့်....

"မယ် ရှင်းပြမယ် ဒီဘက်ခဏတိုးနေစမ်းပါ"

"ဟ ဘာလဲ မဆွဲနဲ့လေ"

သူက မယ့်လက်ကို ဖယ်ချသည်။ မယ်က ကုတ်အကျီစကို မိအောင် ပြန်ဆုပ်ဆွဲကာ မြင်ကွင်းကနေကွယ်အောင် အတင်းဆုတ်၏။

"ဟေ့ ဘာလုပ်တာလဲ ဘယ်ကိုဆွဲနေတာလဲ"

"ဟိုလူတွေလှမ်းမြင်မှာစိုးလို့ မယ် လူသတ်တာမဟုတ်ဘူး တကယ် ပြောတာ"





"မင်းကိုဘယ်သူက သတ်ပါတယ်ပြောနေလို့လဲ"

"ဟိုမှာ လူသေကောင်ကြီးလေ အဲဒါ..အဲ..အား"

"ဟာ"

နောက်ကိုလှည့်ကြည့်လှည့်ကြည့်နှင့် လွတ်ရာကို ဆုတ်ခဲ့ရင်း ခြေတစ်ဖက်က နိမ့်ခနဲဖြစ်သွားသည်။ မြေပြင်က လျှောခနဲပြိုဆင်းသွား၏။

"အမလေး"

ဘာမှဆွဲစရာမရှိတော့ သူ့ခါးကို မယ်တအားဖက်ပစ်လိုက်မိသည်။ နှစ်ယောက်လုံးလုံးထွေးပြီးကျလျက် ရေထဲသို့ အော်တိုမစ်တစ်ကျလေသည်။ တစ်ကိုယ်လုံး အေးခနဲဖြစ်သွား၏။

သူက မယ့်လက်တွေကို အတင်းဖြေချပစ်သည်။ မယ်က မလွှတ် ဘယ်ထိ နစ်ဆင်းသွားမှာလဲမသိ၊ ရေပေါ်ပြန်မပေါ်နိုင်ဘဲ အသက်ရှူများကာ ခေါင်းထဲမှာ ပူစပ်မွှန်ထွန်သွား၏။

ထိုအချိန်မှာ မေးဖျားကိုပင့်ရိုက်ခြင်း ခံလိုက်ရ၏။ အပေါ်မေးနှင့် အောက်မေးဖျား ပြင်းထန်စွာ ရိုက်ခတ်မိပြီး မယ် ဘာမှမသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟိတ်...ထစမ်း...ဟိတ်"

"အင်း...ကျွတ်...ကျွတ်"

ပါးကိုဘယ်သူရိုက်နေမှန်းမသိ။ တဖက်ဖက်နှင့် ခေါင်းတွေပါ ကိုက်လာ၏။ ဒေါသဖြစ်ဖို့လည်း သတိရလာသည်။ ဒါပေမဲ့ မျက်လုံးတွေကို ချက်ချင်းဖွင့်လို့မရ...

"ဟိတ် သတိရပြီမို့လား မျက်လုံးဖွင့်ကြည့်စမ်း"

"ဟင်"

မျက်လုံးဖွင့်နိုင်ပြီဆိုတာကို နက်ပြာရောင်ကောင်းကင်နှင့် ကြယ် တာရာတွေကို မြင်လာရသဖြင့် သိလိုက်၏။

သူမဘယ်ရောက်နေတာလဲ ဘေးမှာလူတစ်ယောက်ထိုင်နေတာ ကို မြင်ရလျှင် မယ်ဘွဲ့ဆက်ခနဲ ထထိုင်မိလေသည်။

"ခင်ဗျား"

"ခင်ဗျားမနေနဲ့ ဘယ်ရောက်နေပြီလဲ နည်းနည်းပါးပါးကြည့် ဘာ





ဆက်လုပ်မှာလဲ ပြော"

"ဟင်"

"မင်း ဘယ်သူလဲ ဘာမသိ ညာမသိနဲ့ လူကိုဆွဲလွဲပြီး"

"အံမာ"

"ဘာတွေဖြစ်လာတာလဲ မင်းလူသတ်ခဲ့ပြီးပြေးလာတာလား"

"ကြည့်စမ်း စွပ်စွပ်စွဲစွဲ"

ဖင်ရွှေ၍ မျက်နှာချင်းဆိုင်လှည့်ထိုင်ကာ ထိုသူ့မျက်နှာကို သေ သေချာချာကြီး ငုံ့ကြည့်ဖြစ်၏။ ထိုမျက်နှာချောသလား မချောဘူးလား စိတ်ဝင်စားလို့မဟုတ်ပါ။ ရန်တွေ့ဖို့အားယူလိုက်တာဖြစ်၏။

သူကပဲ အသားမည်းလို့လား၊ မှောင်နေတာကြောင့်လားမသိ၊ ညဦးနက်နက်မှာ သူ့မျက်နှာကို ဘာမှသေချာမမြင်ရ။

"မင်းက ဘာကြည့်နေတာလဲ မေးတာကိုဖြေ ဒါဘယ်နေရာလဲ ဘယ်ကိုဆက်သွားမှာလဲ"

"ဘယ်နေရာလဲ ရှင်ကြည့်ပေါ့ ရှင်ကကန်းနေလို့လား"

"ဟုတ်တယ် ကန်းနေလို့မေးတာ မြင်နေရရင် မင်းဆွဲလွဲခေါ်တိုင်း ရေထဲအတူ ုက်ကူးဖို့ အကြောင်းမရှိဘူး"

"ဘာ..ဘာရယ်"

ဒေါသထက် အံ့ဩမှုကပိုသည်။ ကန်းနေသတဲ့၊ ရွဲ့ပြောတာလား ဘာကယ်လား မျက်နှာကို ရှေ့ကိုပို့တိုး၍ နီးအောင်ကပ်ကြည့်မိ၏။ သိသာစွာ ထွေခဲနေသည့် မျက်ခုံးနှစ်ဖက်ကို မြင်ရသည်။ ပြီးတော့ ပါး သိုင်းမွေးတွေနှင့် ဘာလဲ။ လူဆိုးလား၊ သူပုန်လား...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကြည့်တာလဲ"

"အဲ"

လန့်ဖျတ်ကာ မျက်နှာက ဆတ်ခနဲ နောက်ပြန်လန်သွား၏။ ရုက် ရုက်နှင့်ခါးကို မာန်ပါပါထောက်၍...

"ဘာမမြင်ဘူးလဲ ဒီကကြည့်တာကျတော့ ကန်းတဲ့သူကမြင်ရော လား ဟွန်း"

"မြင်ဖို့မှမလိုတာ မင်းအသက်ရှူတဲ့လေက ငါ့မျက်နှာကို လာထိ နေတာ"

"အို"

"မင်းဘယ်သူလဲ"

"ရှင်ကကော"

"ငါ [illegible] ကိုမင်းဖြေလေ ငါ့ကို [illegible] ခေါ်တာပဲ အားလုံးရှုပ် ကုန်ပြီ" [illegible]

သူက ညည်းညူသလိုပြော၍ မျက်နှာ [illegible]

"ဘယ် [illegible] မသိဘူး [illegible]"

"ဟုတ်တယ် ဒုက္ခပါပဲ" [illegible]

မယ်ဘွဲ့ ကိုယ့်ဒုက္ခကိုတွေးမိကာ ဖျတ် [illegible]

"မင်းသွားတော့မလို့လား ဒါဘယ်နေရာလဲ ပြောခဲ့ဦး"

"ခင်ဗျားက"

မယ်ဘွဲ့ ဒူးထောက်လေးပြန်ထိုင်ကာ သူ့မျက်နှာနားငုံ့မိတော့ မလို ပြင်ပြီးမှ ကိုယ်ရှိန်ပြန်သတ်၍...





"ခင်ဗျားတကယ်မမြင်ရတာလား တကယ်"

"ပြဿနာပဲ အကန်းပါဆိုမှ မမြင်ရဘူးလားမေးနေသေးတယ် မင်းငါ့နားစရောက်လာကတည်းက မမြင်ပါဘူးလို့ ငါပြောခဲ့တာပဲ"

"ဘယ်လိုလုပ်ယုံမှာလဲ မမြင်တဲ့လူက လူရှင်းတဲ့နေရာ ပြီးတော့ ကမ်းစပ်လေးမှာရပ်ပြီး တစ်ယောက်တည်းလေညှင်းခံနေတာကို"

"လေညှင်းခံနေတာ မဟုတ်ဘူး ငါ..ကျွတ်"

သူကတစ်စုံတစ်ခုပြောမလိုပြင်ပြီးမှ ခေါင်းခါ၍ ဆံပင်ကရေတွေ ကိုပါ သပ်ချပစ်လိုက်သည်။

"ရှုပ်ကုန်ပြီ အဲဒါမင်းလုပ်တာ"

"မယ်က ဟိုလူသေကောင်ကြီးနဲ့ မယ်ဖြစ်နေတာကို ခင်ဗျားမြင် သွားပြီမှတ်လို့"

"ရှုပ်ရှုပ်ယှက်ပ [illegible]

သူက မျ [illegible] ငြိမ်နေ၏။ မမြင်ရ [illegible] အဲဒီမျက်နှာ မှုံ့မှဲ့နေမ [illegible] သ်နေသည်။ ပတ်ဝန်းကျင်ကို လိုက်ကြည့် [illegible] ာ စင် [illegible] အရိပ်များနှင့် [illegible] ဘာရှိသည်။

ယူ့ပြ [illegible] မှာရှိနေသည့် တဲလုံးလေးနှစ်လုံးကိုလည်း မြင် နေရ၏။ တစ်ဖက်မှာလည်း ဘုရင့်နောင်တံတားကြီးကို မြင်နေရသေး သည်။ သူမတို့ ဒီနားမှာပဲ ရှိနေတာဖြစ်သည်။

ဒါပေမဲ့ ဘယ်နေရာမှန်းမသိ အစကမြင်ခဲ့သော တံတားကြီး၏ ဘက်ခြမ်းကို ရောက်လာတာမှန်းတော့သိသည်။ ဘယ်နေရာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ဘာဆိပ်ကမ်းလဲ။ ဘာပဲဖြစ်ဖြစ် နေရာတကာ ပညာစုံပေမယ့် မယ်ရေမကူးတတ်ပေ။

မယ့်ကို သူကယ်လာတာတော့ ကျေးဇူးတင်ရပါမည်။ သို့သော်

"ဒီမှာ ခင်ဗျားက ဘယ်ကလဲ"

သူမျက်နှာဖျတ်ခနဲလှည့်လာသည်။

"အဲဒါ မင်းသိဖို့ မလိုပါဘူး ဒါကမ်းနားလမ်းမို့လား အနားမှာ လူတွေနဲ့နီးသလား လမ်းနဲ့ဝေးလား ဘယ်နေရာလဲ"

"ခင်ဗျားကလည်း လေသံမာလှချေလား၊ ဒီမှာလည်း ဒုက္ခရောက်လာတာပဲ"

"အဲဒါ မင်းသဘောကျလေ ငါ့ကိုမင်းဆွဲချခဲ့တာ မဟုတ်ဘူးလား ဝန်ခံ"

"ဆွဲချတာမှ မဟုတ်ဘဲ အမှတ်တမဲ့"

"ဒါဆိုမင်းလည်း ကန်းနေတာပေါ့"

"ခင်ဗျားနော်"

"မြစ်ကြီးတစ်ခုလုံးမမြင်ဘူးဆိုတော့"

"မြင်တယ်လေ လမ်းကကျဉ်းကျဉ်းလေး ပြီးတော့ဘာမှမြင်ရတာ မဟုတ်ဘူး ဒီကဆိုက္ကားလည်း ဆုံးခဲ့ရတယ် အိမ်ပြန်လို့လည်း မရတော့ဘူး"

"ဘာဆိုက္ကားလဲ"

"မယ် နင်းခဲ့တဲ့ဆိုက္ကားပေါ့ ဆိုက္ကားငှားတဲ့လူတွေက ပိုက်ဆံပေးပြီး လူသေကောင်ကြီးရေထဲ မျှောနိုင်းတာ"





"ကိုယ့်ကိုယ်ကို ဒုက္ခရောက်ခံပြီး ပိုက်ဆံမက်တာ အံ့ဖွယ်သုတာပဲ"

အမှောင်ထဲမှာ မျက်လုံးက ကျင့်သားရသွားတော့ သူနှုတ်ခမ်းမဲ့လိုက်တာကို မြင်ရ၏။ ပြီးတော့ အမှတ်တရ ပြန်လှည့်လာကာ...

"မင်းက ဆိုက္ကားနင်းတယ် ဟုတ်လား"

"ဟုတ်တယ် အဖေနင်းတဲ့ဆိုက္ကားလေ အဖေက နေမကောင်းဘူး"

"အဲဒါနဲ့ မင်းကို ဆိုက္ကားနင်းခိုင်းတယ်ပေါ့"

"မယ်က နိုးနင်းတာပါ ဆိုက္ကားခတွေ တအားပေးတော့ သံသယတော့ ဖြစ်မိသား။ ဒါပေမဲ့ လူသေကောင်ကြီးလို့မှမထင်တာ၊ သူ့ယောက်ျား မယားငယ်နေလို့ ယတြာ"

"ဟော့ စကားပြောတာ ကြမ်းတမ်းလှချေလား"

မယ် စကားမဆုံးသေးဘဲ သူက ဖြတ်အော်သည်။ မယ်ကလည်း မခံပါ။

"ဘာကြမ်းတမ်းဟာလဲ ဒီလိုပဲပြောမှ မြန်မြန်ရှင်းမှာပေါ့ အရေးထဲမှာ ကဗျာသံ စာသံနဲ့ လာရစ်နေသေးတယ် ဟွန်း"

သူက ဆံပင်ကိုခါထုတ်ပြီး စိတ်ပျက်သလို မျက်နှာလွှဲ၏။ သူ့ဆံပင်ကရေစက်တွေ မျက်နှာကို ဖျန်းခနဲဝင်လာတော့ မယ်က အားကျမခံ သူမဆံပင်တွေကို သူ့ဘက်သို့ ကျကျနန ခါထုတ်ပစ်လိုက်သည်။

"ဟော့"

"ဘာလဲ"

ထိုပုဂ္ဂိုလ်သည် မျက်နှာကိုပင့်လှန်ပစ်ရုံမကဘဲ လက်နှစ်ဖက်နှင့် ထောက်၍ဖင်ရွှေ့ထိုင်ပစ်သေးသည်။ သူကပဲ ရှုံ့ရှုံ့ရှာရှာပုံစံ ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မကျေနပ်စိတ်က ကြီးထွားစွာဖြစ်၏။

"မင်းလက်တုံ့ပြန်တာ ဝါသနာကြီးပုံရတယ် မိုက်ရူးရဲလုပ်ပြီး ဒုက္ခ ရောက်ပြီး အမယ်လေး...အဘလေး အော်မယ့်လူမျိုး"

ဝေဖန်ချလိုက်ပြန်ပြီ ဒါအကန်းတဲ့လား နောက်ထပ် မကျေနပ် ခြင်းတစ်ခု...

"ဟုတ်တယ် တုံ့ပြန်တတ်တယ် ရှင့်လက်ကြီးကငြိမ်ငြိမ်နေ ဒီမှာ ချမ်းနေရတဲ့အထဲ"

"မင်းလိုပဲ"

နှစ်ယောက်စလုံး ရေတွေစိုရွှဲနေကြတာချင်းအတူတူမှာ မယ်က မိန်းကလေး၊ သင်းယောကျ်ားလေးပဲ ချမ်းတာဖွင့်ပြောပြီး ပြိုင်ဆိုင် နေစရာလား။

"ဆက်ပြောလေ"

"ပြီးပြီ ဒါပဲ"

သူမေးတော့ မယ်ကရွံ့၏။ သူက... ...တော့ဘဲ ထိုင်ရာကထသည်။ မယ်က မထဘဲ သူဘာလုပ်မယ်ဆိုတာကို မော့ ကြည့်နေလိုက်သည်။

"မင်း ခုဘာလုပ်မှာလဲ လူသေကောင်ကြီးသယ်ထွက်လာတာကို မြင်တဲ့လူမရှိပေမယ့် ဆိုက္ကားက ကျန်နေခဲ့တော့"

"မြင်တဲ့လူရှိရှိ မရှိရှိ ဆိုက္ကားကျန်နေခဲ့လို့ အဲဒီကိစ္စပေါ်မှာပဲ မရှင်း နိုင်ရင် ထောင်ကျမှာ အဖေကလည်း ကျန်းမာရေးကောင်းတာမဟုတ် ဘူး မယ် မပြန်ရဲတော့ဘူး"





"မိဘကျန်းမာရေးမကောင်းတော့ မင်းပိုပြီးပြန်သင့်တာပေါ့"

"အဖေ့ကိုပြုစုဖို့ ဒေါ်လေးရှိပါတယ်၊ ပြီးတော့ စိုးရိမ်ရလောက်တဲ့ သူ့မမာကြီးလည်း မဟုတ်ဘူး မယ်ကမှ ပြန်ရင် အဖမ်းခံရမှာ"

"မဟုတ်ဘူးဆိုရင် အဖြစ်မှန်ကရှိမှာပေါ့"

"ရှိရှိ မရှိရှိ အဲဒီအဖြစ်မှန်ပေါ်အောင် မယ့်ဘက်က ဘယ်သူလိုက် ပေးမှာလဲ သူတို့က ချမ်းသာတာတအားပဲ ကြားထဲမှာ မယ်အကြာကြီး အဖမ်းခံရမှာ ကံမကောင်းရင် ထောင်ကျနိုင်တယ်"

သူက အသံကြားတဲ့ဆီ ပြန်လှည့်ကြည့်ပုံမျိုးနှင့် မယ့်ကို ငုံ့ကြည့် သည်။

"မင်းထင်ရာစွတ်မလုပ်ခင်ကတော့ မစဉ်းစားမိဘူးလား"

"မစဉ်းစားမိဘူး သူငယ်ချင်းက ယုံအောင်ပြောတာကို"

...သားပြီးမှ...

...ယန... ...ယောကျ်ားလေးလား"

"အင်း..."

"ဒီလိုပဲဖြစ်မှာပါ ...ကားနင်းတယ်ဆိုကတည်းက မင်းဒီလိုပေါင်း သင်းတတ်မှာပဲ"

"ဘာပြောတယ်"

မယ် ဖျင်းခနဲ ဖြစ်သွားသည်။ သူက မယ့် ဒေါသကို ဂရုမစိုက်။

"အဲဒီတစ်ယောက်က သက်သေဖြစ်သွားမှာပါ မင်းကိစ္စကြားရတာ ကိုယ့်ပြဿနာကိုတောင် မေ့သွားပြီ ကျွတ်"

သူဟာ နည်းနည်းမှခေါင်းရှုပ်မခံခဲ့ဘူးသူလား၊ စိတ်ပျက်ရှု့မဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်းဖြစ်၏။

သူက ပြန်မဖြေဘဲ ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။ ပြီးတော့ မြစ်ကြောင်းဘက်ကို လွှဲပစ်လိုက်၏။

"ဘာဖြစ်လို့ လွှင့်ပစ်လိုက်တာလဲ"

"ရှုပ်လို့"

လက်လွှဲလိုက်သည့် အချိန်မှာ သူ့လက်ချောင်းထဲမှ ရဲခနဲ လက်သွားသည့် အရာကို မယ် သတိထားလိုက်မိသည်။ သေချာကြည့်လိုက်မိမှ အမှောင်ထဲမှာ နီကျင်ကျင် မီးပွင့်လေးလို သူ့လက်ကလက်စွပ်ကို မြင်လိုက်ရသည်။

ပတ္တမြားလက်စွပ်ဖြစ်လိမ့်မည်။ ဒါဆို ဒီလူက မယ် ထင်သလို ကလေကချေ လွှင့်နေသူတစ်ယောက်မဟုတ်နိုင်။ စကားပြောတိုင်း မာရေကျောရေနဲ့ လေသံကိုပို၍ နားလည်လိုက်၏။ ဒါနဲ့များ ဘာဖြစ်လို့ အချိန်မတော် လူသူခြောက်သွေ့တဲ့ မဟုတ်မဟပ်နေရာမှာ မျက်စိလည်း မမြင်ဘဲ တစ်ယောက်ထဲ ရောက်နေတာလဲ။

"ကဲ လမ်းတစ်ခုခုကိုသွားလို့ရတဲ့နေရာ မင်းမြင်နေရလား ရှေ့ကသွား"

"ဘယ်လို"

မယ်က သူ့ကိုကြည့်ပြီး တွေးနေတုန်း ရုတ်တရက်ကြီး ထဖြစ်တော့ အံ့သြသွား၏။ ကပျာကယာ လိုက်ထလိုက်ပြီး....

"ခင်ဗျားက သွားတော့မယ်ဟုတ်လား မယ်ကရှေ့ကသွားရမယ်"

"ဟုတ်တယ်လေ မသွားလို့ဒီမှာ ရေစိုကြီးတွေနဲ့ တစ်ညလုံးထိုင်





နေကြလို့ သေကုန်မှာပေါ့ ဘာလဲမင်းကအိမ်ကို ပြန်မှာလား"

"မပြန်ရဲလို့ပါဆိုမှ ထပ်မေးပြန်ပြီ"

"မပြန်ရဲရင် လိုက်ခဲ့လေ မလိုက်ရဲရင်လည်း နေခဲ့"

"နေခဲ့ဆိုတော့ ရှင်ကကော ကိုယ့်ဟာကိုယ်သွားနိုင်လို့လား ဘယ်ကိုပြန်မှာလဲ ဟိုကမ်းစပ်ကို ဘာလာလုပ်နေတာလဲ"

"စပ်စုလိုက်တာကွာ"

သူ ကျွတ်ခနဲ လုပ်ပြန်သည်။ သွားတော့မလို့လည်း ခြေလှမ်းမပြင်၏။ မသွားနိုင်မှန်းသိ၍ ခြေလှမ်းရှေ့မတိုးသော်လည်း သူကိုယ်သူ အားမလို အားမရစိတ်ပျက်နေပုံလည်း သိသာ၏။

"နေပါဦး မေးတော့လည်းမကြိုက်ဘူး မယ့်ကိုရှင်နဲ့လိုက်ခဲ့ဖို့ ခေါ်နေပြီးတော့ မယ်က ဒီလောက်လေးတောင် သိခွင့်မရှိဘူးလား"

"မရှိဘူး လိုလည်းမလိုဘူး မင်းကိုငါကလက်ထပ်ဖို့ခေါ်နေတာ မဟုတ်ဘူး မလိုက်ချင်တာကို လိုက်ချင်အောင် ဖျောင်းဖျနေတာလည်း မဟုတ်ဘူး မင့် ငါ့အကြောင်းဘာမှ မစပ်စုနဲ့ မယုံကြည်ဘူးဆို မလိုက်နဲ့လို့ ပြောပြီးသား"

"ရှင်က ကြီးကျယ်လှချေလား"

မခံချင်စိတ်နှင့် မယ် သူ့ရှေ့ကို ဆိုးဆိုးဆတ်ဆတ်သွားရပ်သည်။ မြင့်မြင့်မားမား ပုံစံကြီးကို သေသေချာချာမော့ကြည့်လိုက်ပြီးမှ....

"ယုံယုံမယုံယုံ အသေအချာဆုံးဖြတ်လို့ရတယ် သိလား မလိုက်ဘူး"

"ပြီးတာပဲ"

သူက မျက်နှာလွှဲပစ်လိုက်ပြီး ခဏငြိမ်နေ၏။ ပြီးမှ ဘယ်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောတ်တို ဘောတိုက်အတိုင်း စ၍ရွေ့၏။

ထို့နောက် မျက်နှာမူသည့်အတိုင်း ခပ်ဖြည်းဖြည်းဆက်လျှောက်သွား၏။ သူသွားသည့်ဘက်က ကမ်းနားက မီးရောင်လင်းနေသည့် တဲအိမ်တွေဆီကိုပါပဲ။ ဒါပေမဲ့ သုံးလေးလှမ်းလောက်မှာ ဘောကို တိမ်းစောင်းသွား၏။

ရှေ့မှာ ရွံ့ဗွက်လား၊ ချောက်လားမသေချာသော်လည်း မည်းမည်း အုပ်အုပ်အရိပ်တွေက သစ်ပင်ကိုင်းပင်များ ဖြစ်လိမ့်မည်။ ဒီအတိုင်း သွားလျှင် ဒီလူချုံဝင်တိုးသလိုဖြစ်တော့မှာပါ။ တခြားသော မျက်မမြင်များကျတော့ အကြားအာရုံက အများတကာထက်အားကောင်းကြသတဲ့။

ကိုယ့်အားကိုယ်ကိုးပြီးသွားလာနိုင်ကြသည်။ သူကျတော့ အာရုံမခံနိုင်ဘူးလား ဒေါသဖြစ်ဖြစ်နဲ့ အားခနဲအော်တဲ့အထိ ကြည့်နေလိုက်ချင်သော်လည်း ရင်ထဲမှာရှိသည့် စာနာစိတ်က ကြာရှည်မကြည့်ရက်ခဲ့ပေ။

"ရှေ့မတိုးနဲ့"

အသံလှမ်းပေးပြီး ပြေးလိုက်သွားမိ၏။ သူကတုံ့ခနဲရပ်သွားကာ

"စိတ်ကောင်းဝင်သွားပြီထင်တယ် ကျေးဇူးပဲ"

"ဘာ"

အနားရောက်မှ ကိုယ်ရှိန်သတ်၍ မယ့် ဒေါသတွေတစ်ရေးနိုးလေသည်။ ဒီလူတော်တော်လူပါးဝပါလား။ ဒီလက်တွေ ဒီခြေထောက်တွေကိုကလည်း မနေနိုင်တာပါ။





"တောက်"

စကားပြောချင်စိတ်လည်း မရှိတော့ဘဲ တက်ခေါက်၍ မယ်ချာခနဲပြန်လှည့်သည်။ လေတိုးနေသဖြင့် လူကလည်းချမ်းနေပြီ။

နာရီစက္ကန့်တိုင်း မရေရာသော ကိုယ့်အနာဂတ်အတွက်တောင် ဘာမှပြင်ဆင်ရသေးတာမဟုတ်။ ရှိပါစေတော့ ဒီလိုလူမျိုးနဲ့ မိတ်ဆွေဖြစ်ခြင်း၊ ရန်သူဖြစ်ခြင်းဟာ ကိုယ့်အတွက်ဘာအကျိုးမှဖြစ်လာဖို့မရှိ။

"မယ်"

ခြေသုံးလှမ်းမှာ သူလှမ်းခေါ်သည်။ သူခေါ်လို့မဟုတ်ဘဲ ကိုယ့်နာမည်ကို ခေါ်လိုက်တာမို့ အံ့ဩစိတ်နှင့် ခြေလှမ်းတုံ့သွားမိသည်။

မယ်ဆိုတာ ကိုယ့်ကိုယ်ကို မယ်လို့ ထည့်ပြောခဲ့တာပဲရှိသည်။ ဘယ်သူငယ်ချင်း မိတ်ဆွေကမှ မယ်လို့ မခေါ်ခဲ့ဘူးပေ။ အဖေကသည်း မယ်ဘွဲ့ပဲ တစ်ခါတစ်လေကျမှ မယ်လို့ခေါ်သည်။ ဒေါ်လေးအဆို မိမယ်လို့ခေါ်တာ ဝဏ္ဏရားမပျက်ခဲ့သေး။

"စိတ်ဆိုးသွားသလား ပြောတာကတော့ စိတ်ထဲမှာတွေးမိတဲ့အတိုင်းပြောလိုက်တာပါ မင်းငါ့ကို လက်ပိုက်ကြည့်နေလိုက်ဖို့ စိတ်ကူးတော့ ဖြစ်မယ်မို့လား၊ ဒါပေမဲ့ မနေနိုင်တော့ဘဲ စိတ်ကောင်းတစ်ချက်ဝင်ပြီး ပြေးတားတယ်လေ မှန်တဲ့အတိုင်းပြောတာ စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

သူ့လေသံက ခုနကနဲ့တော့ မတူတော့ပါ။ သို့သော် ပြောပုံကဆျနပ်ချင်စရာမရှိ။ မယ်ကလည်း ကျောခိုင်းရပ်နေဆဲ သူကလည်း နေရာမှ လှည့်လာခြင်းမရှိဘဲ....



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ရင်းအခံလေးက စေတနာထားတတ်တာကို ငါနားလည်သွားတဲ့အတွက် တောင်းပန်တာ မင်းကျေနပ်တယ်ဆိုရင် ပြန်လာခဲ့ပါ၊ သွားလာကြဖို့ ဆွေးနွေးရအောင်"

ပြန်သွားတာတော့ မဟုတ်ပါ မယ် သူ့ဘက်ကိုတော့ လှည့်ရပ်ပြီး ဖြစ်၏။

"သွားလာဖို့မဖြစ်နိုင်တာ မယ်က လူမြင်ခံလို့မဖြစ်ဘူး စောစောက လူသေကောင်ကိစ္စ ခုလောက်ဆို ရဲစခန်းရောက်ပြီး ပွထနေပြီ"

မယ်ပြောတော့ သူကလှည့်နားထောင်နေပြီး ခပ်ဖြည်းဖြည်းပြန်လျှောက်လာ၏။ ဘောင်းဘီရှည်အနက်နှင့် ရှပ်လက်တိုအဖြူက ထင်းနေသည်။ တောင့်တင်းကျစ်လစ်သည့် ကိုယ်ဟန်နှင့် လမ်းလျှောက်လာပုံက ကြည့်ကောင်း၏။ သို့သော် ပါးသိုင်းမွေးတွေနှင့် ဒီရုပ်က ချောချောမောမောဖြစ်နေဖို့တော့ မရှိနိုင်။

သူက မယ့်အသံကိုမှန်း၍ မလှမ်းမကမ်းမှာရပ်လိုက်ပြီး....

"မင်း ငါနဲ့လိုက်ခဲ့ပါ အမှုအခင်းကိစ္စအဖြစ်မှန် မပေါ်ခင် လုံခြုံမှု ရှိဖို့ ငါအာမခံတယ်"

"ဒါဆို မယ်မေးတာ ခင်ဗျားဖြေလေ"

"စပ်စုတာ ငါမကြိုက်ဘူး၊ ငါ့ကိုယ်ငါအာမခံတာ ဒါပထမဆုံးပဲ မင်းဆုံးဖြတ်ရုံမှ ဆုံးဖြတ်ပါ"

မယ်မေးတာကို သူမဖြေနိုင်ဘူးလို့ ပြောခြင်းပဲဖြစ်၏။ ဒါတော့ ရှိပါစေတော့ စောစောကနဲ့စာလျှင် သူစိတ်ကောင်းဝင်သွားတာကို အတည်ပြုဖို့ သူ့မဘက်က လက်လျှော့ရတော့မည်။ လောလောဆယ်





တစ်ယောက်တည်း ကျန်ခဲ့ရမှာက ကိုယ်ကမိန်းကလေး....

"တစ်ခုတော့ သိချင်တယ်"

"ပြော"

"ခင်ဗျားနည်းနည်းမှ မှန်းဆမသွားနိုင်ဘဲနဲ့ ဒီကမ်းနားကို ဘယ်လို လုပ်ရောက်လာတာလဲ"

သူက ချမ်းသလိုပုံစံနှင့် လက်ပိုက်၍ ပခုံးတွန့်လိုက်၏။ ပြီးတော့ သက်ပြင်းရှိုက်ပြီး ဟူးခနဲပြန်မထုတ်ဘဲ ကြိတ်မှိတ်ဖြေချရင်း ငြိမ်သက်သွား၏။ ခဏလောက် တိတ်ကျသွားပြီးမှ....

"မင်းမေးတဲ့တစ်ခုလောက်က အားလုံးပြောပြမှဖြစ်မယ့် မေးခွန်းပဲ လောလောဆယ်အကြောင်းရှိလို့လို့ပဲ မှတ်ထားလိုက်၊ ငါလူဆိုး မဟုတ်ဘူး၊ ဖြစ်မှုတစ်ခုတစ်ရာကျူးလွန်ထားတာ မရှိဘူး မင်းအတွက် လိုအပ်မယ့် အချိန်ကာလတစ်ခုအထိ လုံခြုံမှုပေးနိုင်တယ် လိုက်ခဲ့ဖို့ ဆုံးဖြတ်မလား"

သူကခဏရပ်ပြီး နားစွံ့၏။ မယ် ဘာမှ မပြောသောအခါ...

"အချိန်တွေကြာတယ်၊ မင်းမလိုက်ဘူးဆိုရင် ဘယ်ဘက်ကလမ်းလဲ တဆိတ်လောက်ပြောပြီး တည့်မတ်ပေးလိုက်ပါ"

မယ် သူ့ဘက်ကို သေချာလှည့်ရပ်လိုက်ကာ...

"မယ် အခုချက်ချင်း ခင်ဗျားနဲ့လိုက်ထွက်ရင် ရဲတွေဖမ်းမှာပေါ့"

"ဘယ်အချိန်ထွက်မှာလဲ သိပ်ညဥ့်နက်နေရင် ကားတွေရှိတော့မှာ မဟုတ်ဘူး မိုးလင်းတော့ပိုဆိုးမှာပဲ အဆင်မသင့်ရင် ရေခဲတိုက်ပြီး သားဖြစ်ပြီး သေကုန်ဖို့ရှိတယ်"

www.burmeseclassic.com



မယ်လည်း ချမ်းလှပါပြီ နောက်တော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချ၍ သူ့နားတိုးရပ်သည်။

"သွားမယ်လေ"

"မင်းအကျီချွတ်လိုက်ပါလား"

"ဘာပြောတယ်"

"အကျီနှစ်ထပ်မို့လား အပေါ်အကျီက ရုပ်အကျီကြီးထင်တယ် ရေတွေစိုကပ်နေတာ ပိုသိသာတာပေ့ါ လူတွေသတိထားမိမှာစိုးလို့ ပြောတာ"

ကြည့်စမ်း သူသိနေပါလား။ မျက်စိမမြင်မှန်း သိလျက်နှင့် မယ်ရှက်စိတ်မွှန်သွား၏။ ပြန်တွေးမိသည်က မယ့်ကိုသူရေထဲကနေ ကယ်တင်ခဲ့သည်။

ထိုအချိန်မှာ ပွေ့ချီသယ်ရင်း သိခဲ့တာဖြစ်လိမ့်မည်။ တော်ပါသေးသည် မမြင်မစမ်းနဲ့ ကမ်းပေါ်တက်တာ လူသူကင်းတဲ့နေရာမို့လို့ မယ်ကိုယ့်စိတ်ကိုယ်ပြန်တင်းပြီး သူ့လက်မောင်းကို မရဲတရဲဆုပ်ကိုင်လိုက်၏။

"ရတယ် မင်းရှေ့က လျှောက်သွားပါ၊ ငါလိုက်နိုင်လောက်တဲ့ အကွာအဝေးလောက်ဆိုရပြီ"

သူက လက်မောင်းကို လွှဲရှောင်ပြီးပြော၏။ ကောင်းတာပဲ။ မယ်သူ့ရှေ့က ရပ်လိုက်၏။ ဘေးဘီကိုဝေ့ဝဲကြည့်ပြီး ခြေလှမ်းစသည်နှင့် ရင်တွေခုန်လာခဲ့သည်။

"မိမယ် ညည်းလေးဘာမှလည်း အကြောက်အရွံ့မရှိပါလားဟင်





ဘာဖြစ်ဖြစ် လုပ်လာပြီးမှပြောတယ် တစ်ခုခုဒုက္ခဖြစ်တော့ ဘယ်သူသိမှာလဲ"

ဒေါ်လေး ထဘီမ၍ ရင်ဘတ်ကိုလည်းလက်ဝါးနှင့် တဖျတ်ဖျတ်ရိုက်၏။ မယ့်ကို တစ်ခုခုအပြစ်တင်တော့မည်ဆိုတိုင်း ဒေါ်လေးက အမြဲတမ်း တအံ့တသြပြူးပြူးပျာပျာ....

မကြောက်တတ်ဘူးဆိုတဲ့မယ့်လက်ဖျားတွေ ရေထက်အေးနေတာ ဒေါ်လေးသိသွားရင် ဘယ်လိုပြောဦးမလဲ။

တကယ်တမ်းကျတော့ ကြောက်စရာကြုံရင် ကြောက်ကြတာပါပဲ။ မယ့်တစ်သက်မှာ ဤကဲ့သို့ ရင်တုန်ပန်းတုန်ကြောက်ခဲ့ဖူးတာမရှိ။ ခြေလှမ်းမရပ်ဘဲ သူ့ကိုနောက်ပြန်လှည့်ကြည့်မိစဉ် မယ်က ခလုတ်တိုက်လေသည်။

"အ"

ကြည့်တော့လည်း ကျင်းကြီးချိုင့်ကြီးမရှိဘဲ ဘာကိုတိုက်မိမှန်းမသိ။ ခြေမတစ်ခုလုံး ပဲ့ထွက်သွားပြီလားထင်ရအောင် ပြင်းထန်စွာနာကျင်သွား၏။

"ကျွတ်...ကျွတ်"

မမြင်တဲ့လူက ဘာမှမဖြစ်ဘဲ မြင်လျက်နှင့် ကန်းနေသည့်ကိုယ့်အဖြစ်ကို ရှက်ဖို့ပင် သတိမရနိုင်အဲ နာလွန်းသဖြင့် ထော့နင်းထော့နင်းဖြစ်သွား၏။ ညည်းညူသံမထွက်အောင် ဟန်ဆောင်အောင့်အည်းထား ဖို့လည်း သတိမရ။

"ဘာဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခလုတ်တိုက်တာ"

သူဘာမှမပြောပေမယ့် ပြုံးသွားမှာတော့ သေချာပါသည်။ မယ် ခြေလှမ်းကို မရပ်သော်လည်း မြေကို ပြုံးပြုံးကြည့်လိုက်မိ၏။ ထင်သည့် အတိုင်းပါပဲ ခြေသည်းလန်သွားတာ သေချာသည်။ ခြေမတစ်ခုလုံးမှာ သွေးတွေနှင့် အနက်ရောင်ဖြစ်နေသည်။ နေ့ခင်းသာဆို ချင်ချင်း နီရဲနေမှာ သေချာသည်။

"ရှီး…အား"

မရပါ ဘယ်လိုမှ ကျိတ်မှိတ်နေလို့မရဘဲ မယ် တရှူးရှူး တရှီးရှီး ဖြစ်နေ၏။

"သိပ်နာသွားလို့လား နားချင်နားလေ မင်းကိုဒဏ်ရာကြည့်ပေး ရအောင်လည်း ငါကလည်း အကန်း"

"ခင်ဗျားကျတော့ တော်တော်ယဉ်ကျေးတာပဲနော်"

နားထောင်ရတာ ကန့်လန့်ကြီးဝင်သွားတာမို့ မက်က ပက်ခနဲ ပြော၏။ ပြီးတော့ ထိုနေရာမှာပဲ ငုတ်တုတ်လေး ထိုင်ချလိုက်သည်။

"ငါက ဘာရိုင်းလို့လဲ"

မယ်ဘာမှ ပြန်မပြောတော့ပါ။ 'မယားငယ်'ဆိုတဲ့စကား ကိုယ် ပြောမိတုန်းကတော့ အထင်အမြင်သေး ကဲ့ရဲ့ခံခဲ့ရတာ။ ဒဏ်ရာက နာနေသဖြင့် မပြောဘဲနေလိုက်သော်လည်း သူက တွေးမိသွားပုံရကာ

"ကန်းလို့ကန်းတယ်ပြောတာ ရိုင်းသွားလို့လား မတတ်နိုင်ဘူး ကွာ ငါက ဒီဘဝနဲ့နေရတာကို သိပ်ဂုဏ်ယူတာ အကန်းလို့တစ်ခါ ပြောရတိုင်း အားပါးတရရှိတာ"





သြော် ဖြစ်ရလေ။ မယ်ဘောင်းဘီစအဖျားနှင့် ခြေမကသွေးတွေ ကို အနာခံပြီးသုတ်ပစ်မိ၏။ ဒါပေမဲ့ ကြာလေနာလာလေ …

သွေးသုတ်နေရတာကိုပဲ မခံမရပ်နိုင် နာလာသဖြင့် ငိုချင်လာ သည်။ ဒီအနာကို ပုံကြီးချဲ့ ခံစားနေလို့ဖြစ်မလား။ ကိုယ်ကျူးလွန်ခဲ့ တဲ့ ပြဿနာတွေကိုပဲ ရှင်းရဦးမှာ အများကြီးရှိသေးသည်။ မယ် ချက် ချင်း ထရပ်လိုက်မိ၏။

"သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ရွှေတောင်ကြားလမ်း ခြံအမှတ် (....)ကို ရောက်လာခဲ့၏။ ကားက ဖြည်းဖြည်းပဲလိမ့်လာတာမို့ မီးလုံးကလေးတင်ထားသည့် ခြံနံပါတ်ကို ဖတ်မိတာနှင့် ခြံရှေ့မှာပဲ ရပ်တန့်သွားခဲ့၏။

"(......) ဆိုရင် ရောက်ပြီညီလေး ဒီခြံပဲ"

ကားဆရာက မယ့်ကို ယောကျ်ားလေးပဲထင်ကာ နောက်လှည့်ပြော၏။ မယ်က ခြံကိုငုံ့ကြည့်သည်။ ခြံဝမှာ တုတ်ခိုင်မြင့်မားသော ပန်းနုရောင်ကြွေပြားများနှင့် အုတ်တိုင်ကြီးနှစ်တိုင်ပဲရှိသည်။

ခြံဝန်းကိုကော တံခါးကြီးနှစ်ချပ်ကိုပါ နီညိုရောင်သံချွန်းကြီးများနှင့် ပတ်လည်ကာရံထားသည်။ အပေါ် ထိပ်ပတ်လည်မှာလည်း ဆူးလုံးကြီးတွေ တင်ထား၏။ ညကာလမို့ အတွင်းကို ဘာမှမမြင်ရပေ။

"ဒီမှာ နီညိုရောင် သံတံခါးတွေနဲ့ဟာ ခင်ဗျားခြံလား"

"အင်း"

သူက ခေါင်းညိတ်ပြီးဆင်းလိုက်သည်။ အောက်မှာခြေစုံရပ်ပြီးမှ





ဘောင်းဘီနောက်အိတ်ထဲကို လက်တစ်ဖက်ကနှိုက်သည်။

"ရော့ ကားခမင်းပေးလိုက်ပါ"

ရေတွေစိုကပ်နေသည့် ပိုက်ဆံတွေထဲက ကားခရှင်းပေးပြီး မယ်က ပိုတာကို ပြန်ပေး၏။

"မင်းယူထားလိုက်တော့ ခြေစောင့်လက်စောင့်ဆောင်ထားပေါ့"

"မလိုချင်ပါဘူး"

သူက ပိုက်ဆံတွေပေးတော့ မယ်ရှက်သွားမိသည်။ ယောကျ်ားလေးနဲ့ မိန်းကလေးပိုက်ဆံပေးတာ ယူစရာလား။ ပြီးတော့ ရေစိုပြီးလုံးထွေးနေပေမယ့် ငွေတွေက နည်းတာမဟုတ်။ သူက တံခါးဘက်ကို မျက်နှာမူလိုက်ပြီးမှ မယ့်ဘက်ကိုငဲ့ကြည့်သည်။

"မာနတွေကြီးမနေနဲ့ မင်းဒီမှာနေရဦးမှာ ဘာပဲဖြစ်ဖြစ် ငါ့အရိပ်မှာ နေရမှာပဲ ပေးတာကိုယူလိုက်"

ငွေတွေကိုကိုင်ပြီး မယ်ဆုံးဖြတ်လို့မရဘဲ ဖြစ်နေစဉ် သူက မယ့်ကို လှည့်မကြည့်ဘဲနှင့် ...

"ခြံနံပါတ်ပြားလေးနားကို ပြပေးစမ်းပါ"

မယ် သူ့ကိုကိုင်မလို လုပ်ပြီးမှ မကိုင်ဖြစ်၊ ချောင်းတစ်ချက်ဟန့်ပြီး လက်ဝဲဘက်ဘေးကို လျှောက်သွားလိုက်သည်။

သူက လိုက်လာပြီး နံပါတ်ပြားလေးဆီကို လက်လှမ်းလိုက်တာ ဘွက်တိပါပဲ။ ဘေးမှာထွက်ရပ်ပေးရင်း မယ် သူ့ကို တအံ့တသြကြည့်နေမိ၏။

တကယ်တော့ ခြံနံပါတ်အပေါ်မှာ ခလုတ်ဘုလေးရှိနေတာက



www.burmeseclassic.com

www.burmeseclassic.com



မသိသာ၊ လှူခေါ်ဘဲလ်သံမြည်စ်ကာ မကြာခင် တံခါးပွင့်သွားတော့မည်မှန်း သိလိုက်၏။

"ဒီမှာ"

"ဘာလဲ"

"ခင်ဗျားက နာမည်လေးတောင် မပြောချင်ဘူးလား အဲထဲရောက် တော့ မယ်က ဘယ်လိုပုံစံနဲ့ ပြောဆိုဆက်ဆံရမှာလဲ"

"မင်းက ဂျမိတ်ဆွေရဲ့ ညီမကွာ"

"နာမည်ကကော"

"မင်းနာမည်ကော ငါမေးလို့လား"

"ခင်ဗျား"

မယ် ဒေါသဖြစ်ကာ အသံကကျယ်သွား၏။ ချက်ချင်းပါးစပ်ပိတ် ပြီး နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။ သူက မစို့မပို့မီးရောင်လေးအောက် မှာ ကျောခိုင်းလျက်နှင့် ဆံပင်ကရေတွေကို ခါထုတ်နေပြန်သည်။ ပြီး တော့ ရယ်ဟာဟာအသံနှင့်....

"လက်သီးဆုပ်ပြီး ကြိတ်မနိုင်ခဲမရဖြစ်သွားသလား တော်ရုံကို ကို မင်းရေးကြီးခွင်ကျယ်မခံစားတတ်ဖို့ လိုလိမ့်မယ်၊ ပြောပြမယ် ငါ စပ်စုနေတာကို မကြိုက်ဘူး နာမည်တော့ မှတ်ထားလိုက်ပေါ့ ငါ့နာ မည် ထပ်တူညီ"

ဖြေသံနှင့်တစ်ထပ်တည်းမှာ တံခါးကြီးနှစ်ချပ်က အသံမမြည် ဘေးဘက်ကို ရွှေ့လျားပွင့်ဟသွားလေသည်။ တံခါးအတွင်းဘက် ကတုံးဆံပင်နှင့် အရပ်ပုပုလူရွယ်တစ်ယောက်ပေါ်လာကာ ထပ်တူညီ





ကို မြင်လိုက်သည်နှင့် ရှေ့ကိုကပျာကယာထွက်လာပြီး...

"အစ်ကိုလေး အစ်ကိုလေး ဘယ်တုန်းကထွက်သွားတာလဲ"

မေးရင်းလက်မောင်းကို ဆုပ်ကိုင်လိုက်မိသည်နှင့် ဟာခနဲ ဖြစ် သွား၏။

"ရေ...ရေတွေစိုရွှဲလို့ပါလား ဘာဖြစ်လာတာလဲ အစ်ကိုလေးရယ် ကိုအောင်ပါမသွားဘူးလား ဘာဖြစ်လာတာလဲဟင်"

တတွတ်တွတ်မေး၍ လက်ကိုလည်းမလွှတ်ဘဲ ခြံထဲဝင်ခဲ့ကြ၏။ ထပ်တူညီက သူမေးသမျှ ဘာမှပြန်မဖြေဘဲ လက်ကို ရုန်းပစ်လိုက်၏။

"ကိုယ့်အလုပ်ကိုယ်လုပ် အထဲမှာ လူစုံမရှိဘူးလား"

"ရှိတယ် အစ်ကိုလေး စောစောကပဲ အန်တီထားထား ကျွန်တော့် ကို ခေါ်မေးတယ် အစ်ကိုလေးအပြင်သွားတယ်မို့လားတဲ့ ကျွန်တော်က မသိလိုက်တော့ မသွားပါဘူးလို့ပဲ ပြောလိုက်တာ"

သူအပြစ်မကင်းဖြစ်သွားတာကို လွင်ဦးက ထိတ်လန့်ဟန်နှင့် ဖြေ သည်။ ဒီကို ထပ်တူညီပြန်လာကတည်းက ခြံသော့နှင့် အိမ်သော့အား လုံး သူ့ဆီမှာရှိသည်။

ထွက်တာဝင်တာကို ဘယ်သူ့ဆီမှာမှ ခွင့်တောင်းနေဖို့မလို။ အသိ ပေးဖို့လည်း အကြောင်းမရှိ။

"သခင်" စံအိမ်ကြီးထဲမှာ အရှင်သခင်က သူပဲဖြစ်သည်။ မိဘတွေ ရှိကြတော့ဘဲ အဒေါ်ဖြစ်သူနှင့်နေသည်ဆိုပေမယ့် တူဝရီးရယ်လို့ ကြင်ကြင်နာနာ စည်းစည်းလုံးလုံးလည်း မရှိခဲ့။ ရယ်မောကြည်နူးခြင်း များဖြင့် ရင်းနှီးလှတယ်လည်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အိမ်ဖော်အလုပ်သမား အားလုံးကလည်း သူနှင့် အများကြီး စိမ်းသက်ပါ၏။ သခင် စံအိမ်ကြီးဟာ လွန်ခဲ့သော ရှစ်နှစ် ခန့်ကနှင့် အများကြီးခြားနားသွားပါပြီ။ ထပ်တူညီ ပျော်ရွှင်စွာ နေခဲ့ဖူးသည့် သခင်စံအိမ်ဟာ ဒီလိုအကြင်နာမဲ့သော လှို့ဝှက်ခြင်းများနှင့် ပြည့်နှက်နေတာ မဟုတ်။

ထပ်တူညီသည် ရှေ့ကိုများစွာလှမ်းသွားပြီးမှ ရပ်လိုက်သည်။ သူ့ကိုပဲ လှည့်ကြည့်ကျန်ခဲ့သည့် လွင်ဦးကလည်း သူတို့ခနဲရပ်သွားတာ မြင်လိုက်သည်နှင့် ခါတ်မီးတဝင်းဝင်းနှင့်ပြေးလာရင်း အသံပေး၏။

"အစ်ကိုလေး"

"လွင်ဦး"

"ဗျာ အစ်ကိုလေး"

"မင်း မနက်ကျရင် ငါ့ကိုလာတွေ့"

"ဟုတ်ကဲ့"

"ငါနဲ့တွေ့ရင် ကိုအောင့်ဆီက ငါကလို့ပြောပြီး ငွေထုတ်သွား"

"ဟုတ်"

"မိန်းကလေးဝတ်စုံ လောလောဆယ် လေးငါးစုံလောက်ဝယ်ပြီး ငါ့ဆီပဲလာပို့"

"ဟုတ်ကဲ့ပါ"

ထူးဆန်းသည့် အမှာစကားမို့ အံ့သြသွားသော်လည်း မယုံ့ထံသို့ တစ်ချက်ပဲ ဝေ့ကြည့်ပြီး လွင်ဦးက ဘာမှမမေးခဲ့ပေ။ မမေးရဲတာလည်း





ဖြစ်နိုင်၏။ ထပ်တူညီ၏ဘေးမှနေရင်း မယ်ကြာလေ လန့်လာလေ ဖြစ်မိသည်။

သူဒီလောက်တောင် ချမ်းသာသလား။ မီးတွေတစ်အိမ်လုံး ဖွေးနေသော တိုက်မြင့်ကြီးဆီ လှမ်းကြည့်မိကာ ဒီတိုက်ကြီးထဲမှာ ရှုပ်ထွေးမှုတွေ ရှိနေနိုင်တာကိုလည်း ခန့်မှန်းလိုက်မိသည်။

အဘယ်ကြောင့်ဆိုလျှင် တိုက်ကြီးအပေါ်တစ်ထပ်လုံးမှာ တစ်ခန်းမှာမှ မီးရောင်ရှိမနေဘဲ ခေါင်းမိုးဦးစွန်းတို့၏ ထိုးထိုးထောင်ထောင် အရိပ်မည်းကြီးများကိုသာ မြင်နေရ၏။

အပြင်ကနေ ဘာမှမမြင်ခဲ့ရခြင်းမှာလည်း ဒါကြောင့်ဖြစ်နိုင်လေသည်။ ရှေ့ဆက်တိုးဖို့ ခြေလှမ်းများက ဘာကြောင့်မှန်းမသိဘဲ သူ့နောက်ကျောမှာပို၍ တိုးကပ်သွား၏။ သတ္တိမရှိလို့တော့ မဟုတ်ပါ။

တစ်ကိုယ်လုံး ရေစိုရွဲလျက် စုတ်စုတ်ပြတ်ပြတ် သူမပုံစံနှင့် တိုက်ကြီးထဲသို့ အချိန်မတော်ယောကျ်ားလေးတစ်ယောက်နဲ့ ပါလာခဲ့ရသော အဖြစ်ဟာ....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ညက ဘယ်အချိန်ပြန်ရောက်တာလဲ ညီ"

"မသိဘူး ကျွန်တော်မှ နာရီမမြင်ရတာ"

မေးသံနဲ့ ဖြေသံကြားမှာ နွေးထွေးမှုရှိမနေတာကို ကြားလိုက်တာနှင့် သိ၏။ မိုးမလင်းခင်ကတည်းက နိုးနေခဲ့သည့် မယ်မှာထိုင်လိုက်ထလိုက်နှင့် ဘယ်ကိုမှလည်း မထွက်ရဲသေးဘဲ ရှိနေဆဲ တစ်ဖက်ခန်းက စကားသံတွေကို ကြားလိုက်ရတာဖြစ်သည်။

စည်ကမ်းရှိဖို့မရှိဖို့ကို ခေါင်းထဲမထည့်လိုက်နိုင်မီ လူကနံရံနားသို့ ကပ်လိုက်ပြီးသားဖြစ်သွား၏။ သို့သော် နံရံနားရောက်မှဘာသံမှ မကြားရတော့ဘဲ ဖြစ်သွားသဖြင့် ဟိုနားပြေးကပ် ဒီနားပြေးကပ် အလုပ်ရှုပ်သွားလေသည်။

သူများစကားနိုးနားထောင်တာ မဖွယ်ရာဘူးဆိုတာလည်း မယ်ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ပေ။ နေရာတကာ လွတ်လပ်လိုခြင်းဟာ စည်းကမ်းမဲ့ခြင်းပဲဆိုတာကိုလည်း သိလျက်နှင့် ခေါက်ထားလိုက်၏။





နောက်ဆုံးခေါင်းရင်းပြတင်းပေါက်နားကနေ နားတစ်ဖက်ကို အပြင်ရောက်အောင် ခါးကိုင်းပေးလိုက်မှ အသံတွေနားထဲဝင်လာပြန်သည်။

"ကလေးမဟုတ်တော့ဘူးဆိုတာ အန်တီသိတာပေါ့ကွယ် ဒါပေမဲ့ မင်းကလူကောင်းမှမဟုတ်တာ ဒီရက်ပိုင်းမှာပဲ မျက်စိခွဲစိတ်ဖို့ဆိုတာလည်း အသိနဲ့"

"အဲဒါနဲ့ ကျွန်တော်သွားလာတာ ဆိုင်လို့လားအန်တီ"

"တစ်စုံတစ်ခု မဖြစ်ဘူးလို့ပြောလို့ရမလားကွယ် ညကလည်း မင်းပြန်ရောက်တာကို မသိလိုက်ပေမယ့် လွင်ဦးက အကုန်ပြောတယ် မင်းနားမှာ အောင်မိုးမရှိပါဘူး"

"သူ့ကိစ္စရှိလို့ သွားခိုင်းလိုက်တာ"

"အို အနားမှာ လူတစ်ယောက်မရှိလို့ဖြစ်မှလား အန်တီစိတ်မချတာ အဲဒါပဲ သူမရှိတော့ မင်းညက ဘယ်ကမိန်းကလေးကိုတွဲပြီး ပို့ခိုင်းခဲ့ရလဲ"

မယ့်ကိုယ်လေး ဆတ်ခနဲဖြစ်သွားကာ အမှတ်တမဲ့ ကိုယ်ကိုမတ်မတ်ပြင်ရပ်မိ၏။ ကိုယ့်အကြောင်းပါလာပြီမို့ မလုံမလဲနှင့် နံရံမှာကျောလေးကပ်နေမိသည်။

"မင်းက မွေးရာပါ မမြင်တဲ့လူမဟုတ်ဘူးလေ မနေ့တစ်နေ့ကမှ ကားမှောက်ပြီးဖြစ်သွားတာ ချက်ချင်းကြီး မျက်လုံးထိခိုက်သွားတဲ့ကိစ္စမှာ အကြားအာရုံတွေ သွားလာမှတ်သားနိုင်မှုတွေဘာမှ အကျင့်မရှိသေးဘူး နေပါဦး အဲဒီမိန်းကလေးကို မင်းက ငြိမ်းအခန်းထဲမှာ သိပ်လိုက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အံ့ရော အံ့ရော ညီရယ် ငြိမ်းသာသိရင် ရင်နာလိမ့်မယ့်ဖြစ်ခြင်း ဒီစံအိမ်ကြီးရဲ့ အရှင်သခင်မရဲ့ အိပ်ခန်းထဲကို ဘယ်က..."

"သူငယ်ချင်းရဲ့ ညီမပါ"

ညီ့အသံက မာနေသည်။ ထပ်၍မချေမငံဖြစ်လာဖို့တွေ သေချာနေပြီ ဖြစ်ရာ မယ်ရင်တွေခုန်လာ၏။ ကြောက်လွန်းလို့တော့ မဟုတ်ပေ။ ဒီစံအိမ်ကြီးထဲမှာ ညီက ဘယ်လောက်အာဏာပါဝါရှိသလဲ ဒါကို သူမ မသိရသေး။ သူမကြောင့် ညီဒုက္ခကြုံမ်းမောင်းခံနေရလျှင် ဘယ်လိုမှ ဆက်နေဖို့ မဖြစ်နိုင်သလို တခြားသွားဖို့လည်း မြေမရှိ ငွေမရှိသည့် ဘဝမို့ မယ်ရင်ခုန်နေတာက ကိုယ့်ဘဝအတွက်ပဲဖြစ်သည်။

"သူငယ်ချင်းညီမဟုတ်လား အဲဒီသူငယ်ချင်းက ညီမတစ်ယောက်လုံးကို ညကြီးမင်းကြီး မင်းနဲ့ထည့်လွှတ်လိုက်တာပေါ့"

"မဟုတ်ဘူး ဒါပေမဲ့ ဟုတ်တယ် ကျွန်တော့်ကို စစ်စစ်ပေါက်ပေါက်တွေ မမေးပါနဲ့အန်တီ ဖြေရှင်းရတာကို စိတ်ပျက်တယ် အဲဒီ မိန်းကလေးက စာရိတ္တပျက်ပြားနေတဲ့ သူမဟုတ်ဘူး၊ စောင့်ရှောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်ထင်လို့ခေါ်လာတာ ကျွန်တော်မမြင်ရလို့ ခဏလာပြီး တွဲပို့တာမဟုတ်ဘူး အန်တီသိထားပေးပါ သူဒီမှာပဲနေမှာ"

"ဘာ...ဘာပြောတယ်"

အန်တီဆိုတာ ညကခြံစောင့်ပြောတဲ့ အန်တီထားဆိုတာ ဖြစ်လိမ့်မည်။ ဒေါသတကြီး မေးလိုက်သံက မကျယ်သော်လည်း မထင်မှတ်ခြင်း လက်မခံနိုင်ခြင်းစသော သိပ်သည်းမှုများနှင့် တစ်လုံးခြင်း။





"ညီ...မင်း"

"ဘာဖြစ်လို့လဲ အန်တီ ဒီအိမ်မှာ ကျွန်တော်ဆုံးဖြတ်ပိုင်ခွင့်မရှိဘူးလား"

"ရှိပါ့တော် မင်းက သခင်စံအိမ်ရဲ့ တစ်ဦးတည်းသော အရှင်သခင်ပါ ဒါကိုထပ်သိစေချင်လို့ ဒီမေးခွန်းမေးလိုက်တာလား"

"သခင်တွေ ကျွန်တွေ ကျွန်တော်စိတ်မဝင်စားပါဘူး တစ်ခုတော့ ရှိတယ် ကျွန်တော်ဆုံးဖြတ်တာကို မဝေဖန်ပါနဲ့"

"ဝေဖန်တာ မဟုတ်ဘူးလေ မင်းမှာ ကျန်းမာရေးမကောင်းတဲ့ အချိန် မင်းရဲ့သွေးသားရင်းချာအုပ်ထိန်းသူဆိုလို့ ငါပဲရှိတာ ငါ့မှာလည်း အကြံပေးဆွေးနွေးခွင့်ရှိရမှာပေါ့ ဆုံးမပိုင်ခွင့်လည်းရှိတယ်၊ ထားပါ မင်းက ကလေးမှ မဟုတ်တာ ဆုံးမဖို့လည်း မလိုပါဘူး ခုချိန်မှာတော့ မင်းနားမထောင်ချင်လည်း ပြောရဦးမှာပဲ မျက်စိခွဲပြီး ကျန်းမာရေး ပြန်ကောင်းတော့မှ မင်းထင်ရာလုပ်ပါ အမိန့်ပေးနေတာ မဟုတ်ဘူး နော်ဖြစ်သင့်တာကိုပြောပြတာ ပပနဲ့ ်င်း မကျေမလည်ဖြစ်လာမှာ တွေကိုလည်း ထည့်စဉ်းစားလေ သူက မိန်းမသား ကိုယ်နဲ့စေ့စပ်ထားတဲ့ယောကျ်ားက အပျိုရွယ်လေးတစ်ယောက်ကို မွေးစားလိုက်တယ် ဆိုရင် ကျေနပ်နိုင်မလား"

"ကျွန်တော် ဆုံးဖြတ်တဲ့အထဲမှာ လုပ်သင့်တယ်ထင်တာ တစ်ခုပဲ ကျန်တာဘယ်သူမှ မပါဘူး ပပနဲ့ကျွန်တော့်ကိစ္စကို ကျွန်တော်တို့ ချင်းရှင်းမယ် အန်တီ မပူပါနဲ့"

"မင်းက စကားလုံးလှလှသုံးပြီး ငါ့ကိုဖယ်ထုတ်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားချင်ပြီအန်တီ ဒါတွေပဲပြောမယ်ဆိုရင် နောက်တော့မှ ပြောပါ"

စကားသံတွေတိတ်ကျသွားသည်။ စက္ကန့်ဆုံးဆယ်ခန့်ကြာမှ ခြေသံကြားရသည်။ ဒေါ်ထားထား ထွက်သွားပြီထင်သည်။

မယ် သက်ပြင်းလေးကျိတ်ချခြင်း နံရံမှာပျော့ဖတ်ဖတ်လေး ကပ်မှီနေမိသည်။ သခင် စံအိမ်ဆိုပါလား။ ဒီတိုက်ကြီး ဘယ်လောက်ကြီးကျယ်ခမ်း နားနေသလဲဆိုတာ မယ်မသိသေးပါ။ ညကတည်းက သူ ညွှန်ကြားတဲ့ အတိုင်း ဒီထဲဝင်နေခဲ့ရတာ ခုထိလည်း ဘာမှမစားရသေးပေ။

"ဧည့်ခန်းမှာ ဘယ်သူတွေရှိနေလဲ ကြည့်လိုက်စမ်းပါ"

စေ့ထားသည့် ဘာဂျာတံခါးရှေ့မှာ ရပ်လိုက်တော့ သူခိုင်းလို့ လှမ်းကြည့်ရသည်။

"ဘယ်သူမှမရှိဘူး ဧည့်ခန်းထဲမှာကော အထဲမှာကော ဒီကမြင်သမျှ တစ်ယောက်မှမရှိဘူး"

"တံခါးပိတ်ထားသလား"

"စေ့ထားတာ"

မယ်ပြောလိုက်တာနှင့် သူ့လက်နဲ့ စမ်းကိုင်ပြီး တံခါးကိုဖွင့်၏။

"မင်းမြင်ရတဲ့ လှေကားအတိုင်းတက်သွားမယ်"

"အနီရောင်တံခါးတွေနဲ့ အခန်းသုံးခန်းမှာ မင်းအလယ်ခန်းထဲဝင်။ အဲဒီနောက်က စကြိန်လမ်းကသွားရင် ရေအိမ်နဲ့ရေချိုးခန်းလည်းရှိတယ်။ အထဲမှာ မေမေ့ အဝတ်တွေရှိတယ် မဖွနဲ့ အဆင်ပြေမယ့်





တစ်ထည်ထည်ခဏဝတ်ထားလိုက်"

ထိပ်ဆုံးတံခါးအနီနဲ့ အခန်းရှေ့မှာသူရပ်ပြီး တစ်ခုချင်းပြောသွားသည်။ ပြီးတော့ တံခါးပွင့်စေသည့် နံပါတ်ကိုပြောကာ သူ့အခန်းထဲ သူဖွင့်ဝင်သွားတာမယ့်ကို လှည့်မကြည့်တော့ပေ။

တံခါးလက်ကိုင်ဘုလေးမှာ နံပါတ်တွေရှိနေသည်။ သူပြောတဲ့အတိုင်း လှည့်လိုက်တော့ ဒင်ခနဲမြည်သွားမှ တံခါးက ပွင့်သွား၏။ အထဲမှာ အလွန်နူးညံ့သော ကတ္တီပါအထူစားနှင့် အပြည့်ခင်းထားကာ ခြင်လုံဇကာတွေ ရှိနေသည့် ကြားထဲမှာ အနီရောင်ဇာပါးနှင့် ငွေခြည်ထိုးရင်ကွဲခြင်ထောင်က တခမ်းတနားပင်။

ပြီးတော့ မှန်တင်ခုံနှင့် ကုလားထိုင်နှစ်လုံးအပြင် နံရံကပ် ဗီရိုတွေနှင့် အကျီချိတ်စင်တွေလည်း သပ်သပ်ရပ်ရပ်ရှိ၏။ ဒါဟာ ညီမေမေရဲ့အခန်းမှန်းသိသော်လည်း သူ့ကိုမိဘမဲ့မှန်း ညကမသိခဲ့ပါ။

မယ့်တစ်သက်မှာ မထိကိုင်ဖူးခဲ့သော နူးညံ့ချွေးတွေးခြင်းဖြင့် ခမ်းနားလွန်းသော ဒီအခန်းထဲမှာ ထူးဆန်းရင်း အံ့ဩရင်း အချိန်တွေကုန်ခဲ့ရသည်။ ခုတော့ အကြောင်းတော်တော်များများကို မယ်ဆက်စပ်မိပြီဖြစ်၏။ သူ့မှာစေ့စပ်ထားပြီးသား ဇနီးလောင်းရှိသည်။ မိဘမဲ့ဘဝပေမယ့် သူဟာ ဒီတိုက်ကြီးရဲ့ အရှင်သခင်။ ဒေါ်ထားထားဆိုသူက အုပ်ထိန်း သူ သက်သက်ပဲဖြစ်ပြီး ညီအပေါ်မှာတော့ ဩဇာညောင်းနိုင်ပုံမရပေ။

"ဒေါက်....ဒေါက်"

တံခါးခေါက်သံကြောင့်အတွေးလွန်နေသည့်မယ် ဆတ်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အထဲက တစ်ယောက် တံခါးခဏဖွင့်ပါ"

ခေါ်သံက အမိန့်ပေးသလိုတော့မဟုတ် ဒါပေမဲ့ ညင်ညင်သာသာ မရှိပေ။ မယ် 'ဘယ်သူလဲ'လို့ မေးမိတော့မလိုဖြစ်ပြီးမှ ကိုယ့်အခြေအနေကို သတိရကာ ချက်ချင်းတံခါးထဖွင့်လိုက်၏။ ခပ်ဟဟဖွင့်သွားသည့် တံခါးတစ်ချပ်၏အထဲနဲ့ အပြင်မှာ မျက်နှာချင်းဆိုင်ရပ်လျက် တစ်ယောက်နဲ့တစ်ယောက် ရှုးစိုက်ကြည့်မိကြသည်။

မယ်ရှေ့မှာ ရပ်နေသူက အသက်သုံးဆယ်ခန့် အမျိုးသမီးတစ်ယောက်ပါ။ ရင်ညွှန့်လောက်ရှိသော ကျစ်ဆံမြီးနှစ်ဖက်ချထားကာ ကိုယ်လုံးသေးသေးအရပ်မနိမ့်မမြင့်နှင့်....

နဖူးပေါ်မှလည်း ဆံမြိတ်ပါးပါးချထား၏။ သို့သော် ခပ်ကြမ်းကြမ်းမျက်နှာပေါက်က ရင့်နေသည်။ အလုပ်သမားပဲ ဖြစ်မယ်မှန်း ချက်ချင်းသိသာစေသည့် ဝတ်စားထားပုံရှိသော်လည်း မယ့်ကိုတော့ သူမကပဲ အထက်စီးဆန်ဆန် ခြေဆုံးခေါင်းဆုံးကြည့်နေသေး၏။

"နင့်ကို မမထားခေါ်နေတယ်"

မယ်က မျက်မှောင်လေးကုတ်၍ ဘာမှစကားမပြန်ဘဲ စဉ်းစားသည်။ ခုနကပဲ ညီနဲ့ဒေါ်ထားထား စကားပြောသွားသေးသည်။ ဒီနေ့ မိုးလင်းတာနဲ့ ပထမဆုံး သူမတွေ့သင့်တာက ညီနဲ့ပဲဖြစ်၏။ ညီက မိတ်ဆက်ပေးမှ အားလုံးကို သူမသိခွင့်ရမည်ဖြစ်သည်။

အခုဦးဆုံး ဒေါ်ထားထားကတွေ့ဖို့ခေါ်ခြင်းဟာ ဘယ်လိုမှ ကောင်းသောလက္ခဏာ မဖြစ်နိုင်။

"နင့်ကို ပြောနေတာ ကြားလား"





"ကြားတယ်"

အလုပ်သမားက မာရေကျောရေပြောတော့မယ်ထောင်ခနဲ ဖြစ်သွား၏။

"နောက်ကလိုက်ခဲ့"

မယ့် လေသံအချိုးမပြေတာကို သူမလည်း ဒေါသဖြစ်သွားပုံရ၏။ နှုတ်ခမ်းကို မဲ့ခနဲတွန့်ပစ်ပြီး လှည့်ထွက်သွားသည်။ မယ်က ခြေလှမ်းဖြင့်ပြီးမှ ခေါင်းရင်းခန်းကို လှမ်းကြည့်လိုက်မိသည်။

ညီအခန်းထဲမှာ ရှိနေသေးလား အပြင်ထွက်သွားပြီလား။ ဘာပဲဖြစ်ဖြစ် ဒေါ်ထားထားက ဒီမှာအကြီးအကဲ အုပ်ထိန်းသူ။ ရှေ့ဆက်နေသည်ဖြစ်စေ၊ မနေဘူးဖြစ်စေ လာပါဆိုတာကို မသွားဘဲနေလို့တော့ မကောင်းတတ်ပါ။

ခြေလှမ်းတို့က အနီနှင့်ရွှေအိုရောင်အပွင့်ခက်ကြီးတွေပါသော ဘတ္တိပါခင်းထားသည့်လှေကားထစ်များကို တစ်ထစ်ချင်းနင်းခဲ့ရင်း ရင်ဘတ်ထဲမှာ စကားလုံးတွေ စီနေခဲ့မိသည်။

သုံးကွေ့မြောက်အောက်ဆုံးလှေကားထစ်တို့ပေါ် ခြေချလိုက်သည်နှင့် ဧည့်ခန်းဆီမှ သူမတို့ထံသို့ ပင့်မော့နေသော မျက်နှာတစ်ခုကို မြင်လိုက်ရလေသည်။ ဒေါ်ထားထားဆိုတာပဲဟု အတပ်သိလိုက်သည်။ တဆက်တည်းမှာ အံ့သြသွားမိတာလည်း အမှန်ပင်။

ဒေါ်ထားထားဟာ မယ်ထင်သလို ဆံထုံးခပ်မြင့်မြင့် သို့မဟုတ် နောက်တွဲဆံထုံးပုံ့ပုံ့နှင့် ခန့်ခန့်သန့်သန့် အမျိုးသမီးကြီးတစ်ယောက် မဟုတ်ခဲ့ပါ။ ခုခေတ် ရုပ်ရှင်မင်းသမီးကြီးတွေနှင့် တော်တော်တူပါသည်။ မေသန်းနုတို့ စိုးမြတ်သူဇာတို့ အမေခန်း အစ်မခန်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သရုပ်ဆောင်သလို နုနုဖတ်ဖတ် ယဥ်စစလေးဖြစ်သည်။

ပခုံးအောက်လောက်ဆံပင်အကောက်အလိပ်တွေကို နားသယ် စပ်နားမှ ကျောက်ဆံညှပ်တို့ဖြင့် လှလှပပ သိမ်းလှန်ထား၏။ အလွန် ပါးသော ဖက်ဖူးရောင်ဇာအထက်အောက်ကို အနက်ခံနှင့် ဝတ်ထား ၏။ လည်တိုင်မှာ ကျောက်စိမ်းလည်ကုံးတစ်ကုံးကို ကပ်ဆွဲထားသဖြင့် ပို၍လှသည်။ ဆိုဖာမှာ ခြေချင်းချိတ်၍ ကြွကြွလှလှလေး ထိုင်နေလေ သည်။ သိပ်လှလွန်းသည် မဟုတ်သော်လည်း အားလုံးလိုက်ဖက် အောင် ပြင်ဆင်ထားသည်က ငေးကြည့်နေဖို့ကောင်း၏။

"မင်းနာမည်ပြောစမ်း"

မယ် အနားရောက်တော့ 'ထိုင်လေ' ဘာညာမပြောဘဲ လေလုံး နှင့် စတင်ပစ်ခွင်းလိုက်၏။ မယ်က ဆိုဖာနောက်မှီမှာ လက်တစ်ဖက် တင်ကာ ရဲရဲတင်းတင်းပြန်ကြည့်သည်။

"မယ်ဘွဲ့ပါ"

ဒေါ်ထားထားက မယ်ဖြေတာကို စိတ်ဝင်စားပုံမပြဘဲ မယ့်ကိုယ် ပေါ်က အဝတ်တို့ကို မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်သည်။ နုံသာ ရောင် လက်တောက်နေသော အနက်ပွင့်နှင့် ပါတိတ်၊ ပြီးတော့ ကိုယ် ပေါ်မှာ နုံသာရောင်ပိုးပျော့ရင်စေ့လက်စကနှင့်...

"ဘယ်သူ"

အားရပါးရ နှိမ့်ချကြည့်ရှုပြီးမှ နာမည်ကို မကြားလိုက်သလို ပြ မေးသည်။

"မယ်..ဘွဲ့"





မယ်ကလည်း စိတ်မရှည်သံတမင်ပါအောင် နာမည်နှစ်လုံးကို သံရှည်ဆွဲ၍ ဖြေလိုက်၏။

"မင်းကို ဒါတွေ ဘယ်သူဝတ်ခိုင်းတာလဲ"

"ကိုညီပါ"

"ဒီမှာနေဖို့ လိုက်လာတယ်ဆို မင်းကအဝတ်တစ်ထည် ကိုယ် တစ်ခုနဲ့လား"

မယ် ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိ။ ညီက ဘယ်လိုပြော ထားသေးလဲ ဘယ်လိုဖြစ်စေချင်မှာလဲ။ စကားမှားသွားလို့မဖြစ်တာကို တွေးမိသောကြောင့်....

"မယ် ခဏထိုင်ပါရစေ"

ကြောင်အအ ဖြစ်မလာစေဖို့ ပါးစပ်ထဲအရင်ရောက်တာကို ပြောပြီး ခွင့်ပြုချက်ကိုလည်း မစောင့်ဘဲ ဆိုဖာမှ ဝင်ထိုင်လိုက်သည်။ ဒေါ်ထားထားက မနှစ်မြို့ဟန်နှင့် မျက်ခုံးနှစ်ဖက်ကို သိသာအောင် ရှုံ့တွပစ်၏။

"ဒီမှာ မယ်ဘွဲ့"

သူမသည် စောစောက အကြောင်းအရာကို မဆက်တော့ဘဲ အမိ ကကျွတာကို စကားစလာသည်။

"ဧည့်သည်ဆိုတာ ဘယ်လိုနေရာကပဲ ဆင်းလာလာ တက်လာ လာ သူများအိမ်ရာမှာ အလိုက်သိရတယ် နေတတ်ရတယ် မင်းကို အလိုက်မသိလို့ပြောနေတာ မဟုတ်ဘူး အလိုက်သိဖို့ပါ ဒီမှာက အမိ ထက ညီဆိုပေမယ့် မင်း ငါ့လက် မှာ နေရမှာ ဟိုတုန်းကလိုဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သောအိ သခင်စံအိမ်ဟာ တော်ရုံလူဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့ရတဲ့နေရာမဟုတ်ဘူး အထူးသဖြင့် ဒုက္ခတွေပင်လယ်ဝေပြီး ရောက်လာတဲ့ အပူသည်မျိုး"

"မယ့်ကို ကိုညီ ကူညီမယ်လို့ပြောပြီးခေါ်လာတာ အဲဒီလောက် မယ့်ဘဝမဆိုးဘူး"

ပက်ခနဲထပြောတော့ ဒေါ်ထားထားမျက်ခုံးတစ်ဖက်ပင့်၍ အထင်မြင်သေးစွာကြည့်သည်။

"ဒါက မင်းဘဝလေ ပြောတာကို မခံချင်ရင် မင်းကြိုက်သလို ဆုံးဖြတ်သွားလို့ရတယ် အဲဒီလို လွတ်လပ်ခွင့်ပေးလိုက်တာလည်း ညီ့ဆန္ဒကြောင့်ပဲ သူဆုံးဖြတ်ထားတဲ့ကိစ္စကို ငါ ဖယ်မရှချင်တာ ဒီတော့ မင်းပြောတာကို နာခံမလား ထွက်သွားမှာလား ဒီနှစ်ခုကိုရွေး"

မယ်က မသိမသာအံကြိတ်၏။ သူမဒီမှာ မနေနိုင်အောင် ပုတ်ထုတ်ပစ်နေတာက သိသာလှသည်။ ညီ့ကိုပြောလို့မရတော့ သူမကို မခံချင်အောင်ပြောပြီး ကြိုးစားလာတာပင်။ မယ့်မျက်နှာပေါ်က မာနရိပ်တွေကို အကဲခတ်၍ ဒေါ်ထားထားက ဒါ[illegible]ပဲ ဆိုသည့် အတပ်သိသော အပြုံးနှင့်မဲ့သည်။

"မင်းမသွားနိုင်ဘူးမို့လား ဘယ်သူမဆို ဒီလိုနေရာကိုရပြီးရင် ဖယ်ပေးချင်တော့မှာ မဟုတ်ပါဘူး ထပ်တူညီဆိုတဲ့ နိုင်ငံခြားပြန် ဗိသုကာပညာရှင် ကုဋေကြွယ်သူဌေးလေးနားမှာ ဒီအခွင့်အရေးလိုချင်တဲ့ မိန်းမလှလေးတွေ အများကြီးပဲ"

"အန်တီ အန်တီပြောတာ ရင့်သီးလွန်းပါတယ် မယ် ဒီမှာနေဖို့





လာတာက ကိုယ့်အကြောင်းနဲ့ကိုယ် ကိုညီဘယ်လိုလူဆိုတာလည်း မသိခဲ့ဘူး"

"မင်းမသိပေမယ့် မင်းအစ်ကိုကသိထားလို့ အမိအရထည့်လွှတ် တာပေါ့ မင်းစဉ်းစားကြည့်လေ ဒီကိုမင်းလိုက်လာပုံက..."

"အဲဒါ"

"ဒါလည်း မင်းတို့အကြောင်းပါပဲ ငါမကြားချင်ဘူး ဆိုလိုတာက ာ စေ့စပ်ပြီးသားမိန်းကလေးရှိတယ်။ ရှေ့အပတ်မှာ မျက်စိခွဲစိတ် သို့ ညီကျန်းမာတာနဲ့ သူတို့လက်ထပ်ကြမှာ ဒီတော့ မင်းဘက်က ယ်လိုစိတ်ကူးပဲရှိရှိ အဲရိုးသားတယ်ဆိုရင်လည်း သူများစုံတွဲကြားမှာ နှောင့်အယှက်မဖြစ်အောင်နေတတ်ဖို့ ကြိုးစားစေချင်တယ် မင်းနဲ့ နောက်ထပ် ဒီစကားမျိုးတွေ ထပ်မပြောချင်တော့ဘူး"

ဒေါ်ထားထားက စကားစမသတ်၊ နှုတ်မဆက်ဘဲ ဆတ်ခနဲ ပ်သည်။ အထက်စီးကနေ ငုံ့မိုးကြည့်ခဲ့ပြီးမှ လှည့်ထွက်သွား၏။ ထရပ်လိုက်တော့ အနားရောက်လာသည့် အလုပ်သမားအမျိုး နှင့် ရင်ဆိုင်ရပ်လိုက်သလို ဖြစ်သွားသည်။

မယ်က ချာခနဲလှည့်ရှောင်ပစ်ခဲ့သည်။ အားလုံးကို နောက်ထပ် ည်းခံဖို့ မခံဖို့က ကိုညီနဲ့ စကားပြောပြီးမှ ဆုံးဖြတ်ရပါမည်။ က်ချင်း ဆုံးဖြတ်လိုက်သည်က သခင်စံအိမ်ကနေ ဘယ်မှမသွား ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

တစ်နေ့ကုန် မယ် ခြံထဲမှာပဲဆင်းနေခဲ့မိ၏ ညီကိုလည်း မတွေ့ပါ။ သူမျက်လုံးမမြင်ဘဲ ဒီလိုပဲလျှောက်သွားနေသလားမသိ။ မနက်ထမင်းစားဖို့ လာခေါ်တော့လည်း ဝင်သွားတော့ စားပွဲဝိုင်းကျယ်ကြီးနှင့် ထမင်းစားခန်းမှာ မယ်တစ်ယောက်တည်း။

ထမင်းဟင်းတွေ ခူးခပ်ချပေးသည့် ကောင်မလေးက ဆယ်ခြောက် ဆယ့်ခုနစ်လောက်ပဲရှိဦးမှာပါ။ ဝဝကစ်ကစ် ပုပုလေးပဲဖြစ်၏ ဒါပေမဲ့ စကားမပြောဘဲ ခပ်တည်တည်လေးမို့ မယ်ပါးစပ်ပိတ်နေရ၏။

ခြံထဲမှာလမ်းလျှောက်ရင်း သနပ်ခါးပန်းရနံ့တွေ မွှေးကြိုင်နေသဖြင့် အပင်ကိုရှာရင်းခြံနောက်ဘက်ကို ရောက်လာခဲ့သည်။ ထိုအခါကျမှ အလွန်လှပသော ပန်းဥယျာဉ်အဆောက်အဦးလေးနှင့် ထိုင်ခုံလှလှလေးတွေ ရှိနေတာကို မြင်လိုက်ရသည်။ အပေါ်ခေါင်မိုးလေးလည်း ပန်းနုရောင်ပွင့်ခက်များနှင့် ပန်းအုပ်ဆောင်းလေးလိုဖြစ်အောင်





တိုင်တွေကိုလည်း ပန်းနွယ်တွေ ရစ်ပတ်ထားသည်။

အလယ်မှာ ကျောက်ဖြူစားပွဲလေးရှိနေပြီး ဘေးခုံတန်းလေးတွေကလည်း ကျောက်ဖြူတွေချည်းပဲ ဖြစ်သည်။ ထိုနောက်မှာကျတော့ ရေကူးကန်နှင့် သစ်ပုတ်ပင်တွေတန်းလျက်....

"လှလိုက်တာ"

နှုတ်မှ ထုတ်ဟချီးကျူးရင်း ခြေလှမ်းတွေသွက်လာသည်။ သခင်စံအိမ်ကြီး၏ အကျယ်အဝန်းက ဘယ်မှာဆုံးသလဲဆိုတာ ခုထိမမြင်ရသေး။ အားတက်သရောနှင့် အပြေးတစ်ပိုင်း လျှောက်နေမိစဉ် ရေကူးကန်ဘောင်ပေါ်မှာ ခြေတစ်ဖက်ဆင်း၍ နောက်ပြန်လက်ထောက်ထိုင်နေသည့် ညီကိုမြင်လိုက်ရ၏။

ရှပ်လက်ရှည်အဖြူကို တံတောင်ဆစ်လောက်ထိ ခေါက်တင်ထားသည်။ ကော်ဖီရောင်ဘောင်းဘီပွနှင့် မျက်မှန်နက်တပ်ထားသေးသည်။ ဆံပင်ကလည်း ရှည်ကျနေလိုက်တာ အချို့က ပခုံးအောက်မှာ၊ အချို့ကတော့ နားရွက်အောက်မှ မေးရိုးကိုလည်း ကွေ့ဝိုက်ထောက်၏။

ပခုံးရှေ့ကိုလည်း ခွေကျနေသည်။ ရှင်းနေတာက နဖူးမှ နသယ်စပ်တွေထိပဲဖြစ်၏။ ထို့ပြင် နှုတ်ခမ်းမွှေးရေးရေးနှင့် ပါးသိုင်းမွှေးတို့က မည်းနေသဖြင့် သူ့ရုပ်က လူကြမ်းလိုလို မင်းသားလိုလို....

ညာဘက်မှာ ဘာမှမသဲကွဲသမျှ ခြေကိုဖော့နင်း၍ မယ်တစ်လှမ်းချင်း တိုးကပ်ရင်း သေသေချာချာကြည့်လာမိသည်။ ထိုစဉ် သံစဉ်လေးတွေ မြည်လာ၏။

သူ့ဘေးမှာချထားသည့် ဟာန်းဖုန်းကို ငုံ့မကြည့်ဘဲ စမ်းယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ မယ့် ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။ သူဖုန်းပြောတာကို ဒီတို
တိတ်တဆိတ် နားထောင်နေသင့်သလား မနေသင့်ဘူးလား...

ငြိမ်ငြိမ်လေးနေလိုက်ပြီးမှ ခုပဲရောက်လာသလို အသံပေးလို
လို့ရပေမယ့်သူမျက်စိမမြင်တာကို အခွင့်အရေးမယူသင့်ဘူးဟု အ
စိတ်က သတိပေးနေသည်။

"အဟမ်း"

မယ်ချောင်းတစ်ချက်ဆိုးပြလိုက်၏။ ဖုန်းကိုနားမှာကပ်ထားရ
ညီက ဖျတ်ခနဲလှည့်ကြည့်သည်။

"ဘယ်သူလဲ"

"မယ်ပါ"

သူနေရာတကျ ပြန်ဖြစ်သွားပြီး စကားစကာပြော၏။

"ပြော"

"........."

"အင်း ဘာတက်နိုင်မလဲ စာအုပ်နောက်ကိုလိုက်"

"..............."

"လိုအပ်တာ အကုန်လုပ်ထားကွာ သေချာပါစေ"

"....................."

"မလိုဘူး ငါရတယ်"

".............."

"ဒါပဲ.."

ဖုန်းချလိုက်ပြီး မယ်ရှိနေသည့်ဘက်ကို ပြန်လှည့်ကြည့်သ





မယ်က သူနဲ့နီးအောင် လျှောက်သွားလိုက်ပြီး...

"မယ် ဒီနားမှာထိုင်လို့ရမလား"

"ထိုင်လေ မင်းကိုခုနကပဲ ငါမေးသေးတယ် မညီက အိပ်နေကယ်ထင်တယ်တဲ့"

"ခင်ဗျားက တစ်နေကုန်အပြင်မှာလား"

"မဟုတ်ပါဘူး နေ့လည်ကတည်းက ပြန်ရောက်တာ ဒါပေမဲ့ အထဲမဝင်ဖြစ်ဘူး"

"ဒီနားကိုကျတော့ ကိုယ့်ဟာကိုယ်လာသလား"

သူက ခေါင်းညိတ်ပြီး ဆင်းထားသည့် ခြေထောက်ကို ပြန်ရုတ်သည်။ တင်ပလ္လင်ခွေထိုင်လိုက်ပြီးမှ ပင့်သက်ရှိုက်၏။

"ငါ ငယ်ငယ်ကတည်းက နေလာခဲ့တာပဲ ပန်းရနံ့တွေကိုလည်း စွဲနေတယ် ထိမိတိုက်မိတဲ့အခါရှိတော့လည်း ကိုင်ကြည့်ပြီး ဘယ်နားဘယ်နေရာဆိုတာ သိတာပေါ့"

"ဒီနေရာကျတော့ ခင်ဗျားခြေလှမ်းမှားရင် ရေထဲကျသွားမှာလေ"

"မမှားလို့ အခုမင်းရှေ့မှာ ခြောက်ခြောက်သွေ့သွေ့ထိုင်နေတာပေါ့ မင်းကော အဆင်ပြေရဲ့လား"

မယ့်ကို သူပြန်မေးတော့ ပြောပြချင်တာတွေ များလွန်းသဖြင့် ဘယ်ကစပြောရမှန်းမသိဖြစ်သွားသည်။

"ဘာလဲ ပြောချင်တာတွေများလွန်းပြီး စကားလုံးစီမရဖြစ်နေသလား"

သူ့ဟာသူမေး၍ မပြုံးချင်ဘဲပြုံးလိုက်ပုံက မဲ့သလိုလိုဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို အန်တီခေါ်တွေ့တယ်မို့လား”

မယ်ပြောချင်တာကို သူကပဲ စမေးလိုက်တာမို့ မယ်က ခေါင်းညိတ်သည်။

“ဟုတ်တယ် သူက…”

“သူပြောတာတွေ ငါမသိချင်တော့ဘူး မင်းကိုငါပြောထားချင်တယ် ဒီအိမ်မှာ မင်းကို ငါကိုယ်တိုင်မလိုလားလို့ ပြောဆိုလာတာမျိုးမဟုတ်ဘဲ ရှိသမျှလူကုန် ဘာတွေပဲပြောပြော ဘယ်ပုံစံပဲ ဆက်ဆံဆက်ဆံ ဂရုမစိုက်ပါနဲ့ အတိုက်အခံ ရွဲ့စောင်းနေတာမျိုးလည်း။ မလုပ်မိစေနဲ့ ဆိုလိုတာက ငါမသိဘဲ မင်းဘယ်မှ ထွက်မသွားဖို့ပဲ”

“ဒါကတော့ ခင်ဗျားကနေကုန်နေခမ်းအိမ်မှာမရှိဘဲ မယ်က သူတို့တွေနဲ့ ရင်ဆိုင်နေရတာ”

“ရင်မဆိုင်ချင် တစ်နေကုန်အခန်းတံခါး ပိတ်နေလို့ရတယ်လေ”

သူက မယ့်ကို မမြင်ရပေမယ့် မယ်ရှိသည့်ဘက်ကို မျက်နှာကြည့်ပြောနေသလိုမျိုး စူးစိုက်၍ ဆက်ပြော၏။

“မင်းကို ငါ့သူငယ်ချင်းညီမလို့ ပြောထားတာက သူတို့ကို ဂရုစိုက်လွန်းလို့ လိမ်ညာခဲ့တာမဟုတ်ဘူး မင်းနဲ့ငါ့သိက္ခာအတွက် ဒီလောက်တော့ ကာကွယ်ပြောထားသင့်တယ်ထင်လို့ တခြားပြောဆိုဖို့ရှိလာရင် မင်းအဆင်ပြေသလို ကြည့်ကျက်ပြောလို့ရတယ်။ ဟိုက ထင်သလိုပြောဆိုလာရင်လည်း မင်းသည်းခံနိုင်ရမယ် ဘာဖြစ်လို့လဲဆိုတော့ ငါပြောတာမှ မဟုတ်ဘဲ မင်းရဲ့အခက်အခဲအတွက်ရယ် နောက်တစ်ခုက ငါ့အတွက်လည်းပါတယ် မင်း ဒီမှာပဲနေပါ”





“ဘယ်လို ခင်ဗျားအတွက်ဟုတ်လား”

သူက ပြန်မဖြေတော့ဘဲ ခေါင်းကိုစိတ်ပျက်မှုများနှင့် ညိတ်ပြသည်။ သက်ပြင်းချလိုက်သည့် သူ့မျက်ခုံးနှစ်ဖက်က ကော့ညွတ်ကုတ်ကျလျက် ပါးသိုင်းမွေးတွေရှိသော မျက်နှာက ပို၍ရင့်ရော်သွားသလိုရှိလေသည်။

“ဒီအိမ်ကြီးထဲမှာ မနေ့ညက မင်းတွေ့ခဲ့တဲ့ ခြံစောင့်လွင်ဦးဆိုတာကလွဲရင် အတွင်းကအန်တီအပါအဝင် လူအားလုံးဟာ ငါနဲ့ မရင်းနှီးတဲ့သူတွေပဲ”

“ဟင်”

မယ်အံ့သြသွား၏။ သူပဲအရှင်သခင်ဆိုပြီးတော့….

“ဒေါ်ထားထားက ခင်ဗျားရဲ့အဒေါ် အရင်းလားဟင်”

ညီက ခေါင်းညိတ်ပြီးဘာမှမပြော။

“ဟို ခင်ဗျားအပေါ် နွေးထွေးမှုမရှိသလိုပဲနော် ပြောတာဆိုတာ တစိမ်းဆန်တယ်”

သူက စိုက်ချထားသည့် မျက်တောင်တွေ ဖျတ်ခနဲ ပင့်လှန်ကြည့်တာ…

“အန်တီနဲ့ငါပြောဆိုကြတာတွေ မင်းနားထောင်နေခဲ့သလား”

“ကြားနေရတာပါ မယ်ဘာမှ မသိတာတွေဆိုတော့ နားစွင့်ကြည့်လိုက်တာပေါ့ ခင်ဗျားက မကြိုက်လို့လား”

“ငါ့ကို တိုက်ရိုက်စပ်စုတာမှ မဟုတ်ဘဲ ဒါပေမဲ့ ကြားသမျှကို ခေါင်းထဲမှာ စုဆောင်းထည့်မထားနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"မထည့်လို့ရမလား ခင်ဗျားတို့ အတွင်းရေးကိုမဟုတ်ပေမ
အတိုင်းအတာ အခြေအနေတစ်ခုလောက်အထိတော့ မယ် သိ
ချင်တာပေါ့"

"ဘယ်အခြေအနေမျိုးထိလဲ"

"ဟင် ခင်ဗျားပဲ သူငယ်ချင်းညီမဆိုပြီးတော့"

"သူငယ်ချင်းနဲ့ခင်တာ မင်းနဲ့ခင်တာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ အရမ်းစိမ်းသက်နေတဲ့ အနေအထားနဲ့ ညကြီးအချိန်
တော် လိုက်လာရဲတယ်ဆိုတာ ပိုပြီးပြောစရာဖြစ်တာပေါ့ မယ့်ဘ
က ခင်ဗျားကို ယုံကြည်လေးစားလောက်စရာ ရင်းနှီးမှုတစ်စုံတစ်
မရှိခဲ့သင့်ဘူးလား"

သူက လှောင်သလိုပြောင်သလို အသံတိတ်ပြုံးလိုက်ပြီး ငြိမ်
သွား၏။ ဘာပြောမလဲဆိုတာ မယ်က မကျေမနပ်လေးကြည့်၍ စော
နေခဲ့သည်။

"မင်းလိုက်လာခဲ့တာပဲမို့လား မယ် အခု မင်းငါ့နောက်ကို လို
ခဲ့တာ ရင်းနှီးမှုရှိခဲ့လို့လား"

မယ့် မျက်နှာနွေးခနဲဖြစ်သွား၏။ ရှက်သည့်စိတ်နှင့် သိမ်ငယ်
ကို ဆတ္တုခံစားလိုက်မိရင်း လက်သီးဆုပ်ကလေးက ကျစ်ခဲသွား

"မင်းပြောတဲ့ ယုံကြည်လောက်စရာ တစ်စုံတစ်ရာဆိုတာ
ငါ့ဘက်ကပေးထားခဲ့တာရှိလား"

သူက ခဏနားလိုက်ပြီးမှ မျက်နှာကအပြုံးကို ဖျောက်ဖျက်
လိုက်၏။





"ဆောရီး ငါ့ရဲ့အမိကက မင်းဘက်က အားနည်းချက်ကို ဖိထောက်ချင်တာမဟုတ်ဘူး၊ လူတိုင်းမှာ အခြေအနေအချိန်အခါအလိုက် မစဉ်းစားဘဲ ဆုံးဖြတ်ခဲ့ရတာတွေရှိတယ်ဆိုတာကို ပေါ်လွင်အောင်ပြောတော့ သူများကမယုံသင်္ကာအကြည့်နဲ့ အထင်သေးအမြင်သေး ပြောဆိုလာရင် မင်းဘက်က မင်းအကြောင်းကို ဖွင့်ပြောချလိုက်လို့ မဖြစ်တာမျိုးတွေရှိခဲ့သလို မင်းကိုလိုက်ခဲ့ပါ ယုံကြည်ပါလို့ ငါကိုယ်ငါ အာမခံဖို့ဆိုတာလည်း မင်းကို ငါ့အကြောင်းအနည်းအကျဉ်းတော့ ပြောရတော့မှာပဲလေ ငါမပြောနိုင်ဘူး မင်းနဲ့ငါ ဆုံခဲ့တာက အဲဒီလိုမျိုး"

သူက မယ်တစ်ခုခု ပြောလာမည်တွေးကာ စကားခဏရပ်၍ စောင့်၏။ မယ့်ဘက်က ငြိမ်သက်နေတော့မှ ဆက်ပြောသည်။

"ဆိုလိုတာကကွာ မင်းလည်းငါ့ကိုယုံကြည်တာလည်းမဟုတ်ဘဲ အဲ ယုံသင့်သလောက်ယုံလိုက်ရတာမျိုးပေါ့ ငါနဲ့ဒီကိုလိုက်ခဲ့တယ် ငါကလည်း စေတနာမေတ္တာတွေရှိလွန်းလို့တော့ မဟုတ်ဘူး ဒါပေမဲ့ ကူညီချင်တဲ့စိတ်ဖြစ်လို့ ခေါ်လာခဲ့တယ် မင်းသာ စာရိတ္တပျက်ပြားနေတဲ့ မိန်းကလေးဆိုရင် ငါ့အတွက် အများကြီးအန္တရာယ်ရှိနေတာပဲ"

သူက မယ့်ကို မှန်းဆ၍ စိုက်ကြည့်ကာ...

"မဟုတ်ဘူးလား ဒါပေမဲ့ မင်းအကြောင်းငါဘာမှမသိဘဲ ဒီထဲခေါ်သွင်းခဲ့တာ မင်းပြောသလို တစ်စုံတစ်ရာ ရင်းနှီးမှုနဲ့ ယုံကြည်မှုတွေ ရှိခဲ့လို့မှ မဟုတ်ဘဲ ဘာပဲဖြစ်ဖြစ် လောလောဆယ်ဖြေရှင်းဖို့ကိုပဲ ခေါင်းထဲထည့်ပါ။ မင်းအပြစ်ကျူးလွန်ခဲ့တာလည်း အတိတ်တွေ အနာဂတ်တွေပါခဲ့တာ မဟုတ်ဘူး။ ခုကျမှတွေးတော ပူပန်နေရင် မင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာစရာတွေ ဖြစ်လာနိုင်မှာလား”

“ခင်ဗျားက ခင်ဗျားအကြောင်းပြောပြရမှာ သိပ်ဝန်လေးနေပုံပေါ်တယ်”

“မင်းက ပြောနေတာတွေကို နားလည်ဖို့မှ မကြိုးစားတာ”

သူက စိတ်ပျက်သလို ညည်းညူပြီး မျက်နှာတစ်ဖက်လှည့်သွား၏။

“မဟုတ်ပါဘူး မယ်နားလည်တယ် ခင်ဗျားနဲ့ ပတ်သက်တာ ဘာဖြစ်ဖြစ် သိရမသိရ မယ်အဆင်ပြေသလို နေသွားရမယ်ဆိုတာ”

“အဲဒါ အမှန်ပဲ ဒါပေမဲ့ သိသင့်တာတော့ ပြောပြနိုင်တယ် လူတိုင်းမှာ လျှို့ဝှက်ချက်ဆိုတာ ရှိကြတာပဲမို့လား ကြီးတာငယ်တာ ကွာချင်ကွာမယ် ဟန်ဆောင်မှုနဲ့ ဆက်နွယ်ပြီး လျှို့ဝှက်ချက်မျိုးမဟုတ်ဘူး။ အလွန်ရှုပ်ထွေးနေတယ် ငါရယ် ငါ့မိဘ သေဆုံးခဲ့ရတယ် အဖြစ်အပျက်တွေရယ် ပြီးတော့”

သူသည် မပြောချင်တော့သလို စကားကို ဖြတ်တောက်ပစ်လိုက်၏။ ခဏကြာမှ....

“ငါလက်ထပ်ရတော့မယ့် အဖြစ်တွေရယ် အားလုံးမှာ လျှို့ဝှက်ချက်တွေ အများကြီးပဲ အဲဒီအချိန်မှာ ငါက မျက်မမြင်ဒုက္ခိတဖြစ်နေပြန်တယ် တကယ်ဆို အစကတည်းက စိတ်မရှည်တတ်တာ ငါ့အကျင့်ပဲ ခုလိုဘဝက အပိုင်းပိုင်းကျိုးပြတ်နေတဲ့အချိန်မှာ စိတ်ရှည်ကြည်နူးစွာ စကားပြောဆိုဖို့ ဆန္ဒတွေဘာဆိုဘာမှ မရှိတော့ဘူး။ ဒါပေမဲ့ ခုပဲ မင်းကို ငါစကားတွေအများကြီးပြောခဲ့ရပြီ။ ဘာပဲဖြစ်ဖြစ် မင်းနားလည်ပါ ခေါ်လာခဲ့တုန်းက မင်းကို ငါကူညီချင်တဲ့စိတ်နဲ့ပဲ အခုကျတော့ မင်းကို ခေါ်လာခဲ့တာ ငါ့အတွက် အဆင်ပြေဖို့တွေကို မြင်လာလို့”





“ဘာလဲ မယ်က ဘာတွေ ပြန်လုပ်ပေးရမှာလဲ”

“မလုပ်ရပါဘူး သူများတွေ မလိုတမာပြောလာတာကို ဂရုမစိုက်ဖို့ပဲ အခုမင်းရင်ဆိုင်ရတာ အနိုတိတစ်ယောက်ပဲရှိသေးတာ ငါနဲ့ စေ့စပ်ထားတဲ့ ပပမင်းလည်း ရောက်လာမှာပဲ မင်း ငါ့နားမှာရှိနေရင် သူတို့ ကျေနပ်မှာ မဟုတ်ဘူး”

“ဘာဆိုင်လို့လဲ”

မယ်နားမလည်တာကို သူကပြုံးလိုက်သည်။

“မင်းကို အနိုတိဘာပြောသွားလဲ အဲဒီထဲက အဓိကတစ်ခုခုကို ပြောပြပါလား”

မယ်က သူပြောတဲ့ အဓိကဆိုတာကို ဆွဲထုတ်ရင်း စဉ်းစားလိုက်သည်။ ညီဘာကိုသိချင်တာလဲ သူမ မသိသော်လည်း....

“မယ် နားလည်သလိုပြောရရင်တော့ ခင်ဗျားနဲ့ မယ်...”

မယ်စကားရပ်သွားတော့ သူကခေါင်းဆတ်၍....

“ဆက်ပြော”

“မသိဘူး မလိုအပ်တာတွေ ဆွဲသိမ်းပြောသွားတာ မယ်အဲဒီလို မိန်းမစားမျိုးမဟုတ်ဘူး သူ့စကားနှုတ်က အရမ်းကိုရင့်သီးတာ ဒါပေမဲ့ မလိုလားလို့ ထွက်သွားအောင် ပြောနေတာမှန်း မယ်သိတယ် သိလို့ ဂရုမစိုက်ဘဲနေလိုက်တာ ခင်ဗျားပါးစပ်ကနေ မလိုလားတာ တစ်ခုခု ပြောလာရင်တော့ မယ်ချက်ချင်းထွက်သွားမှာပါ”

“ဘယ်တော့မှမပြောဘူး ငါကအလုပ်တစ်ခုကိုလုပ်ပြီး နေ့ခင်တ ရတတ်တဲ့သူမဟုတ်ဘူး၊ အကြီးအကျယ် နှောင်တရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မှားခဲ့တာလည်းမရှိဘူး မင်းဂရုမစိုက်ခဲ့တာကို ကျေးဇူးတင်တယ် နောက်လည်း ဒီအတိုင်းပဲနေပေးပါ။ အထူးသဖြင့် ပြောချင်တာ ရှိသေးတယ်”

“ဘာလဲ”

“မင်း ငါအိမ်မှာရှိနေတဲ့အချိန်မှာ ငါ့နားမှာပဲနေပါ ငါလိုအပ်တဲ့ ဆေးဝါးစားမှုသောက်မှုအားလုံး မင်းကူညီစေချင်တယ် ခိုင်းချင်လို့ မဟုတ်ဘူးနော် ငါ့အတွက်လိုအပ်လို့ပါ”

“အို အဲဒါတော့ ဖြစ်မှာမဟုတ်ဘူး ခင်ဗျားအဒေါ်က ခုတောင်မှ ခင်ဗျားတို့စေ့စပ်ထားတာကိုပြောပြီး အနေအထိုင်ဆင်ခြင်ပါ နားလည်ပါ အနှောင့်အယှက်မဖြစ်အောင်နေပါ။ ဘာညာနဲ့ ချိုးချိုးဖွဲ့ဖွဲ့ပြောခဲ့တာ ခင်ဗျားချမ်းသာလို့ မယ်က သိက္ခာမရှိ ခိုကပ်လိုက်ခဲ့တဲ့ အနေထားမျိုးထိပြောတာသိလား မယ့်မှာ ဟိုပြဿနာကိစ္စသာမရှိခဲ့ရင် ဒီမှာ တစ်မိနစ် တစ်စက္ကန့်မှ ထပ်နေဖို့ စိတ်ကူးမှာမဟုတ်ဘူး”

သူက အပြုံးမပျက် နားထောင်နေသည်။ မယ်ပြောပြီးမှ စောစောကလို ခြေတစ်ဖက်ပြန်ဆင်းကာ နောက်မှာလက်နှစ်ဖက်ထောက်ထားလိုက်ပြီး…

“အဲဒါ မင်းမဟုတ်ဘူးဆိုတဲ့ မာနနဲ့ မဆင်းဖြစ်ခဲ့ဘူးမို့လား ကိုယ်မှန်တာကို ကိုယ့်ဘက်က လိပ်ပြာလုံရင်ပြီးတာပဲကွာ ငါဆိုလို့တာက သူတို့က ငါ့အတွက်စပါယ်ရှယ်နာ့စ်ငှားပေးဖို့ စီစဉ်တယ်။ ငါ လက်မခံဘူး အိမ်က မိန်းကလေးတွေကို အနားမှာ ဝေယျာဝစ္စလုပ်ပေးဖို့ထားတယ် အဲဒါလည်း ငါလက်မခံခဲ့ဘူး နောက်ဆုံးကွာ ပပကိုတောင် အနားမှာမရှိစေချင်ဘူး”





“ဘာဖြစ်လို့လဲ”

“ငါမဖြေနိုင်တာကို မမေးပါနဲ့”

သူက ခပ်ပြတ်ပြတ်ပဲ ပိတ်ပြောဝစ်သည်။ ရင်ထဲမှာတော့ အောင့်ကိသက်ဖြစ်သွားသည်။ သို့သော် သူ့အကျင့် သူ့ပုံစံကိုတွေးကာ ကြံ့ဖန်သည်းခံလိုက်ရ၏။

“နောက်ဆို မင်းဆက်စပ်တွေးနိုင်လာမှာပါ သိပ်မမေးပါနဲ့ မကောင်း အကြောင်းတွေကို ငါမပြောပြချင်ဘူး မင်းနားလည်ပေးဖို့က ငါ့နား အန်တီနဲ့ပတ်သက်တဲ့လူ သူ့သဘောနဲ့ စိတ်တိုင်းကျစီမံပေးလိုက် မျိုးကိုပြောတာ တစ်ယောက်မှ ငါ့နားမှာ မရှိစေချင်လို့ပဲ”

“မယ့်ကိုတော့ ခင်ဗျားက ယုံတယ်ပေါ့”

“ဟုတ်တယ် အဲဒါက သက်သေပြစရာတော့မရှိဘူး၊ ဒါပေမဲ့ မင်းကိုယုံကြည်ပေးခဲ့တာက ရင်းနှီးမြှုပ်နှံမှုပိုပါတယ် ငါကယောကျ်ား မင်းကိုယုံကြည်ပေးတဲ့အတွက် မှားသွားလည်း ဘဝမပျက်နိုင် ဘူး”

“ခင်ဗျားရဲ့ အန်တီကတော့ မယ်ရှိနေရင် ခင်ဗျားဘဝပျက်တော့ မိုလိုပြောတာ”

“ငါက အန်တီမှ မဟုတ်တာ”

နှစ်ယောက်လုံး ငြိမ်သက်နေကြပြီးမှ…

“ဘယ်နှယ်လဲ မင်းကူညီနိုင်မလား”

“ကူညီနိုင်ပါတယ် ခင်ဗျားရဲ့အန်တီနဲ့ ဒီ့ထက်ပိုပြီးရင်ဆိုင်ရတော့ ကို စဉ်းစားနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်"

"ဘယ်လို"

"မင်းနဲ့ ငါတူနေလို့လေ"

သူဘာကိုဆိုလိုမှန်းသိပေမယ့် ဘာသာမပြန်နိုင်။ မယ် သူ့ကို ငေးကြည့်ရင်း စိတ်ကူးက ပပမင်းဆိုတဲ့ တစ်ယောက်ဆီ ပြေးသွားနေမိသည်။ ပပမင်းကို သူက သဘောမကျလို့လား။ ဘာလဲ....





အခန်း (၈)

"မယ့်ကို ခေါ်ပေးစမ်းပါ"

တစ်ဖက်မှ ရုတ်တရက်အသံတိတ်သွားကာ....

"ကိုညီ ဘာခိုင်းစရာရှိလို့လဲဟင် ကျွန်မလုပ်ပေးပါ့မယ်"

"ဘာမှမခိုင်းဘူး မယ့်ကိုခေါ် လိုက်ပါ"

ညီ့အသံက ပို၍မာကျောသွား၏။ မညိုမျက်နှာပျက်လျက် အခန်းထဲက ထွက်လာခဲ့ရသည်။ အခန်းဝရောက်တော့ အပြင်ထွက်တော့ မယ့်ဆဲဆဲ ဒေါ်ထားထားနှင့်ဆုံမိ၍...

"မမထား"

အသံကို အတိုးဆုံးနှိမ့်ချလိုက်ပြီး အနားကို သေသေချာချာကပ်....

"ဟိုကောင်မလေးကို ခေါ်ပေးပါတဲ့"

"ဟင်"

ဒေါ်ထားထား မျက်နှာသိသာစွာ နီမြန်းသွား၏။ အခန်းဝနဲ့သွတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာထိ လျှောက်ထွက်သွားပြီးမှ ပြန်ရပ်သည်။

"ဘာလုပ်မလို့တဲ့လဲ"

ဒေါ်ထားထားနောက်မှာ ခေါင်းငုံ့ရပ်၍ မညိုက ခေါင်းခါပြသည်။

"ညို မသိဘူး မမထား မနက်စာစားဖို့သွားခေါ်တာကို စားမယ် မစားဘူးလည်း မပြောဘူး မယ့်ကိုခေါ်ပေးလို့ ပြောနေတာ"

ဒေါ်ထားထားက လက်ကိုင်အိတ်ကို လက်ပေါ်မှာ ချိတ်ထားရာ ကနေ ဖြုတ်ယူကာ တန်းလန်းဆွဲချထားလိုက်ရင်း....

"ခေါ်ပေးလိုက်ပေါ့ ဒါပေမဲ့ ညည်းအဲဒီနားမှာပဲနေ မယ်တွဲ့ဆိုတဲ့ ကောင်မလေးလုံးဝမလှုပ်ရဲအောင် မြင်အောင်နေပြ"

"ဟုတ်ကဲ့ပါ"

"မျိုးမျိုးလည်းရှိတာပဲ ငါစိတ်ချမယ်နော်"

"ဟုတ်ကဲ့ မမထား"

ဒေါ်ထားထားသည် လှေကားထိပ်သို့ လျှောက်သွားရင်းမှ....

"အရေးထဲ ခက်ခက်ကလည်း ပြန်မလာနိုင်ဘူး အကြောင်းရှိပြီ ဆို သင်းတို့ဘယ်တော့မှ အနားမှာမရှိဘူး။ သိပ်ကောင်း"





အခန်း (၉)

"ငါးသလောက်နံ့ရတယ် ရှိလား"

"ရှိတယ် အချဉ်ဆီပြန်ချက်ထားတာ စားချင်လို့လား"

"အင်း"

သူ့ပန်းကန်ထဲထည့်ပေးဖို့ မယ်လက်လှမ်းလိုက်ပြီးမှ ပြန်ကြည့်တာ...

"ခင်ဗျားအရိုးစူးမှာပေါ့"

"မင်းနည်းနည်းလုပ်ပေးပေါ့ အဲဒီဟင်းကိုပဲကြိုက်တာ"

အရိုးထွင်ပေးဖို့က မခဲယဉ်းပါ။ ဒါပေမဲ့ မလှမ်းမကမ်းမှာ မျက်လုံးကြီးတဝင်းဝင်းနှင့် ရှိနေကြသူတွေကို ကျော်မလုံချင်....

"လူမမာနားမှာနေပြီး အခွင့်အရေးမယူပါနဲ့"

ဟုလည်း ဒေါ်ထားထားက ဖွင့်ပြောခဲ့ပြီးပြီ။ မညိုကလည်း 'ငါရှိတယ် ကြည့်လုပ်'ဆိုသည့် မျက်လုံးများနှင့် အနားမှာဝဲနေ၏။ မျိုးမျိုးဆိုသော ဝတုတ်တုတ်လေးကလည်း ထစ်ခနဲဆိုလှမ်းကြည့်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာနှင့်....

"ကိုညီ ဘာလိုသေးလဲ"

မယ် စဉ်းစားနေတုန်း လူရိပ်နှင့်အတူ မညိုရောက်လာ၏။

"မလိုဘူး ရတယ်"

ညီက ဂရုမစိုက်သလို ဖြေလိုက်ပြီး မယ့်ကို မေးဆတ်၍....

"လုပ်ကွာ စားမလို့စောင့်နေတာ"

မယ်က ငါးပန်းကန်ကို အနားလှည့်ယူပြီး ကိုယ့်ပန်းကန်ထဲကိုပဲ တစ်ဖက်ခပ်ယူလိုက်၏။ ခဏရပ်နေပြီး မညိုချာခနဲလှည့်ထွက်သွား၏။ မယ် ပင့်သက်လေး ရှိုက်မိ၏။

ဒီအိမ်ကြီးထဲမှာ အားလုံးဗိုလ်တွေချည်းပါပဲ။ ဗိုလ်တစ်ထောင် တပ်သားတစ်ယောက်ဆိုတဲ့ထဲမှာ တပ်သားကဘယ်သူမှန်းတော့ မသိ

ဒါပေမဲ့ ဘယ်သူတစ်ယောက်မှ ညီ့ကိုလွှန်ဆန်ခဲ့တာလည်း မရှိပေ။ မယ့်အပေါ်မှာသာ ဆရာတွေချည်းပဲဖြစ်နေကြသည်။ ထိုအဖြစ်ကို တဖြည်းဖြည်းနားလည်လာရင်း မယ် မဲ့ပြုံးလေးပြုံးမိသည်။ ဘာဖြစ်လို့ သည်းခံသိမ့်ငယ်နေရမှာလဲ။ ညီတစ်ယောက်လုံး ကိုယ့်ဘက်မှာ ရှိနေသည်။

"ကိုညီ"

မညိုနောက်ထပ်ရောက်လာပြန်ကာ....

"ငါးသလောက်က မမထားစားချင်တယ်ဆိုလို့ ချက်ပေးထားတာ အဲဒါ ကိုညီနဲ့ မတည့်ဘူးလေ"

ညီ့မျက်နှာက မလိုလားစွာ သိသာလျက် မညို၏ မျက်နှာ





မော့ကြည့်လိုက်ပြီး...

"ကိုယ်ဖြစ် ကိုယ်ခံပဲ ကျွန်တော့်စားရေးသောက်ရေးအထိ မညို ဝင်ပါစရာမလိုဘူး"

"မမထားက သေချာမှာခဲ့လို့ပါ မညိုက..."

"မလိုဘူး ခင်ဗျားသွားလို့ရပြီ"

မညိုသည် ညီ့ကိုတစ်ခွန်းမှ ထပ်မပြောရဲတော့သော်လည်း မယ့်ကိုတော့ ရှူးရှူးဝါးဝါး ငုံ့ကြည့်သွားခဲ့၏။

'ညည်းအနားမှာ ပြုစုနေတာကိုမကြိုက်လို့ ပြောချင်တာ'ဟု ဖွင့်ပြောသွားသလို အကြည့်က ပြင်းထန်ရှုးရှသည်။

ညီ့မျက်နှာမှာလည်း စောစောကလို ကြည်ကြည်လင်လင် မရှိတော့ဘဲ နီမြန်းလျက်ရှိ၏။ ကိုင်ထားသည့်ဇွန်းကိုအသာချကာ ပေါင်ပေါ်မှာ လက်သီးဖွဖွဆုပ်၍ ထောက်ထားပြီး အံကြိတ်၏။

"ခင်ဗျား အဲဒါတွေကို ခေါင်းထဲမထည့်နဲ့လေ မယ့်ကျတော့ ပြောပြီးတော့"

သူက ဆံပင်တွေထဲကို ခပ်ဖြည်းဖြည်းထိုးဖွပြီးမှ ဇွန်းကိုပြန်ကိုင်၏။

"အဲဒီလို တစ်စုံတစ်ယောက်က စီမံနေတာ ခံရတာကို ငါသိပ်မုန်းတာ"

မယ်က အရိုးထွင်ပြီးသည့် အသားလေးတွေကို သူ့ပန်းကန်ထဲမှာ သေချာပုံထည့်ပေးရင်း...

"ခင်ဗျား မျက်စိခွဲရတော့မှာပဲ"

"ဘာဆိုင်လဲ"

"အခုကျတော့ ခင်ဗျားက လူမမာလေ မျက်လုံးမကြည်တော့ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ပေးတာလို့ ခေါင်းစဉ်တပ်တာပေါ့ ခင်ဗျားမျက်လုံးတွေ ပြန်ကောင်းသွားရင် ဒီလိုဘယ်ဟုတ်တော့မလဲ”

ပြောနေရင်း မယ်က သူ့လက်ထဲကဇွန်းကိုယူပြီး ထမင်းနဲ့ ငါးဖတ်တွေအဆင်ပြေအောင် တင်ပေးသည်။ ပြီးတော့ သူ့လက်ထဲကို ပြန်ထည့်ပေး၍….

“စားလေ”

ညီက ငိုင်နေပြီးမှ ပါးစပ်ထဲထည့်၏။

“ငါးပိတို့စရာ ကြိုက်လား”

“ငါးပိမစားတတ်ဘူး”

“တို့စရာတော့ ကြိုက်တယ်ပေါ့”

“အင်း မေမေရှိတုန်းကတော့ ငါစားနိုင်ရုံလေး အစပ်ထည့်ပြီး ငပိစော်လည်းမနံအောင် လက်ထဲပြန်ထည့်ပေးတယ်”

မယ်က အစိမ်းကြော်လေးနည်းနည်းနဲ့ ထမင်းရောပြီး သူစားနိုင်အောင် ဇွန်းလေးလက်ထဲပြန်ထည့်ပေး၏။

“နောက်နေ့ကျတော့ မယ်ချက်ပေးမယ်လေ တို့စရာဘာကြိုက်လဲ”

“စိမ်းစော်နံတာမကြိုက်ဘူး ဒညင်းသီး ချဉ်ပတ်တို့လည်း မကြိုက်ဘူး”

“ဒါဆို စိမ်းစိမ်းစိုစိုလေး ရေနွေးဖျောပြီး လုပ်ပေးမယ်”

သူက ထမင်းစားရင်း မယ့်ဘက်ကိုငဲ့ကြည့်ကာ….

“မင်း အဲဒါတွေ လုပ်တတ်သလား”

“ဘာလို့မတတ်ရမှာလဲ ဒေါ်လေးက မယ်မချက်တတ်တာကို





ချက်တတ်သွားအောင် ဥာဏ်များတယ်”

“ပြောပါဦး”

“နေမကောင်းလို့ ဒီမနက်ဘယ်သွားဖို့ရှိတယ် ညနေ ကြွေးတောင်းသွားရမှာမို့ချုပ်မယ် ဘာညာပေါ့ ချက်ပြုတ်ချိန်ဆိုအပြင်ထွက်တော့တာပဲ မယ်ဘယ်လိုပဲ ချက်ထားထား စားတော့စားတယ် ဆူတာလည်းမဟုတ်ဘဲနဲ့ ဟင်းကဘယ်လိုဘာညာနဲ့ ကဲ့ရဲ့တော့တာပဲ။ အဆိုးဆုံးက သူများနဲ့ နှိုင်းယှဉ်ပြီးပြောတာပေါ့။ မယ်က မခံချင်တော့ ကောင်းအောင် ကြိုးစားရော အဲဒါနဲ့ပဲ ချက်တတ်သွားတာလေ ဒါတွေဟာ နောက်ကျတော့လည်း တကယ်တတ်သင့်တဲ့အရာတွေမှန်း သိလာတာပဲ”

“ဘာဖြစ်လို့လဲ”

“အဖေ အိပ်ရာထဲလဲလိုက်သေးတယ် အပြင်းအထန်ဖျားသွားတာလေ အဲဒီတော့ ဒေါ်လေးဈေးထွက်ရောင်းရတာပေါ့ ဘယ်သူမှမရှိတော့ မယ်ပဲ အိမ်မှုကိစ္စလုပ်ရတာ ဟိုတုန်းကသာ အချက်အပြုတ်မတတ်ခဲ့ရင် လူမမာခံတွင်းတွေ့အောင် မယ်ဘယ်လိုချက်မလဲ။ အစပ်လေးချက်ရင် အချိုလေးပါဖို့ အီတာလေးချက်တော့ အချဉ်လေးထည့်ဖို့ ဒီလိုအစပ်အဟပ်တည့်ဖို့က လွယ်တာမှတ်လို့”

သူက ဘာကိုသဘောပေါက်သွားမှန်း မသိဘဲပြုံးလိုက်သည်။

“ခဏ”

မယ်က သူပါးစပ်ထဲသွင်းတော့မည့် ဇွန်းကိုဆွဲထားလိုက်ပြီး အရိုးလေးမြင်လိုက်တာကို ဖယ်ပစ်လိုက်ပြီးမှ လွှတ်၏။

“ရပြီ ရပြီ စား”



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုထမင်းတစ်ဇွန်း ပါးစပ်ထဲရောက်ပြီးမှ...

"မင်းမှာ အမေမရှိတော့ဘူးလား"

"မရှိတော့ဘူး မယ်ရှစ်နှစ်သမီးကတည်းက ဆုံးသွားတာ အဖေ... နောက်အိမ်ထောင်မပြုဘဲ အရမ်းကြိုးစားတော့ မယ်နဲ့ဒေါ်လေး မကျ... တည်းရပါဘူး၊ ဒေါ်လေးက မောင်နှမနှစ်ယောက်တည်းဆိုတော့... အဖေ့ကို သိပ်ချစ်တာ အဖေအိပ်ရာထဲလဲပြီး နေမကောင်းတော့လည်း... အလုပ်သိပ်မလုပ်နိုင်တော့ဘူးလေ အဲဒါကို အဖေစိတ်ဆင်းရဲမှာမို့... ဒေါ်လေးက အိမ်မှာမကျပ်တည်းအောင် သူပဲကြိုးစားရှာတာ"

"မင်းကြိုးစားတာ မပါပါလား"

ညီကောက်မေးလိုက်တော့ မယ်က အပြစ်ရှိသလိုလေး ဟဲ... ရယ်သည်။

"စီးပွားမရှာခဲ့ပေမယ့် ဒါလုပ်ဆို မယ်ပြီးအောင်လုပ်တာပဲ လုပ်... ရာရှိတာလုပ်ပြီးမှ အပြင်ထွက်တာ"

"ဘာလုပ်တာလဲ"

"ကစားတာ"

"ဒီအရွယ်ကြီးနဲ့"

"ဘာဖြစ်လဲ ဒီအရွယ်လည်း ဒီအရွယ်ကစားတဲ့နည်းတွေ အများ... ကြီးပဲ"

"ဘယ်နှစ်နည်းလောက်ရှိသေးလဲ ပြောပြစမ်းပါ မှတ်သားလော... စရာပဲ"

သူက ရွှံ့မေးမှန်းသိတော့ မယ်ကလည်း ခပ်ရွှံ့ရွှံ့ပဲ ပြန်ဖြေသည်...





"ဂိမ်းဆော့တယ် ဘိလိယက်ထိုးတယ် အရုပ်တွေများပြီး ဘာမှက စားလို့မရတဲ့အခါ ငါးမြှားတယ်"

"တော်လိုက်တာ"

သူက ကဲ့ရဲ့တော့ မယ်က သူမမြင်မှန်းသိလျက်နှင့် မဲ့ရွဲ့ဖြစ်ကာ

"ဒေါ်လေး ပိုက်ဆံမရှိလို့ ညည်းညည်းညူညူဖြစ်နေတဲ့အခါ အနားကကုန်စိမ်းသည်တွေ ကုန့်ကြိုဖို့လာပြောရင် အသာလေး လက်ကုတ်ပြီး မယ်ကမသိအောင် လိုက်နင်းပေးတယ်"

"နေဦး ကုန်စိမ်းကြိုတာ ငါကြားဖူးတယ် မနက်မိုးမလင်းခင်မို့လား"

"အင်းလေ"

"မင်းတစ်ယောက်တည်း"

"ဘယ်ဟုတ်မလည်း ဈေးသည်တွေပါတာပေါ့ ဒေါ်ဒေါ်မြတို့ မမသူတို့"

"ယောကျ်ားတွေနဲ့ ဆိုရင်ကော"

"အဲဒီလိုတော့ မယ်ဘယ်သွားမလဲ အင်း အဲဒီလောက်ထိလည်း များများစားစား မသွားပါဘူး။ အခု ခိုးနင်းတာနဲ့ဆို နှစ်ခေါက်သုံးခေါက် လောက်ပဲ ရှိသေးတာ"

"တကယ့် စွာစော်ကဲပါပဲ"

"ဘာရယ်"

ညီက ထမင်းကိုလက်စသတ်၍ ဇွန်းကိုပန်းကန်ထဲမှာ ချထား လိုက်သည်။

"ခုလို ဒုက္ခရောက်တော့ မှားမှန်းသိသွားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မယ်က ဘာမှပြန်မဖြေဘဲ ပန်းကန်ကိုယူပြီး ထရပ်လိုက်၏။ ညီက မယ်ဘာလုပ်မယ်ဆိုတာကို မြင်နေရသလို လှုပ်ရှားမှုဖြစ်သွားတဲ့နောက်ကို လိုက်မော့ကြည့်ကာ....

"ထိုင်နေလေ ပန်းကန်ဆေးတာ မင်းအလုပ်လား"

"မင်းအလုပ်မဟုတ်လည်း ခင်ဗျားနဲ့စကားမပြောချင်တော့လို့လေ"

"ဘာဖြစ်လို့လဲ"

မယ်က ပန်းကန်ကို စားပွဲပေါ် ခပ်ဖိဖိလေး ပြန်ချပြီး မကျေမနပ်

"ခင်ဗျားသူများအကြောင်းတွေ စေ့စေ့စပ်စပ်မေးနေတာ ကောင်းလား သူ့ကျတော့ ဘာမေးမေးမဖြေခဲ့ဘဲနဲ့"

မယ် ကလေးဆန်ဆန် အူတိုနေတာကို ညီအသည်းယားသွား၏။ ဟန်မဆောင်နိုင်ဘဲ အသံထွက်အောင် ရယ်မိသည်။

"မင်း မဖြေနိုင်ရင် မဖြေနဲ့လေ ငါက မရမက မေးနေလို့လား"

"ခင်ဗျားလို ကြီးကြီးကျယ်ကျယ် မနေတတ်လို့ပေါ့ ပြောပြီးမှ မှားမှန်းသိတယ် ဒီက ပြောထားတာတွေ မေ့ပစ်လိုက် အားလုံးညာပြောတာ"

"ဟား..ဟား..ဟား..ဟုတ်ပြီ မေ့လိုက်ပြီကွာ ကဲ ကျေနပ်ပြီလား"

စိတ်သည် ဘယ်လိုတယ်လို ပျော်သွားမှန်းမသိဘဲ မယ့်ခေါင်းလေးကိုပါ မနာအောင် ထုချပစ်လိုက်ချင်သည်။သို့ရယ်မောမိရလောက်အောင် စိတ်ကြည်နူးခြင်းမဖြစ်ခဲ့တာလည်း ကြာပါပြီ။ အဲဒီကောင်မလေးကြောင့်...





အခန်း (၁၀)

ကားပေါ်မှာပဲ သူထိုင်နေလိုက်၏။ အောင်မိုးက နာရီကိုကြည့်၍ လည်ပင်းရှည်နေသည်။

"ဒီကောင်ကြာလိုက်တာ ညီ မင်းဆာပြီလား"

"မဆာပါဘူး"

"တစ်ခုခုစားလေ စားရင်းစောင့်တာပေါ့"

ညီက ခေါင်းပဲခါသည်။ ထိုစဉ် အိတ်ထဲက ဖုန်းလေးက မြည်လာသောကြောင့် ထုတ်ကိုင်လိုက်သည်။

"ဟဲလို"

"ညီ ပပ အခုပြန်ရောက်နေပြီ ညီအိမ်မှာလား"

"မဟုတ်ဘူး လမ်းပေါ်မှာ"

"ညီရယ် အဲဒါကြောင့် ဒယ်ဒီကပြောတာ အန်တီထားစိတ်ညစ်နေတယ်တဲ့ ညီက မျက်လုံးမကောင်းဘဲ လျှောက်ထွက်သွားလာနေ

www.burmeseclassic.com



တော့ စိုးရိမ်ရတာနဲ့ သေတော့မယ်တဲ့ အန်တီထားက ဒယ်ဒီ့ကိုရင် ဖွင့်သွားတယ်"

"သူမသေနိုင်ပါဘူး ကိုယ်လည်းဘာမှဖြစ်ဖို့မလိုဘူး"

"လူကြီးကို ဒီလိုမပြောနဲ့လေ ပပလည်းစိုးရိမ်တာပဲ မကြာခင် မျက်လုံးခွဲရှတော့မှာမို့လား ဆေးရုံတက်နေလိုက်ပါ ညီရယ်"

"မတက်ချင်ပါဘူး ပပပြောစရာ ဒါပဲလား ကိုယ့်သူငယ်ချင်းနဲ့ စကားပြောနေလို့"

"ဟုတ်ပါပြီ နေဦး ဒီညနေ ပပလာခဲ့မယ် ခရီးသွားရမယ် ညီကို လွမ်းတာတွေကော စိတ်မချတာတွေကော စုံနေတာပဲ တွေ့ချင်ပြီ"

"လာခဲ့လေ ကိုယ်ရှိနေမှာပါ"

သူဖုန်းပိတ်ပြီး ခပ်သဲ့သဲ့ပြုံးမိသည်။ စိတ်မချဘူးတဲ့လား။ ရယ်ရ တယ် ပပရယ်....

"ဘာတဲ့လဲညီ ပြန်ရောက်နေပြီတဲ့လား"

လမ်းကိုမျှော်ကြည့်ရင်း အောင်မိုးကမေးတော့ ညီခေါင်းညိတ်၏

"ရောက်နေပြီ လွမ်းနေလို့တဲ့ ဟွန်း"

အောင်မိုးက အံ့ဩသလိုလှည့်ကြည့်၏။ ပြီးတော့ မျက်နှာကြီးနဲ့ ကျသွားပြီး...

"လွမ်းရဲသေးတယ် အံ့ရော တော်တော်မာယာများတဲ့မိန်းမ မင်း သူ့ကို လုံးဝမချစ်မိခဲ့တာကောင်းတယ်။ မဟုတ်ရင် နုလောက်ဆို အပြု မှန်တွေကို သိထားရင်တောင် သူ့ကိုမစွန့်လွှတ်နိုင်တာနဲ့ မင်းရှုန်းထွက် ဖို့ မလွယ်ဘူး"





ညီက မာနကြီးသည့် မဲ့ပြုံးနှင့် အောင်မိုးကို ငဲ့ကြည့်၍...

"ချစ်နေမိရင်လည်း ငါပြတ်သားနိုင်တယ် ကိုအောင် မရိုးသားတာ ကို ငါမကြိုက်ဘူး ငါလည်းသူများအပေါ် မာယာမသုံးခဲ့ဖူးဘူး၊ ငါ့ကို ဝလီတာလည်း မုန်းတယ်၊ ချစ်တဲ့စိတ်က ဘယ်လောက်ခိုင်မှာလဲ ယုယ မြတ်နိုးဖို့ဆိုတာ ရိုးသားဖြူစင်စွာ ရစ်တွယ်မိကြမှ ဖြစ်တာ"

"မင်းဆိုလိုတာက ဘာလဲ"

"အချစ်ကို မယုံဘူး"

"မင်း မတွေ့သေးလို့ပါ"

စကားပြောနေရင်း ဖုန်းလာတော့ အောင်မိုးက ထုတ်ကိုင်လိုက် ၏။ တကယ်တော့ အောင်မိုးကလည်း လူကုံထံအသိုင်းအဝိုင်းထဲက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီဖြစ်သည့် လုပ်ငန်းရှင်တစ်ယောက် ပဲ။

ညီနဲ့တူတာက နှစ်ယောက်လုံးမှာ မိဘကိုအားမကိုးဘဲ ကိုယ့်အား ကိုယ်ကိုးဖို့ဖြစ်၏။ ထို့ကြောင့် ဘွဲ့တွေယူ ပညာတတ်ခဲ့တာက သပ် သပ်၊ စီးပွားရေးကိုလည်း ဝါသနာပါသည်။ ခုချိန်မှာတော့ ညီ ဒုက္ခက သူ့ထက်ပိုနေသည်မို့ ကိုယ့်ကိစ္စ ကိုယ့်အကြောင်းအားလုံးကို ခဏ ပစ်ထားခဲ့ပြီ ညီ့နားမှာလာနေခဲ့ခြင်းဖြစ်သည်။

"ဟဲလို"

"....."

"ဟဲလို"

အောင်မိုးစကားပြောလို့မရ ဖြစ်နေတာကို ညီကနားစွင့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မင့်ကောင်ဆီက နေလိမ့်မယ် ကိုအောင် သူလာမှာ မဟုတ်တော့ဘူး မင်းကိုဖုန်းနဲ့သတင်းပို့လိမ့်မယ်လို့ ငါထင်တယ်"

အောင်မိုးက လှည့်ကြည့်ပြီး တံခါးဖွင့်၍ အောက်ဆင်းလိုက်သည်။

"ဟော့ မောင်အောင်လား"

"ဟုတ်တယ် ဆရာ ဟိုကိစ္စကပေါ်သွားပြီ အလောင်းကိုစစ်တော့ တရားခံဖြစ်နိုင်တဲ့သူကိုလည်း တွေ့ထားပြီ သက်သေမရှိဘူး ဖြစ်နေတယ်"

တစ်ဖက်က ပြောသမျှကို နားထောင်ရင်း အောင်မိုးက ညီနားစွင့်နေတာကို ငုံ့ကြည့်လိုက်သေး၏။ ပြီးမှဆက်ပြောသည်။

"ငါ့ဆီကို မင်းလာခဲ့ဦး"

"ဟုတ်ကဲ့ပါ"

"အမှုထဲမှာ မဆိုင်တဲ့သူတွေပါနေတဲ့ ကိစ္စအားလုံးရှင်းပစ်လိုက်နော်"

"ဆိုက္ကားလား ရှင်းပြီးပြီဆရာ အဲဒီကိစ္စက လွယ်ပါတယ် ခက်တာက ဒိုင်ယာရီပျောက်နေတာ"

"အဲဒါ မင်းလိုက်တဲ့ခြေရာ ဘာမှမကျန်ခဲ့စေနဲ့ အန္တရာယ်ရှိတယ်နော်"

"ဟုတ်ကဲ့ပါ"

"အခြေအနေအရ ဖုန်းဆက်တာပဲဖြစ်ပါစေ မလိုရင် မဆက်နဲ့ တွေ့ဖို့ရှိရင် မင်းအဆင်ပြေမယ့် နေရာချိန်းလိုက်ကွာ"

"ဟုတ်ကဲ့ပါ"

"အထူးလျှို့ဝှက်ပြီး လှုပ်ရှားမှုအတွက် ငွေလိုသေးလား"

"ရှိသေးတယ်ဆရာ"

"ပြီးရော ဒါပဲ"





သူကားထဲပြန်ရောက်တော့ ညီက သူ့ဘက်ကိုလှည့်လာပြီး မျက်မှန်ပါချွတ်ပစ်လိုက်သည်။

"ဒိုင်ယာရီ ပျောက်သွားတဲ့ကိစ္စက ငါတို့ထင်သလိုပဲမို့လား"

"ဟုတ်တယ်ညီ အခိုးခံရတာသေချာတယ် မင်းဆေးရုံက မဆင်းခင်ကတည်းက ပျောက်နေတာဖြစ်နိုင်တယ်"

"ခိုးထားတာမှန်ရင် ဒီအတိုင်းဘယ်ထားမလဲ ကိုအောင် သွားပြီပေါ့"

"မဟုတ်ဘူးလေ ဒါကသံသယပဲရှိသေးတာ ဒိုင်ယာရီကို ကိုသြကြီးခိုးသွားတာဆိုရင် ငါတို့အတွက် မျှော်လင့်ချက်ရှိ...းတယ် ဒါပေမဲ့ ဒါအမှန်ပဲဆိုရင် သူ့အတွက်အန္တရာယ်ရှိတယ်ကွ"

ညီက ပေါင်ပေါ်တင်ထားသည့် လက်သီးဆုပ်နှင့် ဆိုဖာကို ဖိထုလိုက်ရင်း အံကြိတ်သည်။

"တစ်ခုပေါ်မှာစိုးလို့ နောက်တစ်ခုထပ်ကျူးလွန် ပြီးတော့ နောက်တစ်ယောက်နဲ့ အပြစ်မရှိတဲ့ လူတွေသေကုန်တာ သိပ်ရင်နာဖို့ကောင်းတယ်၊ ဒီကိစ္စမြန်မြန်မပေါ်ရင် ထပ်သေနိုင်သေးတယ် ကိုအောင်"

"ဟုတ်တယ် ငါမင်းကိုတောင် စိတ်မချတော့ဘူး"

"မလိုပါဘူးကွာ ဘယ်သူမှအသက်အပိုမပါဘူး ညံ့လို့ခံရတာမှ မဟုတ်တာ မမြင်ကွယ်ရာက ချောင်းမြောင်းလုပ်လို့ ခံရရင်သေလိုက်ရုံပဲ"

"ငါပြောတာက မင်းမိဘကိစ္စကို မင်းလိုက်နေတာ သူတို့သိမှာပဲ ခင်းနားမှာ ငါနေတာတောင် မကြိုက်ဘူးဆိုတာ ငါသိတယ်၊ စကား



www.burmeseclassic.com

www.burmeseclassic.com



လှအောင် သုံးနေတာကွ မျက်လုံးမှာစိတ်ဓာတ်ပေါ် နေတယ် သူတို့က မင်းအလိုဆိုရင် မျက်စိမမြင်ရတော့ စိတ်ဓာတ်ကျပြီး ဒါတွေကိုလည်း စိတ်ဝင်စားမှာမဟုတ်တော့ဘူး ထင်ထားတာ။ မင်းနဲ့ငါခုလို အတူတွဲပြီး အပြင်ထွက်လိုက်၊ စားလိုက်သောက်လိုက် လမ်းများနေတာ ကြာရင် ရိပ်မိကြမှာ အခုသက်ဆိုင်တယ်ထင်တဲ့သူတွေ စိတ်မချရတော့ဘူး ဆိုရင် အဓိကဖြစ်တဲ့ မင်းအတွက် ပိုရင်လေးဖို့ကောင်းတယ် မင်းက သေရဲပေမယ့်င်လိုဒီလို သူများကြံစည်လို့ မင်းသေသွားရတာမျိုး အဖြစ်မခံနိုင်ဘူး” ၁ ၄

“ငါလည်း ဒီလိုပဲလေ ဒါပေမဲ့ ငါမှမမြင်ရတာ မရှောင်နိုင်ရင် သေမှာပဲ သေရမှာကိုကြောက်ပြီး ငါ့အိမ်မှာ ငါနေတာတောင် ကျောမလုံ့ချင်ဖြစ်နေရမှာမျိုး ဘာလုပ်မှာလဲ မကြောက်ပါဘူး”

“ညီ”

အောင်မိုးက ညီ့ကားကို သူ့ပခုံးကြီးပိုက်ကျသွားအောင် တိုးစောင်လိုက်ပြီး...

“မယ်ဘွဲ့ဆိုတဲ့ ကောင်မလေးက တော်တော်လှတယ်ကွ”

“ဘာဖြစ်လဲ”

“မင်း ပပကိုမကြိုက်ဘူးမို့လား”

“မဟုတ်တာတွေ လျှောက်မပြောနဲ့”

“ဟုတ်တာကို ပြောမလို့ပါ မင်းရဲ့ပပ မင်းနားမကပ်နိုင်အောင် မယ်ဘွဲ့ကိုအနားမှာခေါ်ထားတွာ”





“ထားတာပဲ”

“ငါပြောတာက အလုပ်သမားတစ်ယောက်လို မဟုတ်ဘူး၊မည် ၁ည်း

“ဘာ”

ညီ့မျက်နှာက မကြည်မသာဖြစ်လျက် သူ့ကိုလှည့်ကြည့်သ ချင် အောင်မိုးက ညီ့ပေါင်ကို ဖျတ်ခနဲပုတ်လိုက်ကာ...

“အဲဒီလိုလည်းမဟုတ်ဘူးကွာ မင်းကလည်း နေရာတကာ ဦးနှောက်ပြေးပြီး ဒါကျမှ နားဝေးလိုက်တာ မင်းတို့ကို ချစ်ဖို့ကြိုက်ဖို့ ပြောတာမဟုတ်ဘူး ပပ မကျေမနပ်ဖြစ်သွားရုံပဲ အူတိုပြီးတော့ဖြစ်ဖြစ် နားလည်သွားလို့ပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့ပဲကွာသွားသွား မကောင်းဘူးလား”

“မကောင်းဘူး”

“ဘာဖြစ်လို့လဲ”

“မယ့်မှာ အန္တရာယ်ရှိတယ်”

“အံမယ်”

ကိုယ့်ကိုယ်ကိုကျတော့ သေပါစေတဲ့။ မယ်ဘွဲ့ကိုကျမှ....

ညီကလည်း အောင်မိုး၏ အံမယ်ဆိုတဲ့အသံကို သဘောပေါက်သည်။

“လျှောက်တွေးမနေနဲ့ ငါပြောတဲ့ အန္တရာယ်က ငါမရှိတဲ့အချိန် သူတစ်ယောက်တည်းနေခဲ့ရတာ တစ်အိမ်လုံးမှာ ရှိသမျှ ပါးစပ်တွေက ငါ့အပေါ်မှာလို သူ့ကိုလေးစားရိုသေနေကြမှာ မဟုတ်ဘူး”

“ကောင်မလေးပုံစံ ထက်ထက်မြက်မြက်ပုံလေးပါ နှုတ်ခမ်းပါး နီနီလေးတွေနဲ့ နှာတံလေးက တင်ထားသလိုပဲ မင်းမျက်လုံးတွေသာ



www.burmeseclassic.com

www.burmeseclassic.com



ားတာင်းနေရင်"

"ဘာဖြစ်သွားနိုင်လဲ"

ညီက ခပ်ရွှံ့ရွှံ့မေးတော့ အောင်မိုးကရယ်သည်။

"မြင်ရမှာလို့ ပြောမလို့ပါ ဘယ့်နှယ်လဲ မင်းကိုကြည်ရဲ့လား"

"ကဲ ပြန်မယ်ကွာ မင်းတော်တော် စကားများတဲ့ကောင်"

အောင်မိုးက ကားစက်နိုးလိုက်ရင်း အသံထွက်အောင်ရယ်၏

"မင်းကိုပြုစုလုပ်ကိုင်ပေးတာ ကြည်ကြည်သာယာရှိရဲ့လားလို့ မေးတာပါ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မင်းကိုဒါ့ဒီအတိုင်းနေရတာ ကြည်ကို မကြည့်ချင်ဘူး"

"ဟိုဘက်လှည့်နေလိုက်"

"ညီရာ မင်းဟာဘယ်တုန်းကမှ စကားပြောပြေပြစ်ခဲ့တာ မရှိဘူး ပပကို လက်မထပ်ချင်တာရယ် ဘယ်သူအနားမှကပ်တာမှ မကြိုက် တာရယ် အခု မင်းမြင်နေတဲ့ ဝေဒနာက တစ်ယောက်တည်းနေလို့ တဲ့ ဝေဒနာမျိုးမှမဟုတ်တာ"

"ဘာဖြစ်လို့ မရရမှာလဲ"

"မမြင်မစမ်းနဲ့ ထမင်းစားရတော့ ဘယ်လိုနေလဲ"

"ပါးစပ်ထဲဝင်သွားတာပဲ"

"ဖြစ်သလိုထိုးထိုးကြိတ်ကြိတ်လေ မဟုတ်ဘူးလား"

"ဘယ်လိုပဲ ဝင်ဝင်ကွာ"

ကားကသိမ့်ခနဲ ရှေ့တိုးလေသည်။ မမြင်ရပေမယ့် စိတ်မျက်စိ ထဲမှာ မယ့်ကို မြင်ယောင်မိ၏။





ဒီကောင် မယ်အရိုးထွင်ပေးတာကိုများသိရင် ဘာပြောဦးမည် မသိ။ မျက်နှာခပ်လွဲလွဲနှင့် ပြုံးလိုက်မိပေမယ့် အောင်မိုးကလည်း မြင်သည်။ ဒါပေမဲ့ ဘာပြုံးတာလဲလို့ မမေးဖြစ်ပါ၊ မေးလည်း ဖြေချင်မှ ဖြေမှာ မဟုတ်ဘူးလား။

◷ ◷ ◷



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘာလုပ်ဖို့လဲ ဒီဝါးလုံးကြီးက မယ်ဘွဲ့"

"ကိုညီ့အတွက် တောင်ဝှေးခုတ်ပေးမလို့"

စကားသံတွေ နားထဲဝင်လာသည်။ ခေါင်းရင်း စက်ခန်းဘက်
နေ ခပ်ဖြည်းဖြည်းပတ်လျှောက်လာရင်း ခြေလှမ်းက ပိုနှေးသွား
မညိုအသံနဲ့ မယ်အသံက ပေါ်တီကိုအောက်မှာဖြစ်သည်။

တိုက်၏ ထောင့်ကွယ်ကိုရောက်ပြီမှန်း ခန့်မှန်းမိကာ လက်နဲ့
လိုက်တော့ နံရံကိုကိုင်မိ၏။ ညီရှေ့ဆက်မသွားဘဲ ရပ်နေလိုက်သ

"ကိုညီက ဒီရက်ပိုင်းမှာပဲ မျက်စိခွဲတော့မှာ ဒါကြီးမလိုပါဘူး အ
လုံးက ကိုညီမျက်လုံးပြန်ကောင်းဖို့ ဆုတောင်းနေကြတာ ညည်း
မှ နမိတ်မရှိ နမာမရှိ"

"နိမိတ်ဖတ်ရအောင် မယ်က အကြားအမြင်ပေါက်နေတာ





ဟုတ်တာ မညိုရဲ့ မနက်ဖြန် သဘက်ခါ ဘာဖြစ်ဖြစ် ဒီနေ့က ဒါလို
နေတာပဲ မဟုတ်ဘူးလား"

"အိုအေ ဒါလိုလည်း သွားဝယ်လိုက်ရင် လှလှပပ တောင့်တောင့်
တင်းတင်းလေးရတာပဲ နေပါဦး ညည်းက ခုတ်နိုင်ထစ်နိုင်လို့လား"

"ဝါးခုတ်ရတာ ခက်တယ်လို့တော့ ပြောကြတာပဲ ဒါပေမဲ့ လူတစ်
ယောက်ယောက်ကို ဖြတ်ရတာလောက်တော့ မခက်ပါဘူး မယ်ခုတ်
တတ်တယ်"

မယ့်စကားသံလေးကြားပြီး ကွယ်ရာကနေ ညီပြုံးလိုက်မိသည်။
ညီ့တော့ ဘာဖြစ်သွားပြီမသိ စကားသံတွေ တိတ်ကျသွားသည်။ သူရှိ
နေတာကို မယ်မမြင်ပါ။

မညို ဆောင့်အောင့်လှည့်ဝင်သွားတော့ ပခုံးလေးတွန့်၍ ပြုံး
လိုက်မိသည်။ တကယ်တော့ ဝါးရှာတာမဟုတ်ပါ။ ပန်းခြံလေးထဲမှာ
ထိုင်းရင်း ပျင်းတာနှင့် လမ်းထလျှောက်တော့ တုတ်ခဲစိမ်းစိုနေသည့်
ဝါးတိုတစ်ချောင်းကို ခရေပင်ကြီးအောက်လှမ်းလှမ်းမှာမြင်လိုက်သည်။

ထို့ကြောင့် ကောက်ကြည့်မိရင်း စိတ်ကူးရလို့ ယူလာခဲ့တာဖြစ်
သည်။ ဒါကိုတောင်ဝှေးဖြစ်အောင် ဖြတ်ပြီး သေချာချောပေးလိုက်ရင်
တောင်ဝှေးတော့ဖြစ်မည် ကိုညီက ကိုင်ပါ့မလား။

စိတ်က လုပ်ကိုလုပ်တော့မည်လို့ ဆုံးဖြတ်ခဲ့တာ မဟုတ်ပါ။ ခု
တော့ ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်၏။ တားလို့ကိုလုပ်ဦးမှာ။ ရေသိ
နေတဲ့ ဘေးကတဲလေးတဲမှာ ပစ္စည်းတွေအစုံရှိသည်။ ဝါးခေါ်လို့ ရ
လောက်တဲ့ ဓားမတစ်ချောင်းကိုယ့်ဟာကိုယ် ကိုယ်ရွေးယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာတော့ ပေါ်တီကိုအောက်မှာ ညီရပ်နေတာကို လှမ်းမြင်လိုက်ရသည်။ မယ်က အသံမပေးဘဲ တိုက်ကြီး၏ ဘေးနားမှာပဲ ကပ်၍ ဝါးကိုခုတ်နေလိုက်၏။

"မယ်"

အသံကြားရင် သူရောက်လာမှာပဲဆိုတာ မယ်သိသည်။ ထို့ကြောင့် လှည့်လည်းမကြည့် ထူးလည်းမထူးမိပါ။

"ဟော့ ခေါ်နေတာကြားလား"

"ကြားတယ်လေ ဒီမှာဝါးခုတ်နေတာ ခင်ဗျားက မကြားဘူးလား မယ်ခုတ်နေတာမှန်းသိလို့ လာပြီးတော့ ပြောစရာရှိရင် ပြောလိုက်ရုံပဲ ဘာလို့ခေါ်နေလဲ"

အံ့မယ် မယ်မင်းကြီးမလေးက အလာကြီးပါလား။ မညီနဲ့ စကားများထားတဲ့အရှိန်လား ဒါမှမဟုတ် ဒေါကိုင်လို့မာနေတာလား။

"မင်းကိုဘယ်သူခိုင်းလို့လဲ"

"ခိုင်းမှလုပ်ရအောင် မယ်က ကျွန်မှမဟုတ်တာ"

"မင်း စကားပြောတာ ရိုင်းလှချည်လား"

"ဒီလိုပဲပြောတတ်တယ်"

"မပြောရဘူး မင်းမိန်းကလေး ပိုပြီးသိမ်မွေ့ဖို့လိုတာ"

"ခင်ဗျား လူကိုဆုံးမဖို့ ဒီနားလာတာလား"

"အဲဒါ လုပ်မနေနဲ့လို့ ပြောမလို့"

မယ်က ဓားကိုင်လျက်နှင့် ထရပ်လိုက်သည်။ ဝါးလုံးကိုပစ်ချ လိုက်သံက ဒိုင်းခနဲ မြည်ဟီးသွားကာ…





"ခင်ဗျားစမ်းစမ်းစမ်းစမ်းနဲ့ မျက်စိမမြင်တဲ့သူမှန်း ကြော်ငြာစရာ လိုဘူးဖြစ်နေတာ အမြင်မတော်လို့ စေတနာနဲ့သိလား"

"မင်းလက်ကို ဓားထိမှာစိုးလို့ပြောနေတာ မင်းစေတနာစော်ကား ရတာတော့ နာတတ်သလား ငါလည်း မင်းကိုစေတနာနဲ့ ပြောနေတာ လေ"

"စေတနာဆိုရင် ငြိမ်ငြိမ်လေးနေလိုက် သူများထောင်ပေးလိုက် သို့တော့ လာမတားနဲ့ ပြီးအောင်ကိုလုပ်မှာ"

ပြောပြီး မယ်ကဆတ်ခနဲ ထိုင်ချလိုက်သည်။ ဝါးကိုပြန်ကောက် ၍ ခပ်စောင်းစောင်းထောင်၏။ ပြီးတော့ ဆောင့်အောင့်ခုတ်ထစ်နေ သံက မညင်သာစွာ ထွက်လာလေသည်။

ဒီကောင်မလေး လိုက်လာကာစက အားငယ်သလိုလို စိုးရိမ်သ သိုလိုနှင့် သွက်မယ်သွက်တော့ တကယ်မလွယ်ပါလား။ မညီကို ပြန်ပြော လိုက်တာများ ဘာကိုမှ ဂရုမစိုက်။ သူ့ကိုတောင် ချန်မထားတော့ စိတ် ထဲမှာ နည်းနည်းတော့ တင်းသွားသည်။

"ဒုတ်"

"အ"

ခုတ်ချက်တစ်ချက်နှင့်အတူ ညည်းသံသဲ့သဲ့လေး ပါလာသဖြင့် ညီဆတ်ခနဲဖြစ်သွား၏။ ဓားသံကော လူသံကော တိတ်ကျသွားလျှင်…

"မယ် မင်းလက်ထိသွားပြီမို့လား"

"ဟုတ်တယ် ဟုတ်တယ် အဲဒါ ခင်ဗျားကြောင့်"

မယ်ထရပ်လိုက်ကာ ငိုသံလေးနှင့်ပြောတော့ ညီမျက်တိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

"မလုပ်နဲ့ဆိုတာ မင်းဖွတ်လုပ်တာပဲ ဘာခင်ဗျားကြောင့်လဲ ဘယ်မှာလဲ များသွားလား"

မယ်က သွေးတွေချက်ချင်းရဲတွတ်လာတာကို တစ်ဖက်နဲ့ ဖိဆုပ်ထားပြီး မကျေမနပ်ပြန်ကြည့်သည်။

မမြင်မှန်းသိလျက်နှင့် မျက်စောင်းထိုးလိုက်မိသေးသည်။

"တောင်ဝှေးလေးတစ်ချောင်းခုတ်တာကို အိမ်ဖြိုတာကျနေတာပဲ ခင်ဗျားတို့ပဲ ပြဿနာရှာနေတာ"

"အဲဒါ မင်းအတွက်ပြောတာ သွား ဆေးသွားထည့်"

"ဘာမှမဖြစ်ဘူး"

"တောက်"

ညီ ခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး မယ့်ပခုံးကို မှန်းပြီးလှမ်းကိုင်လိုက်၏။ ပခုံးလေးကို ဆုပ်မိသည်နှင့် လက်မောင်းလေးမှတစ်ဆင့် လျှောဆင်းကာ ဒဏ်ရာကို ဖိအုပ်ကိုင်ထားသော လက်တို့ဆီရောက်သွား၏။

"ဟင် သွေးတွေမနည်းပါလား"

သူ့လက်မှာ စိုရွဲချော်ချွဲနေတာတွေကို သေချာပွတ်ချေနေပြီး ညီ မျက်စိမျက်နှာပျက်သွားလေသည်။

"သွားစမ်း သွား စာကြည့်ခန်းထဲမှာ ဆေးဗီရိုလေးရှိတယ် မြန်မြန်သွားဆေးထည့်"

"မသွားချင်ပါဘူး တော်ကြာမယ့်ကိုအပြစ်တင်ခံရဦးမှာ"





"မယ် မင်း..မင်း ဘာလဲ မမြင်တဲ့လူကို ပြန်ခိုင်းချင်တာလား"

"ဘာဆိုင်လို့လဲ ဖယ် ဘာမှမဖြစ်ဘူးလို့ ပြောနေတာကို"

မယ်က လက်ကိုရုန်းသည် ညီက လက်ကောက်ဝတ်လေး နှစ်ဖက်လုံးကို ဖိဆွဲထား၏။ ထိုစဉ် ခြံထဲကို အနီရောင်ကားလေးတစ်စီး မောင်းဝင်လာ၏။ ညီလှည့်မကြည့်ပေမယ့် မယ်က ညီ့ပခုံးကိုကျော်ပြီး လှမ်းကြည့်လိုက်၏။ ကားကပေါ်တီကိုအောက်ထိ မဝင်ဘဲ ထိုးရပ်သွားသည်။

ကားပေါ်မှာ ဒရိုင်ဘာမပါပေ။ ကားနှင့်အရောင်တူ အနီရဲရဲဝတ်စုံနှင့် အိန္ဒြာကျော်ဖင်တို့လို ဆံပင်ဂုတ်ဝဲလှလှလေးရှိသော မျက်နှာတစ်ခုက မှန်ချလိုက်တော့ ပို၍ရှင်းလင်းစွာပေါ်လာသည်။ မျက်နှာလေးကလည်း မင်းသမီးရုပ်အောင်လှပါ၏။

အနီရောင်နားဆွဲကွင်းကြီးနှင့် နဖူးပေါ်မှာ သိမ်းလှန်စည်းထားသည့်ပဝါကအစ အနီရောင်။ နှုတ်ခမ်းအစုံကို ပုံဖော်၍ ရဲတောက်နေအောင် ဆိုးထား၏။ တော်တော်လှနေသော မျက်နှာလေးကို မယ်ငေးနေမိရင်း ပပမင်းဆိုတာကို ဖျတ်ခနဲ သတိရသွားသည်။

"ဟိုမှာ ခင်ဗျားရဲ့ပပလာနေတယ် မယ့်လက်ကိုလွှတ်"

ပြော၍ရုန်းပေမယ့် ညီကလှည့်လည်းမကြည့် လွှတ်လည်းမလွှတ်ဘဲနှင့် မညီ့ကိုလှမ်းခေါ်သည်။ မညီ့က ကပျာကယာပြေးထွက်လာ၏။ သို့သော် မြင်ကွင်းကိုမြင်ကာ ခြေလှမ်းတွေ ရပ်သွားသည်။ တလေးတစား ပြင်ဆင်လာသော မျက်နှာက မယ့်ကိုစားတော့ဝါးတော့မလို ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီ မညိုရောက်ပြီ"

ညီဘာလုပ်ခိုင်းမှာကို သိနေပေမယ့် လုပ်ကိုင်ပေးဖို့လည်း စေတနာမရှိသည့်တိုင် မညိုက အသံပေး၍အနားမှာရပ်၏။

"မယ့်ကို ဒဏ်ရာဆေးထည့်ပေးလိုက်ပါ သေချာလည်းကြည့်ဦး ချုပ်ဖို့ပြုဖို့လိုတယ်ထင်တယ် ဒေါက်တာ့ဆီမုန်းဆက်ခေါ်"

"ဘာဖြစ်နေကြတာလဲ ညီ"

ပပ အနားရောက်လာသည်။ သေချာကြည့်တော့ မိတ်ကပ်တွေလိမ်းထားတာသိသာပေမယ့် ပိုလှနေ၏။ မယ်ကတော့ မမြင်ဘူးတာကော လှလို့ကြည့်တာကော နှစ်မျိုးလုံးပါပဲ။ ဒါပေမဲ့ ပပကတော့ မျက်ဝန်းတို့ကို ကျဉ်းမြောင်းသွားတဲ့အထိ မျက်မှောင်ကုတ်ပစ်ပြီး စိုက်ကြည့်၏။ မျက်နှာမှ ခြေဖျားထိ ဝေ့ခနဲ ဝဲခနဲ မတူတန်သလိုကြည့်ပြီးမှ မျက်ဝန်းတွေပြန်ရွေ့သည်။

"ဓားထိသွားတာလား ဘာတွေလုပ်နေလို့ ထိတာလဲ"

ပထမမေးခွန်းက အဖြေမရသေးဘဲ နောက်မေးခွန်းကိုထပ်မေး၏။ အလွန်ပြောပြချင်ပုံပေါက်နေသော်လည်း မညိုက တစ်ခွန်းမှမဟဘဲ အမိပွာယ်ပါသော မျက်လုံးနှင့်သာ ပပကိုကြည့်၏။

"လာလေ"

ဖျစ်ဖျစ်ညှစ်ညှစ် ဟန်ဆောင်လိုက်ရသောအသံက ပြေပြစ်သလိုရှိပေမယ့် သိသာပါ၏။ ညီက မယ့်လက်ကို မညိုလှမ်းကိုင်လိုက်တဲ့အထိ ဆုပ်ကိုင်ထား၏။ မယ်သွားပြီဆိုမှ ပပဘက်ကို လှည့်သည်။

"ကိုယ့်အတွက် ဘောင်ဝေ့ခုတ်တာတဲ့ကွာ ပြောလို့လည်း





မရဘူး"

"ဖြစ်ရလေညီရယ် ဒါမိန်းကလေးလုပ်ရမယ့် အလုပ်လား မာမီပြောတဲ့ ညီခေါ်လာတဲ့ ဒုက္ခသည်လေးဆိုတာလား"

"ဒုက္ခသည်တော့ မဟုတ်ပါဘူး ဒုက္ခရောက်မှာစိုးလို့ခေါ်လာတာ"

"အပွန်း ကူညီမယ့်လူကလည်း ကိုယ့်ကိုယ်ကို ပြန်ကြည့်ဦးလေ"

ညီ့မျက်နှာ ညိုမှောင်သွားတာမြင်မှ ပပကရယ်မောရင်း ညီ့လက်မောင်းကိုဆုပ်ကိုင်တွဲ၍....

"ပပက ညီတာဝန်တွေပိုနေမှာကို မကြည့်ရက်လို့ပြောတာပါတွေးကြည့်လေ ညီ့မှာ ကိုယ့်ကိုယ်ကိုတောင် သွားလာနေထိုင်ဖို့ကအထာမကျသေးဘူး"

"ဒုက္ခဆိုတာ ခံယူမယ့်သူအဆင်သင့်ဖြစ်နေတာကို စောင့်နေတတ်တာမှမဟုတ်ဘဲ ပပရယ် ကိုယ့်ဆီလာတာ ဒီကိစ္စတော့ မဟုတ်ဘူးထင်တယ်"

ညီက စကားဖြတ်၍ အိမ်ပေါ်တက်ဖို့ ခြေလှမ်းပြင်၏။ ပပကလက်ကလေးပိုက် ခေါင်းလေးငဲ့ရင်း ညီ့မျက်နှာကို သေချာစိုက်ကြည့်၏။ ပြီးတော့ ပြုံးလိုက်ကာ....

"ညီ ဘာကိုမှ ဂရုမစိုက်တတ်တဲ့ အကျင့်ရှိတာ ပပနားလည်တယ် ဒါပေမဲ့ အဲဒီထဲမှာ ပပကိုတော့ ညီထည့်ထားဖို့ မသင့်ဘူး"

"ဘာကို ပြောတာလဲ"

"မိန်းကလေး ဒီအရွယ်ကို ညီနားမှာထားတဲ့ကိစ္စ ပပဘယ်လိုခံစားရမလဲ ညီတွက်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"တွက်မကြည့်မိဘူးလေ လိုမှမလိုအပ်သေးတာ မင်းနဲ့ကိုယ် စေ့စပ်ထားတဲ့ကိစ္စမှာ ကိုယ့်ဘက်က လုပ်ပိုင်ခွင့်အားလုံး မင်းထိန်းချုပ်ထားလိုက်လို့ရသလား"

"ချစ်တဲ့သူတိုင်းတော့ ကျေကျေနပ်နပ်အပ်နှင်းကြတာပဲညီ ပပက ညီ့ကိုချစ်တယ်လေ ပပကို ညီဘယ်လိုပုံစံဖြစ်စေချင်သလဲ ညီ့အတွက်ဆို ကြည်ဖြူပြီးသားပဲ"

ညီက မျက်နှာခပ်လွဲလွဲနှင့် ရှေ့ခရီးကိုဆက်၏။ ညီလက်မောင်းကို ဖက်ထားလျက် ပပက ကနွဲ့ကလျှလေးလိုက်ပါလာသည်။ ပပကိုယ်မှ မွှေးပျံ့အီဆိမ့်နေသော ရနံ့တွေသည်နှာခေါင်းထဲကို ဒုက္ခပေးနေသည်။ ဟိုတုန်းကထက်ပို၍ ချစ်စကားတွေ ပြောရဲရွဲရဲနေသော ပပ၏ စကားသံနှင့် အမူအရာတွေကို မမြင်ရသော်လည်း တစ်ဆက်တည်း ကြားနေမြင်နေရသလိုပင်။

သာယာသည့် စိတ်တို့အစား စိတ်ပျက်ညည်းညူမိ ခြင်းသာဖြစ်၏။ ထို့ပြင် မယ်နှင့်ပတ်သက်သည့် သတင်းတွေ ပပတို့ဆီ နံ့နံ့စပ်စပ် ရောက်နေပြီဖြစ်သည့် ကိစ္စကို သူမကျေနပ်ပေ။ ပပ၏ စကားသံတွေက အနိုင်တိုလေသံနှင့် တစ်ထပ်တည်း။

ဦးမင်းသူ ဒေါ်မြတ်မြတ်မင်းတို့ မိသားစုနှင့် အန်တီဒေါ်ထားထားနွဲ့တို့ ပူးပေါင်းသင့်မြတ်နေကြပုံက အံ့သြဖွယ်အဆင့်ထိ ဖြစ်နေကြ၏။

ဖုန်းတွေတဂွမ်ဂွမ်ဆက်ကြ အန်တီကသွား မသွားလျှင် ဟိုကလာအိမ်တွေသွားပြန်နေကြတာ အားမရဘဲ အပြင်ကိုလည်း ဘယ်သွားသွား သုံးယောက်အတူတူ။ ပပမင်းနဲ့ညီက ငယ်သူငယ်ချင်းတွေပါ။





ဒါပေမဲ့ ငယ်ငယ်ကတည်းက မိဘချင်းရင်းနှီးခဲ့ကြတာမျိုး မဟုတ်ဘဲ တစ်ကျောင်းတည်းတစ်ခန်းတည်းအတူ တက်ခဲ့ဖူးသည့် အဖြစ်ဟာ ဆယ်တန်းအောင်ကြတဲ့အထိ ဦးညီညီနှင့်ဦးမင်းသူတို့ လုပ်ငန်းပတ်သက်မိကြတော့ တကယ့်ကျောင်းတုန်းက သူငယ်ချင်းတွေက ဒေါ်ထားထားနွဲ့နဲ့ ဒေါ်မြတ်မြတ်မင်းတို့ ဖြစ်နေ၏။

ထို့ကြောင့် လုပ်ငန်းသဘောအရ ပတ်သက်ကြတာပေမယ့် ရင်းနှီးမှုတွေ ပိုခဲ့ကြသည်။ ညီနဲ့ ပပတို့ကို လက်ထပ်ပေးဖို့ စပြောလာတာကလည်း ဦးမင်းသူတို့ဘက်ကပဲဖြစ်သည်။ ထိုစဉ်တုန်းက ဦးညီညီက လူကြီးချင်းအားနာပြီး သဘောတူခဲ့ပေမယ့် ဒေါ်ငြိမ်းသန္တာကတော့ သိပ်သဘောမကျခဲ့ပေ။

"သားရေ သမီးရေးနော်အစ်ကို အားနာတာတို့ ရင်းနှီးတဲ့သူတွေမို့လို့ ဘာညာထည့်တွက်နေလို့ မဖြစ်ဘူး"

"မဟုတ်ပါဘူးကွာ မိန်းကလေးရှင်က စပြော့လာတာဆိုတော့ ချက်ချင်းကြီးငြင်းလို့မကောင်းဘူးလေ။ စေ့စပ်ကြတာဆိုတာ ပြောဆိုထားတဲ့သဘောပဲဟာ"

"ဒါလည်း မှားပြီဆိုပြင်ဆင်ဖို့ခက်တာပဲအစ်ကို ခုတောင်မှ အစ်ကိုအားနာပါးနာတွေဖြစ်နေပြီ စေ့စပ်ပြီးရင် ပိုမခက်ဘူးလား ငြိမ်းကြားထားတွေ ရှိတယ် ဦးမင်းသူနဲ့ ဒေါ်မြတ်မြတ်မင်းတို့က သန့်သန့်စင်စင်ချမ်းသာလာကြတာ မဟုတ်ဘူးတဲ့ မမြတ်စကားပြောသွက်တာ လည်တာကိုကြည့်ပါလား ဒါ မဖြစ်နိုင်ဘူးလား"

"အင်း ဒါတွေငါလည်းသိပါတယ်"

www.burmeseclassic.com



"အစ်ကိုနဲ့ လုပ်ငန်းတွေပူးပေါင်းထားတာတောင် ငြိမ်းမကြိုက်ဘူး သူဟိုသမီးလေးပပမင်းကိုလည်း ကြည့်ပါဦး စကားမပြောရသေးဘူး မျက်လုံးကအရင် မာယာတွေနဲ့ ချည်တာ။ တော်တော့်ကိုလှတယ်ဒါပေမဲ့ ငြိမ်းတော့အထင်မကြီးဘူး သားကလည်း တရင်းတနှီးကြီးရှိခဲ့တာ မဟုတ်ပါဘူး။ စေ့စပ်ဖို့ကို အစ်ကိုအလွယ်တကူ မစီစဉ်နဲ့"

ဒေါ်ငြိမ်းသန္တာထောက်ပြလိုက်လို့ ဦးညီညီတွေဝေသွားပြီဆို ဒေါ်ထားထားနွဲ့က အစ်ကိုဖြစ်သူကို တွေဝေချိန်မရအောင် အာမခံတွေခဲ့တော့သည်။

"ယောင်းမရယ် မြတ်တို့လိုလူတွေကိုများ ငြင်းဖို့စဉ်းစားရတယ်လို့ ယုံကြည်စမ်းပါ ထားက ကိုယ့်တူလေးအတွက် မတော်တာကိုမြှောက်ပင့်နေပါ့မလား ကိုမင်းသူက သိပ်ကိုတော်တဲ့လူ မြတ်က သွက်သွက်လက်လက်လေးဖြစ်နေတာ ဟိုတုန်းကတည်းကပါ တို့တွေကျောင်းမှာ အများကြီးအုပ်စုဖွဲ့ထားကြပေမယ့် မြတ်ကဆရာကြီးပဲဉာဏ်ကောင်းတယ် သတ္တိရှိတယ် အကြံဉာဏ်ကောင်းတွေထွက်တော့သူ့ကိုပဲခေါင်းဆောင်တင်ထားရတာ ပပက မအေတူသမီးလေးပဲ ညီကမငြင်းတာကိုပဲကြည့်လေ အေးအေးဆေးဆေးနေတတ်တဲ့ သူမို့လို့အကဲခတ်လို့မရတာပဲရှိတယ်။ ပပကိုညီက သဘောကျနေတာ"

"ဟုတ်လားထားရဲ့ နင်သိလို့လား"

ညီမတစ်ယောက်လုံးဆိုတော့လည်း ဦးညီညီနောက်ထပ် ဟုတ်နိုးနိုးနှင့် တွေဝေပြန်သည်။

"ကိုကိုကလည်း ဒါသာစရာလား"





နောက်ပိုင်းမှာ ဒေါ်ငြိမ်းသန္တာတစ်ယောက်သာ ခပ်ခွာခွာ ခပ်သွားတန်းနေခဲ့ပေမယ့် ဦးညီညီမှာလည်း ပတ်သက်မှုတွေအရ အားနာခဲ့စဉ်ညီမတစ်ယောက်လုံး အပြောကောင်း၍ ယုံကြည်ရင်းဖြင့် စေ့စပ်ဖြစ်ကြ၏။ စေ့စပ်ပြီးသည်နှင့် ညီကနိုင်ငံခြားမှာ ဘွဲ့လွန်သွားယူသညနောက်ပိုင်းကိစ္စတွေ ဘယ်လိုရစ်တွယ်ပတ်သက်နေကြသလဲ ညီမသိခဲ့ပဲပပက တော့ ဖုန်းနဲ့ဆက်လိုက် လူကြုံပါးလိုက်နှင့် ချစ်သူတွေလိုသူများ ထင်စရာဖြစ်အောင် လွမ်းပြနေခဲ့သည်။

သူငယ်ချင်းတွေက စကြ ညီကလည်း ငြင်းပယ်ခဲ့တာမရှိသဖြင့်ပပနဲ့ညီတို့လက်ထပ်ကြဖို့ကိစ္စက အားလုံးထဲမှာပဲ သေချာသွားခဲ့ရ၏။

"သားရေ သားပြန်လာရင် လက်ထပ်ပေးချင်တယ်သားရယ်ပညာတွေလည်းစုံကြပြီ မိတ်ဆွေတွေကလည်း ပြောလှပြီ။ မင်္ဂလာကိစ္စအေးအေးဆေးဆေး စီစဉ်လို့ရအောင် ခုတည်းက ဖေဖေတို့ စီစဉ်ထားမယ်နော် သားပြန်လာတာနဲ့ လက်ထပ်ဖို့ကွာ"

ဖေဖေ့ဆီက ဖုန်းလာတော့ သူလည်းမငြင်းခဲ့ပါ။ ချစ်သူရှိနေခဲ့တာလည်းမဟုတ် ပြီးတော့ ပပက ဝေးနေချင်အောင်လှသည်။ ဘယ်ဝိုမှ တည်တင်းနေလို့မရအောင် ဆိုးနွဲ့တတ်သည်။

စေ့စပ်ကြမယ်ဆိုလာကတည်းက သူ့ဘက်ကချစ်စကားသားမလိုခဲ့ဘဲ ချစ်သူတွေလို ရင်းနှီးခဲ့ကြတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ်ဘာမှမရှိညီလက်မခံနိုင်စရာမရှိခဲ့ပေ။ ဘစ်ခုပ်ဘာ

ထို့ကြောင့် မြန်မာနိုင်ငံမှာ သူနဲ့ပပရဲ့မင်္ဂလာကိစ္စကိုရက်နဲ့ချိန်ကိုက်ပြီးစီစဉ်ဖြစ်သွားခဲ့၏။ ဘယ်လိုစီစဉ်နေသည့်အရာတွေ



www.burmeseclassic.com

www.burmeseclassic.com



မယ်စသဖြင့် ဖေဖေဖုန်းဆက်နေခဲ့သေး၏။ နောက်ရက်ပိုင်းအတွင်

ဘူ ဖေဖေ့ထံမှ ဆက်သွယ်ချက်မလာတော့ပေ။

ဘု နောက်ထပ်ပြန်တော့မယ်လို့ ဖုန်းဆက်အကြောင်းကြားမှ ဖုန်း

ဒါကိုင်တာက မေမေ့ရဲ့လူယုံ ဒေါ်မယ်စောဖြစ်နေခဲ့၏။

"လူကလေး စမေးပွဲပြီးအောင်စောင့်နေတာ တရားနဲ့သာဖြေ ပါတော့ ကလေးရယ် လူလေးရဲ့ မိဘတွေမရှိကြတော့ဘူး မောင်ညီ ညီက ကားချင်းတိုက်ပြီး ဆုံးသွားတယ် ငြိမ်းလေးကတော့ မကျန်း မမာ ဖြစ်နေတာကြာပြီလေ ရောဂါက နှလုံးရောဂါဆိုတော့ သူ့ယောက်ျား ရဲ့ အလောင်းကိုဆေးရုံမှာမြင်ပြီး လဲကျသွားလိုက်တာ အသက်ပါ ပါသွားတယ်ကွယ်"

ညီ့ဘဝတစ်ခုလုံး မှောက်ထိုးမိုးမျှော်ဖြစ်သွားခဲ့၏။ သူပြန်ရော တော့ ဒေါ်မြတ်မြတ်မင်းတို့က အစစအရာရာ ဦးဆောင်နေခဲ့ကြ အန်တီကတော့ ဝမ်းနည်းကြေကွဲစွာနှင့် ချောင်ကပ်ငိုနေရုံသာ။ ကံကြ ဟာ လက်ဆောင်ပေးပြီဆို တစ်ခုတည်းတစ်မျိုးတည်း မပေးတတ်ေ

ကံကောင်းတာကိုလည်း အစုလိုက်အပြုံလိုက် ထိုးပေးတတ် မဂ္ဂလို ကံဆိုးခြင်းလက်ဆောင်ဆိုလည်း တစ်ပွေ့တစ်ပိုက်ပုံအောေ အကာတ်၏။

ဖေဖေတို့တစ်လပြည့်ပြီးသည့် နောက်ညမှပဲ ညီအရက်ရှ ညီမောင်းရင်း အက်ဆီးဒင့်ဖြစ်လေသည်။ ကိုယ်မှာကြီးကြီးမားမား နိုးနိုးနှင့် ဖောက်ရာဘာမှမရခဲ့ဘဲ ခေါင်းမှာမဖြစ်စလောက်လေးပဲ ထိသွ

"ကို(





ထိုမဖြစ်စလောက် ထင်တာလေးကြောင့်ပဲ မျက်လုံးတွေကွယ်သွား ခဲ့သည်။ နောက်တစ်ပတ်အကြာမှာ ငြိမ့်ငြိမ့်သဲ ကျင်းပဖို့လည်း စီစဉ် ပြီးဖြစ်သည့် မင်္ဂလာပွဲကြီးကို ညီကိုယ်တိုင်အကန့်အသတ်မရှိ ရွှေ့မစ် တာဖြစ်သည်။

"ဘာဖြစ်လို့လဲသားရယ် တော်ကြာလူကြွေက ကောင်လေးမျက် လုံးကွယ်သွားတာနဲ့ အန်တီတို့က တစ်မျိုးဖြစ်သွားတယ်လို့ ထင်ပါဦး မယ်"

"ဟုတ်သားပဲ မောင်ညီ လက်ထပ်ဖို့စီစဉ်ပြီးမှတော့ လက်ထပ် လိုက်တာပဲကောင်းပါတယ် မင်းအတွက် ခုချိန်မှာရဲဘော်ရဲဘက်က နီးမယားပဲကွ အန်ကယ်တို့ကတော့ မင်းခုလိုဖြစ်သွားတဲ့အတွက် ဘာမှမပြောင်းလဲဘူး မင်းတောင်တောင်မြောက်မြောက်တွေ တွေးပြီး အားမငယ်နဲ့နော်"

ဦးမင်းသူကော ဒေါ်မြတ်မြတ်မင်းကော မင်္ဂလာကိစ္စကိုပြီးဆုံး အောင် စီစဉ်ဖို့သာ လှည့်ပတ်၍ပြောနေကြသည်။ ဘယ်သူမှမသိသော အကြောင်းတစ်စုံတစ်ရာနှင့် ပတ်သက်၍ ညီ့ရင်ထဲမှာ ဒီမင်္ဂလာပွဲကို ပြီးမြောက်ခွင့်မပြုနိုင်ခြင်းက အခိုင်အမာရှိနေပြီးသား...

လက်ခံထားခဲ့ခြင်းမရှိသေးသော ရင်ဘတ်ကြီးထဲက နှလုံးသား မှာ ပပနဲ့ ပတ်သက်သော ခိုင်မာစွာ ချည်နှောင်ခဲ့ခြင်းလည်း ဘာမှမရှိ ခဲ့သောကြောင့် မျက်လုံးတွေမမြင်ရတော့သည့် အဖြစ်တစ်ခုဟာ ကံဆိုးခဲ့တာလား ကံကောင်းခဲ့သည်လား။

ဒါကလည်း သူ့ရင်ထဲမှာပဲရှိသည်။ ပပရောက်လာတာဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောမည်၊ ဘာအတွက်ဆိုတာ သိနေပေမယ့် မသိသလိုပဲ နေလိုက်သည်။ ဆွဲချိတ်ထားသည့် လက်တစ်ဖက်၏ လိုအင်ဆန္ဒအားလုံး ဖြည့်ဆည်းပေးဖို့ဆိုတာကျတော့....

"မနက်ဖြန် ညီမဆေးရုံတက်ရမယ်နော်"

"အင်း"

ဆိုဖာမှာ အတူထိုင်မိကြတော့ ပပက သူ့ပခုံးမှာ ပစ်ကပ်မှီနေ မေးဖျားလေးကို ပခုံးစွန်းမှာမော့မော့လေး မေးတင်၏။

"ညီရယ် ကိုယ့်မျက်လုံးမြင်ရတော့မယ့် ကိစ္စကိုတက်တက်ကြွ ကြွလည်းမရှိဘူး ဘာဖြစ်နေလဲဟင် ခရီးသွားရာက ပြန်လာတာ အခ မပြောလိုက်တာ ပပကတော့ ညီတစ်မျိုးထင်ပြီး အားငယ်နေမှာစိုး ရောက်တာနဲ့ကို လာချင်နေတာ ဒီရောက်ရင် ညီ့ကိုသေချာပြောပြ ရှင်းပြမယ်ပေါ့"

"ဘာကိုလဲ"

"ပပက ညီ့ကိုအနားမကပ်ချင်တော့လို့ ရှောင်ထွက်သွားတ ထင်မှာစိုးလို့လေ"

"မထင်ပါဘူး ကျန်းမာရေးမကောင်းတော့ ကိုယ့်ကိုယ်ကိုယ် အ မရဖြစ်ပြီး တစ်ယောက်တည်း နေရတာကိုတောင် သဘောကျသလို"

"ညီက လုပ်ပြီ"

ညီမမြင်ရပေမယ့် ပပနှုတ်ခမ်းစူမည် မျက်စောင်းရွယ်မည် အ လုံးကိုသိနေ၏။ ထိုအခါ မျက်လုံးမမြင်ရသည့်အဖြစ်ကိုပဲ ကျေးဇူးတ ရတော့မလိုလို။





"ဟော သမီးလေး ရောက်နေပြီ"

"အန်တီ"

ပပကဆက်ခဲ့ထရပ်ကာ ဒေါ်ထားထားကိုခါးလေးညွတ်၍နှုတ်ဆက်၏။

"အန်တီ့အတွက် လက်ဆောင်ပါလာတယ်သိလား မုန့်တွေခရာပဲ အပွန်း ဒါပေမဲ့ အခုတော့ ပါမလာဘူး ညီ့ကိုတွေ့ချင်ဇောနဲ့ ထွက်လာ လိုက်တာလေ မာမီလာမှပဲ ယူလာလိမ့်မယ်နော်..နော်..အန်တီ"

ပပကချွဲသည်။ ဒေါ်ထားထားက ကျေကျေနပ်နပ်ကြီးရယ်နေ၏။

"သိပ္ပါ သိပ္ပါ ညည်းလေး ပျာယိပျာယာနဲ့ ထွက်သွားတယ်တဲ့ လက်ဆောင်တွေထုတ်ထားပြီး ဧည့်ခန်းစားပွဲပေါ်မှာ ဒီတိုင်းကျန်နေ ခဲ့တယ်တဲ့ မြတ်က စောစောကပဲ ဖုန်းဆက်ထားတာ"

"ဟာ..မာမီကတော့ လုပ်ပြီ"

ပပက အိစနဲ့ပြန်ထိုင်ကာ ညီ့ကိုငဲ့ကြည့်၍ရယ်သည်။ ပြီးတော့ ခုံးချင်းတိုက်ပစ်ကာ....

"ကြားလားညီ ပပက ညီ့အတွက်ပဲ နေရာတကာ ပထမပါနော်"

ညီက ခပ်ယိုင်ယိုင်ဖြစ်သွားသည့် ကိုယ်ကိုထိန်းလိုက်ပြီး ပြုံးပြ ၏။ ဒေါ်ထားထားက ညီ့ဘေးမှာသွားရပ်လိုက်၍....

"ညီက ဒီလိုဖြစ်သွားကာမှ သူ့မှာမကျေမနပ် ဒေါသတွေချည်းပဲ သမီးရယ် သမီးသူငယ်ချင်းကိုတော့ နားလည်ပေးမှဖြစ်မယ်"

"အမလေး နားလည်လွန်းလို့ လွန်နေပါတယ်နော် ဒါနဲ့ အန်တီ နက်ဖြန် ညီဆေးရုံတက်မှာဆိုတော့ ညီ့အတွက်စပါယ်ရှယ်နေ ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမလိုတော့ဘူး"

စကားသိပ်မပြောဘဲနေသည့် ညီက ဝင်ပြောလိုက်သဖြင့် နှစ်ယောက်လုံး လှည့်ကြည့်မိကြ၏။ ဒေါ်ထားထားကတော့ ညီဘာပြော တော့မှာကို သိလိုက်ပြီဖြစ်၏။

"ဘာလဲညီ ဟိုတစ်ယောက်ကို မင်းကနိုင်းချင်လို့လား"

"နိုင်းဖို့မဟုတ်ပါဘူး အကို့အညီတောင်းထားတာ လူစိမ်းတွေ ကျွန်တော် မနေချင်လို့"

ဒေါ်ထားထားမျက်နှာ အကျည်းတန်စွာ မဲ့ကျသွား၏။ ပပနဲ့ ထားထားမျက်လုံးချင်းဆုံမိကြစဉ် စကားလုံးပေါင်းများစွာကို အသံတိတ် ပြောနေကြပြီး....

"သူကကော မင်းနဲ့ဘယ်လောက်ရင်းနှီးသေးလို့လဲသားရယ် ဟာ ဒီရောဂါရလာမှ တယူသန်တာ ဖွတ်တရွတ်ဆန်တာ ဘာဆို မှုကို မလျော့ဘူး။ အန်တီဆိုလိုချင်တာက လူမမာကိုပြုစုတာ သူ ဆရာမမှ ဖြစ်မှာပေါ့ ဘယ်အချိန်ဘာလိုတယ် ဆရာမထက် ဘယ် က ပိုသိမှာလဲ"

"မသိတာက သိအောင်ပြောပြထားရင် ပြီးတာပါပဲ မယ်ကလည်း ပြောတယ် သူကူညီပါရစေတဲ့"

"အို ဒီလောက်ထိတော့ ပပလည်းမကြိုက်ပါဘူး မယ်ဆိုတာ ဘာလဲ စောစောက မိန်းကလေးမတန်မယ့် ဓားမကိုင်ခုတ်ပြီး တဲ့တစ်ယောက်လား"

"ဟုတ်တယ် သမီး နာမည်က မယ်တဲ့တဲ့"





ဒေါ်ထားထားက ကြားဝင်ဖြေသည်။

"ဟွန်း"

ပပက မမြင်တဲ့သူကိုကြားအောင် နှုတ်ခမ်းမဲ့၍ အသံပါထည့်ပေး လိုက်သည်။

"အားကိုးစရာမရှိလို့ စားစရာနေစရာမရှိဘူးဆိုလည်း စားဖို့နေ ပေးထားလိုက်ရင်တော်ပြီပေါ့ ညီ ပပတောင်မှ ညီ့နားမှာနေပြီး ပြု ချင်တာ မလုပ်တတ်မကိုင်တတ်ဖြစ်နေမှာစိုးလို့ စပါယ်ရှယ်နာ့စ် ငှားဖို့ စဉ်နေရတာသိလား"

"စပါယ်ရှယ်နာ့စ်က ကျွန်တော့်ကိုခွဲစိတ်မှာမှ မဟုတ်တာအန်တီ ရာဝန်ညွှန်ကြားတဲ့အတိုင်းပဲ သူလုပ်သွားမှာ ပြီးတော့ ကျွန်တော့် စီအစဉ်ထဲမှာ ဆေးရုံတက်ဖို့မပါဘူး"

"ဟင်..ဘာ"

"ဘယ်လို"

ပြောနေခဲ့သမျှ နားထောင်နေပြီး အဖျားကျမှ ရှူးသွားသဖြင့် နဲ့ ဒေါ်ထားထား ပါးစပ်တွေပင် ပြန်မစေ့နိုင်။

"ခွဲစိတ်ရုံပဲဆေးရုံမှာရှိမယ် ပတ်တီးအိမ်မှာပဲဖြေမှာ အဲဒီ ကိစ္စ းလုံး ကိုအောင် စီစဉ်ပြီးနေပြီ"

"ကြည့်စမ်း"

ဒေါ်ထားထား ဘယ်လိုမှ စိတ်ထိန်းလို့မရတော့ဘဲ ဆတ်ခနဲ င်ချလိုက်သည်။ ပြီးတော့ ညီ့မျက်နှာအေးစက်စက်ကို မမြင်ဘူးသလို ကြည့်ကာ....



www.burmeseclassic.com

www.burmeseclassic.com



"ညီ မင်း..မင်းက အားလုံးကိုခေါက်ထားလိုက်တာလား တို့တွေ စိစဉ်နေကြသမျှပြီးတဲ့အထိ ကြည့်နေပြီးတော့ ခုကျမှမင်း"

ညီက အေးဆေးသော ပင့်သက်ကိုရှိုက်၍...

"ပြီးတဲ့အထိ ကြည့်နေရအောင် ကျွန်တော်မှ မမြင်ရတာ"

"မင်း...မင်းကွာ"

"ကျွန်တော်ပြောပြီးသားပါ မျက်စိမမြင်ပေမယ့် ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် ဘာမဆို ဆုံးဖြတ်ချင်တယ်"

"ဒါက မင်းဆုံးဖြတ်ဖို့မှ မလိုတာဘဲ မင်းကျန်းမာရေးအတွက် လူကြီးတွေကသာ စိစဉ်သင့်တာကို စိစဉ်ပေးရမှာ ဒီလို ဒီအကြောင်း ...ကူးရှိရင် မင်းကြိုပြောထားပေါ့"

"ဒါက အမေးရှိမှ အဖြေရှိမှာပဲအန်တီ ပြောထားပါရစေ နောက်ထပ် ကျွန်တော့်ကို ဘာမှစီမံခန့်ခွဲဖို့ မကြိုးစားပါနဲ့"

"ညီ"

ဒေါ်ထားထား ထရပ်လိုက်ပြန်သည်။ ဒီကလေးဟာ ငယ်ငယ်တုန်းကနေ နိုင်ငံခြားကို ပညာတော်သင် မသွားခင်အချိန်ထိ သူမကို ဒီပုံစံ ဆက်ဆံခဲ့တာမဟုတ်။ အေးတိအေးစက်နေတတ်ပေမယ့် သံယောဇဉ်ကြီးတတ်သည်။ နွေးထွေးမှုမှာ သာယာတတ်၏။ ခုကျတော့မှ ချော့လို့လည်းမရ၊ ခြောက်လို့လည်းမရ။နိုင်ငံခြားပြန်ပြီး ကားအက်ဆီးဒင့် ဖြစ်လိုက်တာဟာ မျက်လုံးကိုသာ ကွယ်စေတာမဟုတ်ဘဲ ဦးနှောက် ပိုင်းဆိုင်ရာအားလုံးပါ ပျက်စီး သွားခဲ့ပြီလား။





အခန်း (၁၂)

အိမ်မှာ ဘယ်သူမှမရှိကြပေ။ မယ်တစ်ယောက်တည်း လှေကား ...းကနေ ဆင်းလိုက်တက်လိုက် နှစ်ခေါက်လောက်ဖြစ်နေပြီးမှ အခန်း ...ပြန်ဝင်ပြီး ဘောင်းဘီရှည်နှင့် စပို့ရှပ်အဖြူကျားလေးကို လဲဝတ် ...က်၏။ တတိယအကြိမ်မြောက် လှေကားရင်းကို ဆင်းလာမိတော့ ...းမျိုးက သူမရှေ့ရောက်လာကာ...

"အစ်မဘာလိုချင်လို့လဲ"

"ဘာမှမလိုချင်ဘူး မယ့်မျက်နှာက တစ်ခုခုလိုချင်နေတဲ့ပုံ ပေါက် ...လို့လား"

"အဲဒါတော့မသိဘူး"

လူထက်အသံက အရင်ရောက်လာကာ မရှေးမနှောင်းမှာပင် ...ထွက်လာ၏။

"နင့်ကိုကြည့်နေတာကြာပြီ ဆင်းလိုက်တက်လိုက်နဲ့ အခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မနည်းတော့ဘူး"

"နှစ်ခေါက်"

မယ်က လက်နှစ်ချောင်းကို မျက်နှာရှေ့မှာ ထောင်ပြ၍ ဂရုမစိုက်သလို လုပ်ပြ၏။

"မသိဘူး မမထားက မှာခဲ့တယ်လေ မင်းကိုဂရုစိုက်ကြည့်နေပါတဲ့"

စကားကို ဘာလိုလိုပြောပြီး ခဏကြာအောင် ဖြတ်ထား၏။ ပြီးမှ မျက်ခုံးနှစ်ဖက်ကို ဟန်ပါပါပင့်လိုက်ပြီး...

"လိုအပ်တာရှိရင် လုပ်ကိုင်ပေးဖို့ပါ အဲဒါကြောင့်မေးတာ အခု ဘယ်သွားမလို့လဲ"

"အပြင်ထွက်မလို့"

ဘေးစင်းပါသည့် ဘောင်းဘီရှည်ပန်းရင့်ရောင်နှင့် စပို့ရှပ်အဖြူကျားလေးဝတ်ထားသော မယ့်ကို မညီုကသေချာကြည့်လိုက်၏။

မျိုးမျိုးက နှစ်ယောက်နားကနေ လှည့်ထွက်သွားလေသည်။ မညီုတစ်စုံတစ်ရာ မပြောရသေးခင် မယ်က ထွက်လာခဲ့ပြီဖြစ်၏။ တကယ်ဆို ညီုကိုတောင် မပြောရသေးပါ။ သွားလာဖို့လည်း စီစဉ်ထားခဲ့တာတော့ မဟုတ်ပေ။ တစ်အိမ်လုံးဘယ်သူမှ ရှိမနေကြတော့သည့်အဖြစ်ကြောင့် ဒီစိတ်ကူးပေါ်လာခဲ့တာဖြစ်သည်။

အဖေနဲ့ဒေါ်လေး ဘာလိုနေကြသလဲ အလောင်းကြီးနဲ့ ဆိုက္ကားကိစ္စဘာတွေဖြစ်ကျန်ခဲ့သလဲ သတင်းစလေးဘာလေးရလိုရငြား ထွက်





ကြည့်ဖို့ သတိရလာသည်။ ညီုကတော့ ပြောသည်။ လောလောဆယ် အပြင်မထွက်ဘဲ နေလိုက်ရင် သူ့ဟာသူ အမှန်တရားက ပေါ်သွားမှာပါတဲ့ မင်းမဟုတ်ရင် မကြောက်နဲ့ပေါ့တဲ့။

မဟုတ်တာက နောက်မှပေါ်မှာ လောလောဆယ် အလောင်းကြီးက ကိုယ့်ဆိုက္ကားပေါ်မှာ ပါလာခဲ့တာ ဘယ်လိုရှင်းမလဲ။

"မယ်ဘွဲ့"

"ဟင်"

မယ့်ခြေလှမ်းတွေ ရပ်တန့်သွား၏။ လွင်ဦးက သူမကျောနောက်ကနေ ရှေ့ကိုရောက်အောင် လာပြီးမှ...

"ဘယ်ကိုသွားမလို့လဲ"

"အပြင်ကိုခဏသွားချင်လို့ ကိုလွင်ဦးဆီအခုလာမလို့"

သူ့ကိုပြော၍ တံခါးဖွင့်ပေးပါမှ အပြင်ထွက်လို့ရမည်။ ပြီးတော့ လွင်ဦးက ညီုဘက်က အားကိုးရတဲ့လူတစ်ယောက်ဆိုတာ မယ်အကဲခတ်မိသဖြင့် ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောလိုက်မိ၏။

ဒီအိမ်မှာ ဘာတွေဖြစ်နေမှန်းမသိဘဲ အုပ်စုနှစ်ဘက်ကွဲနေသည့် အဖြစ်ဟာ ထူးတော့ထူးဆန်းပါ၏။ လွင်ဦးက မယ့်ကိုသေချာစိုက်ကြည့်ကာ...

"အစ်ကိုလေးကိုပြောပြီးပြီလား နင့် ကြည့်ရတာ ပြောရသေးပုံလည်း မပေါ်ပါဘူး အစ်ကိုလေးက ဆေးရုံမှာဥစ္စာ"

"အင်း မယ် ဟို ခဏသွားလာပြီး ပြန်လာမှာပါ"

"မသွားပါနဲ့ဟာ အစ်ကိုလေးက သူသွားခါနီးတောင် သေချာမှာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ"

"ဘယ်မှမသွားစေနဲ့တဲ့လား"

"အဲဒီလိုတော့ မဟုတ်ဘူး နင်နဲ့ အန်တီထားထားနဲ့ ပြီမှာစိုးတာဖြစ်မှာပေါ့ လိုအပ်တာရှိရင် မင်းကြည့်စီစဉ်ပေးလိုက်တဲ့ ဘာပဲဖြစ်ဖြစ်စေတာနာနဲ့ပါ နင်တစ်ခုခုစားချင်လို့လား ပြောလေ ငါထွက်ဝယ်ပေးမယ်"

မယ်ကဘာမှ မပြောသဖြင့် လွင်ဦးက မသိမသာခေါင်းကုတ်၏။

"ဟိုတစ်နေ့က ဝယ်ပေးတဲ့ အကျီနဲ့စကတ်တွေ အဆင်မပြေတာရှိလား လိုအပ်တာ ဘာညာရှိရင်လည်းပြောလေ ငါလုပ်ပေးပါ့မယ်"

မယ်ကပြုံးလိုက်ပြီး ခေါင်းခါ၏။

"နေပါစေတော့ မယ်အပြင်မသွားတော့ဘူး ဒါပေမဲ့ တစ်ခုတော့ပြောချင်တယ်"

"ဘာလဲ"

"မယ် ပျင်းတယ်လေ ဒီခြံနောက်က အိုင်ကြီးထဲမှာ ငါးသွားမျှားမယ်"

"ဘာ"

လွင်ဦးမျက်လုံးပြူးနှင့် သေချာပြန်ကြည့်သည်။ ဆံပင်ပါးပါးတိုတိုအရုပ်မြင့်၍ သွယ်သောကိုယ်လုံးလေးက ယောကျ်ားလေးလို ဝတ်ထားတော့လည်း ယောကျ်ားလေးနဲ့ တူနေပြန်၏။

ဒီကိုရောက်လာသည့် ညကဆို သူကိုယ်တိုင်အမှတ်တမဲ့မို့ ယောကျ်ားလေးပဲ ထင်ခဲ့သေးသည်။ အစ်ကိုလေးက ပြောတော့မှ....

"နင်က ငါးမျှားမယ်ဟုတ်လား"

"အင်း ပျင်းလို့ပါဆို"





လွင်ဦးက ခြံတံခါးဆီကြည့်လိုက် တိုက်ကြီးထဲကို ကြည့်လိုက်နှင့် လက်နှစ်ဖက်က မေးကိုပွတ်ပြီး ခေါင်းကုတ်ပြန်သည်။

"အစ်ကိုလေး ငါးမျှားတဲ့ စတီးဘီးနဲ့ ငါးမျှားတံရှိတယ်။ ဒါပေမဲ့ နောက်ဖေးက အိုင်ကြီးမှာဆိုမဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ လူအရမ်းပြတ်တာ ခြံနဲ့ကပ်နေပေမယ့် တိုက်နဲ့ကအဝေးကြီး မဖြစ်ပါဘူး အစ်ကိုလေး ဆူလိမ့်မယ် နင်ကလည်း ဆက်နေလိုက်ပါဦးဟာ ဒီနေ့လည်း အစ်ကိုလေးအိမ်ပြန်လာမှာ နင့်ဟာနင်ပြောပေါ့"

"ဟာ အခုတစ်ယောက်တည်း ပျင်းလို့ပါဆို"

"ဒါဆို ငါနဲ့ပန်းပင်လာစိုက်"

မယ်က နှုတ်ခမ်းလေးစူပိတ်ပြီး စဉ်းစား၏။ ပြီးတော့ မေးဖျားလေးပင့်၍ ရတယ်ဟု ပြောလေသည်။ လွင်ဦးသဘောလည်းကျသွားသည်။ မယ့်စိတ်ဓာတ်လေးကို ခင်လည်းခင်သွားမိ၏။

စိတ်ထဲမှာလည်း တိတ်ဆိတ်စွာ ပြောလိုက်မိသည်။

"တော်ပါသေးရဲ့ ပြောလိုက်တာ နားထောင်သွားလို့ မလွယ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

"တစ်ရက်လောက်တော့ နေပါဦးလားသားရယ် မျက်လုံးက ခွဲပြီးကာစ"

"တစ်ရက်မှမနေချင်ဘူးအန်တီ အိမ်ကိုပြန်မယ်"

မျက်လုံးနှစ်လုံးမှာ ပတ်တီးဖြူဖြူစည်းထားသည့်အောက်မှ တန်းစင်းနေသော နှာတံနှင့် ခေါင်းမာတတ်သည့် နှုတ်ခမ်းနှစ်လွှာကို အားလုံးက အားမလိုအားမရ ကြည့်ကြသည်။

ကိုအောင်က ခပ်သုတ်သုတ်ဝင်လာပြီး ဘယ်သူ့ကိုမှ မကြည့်ဘဲ ညီ့ဘေးမှာခပ်ကုန်းကုန်းရပ်၍....

"မင်း အဆင်ပြေလားညီ တစ်ခုခုစားမလား"

"အင်း စားတော့စားချင်တယ် အိမ်ကျမှစားမယ်ကွာ ပြန်ချင်တယ်"

"အေး အဆင်သင့်ဘဲ"

နှစ်ယောက်တည်း ညှိနှိုင်းပြီး ပြေလည်နေကြသည့် သူတို့ကို ဦးမင်းသူတို့လင်မယားကော ဒေါ်ထားထားကပါ စူးစူးဝါးဝါးကြည့်နေ





ကြ၏။

ညီက မမြင်ရပေမယ့် ကိုအောင်က မြင်နေရ၏။ ဒါပေမဲ့ မသိသလိုပဲနေကာ ခါးမတ်မတ် ပြန်ရပ်လိုက်တော့....

"ချက်ချင်းကြီး ပြန်ချင်လို့မရဘူး ကိုအောင်မိုး ခုပဲ ခွဲစိတ်ခန်းက ထွက်လာတာ ဒီမှာသူ့အုပ်ထိန်းသူတွေရှိတယ် ဘယ်သူကသဘောတူလို့ ပြန်ဖို့စီစဉ်နေတာလဲ"

"ညီက သဘောတူနေတာ"

ကိုအောင်က ခပ်မှန်မှန်ပဲဖြေ၍ မျက်နှာအားလုံးကိုဝေ့ကြည့်သည်။

"ညီ"

ဦးမင်းသူက အလွှန့်ထိန်းချုပ်နေရသည့်လေသံနှင့်ခေါ်၏ ဒါပေမဲ့သူက မပြောဘဲ ဒေါ်မြတ်မြတ်မင်းက ကြားဖြတ်၍....

"ဒီမှာညီ သားကိုအန်တီတို့အားလုံးက စေတနာအပြည့်နဲ့ ပြုစောင့်ရှောက်နေကြတာပါ ဒီလူတွေထဲမှာ သားရဲ့အကျိုးကို လားတဲ့သူ ဘယ်သူမှမပါဘူး အဲဒါကို သားကဘယ်လိုထင်နေသလား ပြောတုန်းက အန်တီမယုံခဲ့ဘူးသိလား ဒီနေ့ကျမှ အံ့သြရတယ ဒီလိုတော့ တစိမ်းမဆန်သင့်ပါဘူးကွယ်"

ညီက ခပ်လျှော့လျှော့ ထိုင်နေလျက်ဘယ်ကိုမှမကြည့်ဘဲ ခေါင်းတစ်ချက်ခါသည်။ ပြီးတော့ ရှေ့ကိုပဲ မျက်နှာဖြည်းဖြည်းမော့လာကာ

"ဘယ်သူ့ကြောင့် ဘာအကြောင်းမှမပါပါဘူး ကျွန်တော့်တာဝန် ကျွန်တော်ယူချင်တာ ကျွန်တော့်အနာဂတ်ကို ကျွန်တော်ဆုံးဖြတ်တဲ့ အတိုင်းပဲ ဖြစ်ချင်တာ"



www.burmeseclassic.com

ဘေးမှာတခြားလူတွေလည်းရှိနေသည်။ သူတို့မှာ လူတွေအများကြီး ဝိုင်းအုံနေပြီး ရှင်းမရဖြစ်နေတာကိုလည်း စိတ်ဝင်တစားကြည့်နေကြသည်။

သို့သော် ဒေါ်ထားထားက ကိုအောင်နဲ့ ညီတို့နှစ်ယောက်စည်းလုံးနေကြတာကို မရှုစိမ့်ခဲ့တာ ကြာပြီမို့ လူတွေသိလည်း မတတ်နိုင်။

"ဆေးရုံတတ်တာ မျက်စိခွဲတာနဲ့ ဆေးရုံမှာခဏနားဖို့ ချက်ချင်းဆင်းဖို့ အဲဒါတွေက အနာဂတ်နဲ့မဆိုင်သေးပါဘူးညီရယ် မင်းလုပ်ပုံကိုင်ပုံက လူကြီးတွေမျက်နှာကို အိုးမည်းသုတ်လိုက်တာပဲ"

"အဲဒီလို ဖြစ်သွားရင်တော့ စိတ်မကောင်းပါဘူး အမှန်ကန်ဆုံးဝန်ခံရရင် ကျွန်တော့်နားမှာ လူတွေအများကြီးရှိနေတာ ကျွန်တော်ကြိုက်ဘူး"

ညီက ဘာပြောပြော ဂရုမစိုက်ဘဲ ကိုအောင်ရှိသည့်ဘက်ကို ပြန်စဉ်းစားသည်။....

"သူငယ်ချင်းဆိုတာ အုပ်ထိန်းသူမျက်စိအောက်မှာထက် အများကြီးလွတ်လပ်တာမှန်လို့ ကျွန်တော်ထင်တယ် ဒါပါပဲ"

"ကောင်းပြီ မျက်လုံးပြန်ကောင်းသွားရင် လက်ထပ်ကြဖို့ ကိစ္စကကော"

အားလုံး ခဏတော့ကိတ်ကျသွားကြ၏။

"လိုအပ်လို့အန်တီကမေးတာ မြတ်နဲ့ကိုမင်းသူတို့ကို မင်းခေါင်းထဲမှာ ဘယ်လိုအနေအထားနဲ့ ထည့်ထားသလဲဆိုတာ အားလုံးရှေ့မှာပဲ နည်းနည်းလောက်ပြောစမ်းပါ ဆေးရုံမှာ ဒီစကားမေးရတာ မသင့်





တော်ပေမယ့် ငဲ့ပေးလိုသည့်ဘက်မှာ ရပ်တည်ခဲ့သည်။

ကိုယ်နဲ့လက်ဝ ပမယ့် သူတို့ရဲ့လူဖြစ်နေ၏။ ထို့ကြောင့် သူ့ခံစား

လေးစားသမှုဖြင့် ဥပေက္ခာစာရင်းထဲမှာ ထည့်ခဲ့ရ၏။ တကယ်ဆို

တယ် သူတို့အဖွဲ့ထဲမှာ အဒေါ်တစ်ယောက်လုံး ပါဝင်ရပ်တည်ပေး

နေတာပါ အဲဒီသလား။

ဖြစ်နေပြီ" ပ်လိုလူဆိုတာ အန်တီမသိဘူးလား၊ ဒီမိသားစု ဘာ

"စီစဉ်ထဲကာကော ဒီပြင်မိတ်ဆွေတွေ စိတ်ဝင်စားသလောက်

ရှိပြီးတဲ့အတိုင်းဘူးလား။ သို့တည်းမဟုတ် အန်တီကိုယ်တိုင်.....

နာရီနဲ့တွက်ရင် နှါနေ့ရောက်မလာတာကို တစ်မျိုးမထင်ပါနဲ့.

အလင်းရရင် ဘာလု

ဆိုတော့ ခန့်မှန်းရရဟက်တစ်ဖက်ကူ ချော့မော့ဆုပ်ကိုင်လာ၏။

လိုချင်တာက "ကျွန်ုပ်တစ်ဖက်ကြောင့် ပြေးလွှင့်ပျောက်ပျက်

တွေကို အန်တီဘာဖြစ်လို့ ငေ

ရှင်းစေချင်တာပါ ညီပြောလိုက်ပုံ့င်လွဲမှာစိုးလို့ အန်တီ့ကို တရရမှာ

သေးသလိုလို.... ်ခဲ့ကြတဲ့ ငယ်သံယောဇဉ်က

"ပပ..ပပရှိနေသလား ကျွန်တော်စ ကိစ္စကို ရှေ့ဆိုင်းခဲ့တာ

ဒေါ်မြတ်မြတ်မင်းက ဦးမင်းသူမျက်နှာကို ဖြစ်နေနေ စီစဉ်ပြီး

ရမှန်းမသိ။ ဒေါ်ထားထားကပဲ ချက်ချင်းဝင်ဖြေလို

"ပပက ဖုန်းဆက်တယ်လေ အိမ်ပြန်ရောက်မှပဲ သူ့

သူငယ်ချင်းတစ်ယောက် အရေးတကြီးကိစ္စနဲ့ ဖုန်းဆက်လို့ မဉ်၏။

သွားရလို့တဲ့"

www.burmeseclassic.com



ဘေးမှာတခြားလူတွေလည်းရှိနေသည်။ သူတို့သူ့မိဘက မဖြေနိုင်
ကြီး ဝိုင်းအုံနေပြီး ရှင်းမရဖြစ်နေတာကိုလည်း စိတ်ဝင်သား။ ကိုအောင်က
ကြသည်။ အားလုံးနဲ့ ဝေးဝေး

သို့သော် ဒေါ်ထားထားက ကိုအောင်နဲ့ ညီတို့နှစ်
လုံးနေကြတာကို မရှုစိမ့်ခဲ့တာ ကြာပြီမို့ လူတွေသိလည်း။ သူတို့ကတော့

"ဆေးရုံတတ်တာ မျက်စိခွဲတာနဲ့ ဆေးရုံမှာခဏ ကိုတုန်းကနဲ့ မ
ဆေင်းဖို့ အဲဒါတွေက အနာဂတ်နဲ့မဆိုင်သေးပါဘူးညီ
ကိုင်ပုံက လူကြီးတွေမျက်နှာကို အိုးမည်းသုတ်လိုက်ခဲ့ပါဘူးလို့ သူပြော

"အဲဒီလို ဖြစ်သွားရင်တော့ စိတ်မကောင်းပါဘူး အမှန်တရား
ဝန်ခံရရင် ကျွန်တော့်နားမှာ လူတွေအများကြီးရှိဖြစ်ပေမယ့် ဒေါ်ထား
ကြိုက်ဘူး"

ညီက ဘာပြောပြော ဂရုမစိုက်ဘဲ ကိုပေါ်လာတာပဲဖြစ်လေသည်
စင်လှည့်၍.... ဟာ ဒေါ်ထားထားဟာ နှစ်စိမ့်

"သူငယ်ချင်းဆိုတာ အုပ်ထိန်းဘောင်းရင်းပဲဖြစ်၏။ ခုကျမှ မာယာ
ကြီးလွှက်လပ်တဖွဲ့လို့ ကျွန်တော်တွေ ပြောတတ်နေတာ။

"ကောင်းပြီ မျက်လုံးဖွင့် ချောမောလာတတ်သလို 'မင်း' 'ညီ' စသ
ကကော" ချက်ချင်းပဲကြမ်းတမ်းသွားတတ်သည်။ အခိုး
အားလုံး ခဏတို့လင်မယားနှင့် တရားလွှန်အောင် ရင်းနှီးလုံးတွေ

"လိုအင်၏။
ထဲမှာ ဘာ တူဝရီးဆိုပေမယ့် သူ့နဲ့ သူ့ဆန္ဒက အထီးကျန်စွာ လက်နက်မဲ့လှ
ပဲ နည်းဒါ ထားထားကတော့ ဦးမင်းသူတို့ စိတ်တိုင်းကျ ဦးမင်းသူတို့ ဖြစ်





တဲ့အတိုင်း ဖြစ်ခွင့်ပေးလိုသည့်ဘက်မှာ ရပ်တည်ခဲ့သည်။
ကိုယ့်အဒေါ်ပေမယ့် သူတို့ရဲ့လူဖြစ်နေ၏။ ထို့ကြောင့် သူ့ခံစား
သည်။ ထို့ကြောင့် ဥပေက္ခာစာရင်းထဲမှာ ထည့်ခဲ့ရ၏။ တကယ်ဆို
ရုပ်အထွေးတွေထဲမှာ အဒေါ်တစ်ယောက်လုံး ပါဝင်ရပ်တည်ပေး
တာမျိုးဖြစ်သင့်သလား။

ဦးမင်းသူဘယ်လိုလူဆိုတာ အန်တီမသိဘူးလား၊ ဒီမိသားစု ဘာ
တွေလုပ်ခဲ့သလဲဆိုတာကော ဒီပြင်မိတ်ဆွေတွေ စိတ်ဝင်စားသလောက်
ကောင် မဝင်စားခဲ့ဘူးလား။ သို့တည်းမဟုတ် အန်တီကိုယ်တိုင်....

"သမီးလေး ဒီနေ့ရောက်မလာတာကို တစ်မျိုးမထင်ပါနဲ့
ရယ်"

ညီပခုံးပေါ်ကို လက်တစ်ဖက်က ချောမော့ဆုပ်ကိုင်လာ၏။
တွေအားလုံးက ထိုလက်တစ်ဖက်ကြောင့် ပြေးလွင့်ပျောက်ပျက်
လေသည်။

"သမီးလေးက အဲဒီလိုသားအထင်လွဲမှာစိုးလို့ အန်တီ့ကို တရရမှာ
ကိုတာ သားရယ် ကျောင်းအတူတက်ခဲ့ကြတဲ့ ယယ်သံယောဇဉ်က
တာမှတ်လို့ အခုသားကိုယ်တိုင်က မင်္ဂလာကိစ္စကို ရွှေ့ဆိုင်းခဲ့တာ
သမီးကော အန်တီတို့ကော အားလုံးသားဘာပဲဖြစ်နေနေ စိစဉ်ပြီး
အတိုင်း လက်ထပ်ပေးဖို့ သဘောတူပြီးသား"

"ညီ"

ကိုအောင်က ဆတ်ခနဲလှည့်လာပြီး ကြားဖြတ်လှမ်းခေါ်လိုက်၏။

"ဟင် ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆာတယ်ဆို စကားပြောဦးမယ်ဆိုရင် ငါတစ်ခုခုထွက်ဝယ်လိုက်မယ်လေ"

"နေပါစေ ပြီးပြီ ငါ့ကိုလာတွဲ"

မပြီးပြတ်သေးသည့် စကားလက်စနှင့် ဒေါ်မြတ်မြတ်မင်းကျန်ခဲ့သည်။ ဦးမင်းသူက မျက်မှောင်ကြီးကုတ်ထားလျက် ကိုအောင့်ကို စိုက်ကြည့်၏။

နောက်မှာရပ်နေသည့် မညိုနဲ့ ဒရိုင်ဘာဖိုးခွားတို့က ပစ္စည်းတွေကို တက္ကညီလက်ညီ ဝင်သိမ်းကြလေသည်။ ဒေါ်ထားထား၏ မီးတောက်လုမတတ် မျက်လုံးတို့က ထွက်ခွာသွားသူနှစ်ယောက်၏ ကျောပြင်တို့မှာ စူးစိုက်လျက်....





အခန်း (၁၄)

"လာတယ်နော်"

"ဘာလာတာလဲ"

"ပတ်တီးလေးနဲ့"

ပြောပြီး ခစ်ခနဲရယ်သည်။ ပြီးတော့ ချက်ချင်းမပြီးဘဲ ခိုးခိုးခစ်...ယ်နေပြန်သည်။ လူကိုမမြင်ရဘဲ အသံကိုပဲ အသည်းယားကာ...ာနေ ပိတ်ထုပစ်လိုက်ချင်စိတ်တွေ ဖြစ်လာမိ၏။ ဒါရယ်စရာလား။

"မယ်ဘွဲ့"

"ဟင် ဘာလဲ"

"အခု ဘာလုပ်နေတာလဲ"

"ခင်ဗျားကိုထိုင်ကြည့်ပြီး ရယ်နေတာလေ"

"ပိတ်ထုပစ်ရရင် သေဦးမယ်"

"အံမာ မမြင်တဲ့လူက ကြိမ်းလား ဝါးလားနဲ့ ရယ်ရပြန်ပြီ ဟား..



www.burmeseclassic.com

www.burmeseclassic.com



ဗာား...ဟား"

ထိုအခါ ဟန်ဆောင်ဖုံးဖိသော မုံ့ပြုံးမဟုတ်ဘဲ ညှို့နှုတ်ခမ်းမှာ နှစ်လိုကြည်နူးသောအပြုံးတို့ခိုတွဲလာခဲ့၏။

"ကိုညို"

"ဘာလဲ"

"ခင်ဗျားပြုံးလိုက်တာ ကြည့်လို့တော့ကောင်းတယ် ဒါပေမဲ့ အမွှေးတွေကဖျက်နေတယ်"

"ကြည့်မကောင်းလေ ကောင်းလေပဲ"

"လူက မလှတာ ကိစ္စမရှိဘူး သူ့ပုံနဲ့ရုပ်ပေါက်နေတာ ဘယ်ကောင်းမလဲ"

"မင်း ဘာပြောချင်လို့ စကားတွေခင်းနေတာလဲ"

မွေ့ရာက ညွှတ်ခနဲဖြစ်သွားသဖြင့် မယ်သူ့ရှေ့မှာ ထိုင်ချလိုက်မှန်း သိလိုက်၏။

"ဟော့ အောက်ဆင်းထိုင်"

"ထိုင်စရာမရှိဘူး ကုလားထိုင်လည်းမအားဘူး ခုံပေါ်မှာလည်း ဗီရုဗွေးဖလုံနဲ့ ဘာဖြစ်လို့လဲ ခင်ဗျားနဲ့အဝေးကြီးပဲ"

"ငါကကိစ္စမရှိဘူး မင်းအတွက် အမြင်မတော်လို့ပြောနေတာ အောက်ဆင်း"

"တော်တော် မတော်တော် ဂရုမစိုက်စရာမလိုဘူး ခင်ဗျားကို လက်သည်းခြေသည်းညှပ်ပေးမလို့ အဝေးကြီးမှာ နေလို့ရမလား"

ပြောပြောဆိုဆို မွေ့ရာက ညွှတ်ခနဲဖြစ်ဖြစ်၏။ မယ် သူ့ရှေ့





နီးလေးကိုရောက်လာပြီမှန်းသိလိုက်၏။ သူယဉ်ပါးနေသော ဆပ်ပြာမွှေးနံ့လေးတစ်ချက် ဝေ့သွားသည်။

မယ်နဲ့ နီးနီးနေမိတိုင်း မိတ်ကပ်နံ့ သနပ်ခါးနံ့မရပါ ဗီရုံမွှေးဆွတ်တာလည်း ဝါသနာမပါဘူးထင်သည်။ ဆပ်ပြာမွှေးနံ့လောက်ပဲရ၏။ ပြီးတော့ ဖြစ်သလိုကြုံသလို သုံးနေသည့်အကျင့်က ဆပ်ပြာတစ်မျိုးတည်း မဟုတ်ဘဲ အမျိုးမျိုးသော အနံ့တွေဖြစ်နေခြင်းက သက်သေခံ၏။

ထိုအချိန်မှာပဲ မယ်က သူ့လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ သက်ပြင်းမှူးမှူးချ၍ ညီဒီတိုင်းပဲ ငြိမ်နေလိုက်တော့သည်။ မယ့်လက်ကလေးတွေက မယုံနိုင်လောက်အောင် နူးညံ့နေ၏။ နွေးနေသည်မှ လွဲ၍ ထိမှန်းကိုင်မှန်းပင်မသိ။

"ခင်ဗျားကိုမယ်ပြောစရာရှိတယ်"

"ပြော"

"မယ် အပြင်ထွက်ချင်တယ်"

"ဘာလုပ်ဖို့လဲ"

"အဖေ့ကို လွမ်းလှပြီ ခုလောက်ဆို မယ့်ကိုစိတ်ပူပြီး အဖေနဲ့ ဒေါ်လေးဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး အမှုကိစ္စကိုလည်း သိချင်တယ် ခင်ဗျားစုံစမ်းခိုင်းထားတဲ့ လူကလည်း ဘာမှအကြောင်းမထူးဘူး"

"ထူးရင် သူပြောမှာပါ မင်းဒီမှာ အေးအေးဆေးဆေးနေတာ ကောင်းဘူးလား မင်းအဖေကျန်းကျန်းမာမာပဲဆိုတာတော့ သတင်းရောက်လာတာပဲဥစ္စာ အလောင်းကတော့ လူသတ်မှုပေါ် နေပြီဆိုတော့ တရားခံမိမှ မင်းနဲ့ဆိုက္ကားလွှတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မယ်က သူ့လက်ထိပ်ကို သူမလက်ချောင်းကလေးနှင့် ဖွတ်ပြ... လိုက် ညှိလိုက်နှင့် စိတ်ရှည်လက်ရှည်လုပ်ပေးနေသည်။ သူ့ကို... မကြည့်ဘဲ အလုပ်လုပ်ရင်း စကားပြောနေတာလည်း သေချာ...

"ခင်ဗျားအိမ်မှာ မယ်မနေချင်ဘူး ရှိသမျှလူအားလုံး မယ့်ကို... သူမှ လိုလားကြတာမဟုတ်ဘူး ပပမင်းဆိုတဲ့တစ်ယောက်ကျ... သူများတွေကို ဂရုမစိုက်သလို သူ့ကိုမစိုက်လို့ မရဘူးလေ စိတ်... တာ အဲဒါပဲ မယ်က ပါးကိုက်ရင် နားကိုက်ရမှကြိုက်တာ သူများ... သွားတာကို တစ်ချက်လောက် မျိုသိပ်နေလိုက်ရရင် စားမဝင်... မပျော်ဖြစ်အောင် စိတ်ဆင်းရဲတာ"

"မမျိုသိပ်နဲ့ပေါ့ အခုမင်းကဘာအတွက် မျိုသိပ်နေရလို့လဲ"

"အဲဒီတစ်ယောက်က ခင်ဗျားရဲ့ ဇနီးလောင်းလေ သူကြ... ပြောပုံက တစ်စက်မှ ခံချင်စရာမရှိဘူး ဒါပေမဲ့ ခင်ဗျားမျက်နှာနဲ့... မျိုသိပ်နေခဲ့ရတယ်"

ညီ သက်ပြင်းရှိုက်ပြီးမှ မချဖြစ်....

"ပြောသင့်တာကိုတော့ ပြောပေါ့ကွ အကျိုးအကြောင်း အ... အကောင်းရှိတာရှိတာပဲ။ ဇနီးလောင်းပဲဖြစ်ဖြစ် တကယ့်ဇနီးပဲဖြ... ကိုယ့်ဘက်ကမှန်နေရင်တော့ ပြောရဲရမှာပေါ့ မင်းငါ့ကိုကျတော့... ဖူးရှင်ဆိုပြီး သည်းခံတာဘာရှိခဲ့လဲ"

"အံမာ"

မယ် ဆတ်ခနဲမော့လာသည်။ ညီက ပြုံးလိုက်ပြီး.....

"ပြောစရာရှိပြီဆို ပြန်ပြောတာပဲ သူကျမှ သည်းခံနေရ...





ဆိုတော့"

"အဲဒါ မပြောနဲ့လေ"

ငါးချောင်းလုံးဖြတ်ညှိပြီးသွားသည့်လက်ကို မယ်က ဘုဝပ်ပြင် မြည်အောင်ဆောင့်ခါချပစ်လိုက်ကာ...

"ခင်ဗျားနဲ့မယ်က ကိုယ့်အကြောင်းနဲ့ကိုယ်စီ ပတ်သက်ခဲ့ကြရေးမှာ အကြောင်းသိတွေလေ သူက မယ့်ကိုဘာသိလို့လဲ ခင်ဗျားနဲ့များ သ... တိုနေသလားမသိဘူး အံ့ဩထူးဆန်းစွာပဲ"

"ဘာ ထူးဆန်းလို့လဲ"

"ထူးဆန်းတာပေါ့ သူကသူဌေးသမီး ပညာတတ် လှလိုက်တာမှ ထိရက်စရာမရှိဘူး မယ်နဲ့သူဘာမှမဆိုင်တဲ့ကိစ္စ မယ့်လိုလူကိုများ ထည့်တွက်တာ ထူးဆန်းတာပေါ့"

ညီကပြုံး၍ တစ်ဖက်လှည့်နေလိုက်၏။

"ခင်ဗျားမျက်စိခွဲလိုက်တာ ပြန်ကောင်းသွားပြီဆိုရင် မယ်က တော့ ဘာဖြစ်ဖြစ်သွားမှာပဲ"

"ဘယ်ကိုလဲ"

"ဒီကလွတ်ရင်ပြီးရောလေ ခင်ဗျားတို့လက်ထပ်ပြီးရင် ဒီထက်ဆိုးမှာ ဒီတိုင်းဆိုရင် မယ့်ကိစ္စက တော်တော်ကြာအောင် ပုန်းအောင်းနေရဦးမှာဆိုတော့"

"မင်းကို ငါကဘာမှမပြောဘဲနဲ့ ဘာဖြစ်လို့လျှောက်တွေးနေတာလဲ"

"တွေးရတာပေါ့ မိန်းကလေးပဲ ရှေ့ရေးက အရေးမကြီးဘဲ နေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုကျတော့ မိန်းကလေးတဲ့ အပွန်း"

ညီက မဲ့တဲ့တဲ့ ရယ်လိုက်သဖြင့် မယ်မခံချင်ဖြစ်သွားသည်။ ဒီ
စံ ဒီလိုစကား ညီပြောပြီး နှုတ်ခမ်းမဲ့တာ ဒီတစ်ခါတည်း မဟုတ်တော့ပြီ

"ခင်ဗျားက ဘာမဲ့တာလဲ မယ်ဆိုကြားနင်းဖူးတဲ့ကိစ္စနဲ့ပဲ မိန်း
လေး မပီသတဲ့သူလို့ တစ်သက်လုံး ပြောချင်တာလား"

ညီက မွေ့ရာပေါ်ကနေ လျှောဆင်းပြီး ခြေနှစ်ဖက်ချလျက်
မယ့်ဘက်ကိုလှည့်သည်။

"မင်းပဲတရားခံ မင်းပဲတရားသူကြီးပါလား သွားတော့ ဗိုက်ဆာ
ပြီ ထမင်းစားမယ်"

မယ်က မကျေနပ်သေးပါ။ မိန်းကလေးတစ်ယောက်ဟာ မ
မလှုပ်ကျောက်ဆစ်ရုပ်တုလေးလိုပဲ နေရမှာလား။ ဆင်မယဉ်သာ
နဲ့ မိုးပြိုတာတောင် မပြောဘူးဆိုတဲ့ ဝိသာခါကျောင်းအစ်မလို ကျ
သိက္ခာအပြည့်နဲ့နေမှတဲ့လား။

အစကာဂရုမစိုက်ခဲ့တဲ့ ညက်ဟာ ညီခဏခဏမဲ့တတ်တာ
ရှက်ရမှန်းသိလာ၏။ နာနာကျင်ကျင် ခံစားမိလာတာလည်း ဘာကြော
ဆိုတာ မသိပါ။ မိန်းကလေးသချင်လွန်းလို့တော့ မဟုတ်။ ဒါ
မပီသဘူး ပြောတာကတော့ လွန်သည်ထင်၏။

"ဟိတ် ဘာလဲအနာပေါ် တုတ်ကျသွားတာလား တည့်တည့်
သွားရင် ဆောရီး"

"ခင်ဗျားနော်"

မယ် ဒေါသသံလေးနှင့်ပြောပြီး ထရပ်လိုက်ချိန်တွင် အခန်းတ





ပပ မျက်နှာလေးပေါ် လာ၏။ လှမ်းကြည့်ပြီး သူမကို ကွေ့ရှောင်ထွက်သွားသည့် မယ့်နောက်ကို ပပက လိုက်ကြည့်ပြီးမှ အခန်းထဲဝင်လာ၏။

မယ် ဒေါသဖြစ်သွားပြီမှန်းသိသဖြင့် တစ်ခုခုပြောမလို့ ပါးစပ်ပြင်တုန်းမှ နှာခေါင်းထဲကို ရေမွှေးနံ့တစ်ချက်ဝင်လာသဖြင့် ညီ မျက်မှောင်ကုတ်သွားသည်။ ပပရောက်လာမှန်းသိလိုက်၏။ ထွစ်ဆက်တည်းမှာ စကားသံကို ကြားလိုက်ရသည်။

"ဟိုတစ်ယောက်က အခန်းထဲမှာ ဘာလုပ်နေတာလဲ ညီ"

"လက်သည်းညှပ်ပေးတာ"

"ဘယ်လို"

ပပလေသံက ချက်ချင်းပြောင်းသွား၏။ အလုအယက်တက်လာသည့် စကားလုံးတွေကို ဖိနှိပ်မျိုချပြီး နောက်ထပ်အကောင်းဆုံးကို ရှေ့တန်းတင်၍ ပြန်စီနေရသည်။

"ညီ နည်းနည်းမှ ပပကို မညှာဘူးကွာ တကယ် အဲဒီလောက်ထိ ပပသည်းခံပေးနေတာ အားနာပါးနာဖြစ်ဖြစ် ဆင်ခြင်ဖို့ကောင်းတယ်"

"မင်း ဘယ်လိုပြောလိုက်တာလဲ ပပ"

ညီက မွေ့ရာမှာ ထိုင်ရာကနေ ထရပ်လိုက်၏။ ပပရပ်နေသည့် နေရာကို မျက်နှာမူကာ....

"ဆင်ခြင်ရမယ်ဆိုတဲ့အတိုင်းအတာထိ တို့ကသိက္ခာမဲ့နေသလား စကားကိုပြောခွင့်ရှိတိုင်းမပြောရဘူး ကိုယ်ပြောတဲ့စကားဘယ်လောက် ထိရောက်သွားတယ်ပြန်တွက်ရတယ်"

"ပပ ညီ့ကိုအထင်သေးလို့ပြောနေတာမဟုတ်ဘူးညီ ညီ့သဘော



www.burmeseclassic.com

www.burmeseclassic.com



စရိုက်ကို သိလို့လည်း ခုချိန်ထိ ညီနဲ့ပပ မယ်ဘွဲ့ဆိုတဲ့ ကိစ္စကို ထိပ်တိုက်ဘာမှမဆွေးနွေးဖြစ်ခဲ့တာပေါ့ ဒါပေမဲ့ မိန်းကလေးက မဆင်ခြင်ရင် ယုန်ကပဲတိုးတိုး ပိုက်ကပဲတိုးတိုး ငြိတော့ငြိမှာပဲ မယ်ဘွဲ့ကို ညီ ဒီလောက်နေရာပေးဖို့မကောင်းဘူး”

“ငါတို့ဆက်ဆံကြတာ မင်းပြောတဲ့အနေအထားမျိုးတွေ ဘာ[illegible] မပါဘူး ငါနဲ့ပတ်သက်တဲ့ ဂေဟဇာဝစ္စလုပ်ပေးနေတဲ့သူ ငါ့အခန်းထဲဝင်တာ ဘာဆန်းသလဲ ပြီးတော့ တစ်အိမ်တည်းအတူနေကြတာ”

“ပပက အတူနေချင်လို့ လက်ထပ်ထားရအောင်ပြောတော့ ညီ[illegible] ငြင်းခဲ့တာမို့လား”

“စိတ်ညစ်ရမှာကိုသိလို့လေ မျက်စိကန်းနေတဲ့သူကို ပြုစုဖို့ မင်[illegible] တကယ်အချိန်ပေးနိုင်သလား ငါမျက်စိခွဲတဲ့နေ့ကတောင်”

“ပပ အရေးတကြီးကိစ္စရှိလို့သွားရတာ”

ညီက ခေါင်းတစ်ချက်ညိတ်၍ ပြုံးလိုက်၏။

“ပြီးတော့ ပတ်တီးဖြေတဲ့နေ့လို အရေးကြီးသေးတာမှ မဟုတ်[illegible] ညီသက်သက်ရေးကြီးခွင်ကျယ်[illegible]ပ်နေတာ”

“ဝါသနာမပါဘူး ပပ အ[illegible]ူးသဖြင့် မင်းပြုစုတာကို လိုချင်[illegible] စကားနာထိုးဖို့ဆိုတာ ဟိုတ[illegible]းကကော ခုကော ဘယ်တုန်းကမှ [illegible] ကျူးထဲမှာ မရှိဘူး”

ပပ လက်သီးနှစ်ဖက်ဆုပ်၏။ အံကိုတင်းနေအောင် ဖိကြိတ်[illegible] သည်။ ဝင်းဝင်းလက်လက်ဖြစ်နေသည့် မျက်ဝန်းများက ညီမမြင်[illegible] မှန်းသိ၍ပဲ လွတ်လပ်စွာပါးပျဉ်းထောင်နေကြသလားမသိ။ အဆိ[illegible]





သော မြွေဆိုးတစ်ကောင်၏ ဒေါသမာန်ဖီနေသလိုမျိုး....

“ခုချိန်မှာ မင်းကော ငါကော ဘာမှမပိုင်ကြသေးဘူး လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ရှိတယ် ဒါပေမဲ့ ငါအညာမခံချင်ဘူး မင်းအဲဒီနေ့က ကန်ထရိုက်တာတစ်ယောက်နဲ့ ရုပ်ရှင်အတူကြည့်နေခဲ့တယ်ဆိုတာ”

“နေဦးညီ အဲဒါ ညီနဲ့ ပပကို တမင်”

“မဟုတ်ဘူးလို့ ငြင်းမလို့လားပပ ယုံတဲ့မယုံတဲ့အထိ အဲဒီကိစ္စကို ငါခေါင်းထဲမထည့်ဘူး လိုချင်တာက ကိုယ်ဖြစ်ချင်တာကိုယ်ဖ တီးယူခဲ့သလို သူများဖြစ်ချင်တာကို နားလည်နိုင်အောင်ကြိုးစား”

“မိန်းမတွေ သည်းမခံနိုင်ဆုံးကိစ္စကိုမှ ညီကနားလည်ခိုင်းတာ မတရားဘူး ညီ”

“ယောကျာ်းတွေ သည်းမခံနိုင်ဆုံးကဘာလဲ မင်းတွေးမိခဲ့လား”

ပပငိုင်ကျသွား၏။ မျက်လုံးမှာ ပတ်တီးစည်းထားသဖြင့် ညီ့မျက်လုံးတွေကို သူမမမြင်ရပါ။ ဒါပေမဲ့ ထိုမျက်နှာကိုပဲ မယုံနိုင်စွာ ပို၍ စူးစိုက်ကြည့်လိုက်မိသည်။

ညီ သူမကို သဝန်တိုနေတာလား ဒါကြောင့် မယ်ဘွဲ့နဲ့ တမင်ရွဲ့နေသည်လား ဒါမှမဟုတ်....

“မင်းနဲ့ငါရဲ့ ရင်ထဲမှာရှိနေသင့်တာက နေသာသလိုနေကြဖို့ပဲ အခုန်မှာ ပိုပြီးနေသာသေးတယ် မင်းငါ့အတွက် ပြေးပြေးလာပြီး ဝတ္တရားကျေအောင် ကြိုးစားနေဖို့ မလိုဘူး ငါကလည်းမျှော်လင့်စောင့်စားပြီး တမျှော်မျှော်ဖြစ်နေမှာ မဟုတ်ဘူး စေ့စပ်တာနဲ့ လက်ထပ်တာကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ခရီးတွေအများကြီး ဆက်ကြရဦးမှာ”

ပပ အံကြိတ်နေလျက်နှင့် မျက်ရည်တွေ ဝိုင်းတက်လာ၏။ ပြီးတော့ နောက်ကို ခြေတစ်လှမ်းဆုတ်သည်။

“ပပက အဲဒီလောက်ထိ အပြောခံရလောက်အောင် မနိမ့်ဘူးညီ လူတိုင်းမှာမာနရှိတယ် ပပ မာနမထားဘဲ ညီ့ကိုလိုက်လျောခဲ့တာက ညီက လူစင်မမီတဲ့ဘဝရောက်နေလို့ ညှာတာတဲ့သဘောနဲ့ပါ”

“မညှာနဲ့တော့ တို့အတွက် ညှာတာမယ့်သူလိုတာမဟုတ်ဘူး ဘဝကို လောင်မီးကျအောင် ဖျက်ဆီးမယ့်သူ မလာရင်ပြီးရော”

ပပမျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ထာဝရဖြစ်သွားနိုင်သည့် ခြေလှမ်းနှင့် နောက်လှည့်လိုက်လျှင်....

“ဟော သမီးလေး ထိုင်လေ မတ်တတ်ကြီးပါလား”

ဒေါ်ထားထား ဝင်လာကာ နှုတ်ဆက်သံက ပြုံးရွှိနေ၏။ စောစောက နဂါးမလေးလို အမောက်ထောင်နေသည့် ပပ၏ စကားသံ တိတ်ကျနေတော့ ညီက လှို့ဝှက်သော မဲ့ပြုံးကို မျက်နှာမလွှဲဘဲ ပြုံး၏။ မြင်ပါစေ၊ သိသွားပါစေ...

ထပ်တူညီ ကန်းနေတာက မျက်လုံး၊ ဦးနှောက်တွေ အကောင်းတိုင်း ရှိသေးတယ်ဆိုတာ ဒီမဲ့ပြုံးနဲ့ သိပါစေ။ ထိုနေ့က ဒေါ်ထားထား၏ နှစ်သိမ့်မှုများက ပျော်ဝင်ခဲ့ရသလိုမျိုး ပပစကားသံလေးပြန်ပါလာသည်။ ပြီးတော့ အမှတ်မထားဘဲ ငယ်သူငယ်ချင်းမို့ သံယောဇဉ်မကုန်နိုင်သည့် စကားရိပ်များဖြင့်....

“ညီက တော်တော်ဒေါသဖြစ်ဖို့ကောင်းတယ်သိလား အန်တီ





သိပ်ကိုမာနကြီးတဲ့လူ”

“အေးပါ့,ကဲ..သမီးလည်း တစ်ယောက်တစ်လှည့်ပြောပြီးရန်ဖြစ် လိုက်ပြီမို့လား ကျေနပ်လိုက်ကြပါတော့ အန်တီကြားထဲက တောင်းပန်ပါတယ်”

တဟင်းဟင်းရယ်သံ၏ နောက်ကွယ်က အပြုံးတွေဘယ်လို နားလည်မှုများနှင့် ဖလှယ်လိုက်ကြသည်ကို မမြင်ရပေမယ့် သိနေသည်။ ညီဘာမှ မပြောတော့ဘဲ ခုတင်ပေါ်ကဆင်းရပ်လိုက်သည်။ ပြိုင်ဆိုင်နေကြတာ မဟုတ်သော်လည်း အံမဝင်ဂွင်မကျခဲ့သည့် အဖြေဟာ ဘာလဲဆိုတာကတော့ တစ်နေ့နေ့မှာပေါ်လာမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

"ဘာမှပေါ်စရာမရှိဘူး ဒယ်ဒီ ဒီအမှုက အားလုံးပြီးနေပြီ"

"ဘာ"

ဦးမင်းသူ ဒေါ်သတကြီး အော်ဟစ်လိုက်ပြီးမှ မ[illegible]တ်လိုက်တာဆိုသည့် မျက်လုံးများနှင့်ကြည့်၍ ဒေါ်သကိုပြန်ထိန်းသည်။ ပြတင်းပေါက်ဆီကို ခြေလှမ်းကျဲများနှင့် လျှောက်သွားပြီး အောက်ထပ်ကို ငုံ့ကြည့်၏။

ခဏလေးရပ်နေပြီး ချက်ချင်းပြန်လှည့်လာသည်။ ဟနေသည့် တံခါးနားကို သွား၍ နားစွင့်၏။ ပြီးတော့မှ တံခါးကို ပိတ်ပစ်လိုက်ကာ

"သမီး နင်ဟာသိပ်ကိုပြောရခက်ပါလားဟင် လျှို့ဝှက်တဲ့စကားဆိုတာ သစ်ပင်အောက်မှာတောင် မပြောရဘူးတဲ့ မကြားတဲ့အရပ် မရှိဘူး မမြင်နိုင်တဲ့နေရာမရှိဘူး နင့်ကိုတော့ မပြောဘဲနေလို့ကို မရတော့တာ"





"ဒါဆိုလည်းပြောပေါ့ ဒယ်ဒီ အခုဘာတွေဖြစ်နေလို့လဲ ဘာအ ကြောင်းတွေနဲ့ ညီကိုသမီးက လက်ထပ်နိုင်ဖို့ ကြိုးစားရမှာလဲ ဟိုကအနတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ မိန်းမနဲ့ယောကျာ်းဖြစ်ပြီး မာ့ဖွယ်ကျာရေအပြောခံရတာ သိပ်ခံပြင်းဖို့ကောင်းတာပဲ သူမှ ချော တ်ဘူး သမီးမှာချစ်တဲ့ကြိုက်တဲ့လူတွေမှ အများကြီး သူမှချ ်ငထဲမှာ ာ မဟုတ်ဘူး သမီးလည်းချမ်းသာတာပဲ"

"လက်ထပ်မှဖြစ်မယ့်အကြောင်း ဒယ်ဒီပြောပြီးပြီလေ သိနေသား ဒါကိုပဲဘာဖြစ်လို့ မာနတွေထားနေရတာလဲ"

ဦးမင်းသူက ပြောနေရင်း ဒေါ်သကိုထိန်းမရသလို အားမလိုအား ရပုံစံနှင့် လက်တွေကော ခေါင်းတွေကော ပါလာသည်။ ပပရှေ့မှာ ကုန်း၍ မျက်နှာငုံ့လျက် တစ်ခုခုပြောချလိုက်တော့မလိုပြင်ပြီးမှ ခါး နမတ်၏။ လှည့်ထွက်သွားတော့မလိုပြင်ပြီး ဖျတ်ခနဲပြန်လှည့်သည်။

"သမီး ထပ်တူညီကိုလက်ထပ်ရမယ် သူလက်ထပ်ချင်ချင် မှုချင် င် ခုကနေစပြီး သမီးမာနတွေကို အရည်ဖျော်ထားလိုက် သူ့ကိုလက်ထပ် တစ်ခုပဲ ခေါင်းထဲမှာထား"

"အဲဒါ ဒယ်ဒီတို့မတရားတာ"

"ဟုတ်တယ် မတရားတာ ခုမှမဟုတ်ဘူး ညီမိဘတွေအပေါ်မှာ ပဲ မတရားလုပ်ခဲ့တာ"

အသံကတိုးသွားလိုက် ကျယ်သွားလိုက်နှင့် ဦးမင်းသူပေါက်ကွဲ လု ဒေါ်သတွေကို မရမကချုပ်တီးတသဲ့ဆီးနေရ၏။

"ပပမင်း"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြိတ်ကြိတ် ကပ်ခေါ်ပြီး ဦးမင်းသူ ပပထိုင်နေသည့်ရှေ့မှာ ဖက်ပေါ် လက်နှင့်ထောက်၍ ခါးကိုင်းလိုက်၏။

'သို့ မိဘတွေ ဘယ်သူလုပ်လို့သေကုန်ကြတာလဲ နင်မသိဘူးလား"

က မျက်ရည်တွေဝေ့နေသော မျက်ဝန်းများနှင့် ပြန်မော့ကြည့်

"အဲဒါကြောင့် သမီးအများကြီးလိုက်လျှောခဲ့တာပဲ ဒယ်ဒီ"

"ဟိုတုန်းကတည်းက ညီ့ကိုသမီး ဒီပုံစံနဲ့ပဲ ရင်းနှီးခဲ့တာ မဟုတ်ဘူးလား"

ဦးမင်းသူ လေသံကချော့မော့သလို နူးညံ့သွားပြန်က....

"ညီနဲ့ စေ့စပ်ရင် သမီးစိတ်ချမ်းသာမှာပဲ[illegible]ဘာသိလို့ စေ့စပ်ဖို့ ကမ်းလှမ်းခဲ့တုန်းကလည်း ဒယ်ဒီကပဲ [illegible]ဟာ။ အဲဒါ သမီးစိတ်ချမ်းသာဖို့ ဖခင်က ဆောင်ရွက်ပေးခဲ့တာလေ ထုံးစံမရှိတာကို ဒယ်ဒီလုပ်ခဲ့တာ အဲဒီတုန်းက သတ်မှုပြစ်မှုတွေ ရှိခဲ့လို့လုပ်တာလား ပြော"

"မသတ်ရသေးပေမယ့် ညီချမ်းသာတာကို ဒယ်ဒီတို့ လက်လွှတ်မခံနိုင်ခဲ့ဘူးလေ"

"ကြည့်စမ်း"

ဦးမင်းသူ အသားဆတ်ဆတ်တုန်သွား၏။ လက်သီးနှစ်ဖက်ဆုပ်၍ သမီးဖြစ်သူကို စူးစိုက်ကြည့်သည်။

"ဟုတ်ပြီ ဒယ်ဒီဝန်ခံတယ် အဲဒါကော ဘယ်သူ့အတွက်လဲ နင့်ကို ချမ်းချမ်းသာသာနဲ့ တစ်သက်လုံး မပူမပင်နေသွားစေချင်လို့လေ ပြီးတော့"





ဦးမင်းသူ အံကြိတ်လိုက်၏။ တစ်သက်လုံးမပြောဘဲ ဖုံးကွယ်ထားခဲ့သည့် အဖြစ်တစ်ခုကို ပြောလိုက်တော့ဖို့လည်း ဆုံးဖြတ်၏။ စော်ကားခံရသမျှထဲမှာ စေတနာစော်ကားခံရတာလောက် ရင်နာကြေကွဲဖွယ်ကောင်းတာမရှိဟုထင်သည်။

သမီးဖြစ်သူစော်ကားလိုက်သည့် စကားလုံးတို့က သူ့ရင်ထဲမှာ မျိုသိပ်ထားသမျှတို့ကို ရိုက်ပုတ်စိန်ခေါ်နေသကဲ့သို့ပင်....

"နင့်ရဲ့သိက္ခာ နင့်ဘဝလေးပျက်သွားမှာစိုးလို့ အားလုံးနင့်ကိုငဲ့လို့ ဒယ်ဒီလူသတ်ခဲ့တာ"

ခေါင်းငုံ့နေသည့် ပပမျက်နှာလေးဆတ်ခနဲမော့လာသည်။ ယုံကြည်အံ့သြသွားတာမျိုးတော့ မဟုတ်ပါ၊ အဓိပ္ပာယ်မရှိစွာ ပြောလာသည်ဟု ယူဆကာ ပြန်လည်ချေပစကားဆိုဖို့ဖြစ်၏။ ဦးမင်းသူက ပပကို ဘာမှအပြောမခံဘဲ....

"မယုံဘူးလားသမီး အဲဒီလို စိမ်းကားရန်လိုတဲ့မျက်လုံးနဲ့မယုံမကြည် မကြည့်နဲ့ နင့်ရှေ့မှာရပ်နေပြီး ပြောနေတာ နင့်အဖေ သိရဲ့လား မိဘကိုစော်ကားတာနဲ့ပဲ အပြစ်ကကြီးနေပြီ၊ စေတနာကိုထပ်မစော်ကားနဲ့၊ အခု နင့်မာမီ နင့်ဘဝအတွက် ဘယ်လောက်လုံးပန်းနေသလဲ ဘယ်လိုလှည့်ပတ် လှုပ်ရှားနေသလဲ အဲဒါတွေ နားလည်လား"

"မလည်တော့ဘူးဒယ်ဒီ သမီးက အဲဒီလိုဘဝရောက်နေပြီလား၊ သမီးရဲ့ မိဘတွေက ဘာအဆင့်မှမရှိတဲ့ အခြေအနေမျိုးတွေ ဖြစ်ကုန်ပြီလား"

မေးနေရင်း ပပမျက်ရည်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုလုံးမှန်တယ်၊ ဒီထက်ပိုရှင်းအောင်သိချင်သေးလား နား ထောင် ဒယ်ဒီမှားပြုမှုနဲ့ ထောင်ကျခဲ့ဖူးတယ်"

"ဟင်"

ပပ မယုံနိုင် မျက်လုံးတွေပြူးကျယ်လျက် 'ဟင်'တစ်လုံးက လေသံမျှပဲထွက်လေသည်။

"ကျောက်တွင်းတူးဖို့ စုရုံးပြီးခရီးထွက်ကြတော့ မြတ်က ကိုယ် ဝန်နဲ့ ဟိုမှာရာသီဥတုကဆိုး အလုပ်က အဆင်မပြေနဲ့ တမင်းတစ်နပ် ကို မဝတဝစားပြီး ကျောချင်းကပ်နေကြရ... မွေးဖွားတော့မယ်ဆို မှ ငွေမရှိ မြေမရှိနဲ့ ဒုက္ခရောက်မှာစိုးလို့ ကြံရာမရဖြစ်ပြီး လုဖ်ဖော်ကိုင် ဖက် သုံးယောက်စုပြီး မှားပြတိုက်"

"တော်ပါတော့ ဒယ်ဒီ သမီး...သမီးမကြားရဲဘူး မပြောပါနဲ့တော့"

"ဆုံးအောင် နားထောင်လိုက်ပါဦး သမီးစော်ကားလိုက်တဲ့ ဓေ တနာတွေရဲ့ အတိမ်အနက်ဘယ်လောက်ရှိသလဲဆိုတာ ပိုသိတာပေါ့"

"ဦးမင်းသူ မျက်ရည်ဝဲနေလျက် တကယ့်ကို နင့်သည်းစွာခံစား နေရရှာသည်။ ပပနှုတ်ခမ်းတို့ကို လက်ဝါးနှင့်ဖိအုပ်ကာ ရှိုက်ငိုမိလေ သည်။

"ထောင်ကထွက်တော့လည်း ဒီဘဝကိုရောက်ဖို့ တရားသဖြင့် ကော မတရားတာကော အကုန်လုပ် လူလည်ကျပြီး နင်းဖြတ်တက်ခဲ့ ရတာ နင့်မိဘတွေသိပ်ချမ်းသာတာပဲ ထင်နေသလား ထပ်တူညီခဲ့ တဲ့ လူကုံထံတစ်ဦးတည်းသောသားကို မာနပြိုင်ချင်သေးလား"

"ဒါ..ဒါဆို ညီ့မိဘတွေကို ဒယ်ဒီသတ်ခဲ့တာက"





"အဲဒါလည်း သမီးဖေါ်နဲ့ပဲ သူက ဒယ်ဒီ့အတိတ်ဇာတ်ကြောင်းကို ...စ်နေရာက သိလာပြီး တူးဖော်တယ် အားလုံးစီစဉ်ပြီးနေတဲ့ မင်္ဂလာ ...ဘိစ္စကိုလည်း သူ့ဘက်ကစဖျက်တယ်လို့ ကြေညာတယ်လေ အဲဒီ ...တွက် နစ်နာကြေးဘယ်လောက်ဖြစ်ဖြစ် သူပေးမယ်တဲ့ သူ့သား ...ဝထက် ဘာမှအရေးမကြီးဘူးတဲ့"

ပပ ဘာမှမမေးမြန်းနိုင်တော့ဘဲ ဒယ်ဒီ့မျက်နှာကိုသာ ငေးကြည့် ...မိတော့သည်။ ဒယ်ဒီ ဦးညီညီကို ကားနဲ့တိုက်သတ်ပစ်လိုက်တာ ...မသိထားခဲ့သည်။ စီးပွားရေးပြဿနာရှင်းမရဖြစ်ပြီး လက်လွှန်သွား ...လိုလိုပဲ သူမသိခဲ့တာပါ။ အတိတ်ကကိစ္စတွေကိုကော လူသတ်ခဲ့ ...ည့် အကြောင်းရင်းကိုကော မိဘနှစ်ပါးလုံးက သူမကို ဘာမှသေချာ ...ပြောပြခဲ့ပေ။

ဦးမင်းသူကတော့ အားလုံးကိုရင်ဖွင့်ဖို့ ဆုံးဖြတ်ထားသည့်နှယ်။

"သူ့သားဘဝက သူ့အတွက်အရေးကြီးသလို ငါ့သမီးဘဝက ငါ့ ...ဝထက်အရေးကြီးတယ်ဆိုတာကို မတွေးမိခဲ့တာတော့ သူ့အသက် ...းသွားရတာပေါ့ သူပုံပေးမယ့် လျော်ကြေးကိုယူပြီး ကျေနပ်နိုင်မ ...း သစ်ကိုင်းတစ်ကိုင်းလုံး ဆုပ်မိနေကာမှ အရွက်လေးခြွေယူပြီး ...ည့်ပြန်မယ့်လူရှိမလား ကိုယ့်အတွက် လိုအပ်နေကာမှတော့ အကိုင်း ...ချိုးယူသွားမှာပေါ့ မဟုတ်ဘူးလား ဒါကြောင့် အတိတ်က အညစ် ...ကြေးကြောင့် ကိုယ့်သမီးသိက္ခာမကျ အရှက်မရအောင် တစ်သက် ...ဖွေဘုံပေါ် မှာစံရအောင် ဒယ်ဒီလူသတ်ခဲ့တာ အိမ်မှာအတူ အရက် ...ာက်ရင်း စကားတွေ အချေအတင်ဖြစ်လာတော့ သူ့ကိုပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ အဲဒီမှာ လက်စတုံးပစ်လိုက်တာပေါ့ သူမိန်းမကလည်း နှ ရောဂါသည်ဆိုတော့ ကိုညိုအလောင်းကိုမြင်ပြီး တစ်ခါတည်းလို သွားတယ်။ လင်မယားနှစ်ယောက်လုံးကို သတ်လိုက်မိသလို ဖြစ်သွ တာပေ့ါ။ အရက်မူးပြီး ကားချင်းတိုက်လို့ လမ်းပေါ်မှာသေနေတာ ဆိုတဲ့ကိစ္စက ရှင်းရှင်းလေးပဲ ထပ်ရှုပ်လာတာက ဒေါ်မယ်စောဆို အဘွားကြီး။ ဒီအဘွားကြီးက မ ရဲ့လူယုံ သူက ကိုညိုဒိုင်ယာ ရထားပြီး ဘာလုပ်မယ် ညာလုပ်မယ် အသံထွက်လာတော့ သူ ရှင်းပစ်လိုက်ရပြန်တယ်”

“ဒယ်ဒီရယ်”

ပပ ဝမ်းပန်းတနည်း ရှိုက်ငိုနေဆဲဖြစ်၏။ သူမပြောဆိုလို သည့် စကားတို့အပေါ်မှာ ဒယ်ဒီဘယ်လောက်ထိ ခံစားသွားရ လည်း စာနာနားလည်မိသည်။

“အဓိကကတော့ ညီနဲ့သမီးလက်ထပ်ဖြစ်ဖို့ပဲ မင်္ဂလာကိ အားလုံးသေချာပြီးနေပြီဆိုတော့ ဆက်လုပ်ကြရုံပဲရှိတော့တာ အ မယ့်သူလည်းမရှိတော့ဘူး ညီနဲ့သမီးလက်ထပ်ပြီးပြီဆိုရင် ဒီပြဿ တွေ မပြောမဆိုကောင်း ပေါ်လာရင်တောင် သူဖွင့်ဟနိုင်တော့ မဟုတ်ဘူး အဲဒါ သမီးက ခရာပဲ သူ့ကိုသမီးက ဇနီးမယားပီပီ ထိ အောင် စည်းရုံးသိမ်းသွင်းထားနိုင်ဖို့လိုတယ် ဒယ်ဒီရင်းနှီးခဲ့တာ သမီးပြန်လုပ်ပေးသင့်တာတွေ အခုနားလည်ပြီလား သမီးကို ညီ လက်ထပ်ဖြစ်အောင်ပဲ ကြိုးစားခိုင်းနေတာ ဘာလဲဆိုတာ အခု လား ပြောစမ်းသမီး”





“သိပါပြီဒယ်ဒီ ဒါပေမဲ့ ညီက အဲဒီလိုမိန်းမပြောတိုင်း နားဝင်ယိုင် ပြီး ပါလာမယ့် ယောကျ်ားမျိုးမဟုတ်ဘူး အဲဒါသမီးသိတယ် သူနဲ့ သမီးနှစ်တွေအများကြီး တွေ့မြင်ဆက်ဆံနေခဲ့တာပဲ သမီးသိတယ် သူ အဲဒီလို မညံ့ဘူး လက်ထပ်ပြီးကာမှလည်း ညာတာမယ်လို့ မထင် ဘူးဒယ်ဒီ အဲဒီကိစ္စတွေကို အခုကော သူရိပ်မိမနေဘူးလို့ ပြောနိုင်မ လား သူပုံစံပြောတာ ဆိုတာကို ဒယ်ဒီပဲ ပြန်တွေးကြည့်ပါဦး”

“ရိပ်မိနေလည်း သူမသိခင်လက်ထပ်လိုက်ရင်ပြီးတာပဲ အခုမျက် လုံး ပတ်တီးဖြေပြီးတာနဲ့ လက်ထပ်ဖို့ရက်က သတ်မှတ်ပြီးသား သူငြင်း တာမှမဟုတ်ဘဲ”

“သူမျက်လုံးကကော ပြန်ကောင်းမှာသေချာလို့လား ဒယ်ဒီ”

“ကိုးဆယ်ရာနှုန်းသေချာတယ်လို့ ဆရာဝန်ကပြောတာပဲ ဒါကို ဆရာမလိုဘူး လက်ထပ်ဖြစ်အောင် ကြိုးစားဖို့က ထားတစ်ယောက်လုံး က ဒယ်ဒီတို့ဘက်မှာရှိတယ်လေ ထားက အလွန်ရိုးသားလွန်းတဲ့ အချစ်မျက်ကန်းပါ”

ဒါကိုပြောတိုင်း ဦးမင်းသူစိတ်တော့မကောင်းပါ။ ဆယ်တန်းတက် နေကြတုန်းမှာပဲ ဒေါ်ထားထားနွဲ့ကို ဦးမင်းသူ မရမက ချစ်ရေးဆိုခဲ့ သည်။ ထိုစဉ်ကတည်းက သူ့မွေးသမီးဆို မျက်စိကျပြီးသားဖြစ်သည့် သူ့ဘဝက နုံချာခဲ့တာ။

ဒါပေမဲ့ ဒေါ်ထားထားနွဲ့ မိဘတွေက သတင်းကြားတာနှင့်သမီး ဖြစ်သူကို ချက်ချင်းကျောင်းပြောင်းပစ်သည်။ ဦးမင်းသူကတော့ ဘယ် ရောက်ရောက် တကောက်ကောက်လိုက်တာပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်သည်က ထိုအချိန်မှာပဲ ပန်းနာရင်ကျပ်ရှိသည့်အဖေလည်း ဆုံးသွားသည်။ အဖေတစ်ခု သားတစ်ခုမှာ အိမ်ငယ်လေးတစ်လုံးသာ ပိုင်ဆိုင်ခဲ့သည့် ဦးမင်းသူမှာ ကြုံရာကျပန်းလျှောက်လုပ်ရင်း နောက်ဆုံး အထည်ဟောင်းရောင်းသည့် ဒေါ်မြတ်မြတ်မင်းနှင့် ဖူးစာဆုံခဲ့၏။

တကယ်တော့ အချစ်က ထိုအခါမှ စခဲ့တာပါ။ ဒေါ်ထားထားနွဲ့ကို ကြိုးစားခဲ့တုန်းက သူဌေးသမက်ဖြစ်ဖို့။ မိန်းမယူလိုက်တာက ချစ်မြတ်နိုးမိသောကြောင့် ရာသက်ပန်ပေါင်းဖို့၊ ဒေါ်ထားထားနွဲ့ကတော့ ဦးမင်းသူ သူမကြောင့် ပညာလည်းဆုံးခန်းမတိုင်ပဲ ဘဝပျက်သွားသည်ဟု တရားသေတွက်သွားသည်။ ထို့ကြောင့် သူမဘဝကို တစ်သက်လုံးအပျိုကြီးလုပ်ဖို့ ဆုံးဖြတ်၍ မိဘကိုဆန့်ပြခဲ့သည်။ သူနှင့်ပြန်ဆုံချိန်မှာ မဟုတ်မဟတ်ညာလုံးလိမ့်လုံးတွေသုံးပေးလိုက်တော့ ဒေါ်မြတ်မြတ်မင်းနဲ့ အိမ်ထောင်ကျနေတာကို သူမကတောင် ပြန်သနားသွားသေးသည်။

ထို့ကြောင့် ကွယ်ရာမှာသူတွေးမိတာက ဒေါ်ထားထားနွဲ့က အချစ်မျက်ကန်းဟု....

သူမကြောင့် ဘဝပျက်သွားခဲ့သည်ဟု ထင်နေဆဲမို့ ဦးမင်းသူတို့မိသားစုအတွက်ဆို ဘာပဲဖြစ်ဖြစ် ပေးဆပ်ဖို့အဆင်သင့်.....

ဦးညီညီ သေဆုံးခဲ့သည့်ကိစ္စမှာ တချို့ကို ဒေါ်ထားထားနွဲ့သိထားခဲ့သည်။ ဒါပေမဲ့ ဦးမင်းသူက ဒေါ်ထားထားနွဲ့ အညာကိုသိပြီးသားမို့ မုသားတွေသုံး၍ လုပ်ဇာတ်ခင်းလိုက်သည်။

"သူက ဟိုတုန်းက ထားနဲ့ချစ်ခဲ့ဖူးတဲ့ လူဆင်းရဲလေးတစ်ယောက်





ဟာ မောင်မှန်းသိသွားတယ် ထားရယ် မျိုးရိုးနိမ့်တယ် ဘာညာနဲ့ မှူးရိုးမျှစ်ရိုးပြောပြီး သမီးလေးနဲ့ မင်္ဂလာပွဲကိုဖျက်မယ်တဲ့လေ ဟိုတုန်းက ထားကိုမချစ်ရဘူးဆိုပြီး ရက်ရက်စက်စက် မောက်မာခဲ့ဖူးတဲ့ စကားလုံးတွေကို မောင်မမေ့နိုင်ဘူး ချစ်သူကို ရင်ကွဲခံပြီး ထားရစ်ခဲ့ရတဲ့ ဒီစကားတွေကို မောင် နောက်ထပ်မကြားချင်တော့ဘူး ဒေါသကို ဘယ်လိုမှ ထိန်းမရလို့ မောင် လက်လွန်သွားတယ် ဒါတွေမောင့်ကို တရားခံလို့ ဘယ်သူမှ မထင်ကြပါဘူး"

သူ မျက်ရည်တွေ လေသံတွေ ဝေ့ဝဲတုန်ခါပြလိုက်တာနှင့် ယောင်းမဖြစ်သူပြောသွားလို့ သိထားခဲ့သည့် အကြောင်းအရာတွေ အားလုံးဟာ ဒေါ်ထားထားနွဲ့ ခေါင်းထဲကနေ နှလုံးသားထဲမှာ အချစ်စိတ်နှင့် ပျော်ကျသွားခဲ့၏။

"ဒါပေမဲ့ အခုထားက ဟုတ်သလားလို့မေးလာတော့ မောင် ထားကို မညာရက်ဘူး ထားအပြစ်ပေးမယ်ဆိုပေးပါ အခုပဲ ထောင်ချမယ်ဆိုချပါတော့ မောင်လူသတ်ခဲ့တာ ထားရဲ့အစ်ကိုပဲ ဒါပေမဲ့ ထားကို ချစ်တဲ့စိတ်တွေနဲ့ မှားခဲ့တာ မောင့်ရင်ထဲမှာ ဟိုတုန်းကအနာတွေက ဒီတိုင်းပဲရှိသေးတယ် ထားရယ်"

အိမ်ထောင်ကျခဲ့တာတောင် ဒေါ်ထားထားနွဲ့စိတ်နဲ့ သောက်စားမှားယွင်းပြီး မချစ်ဘဲ ယူခဲ့ရတာဟု သိထားသူမို့ သူမကခွင့်လွှတ်သည်။ ထို့ကြောင့် လူသတ်မှုကိစ္စကိုလည်း အစမပေါ်အောင် လက်ထပ်ပြီးသွားမှ မိန်းကလေးရှင်ဘက်က အရှက်မရမှာမို့ အားလုံးအတွက် ဒေါ်ထားထားနွဲ့က ကူညီနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်လမ်းတွေဟာ လူကြီးတွေရင်ထဲမှာပဲ ရှိခဲ့တာပါ။ ကိုယ်မချစ်ခဲ့ပေမယ့် ဒေါ်ထားထားနဲ့ သူပြောတိုင်းယုံကြည်ပြီး အားလုံးကို စတေးပစ်နေသည့်အဖြစ်ကို တွေးမိတိုင်း စိတ်တော့မကောင်း၊ သူတို့အတွက်ပိုဆိုးသည်က ဒေါ်မယ်စောကို သတ်မိသည့် အဖြစ်ပဲဖြစ်၏။

ဦးညိုညို၏ ဒိုင်ယာရီကိုယူပြီး ဒေါ်မယ်စောက ခြေရာဖျောက်ဖို့ကြိုးစားသည်။ လူကိုလည်းသတ်လိုက်မိ၏။ ဒိုင်ယာရီစာအုပ်ကို မတွေ့၍ သူမနေသည့် တဲကလေးကိုလည်း မီးရှို့ပစ်ခဲ့သည်။

အမှတ်တမဲ့မှုဖြစ်ခဲ့သော ဦးညိုညိုကားချင်းတိုက်ပြီး သေဆုံးမှုဟာ အစပြန်ပေါ်လာခဲ့၏။ ဒိုင်ယာရီကိုစွန့်အေးသွားပြီထင်ပေမယ့် ဒေါ်မယ်ဟာကို သတ်မှုနှင့် ရဲတွေက အမှုကိုအစက ပြန်လိုက်နေကြပြီ။

ဒါတွေကို ပပမသိသေးပါ။ သိရင်ဘယ်လိုနေမလဲ။ ဦးမင်းသူစကားတွေ အများကြီးပြော၍ ဟူးခနဲ သက်ပြင်းမှုတ်ထုတ်၏။ ပြီးတော့ပြတင်းပေါက်မှာ သွားရပ်ကာ သက်ပြင်းမှုတ်လို့လည်း မချောင်သာသည့်ရင်ဘတ်ကြီးကို မို့မောက်တက်သွားအောင် အသက်ဝဝရှူမိ၏။

အခြေအနေက ကိုယ့်ဘက်မှာ မရှိတော့ပါ။ ညီနဲ့ပပလက်ထပ်ပြီးသည့်နောက်ပိုင်းကာလလေးဟာ နောက်ဆုံးဆုပ်ဆွဲမိနိုင်သည့်ကောက်ရိုးတစ်မျှင်ပဲဖြစ်သည်။ ညီသာ သမီးကို မြတ်မြတ်နိုးနိုး ချစ်သွားခဲ့ရင် ပြီးပြီ....





အခန်း (၁၆)

"မသွားပါနဲ့ဟာ အစ်ကိုလေး သေသေချာချာ မှာထားလို့ပါ"

"သွားမှာပဲ အဲဒီအစ်ကိုလေးက သူ့အလုပ်သူလုပ်နေတာ သူလည်း သွားချင်သွားတာပဲ မယ်ကျတော့ အိမ်မှာချက်ပြုတ်ဝင်ကူပေးတော့လည်း မျက်နှာမရ ထိုင်နေပြန်တော့တစ်မျိုး မယ်အဲဒီလောက်ထိ အောက်ကျနောက်ကျနဲ့ ဘယ်တုန်းကမှ မနေခဲ့ဖူးဘူး ဘာလဲ မယ် ပစ္စည်းတစ်ခုခုယူထွက်သွားမှာစိုးလို့လား ရော့ လာ လက်မြှောက်ထား မယ် ကြိုက်သလောက်ရှာ သွားကိုသွားမှာ ဖွင့်မပေးလည်း ခြံကျော်ထွက်မှာပဲ"

လွင်ဦးစိတ်ပျက်သွားမိတော့သည်။ မယ်က လက်နှစ်ဖက်လုံးကို နားနှစ်ဖက်နားမှကပ်ထောင်၍ မြှောက်ပေးထား၏။ နှုတ်ခမ်းကို ဖိပိတ်လိုက် စုထော်တွန့်လိမ်၍ ဆုံးဖြတ်ပြီးသားဆိုတာကို မမြင်မြင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြသနေလေသည်။

ဒီကောင်မလေး မသိလို့ပါ အစ်ကိုလေး မယ်ဘွဲ့ဆိုတဲ့ ကောင်မလေးကို ဂရုတစိုက်ရှိတာ အပြင်ကိုပဲ သွားနေနေ ဘယ်အချိန်ပြန်လာလာ...

"မယ့်ကို ဂရုစိုက်လိုက်နော် အပြင်ထွက်မလာစေနဲ့"

"မယ် ထွက်လာသေးလား ဘာပြောလဲ သူမခိုင်းလည်း ဘာလိုလဲ မင်းမေးပြီး လိုတာလုပ်ကိုင်ဝယ်ခြမ်းပေးလိုက်"

ခြံထဲကိုဝင်တိုင်း ထွက်တိုင်း မပျက်မကွက် ဂရုစိုက်နေတတ်တာ လွင်ဦးဆိုတဲ့ကောင်မသိဘဲ နေ့မလား...

ဒီအိမ်မှာ အစ်ကိုလေးမျက်စိကွယ်သွားမှ ကြင်နာစကားနဲ့ ဆက်ဆံနေတာလည်း မယ်ဘွဲ့ဆိုတဲ့ ကောင်မလေးပဲ ရှိပါတော့သည်။

ဒါကိုများ အလိုလိုက်စောင့်ရှောက်မှန်းမသိလောက်အောင် ဆိုးဝါးလေခြင်း....

"ကဲပါ လက်ကြီးချလိုက်စမ်းပါ အစ်ကိုလေး အပြန်ဝင်လာရင် ငါကပဲ ဒဏ်ပေးနေသလိုလို ထင်သွားဦးမယ်"

"မျက်စိမှမမြင်တာ ဘာသိမှာလဲ"

"အေး ဟုတ်သားပဲ ဘာဖြစ်ဖြစ် လက်ချလိုက်ပါ"

"ဖွင့်ပေးမှာလား"

"နင်ကလည်း ခက်တာပဲ အစ်ကိုလေးက နင့်ကိုမသွားမလာစေချင်လို့ အပြင်သွားခါနီးတိုင်း မှာတာ ငါတောင် အံ့သြတယ် ဒီအိမ်မှာ"

စပြောလိုက်ပြီးမှ စကားကရပ်တန့်သွား၏။ ပြီးတော့ ပတ်ဝန်း





ကျင်ကို မသိမသာငေ့ကြည့်၍ လေသံကိုနှိမ့်ချကာ....

"အစ်ကိုလေးက အခုက ဘယ်သူ့ကိုနင်ဂရုစိုက်နေသလဲ နင်ဟာ ဒီလောက်နေလာပြီးမှ တော်တော်အကဲမခတ်တတ်တာပဲ ဘယ်သူဘာပြောပြော အစ်ကိုလေးက ဒါဆိုရင် ဘယ်သူမှ စောဒကမတက်ရဲဘူး နင့်ကို မကြည်ဖြူလို့ ရွဲ့စောင်းနေတာဘာဖြစ်လဲ မကြားသယို့ မသိသလို နေလိုက်လို့ ညည်းဆင်းသွားလို့ ပြောရဲတဲ့လူရှိရင် ငါ့ကိုလည်ဖြတ်"

မယ်က လက်မြှောက်လျက်လေးနဲ့ မျက်စောင်းကြီးချိန်၍ မငေါ့မနပ်ကြည့်၏။

"ခင်ဗျားလည်ပင်းကြီးဖြတ်ပြီးဘာလုပ်ရမှာလဲ လူဆိုတာ ငြ သိရတာ မဟုတ်ဘူး ဆင်းသွားလို့မပြောပေမယ့် ပြောတာထက် အရှုး ကြီးဆိုးတယ်သိလား မယ့်မှာသာ"

ဟိုကိစ္စ ရှိမနေရင်လို့ ပြောမိတော့မလိုဖြစ်သွားပြီးမှ ပါးစပ်ပြန်ပိတ်လိုက်ရသည်။ လွင်ဦးက ဒါတွေသိထားတဲ့သူမဟုတ်...

"မယ်ဘွဲ့"

"ဘာတုန်း"

"လက်ကြီးပြန်ချလိုက်ပါ အိမ်ထဲကလူတွေ လှမ်းကြည့်လို့ ပြောစရာဖြစ်ဦးမယ် နင်သွားလို့မဖြစ်ဘူး အစ်ကိုလေးက ဒါဆိုဒါ ဟိုဟာထပ်လုပ်ရင် ငါသေပြီ"

"သေလိုက်ပေါ့"

"နင်ကလည်း ခေါင်းမာလိုက်တာ အစ်ကိုလေးရှိနေတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လို အတိုက်အခံလုပ်ပါလား"

"သူရှိနေတော့ အားလုံးက အဆင်ပြေနေတယ်လေ ဘာသံမှလည်း မထွက်ကြဘူး ဘယ်မျက်နှာကိုမှလည်း မမြင်ရဘူး သူလည်း မရှိရော မြင်ရကြားရတာတွေက နည်းနည်းမှ မေတ္တာသံမပါဘူး"

"အဲဒါကြည့်ပေါ့ အစ်ကိုလေးပြီးရင် ပြီးကြတာပဲ နင်လည်းပြီးလိုက်တော့"

"ဘာ"

"မဟုတ်ဘူး ကျန်တာအားလုံးသည်းခံလိုက်ပါလို့ပြောတာ"

တာ မယ်က မကျေနပ်သေးသည့် မျက်နှာနှင့် လက်ကိုဆောင့်အောင့်၏။

"အိမ်ထဲမှာဘယ်သူမှ မရှိကြဘူးမို့လား နင်က ဘာဖြစ်လာတာလဲ"

"အခု မရှိကြဘူးလေ မိုးမိုးတစ်ယောက်ထဲရှိတယ် ညနေကျရင်တော့ ပြန်လာကြမှာပဲဥစ္စာ"

"အစ်ကိုလေးမျက်စိခွဲတာ ဘာလို့လိုက်မသွားတာလဲ"

"တမင် မလိုက်တော့တာ"

"အစ်ကိုလေးက မခေါ်လို့လား"

"ဟုတ်တယ် လိုက်တော့လိုက်စေချင်တယ် ဒါပေမဲ့ မလိုက်နဲ့တဲ့ မယ်ကလည်း လူတောထဲမထွက်ရဲ"

စကားတွေလွန်သွား၏။ ကပျာကယာ ဘရိတ်အုပ်လိုက်ပြီး မယ်မျက်နှာလေးပါ လွှဲပစ်လိုက်မိသည်။ လွင်ဦးမျက်နှာမှာ စူးစမ်းဟန်တွေတော့ ဖြစ်သွားခဲ့၏။ ဒါပေမဲ့ ချက်ချင်းပြန်ပျောက်သွားကာ...





"နင်က မလိုက်ရလို့ စိတ်ကောက်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး မယ်က လိုက်မှာပဲလို့ပြောတော့ ကိုညီက ဘာမှ မပြောဘူး အန်တီထားက...."

မယ်က ဆက်မပြောတော့ဘဲ မဲ့ရွဲ့ရပ်ပစ်၏။ လွင်ဦးသဘောပေါက်ပါသည်။

"မလိုက်တာဘဲ ကောင်းပါလေဟာ ခုလောက်ဆို ဆေးရုံမှာ ယူတွေဝိုင်းနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

မျက်လုံးထဲမှာ အရိပ်တွေမြင်လာရသည်။ ဒီဘက်မှာနှစ်ယောက် ဟိုဘက်မှာ ခြောက်ယောက်။ ဆရာဝန် ဆရာမတွေကော အိမ်သားတွေကော စုံညီနေမယ်မှန်းသိသည်။ ကြည့်လိုက်တော့ ဘယ်သူ ဘယ်ဝါခွဲလို့မရသေး။

"ဖြည်းဖြည်းပဲကြည့် သိပ်စူးစိုက်မကြည့်နဲ့ လူလေး မြင်ရလား တဖြည်းဖြည်းပေါ်လာရဲ့လား ပထမဝါးတားတား တဖြည်းဖြည်းကြည်လာမယ် ဘယ်လိုလဲ"

ဆရာဝန်ကြီး၏ စိတ်ရှည်တက်ကြွစွာ မေးနေသံကို ကြည်လင်ပီသစွာ ကြားနေရသည့် မြင်ကွင်းကတော့ ဝေဝါးနေဆဲ.....

"ညီ...ညီရှေ့မှာ ပပထိုင်နေတာ ကြည့်ပါဦး မြင်ရပြီလားလို့ ပပကလေ ညီမျက်စိအေးအောင်လို့အပြာရောင် ဖျော့ဖျော့လေးဝတ်လာတာ"





ညီမျက်လုံးတွေ သူမဆီရောက်လာ၏။ သို့သော် မျက်ဝန်းတို့က တည်ငြိမ်မှုမရှိ...

"သား... ညီ... သားမြင်ရလားဟင် အန်တီတို့ကိုမြင်ရရဲ့လား"

အခန်းထဲမှာ တိတ်ကျသွားပြန်သည်။ ဦးမင်းသူနဲ့ ဒေါ်မြတ်မြတ်မင်းတို့ စကားပင်မပြောနိုင်တော့ပါ။ ပပဖျတ်ခနဲ မော့ကြည့်လိုက်သည့် ချောက်ချားသော မျက်ဝန်းတို့မှ အကြည့်တစ်ချက်မှာ ကမ္ဘာပျက်မတတ်ဖြစ်သွားခဲ့ကြ၏။

ညီ့ကိုမျက်လုံးကောင်းစေချင်လွန်းလို့ မဟုတ်ပါ။ မျက်လုံးကောင်းမှ လက်ထပ်ဖြစ်မှာမို့ စိုးရိမ်နေမိခြင်းဖြစ်သည်။ မျက်လုံးထိခိုက်သွားတုန်းကလည်း သူတို့ကတော့ စိစဉ်ပြီးနေသည့်အဖြစ်ကို အကြောင်းပြ၍ မင်္ဂလာကိစ္စကို ဒီတိုင်းနဲ့ပဲ လုပ်လိုက်တော့ဖို့ ပြောခဲ့သေးသည်။

"ကျွန်တော့်ဘဝ ဒုက္ခိတဖြစ်သွားတာကို လက်ခံကြမှာပဲဆိုတာ ကျွန်တော်ဝမ်းသာပါတယ် ဒါပေမဲ့ ကျွန်တော်က ကိုယ့်ဒုက္ခကို သူများမပေးချင်ဘူး ကိုယ့်အညီအဟောက်ဖြစ်လာပြီဆိုရင် ကိုယ့်အနံ့ သူများဆီ မရောက်ခင်ဝေးဝေးရှောင်သွားချင်တာ"

ညီက ဒါကိုပဲ အကြောင်းပြပြီး ပြန်ရှောင်ထွက်ခဲ့၏။ ခုတော့...

"ကျွန်တော် မမြင်ရဘူး ဒေါက်တာ"

"ဟေး"

"ဟင်"

"ညီ...ညီတကယ်လားဟင်"

ပပ အလန့်တကြားထရပ်လိုက်မိသည့်အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်"

"ညီ...ငါရှိတယ်..ဒီမှာရှိတယ်"

အသံက ခပ်လှမ်းလှမ်းမှာပေမယ့် ကိုအောင်ညီ့ဘေးကို ချက်ချင်း ရောက်သွား၏။ ဆရာဝန်ကြီး ခေါင်းတခါခါဖြစ်သွားကာ အားလုံး နှစ်သိမ့်သောအကြည့်နှင့် ဝေ့ကြည့်သည်။ ဒေါ်ထားထားနွဲ့ ဦးမင်း ကိုကြည့်၏။ အကြည့်များစွာ ကူးလူးသွားကြပြီး စကားသံတို့ကတော့ တိတ်ကျသွားခဲ့လေသည်။

◎ ◎ ◎





အခန်း (၁၈)

ညှော်ခန်းကနေ လှမ်းမြင်လိုက်ရသည့် မြင်ကွင်းကြောင့် မယ် အံ့တသြ သေချာပြန်ကြည့်မိ၏။ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ရှေ့ကားမှာ ကိုအောင်အရင်ဆင်းလာပြီး ညီ့ကို ခါးဖွင့်ပေးတာတွေ့၏။

နောက်ကားမှာတော့ တစ်စီးတည်းမှာပဲ လူတွေတော်တော်များ ဆင်းလာကြသည်။ ပပက အပြေးလေးသွားပြီး ညီ့ကိုတွဲလိုက် တွေ့ရပြန်သည်။ ညီက ပပလက်ကို အသာဖယ်ချကာ ကိုအောင် ထားသည့်လက်ကိုလည်း ရုန်းထွက်သည်။

အပေါ်ကို ခပ်စမ်းစမ်းတက်လာတော့ မယ်ဆိုဖာပေါ်ကနေ ထရပ် မိ၏။ ကိုညီ မျက်လုံးပတ်တီးဖြေပြီးပြီ မမြင်ရတော့ဘူးလား။ မိစိတ်လေးနှင့်အတူ လှမ်းထွက်လိုက်မိသည့် ခြေလှမ်းတို့က မီး



www.burmeseclassic.com

www.burmeseclassic.com



တောက်မတတ် မျက်လုံးများကြောင့် တစ်ချက်တော့ တုံ့သွား၏။

ရှေ့ဆုံးက ညီရောက်လာသည်။ ညီ့နောက်ဘေးကျကျလေးမှာ ကိုအောင်နှင့် နောက်လှမ်းလှမ်းမှာ အားလုံးပါလာကြ၏။ မယ်က ညီ တစ်ဖက်ဘေးမှာ သွားရပ်လိုက်ပြီး....

"ကိုညီ"

မယ့်အသံလေးကြားတော့ ညီ့ခြေလှမ်းတုံ့သွား၏။

"မင်းလိုက်ခဲ့မယ်ဆိုပြီး ဘာလို့ကျန်ခဲ့တာလဲ"

မယ်က အလုပ်မရှိအလုပ်ရှာ၍ လက်ဖဝါးလေးနှစ်ဖက်နောက် ပစ်ဆုပ်လိုက်ကာ ခါးလေးမတ်လိုက်သည်။ ပြီးမှ အရိုန်ယူလိုက်ပြီး သည့် ဟန်လေးနှင့်....

"အိမ်ကနေပဲ စောင့်တော့မယ်လို့ စိတ်ကူးမိလို့လေ ခင်ဗျား ခင်ဗျားအစ"

"အရင်တိုင်းပဲ"

ခပ်ပြတ်ပြတ်ပြောပြီး ညီက ဆက်လျှောက်၏။ ကိုအောင်က မယ်နှင့် မျက်လုံးချင်းဆုံအောင်ကြည့်၍....

"ညီ ငါပြန်မယ် မင်းလိုတာရှိရင် ဖုန်းဆက်ပေါ့"

ညီက လှည့်မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။ မယ်က ညီဘေး ကို ကပ်သွားပြီး....

"အပေါ်တက်မလို့လား"

"အင်း"

ညီ့လက်မောင်းကို ဖွဖွလေးဆုပ်ကိုင်လိုက်မိသည်။ ညီက မျက်





ဘဲ ဆက်လျှောက်၏။ အတူတွဲတက်သွားကြသည့် နှစ်ယောက်ကို ကြည့်ကာ ပပ အံကြိတ်ကျန်ခဲ့သည်။ ဦးမင်းသူ မျက်နှာကြီး နီလာ၏။ ဒေါ်ထားထားနွဲ့က ဒေါ်မြတ်မြတ်မင်းလက်တွဲ၍ ဆိုဖာမှာ အတူထိုင် လိုက်ကာ....

"ထိုင်ကြပါဦး ထားဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ ဘူး ဘယ်လိုလုပ်ကြမလဲဟင်"

"မသိတော့ဘူး"

"အခြေအနေကတော့ ကြိုးတုတ်ပေးစားမှပဲ ဖြစ်တော့မှာတား ရယ် အဲဒီလို အဖြစ်ခံနိုင်တယ်ပဲထားဦး သူကဘာမှမသိမမြင်ထားဘူး ဆိုရင် ပြဿနာမရှိဘူး"

"ကိုက ညီ ဒီကိစ္စတွေကို သိနေတယ်လို့ ဆိုချင်တာလား"

ဦးမင်းသူက သမီးဖြစ်သူ မျက်နှာကို စိတ်မကောင်းစွာ လှမ်းကြည့် သည်။ ဒေါ်ထားထားနွဲ့နဲ့ ဒေါ်မြတ်မြတ်မင်းကလည်း လှည့်ကြည့် သည်။ ပပက နှုတ်ခမ်းလေးစေ့ထားရင်း...

"ပြောပါဒယ်ဒီ ပပက အားလုံးအတွက် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပါ ပြီ ပပ ဘယ်အခန်းက ပါဝင်ရမလဲဆိုတာပဲ ပြောပါ"

"နေဦး ကို သူတကယ်ပဲ မမြင်ရတာလား"

ဒေါ်မြတ်မြတ်မင်းမေးတော့ ဦးမင်းလူက ခေါင်းညိတ်၍ တစ်ခု ခု ပြောဖို့ပါးစပ်ပြင်လိုက်သည်။ သို့သော် အဒေါ်ပုလင်းတွေကိုင်လျက် မညို့ထွက်လာတာမြင်တော့ မပြောဘဲနေ၏။

"မိညို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မမထား"

"အဲဒါတွေ ထားခဲ့ပြီးရင် မိုးမိုးကိုပါခေါ်ပြီး အပေါ်ထပ်မှာ သန့်ရှင်းရေးသွားလုပ်"

ဒေါ်ထားထားပြောသည့် အဓိပ္ပာယ်ကို မညိုက နားလည်သည်။ ဒီမှာလည်း ရှိမနေအောင် အပေါ်က လူတွေကိုလည်း ကြည့်ဖို့...

"ဟုတ်ကဲ့"

မညိုချက်ချင်းပြန်လှည့်သွား၏။ ထိုအခါကျမှ ဦးမင်းသူက...

"ဒေါက်တာနဲ့ ငါ မေးမြန်းပြောဆိုခဲ့တယ် မမြင်ရဘူးဆိုတာ အမှန်ပါပဲတဲ့ အာရုံကြောတွေရဲ့ ဆက်သွယ်ချက်တွေက သိပ်ကို ထူးဆန်းရှုပ်ထွေးတာတဲ့ ဆေးပညာနဲ့ခန့်မှန်းလို့ တချို့တလေ လွဲချော်ခဲ့တာလည်း ရှိဖူးတယ်တဲ့"

ဒေါ်မြတ်မြတ်မင်း သက်ပြင်းချ၍ ခေါင်းကိုဖြည်းလေးစွာ ခါသည်။

"ဘာပဲဖြစ်ဖြစ် အမှန်တရားက သူ့မှာပဲရှိမှာပါ ဒီပြဿနာတွေကို မြတ်တို့ တွက်ထားတဲ့အတိုင်း အလွယ်တကူ ဖြေရှင်းလို့မရနိုင်ဘူးလို့ မြတ်ထင်တယ်"

ဦးမင်းသူ မျက်နှာကြီးတင်းမာနေလျက် အအေးပုလင်းကို သောက်မလိုမဟုတ်ဘဲနှင့် တင်းကျပ်စွာ ဖိဆုပ်ကိုင်လိုက်သည်။

"ငါ့ပြဿနာ ငါရှင်းမှာပါ"

ဟု အံကြိတ်ပြော၏။ ပပ ဘာမှဝင်မပြောမိတော့ပါ။





အခန်း (၁၉)

"မယ်"

"အ"

အခန်းထဲ အတူဝင်လိုက်မိသည်နှင့် သူက မယ့်ပခုံးနှစ်ဖက်ကို သူ့ဘက်သို့ဆွဲလှည့်ယူလိုက်ပြီး မျက်နှာချင်းဆိုင်၏။

"ခင်ဗျား ဘာဖြစ်တာလဲ"

"မင်း ငါ့မျက်လုံးတွေကို ကြည့်စမ်းပါ"

"ကြည့်တော့ ဘာဖြစ်လဲ"

မယ်က တကယ်စိုက်ကြည့်သည်။ သူ့မျက်လုံးတွေက စူးရှရဲရဲဖြစ်နေတတ်တာ ဘာဆန်းလို့လဲ။

"မင်းဘယ်လိုထင်လဲ"

"ဘာကိုလဲ"

သူ့လက်ကို ဖယ်ချဖို့ ထပ်အုပ်ကိုင်ထားလျက်နှင့် မဖယ်မိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မယ် သူ့ကိုပဲမော့ကြည့်နေမိ၏။

"ဒါဆိုရင်ဖြေ မျက်လုံးမြင်တဲ့သူနဲ့ မမြင်တဲ့သူ ဘယ်လိုကွာသလဲ"

မယ်က သူ့မျက်လုံးတွေကို စူးစူးစမ်းစမ်းလေးကြည့်ရင်း မျက်တောင်လေးတွေ ခတ်နေ၏။ သူ့မျက်ဝန်းထဲမှာ မယ်ဝတ်ထားသည့် ကြက်သွေးရောင်အပြောင်သား လက်ပြတ်ဂါဝန်ရှည်လေးကို မြင်နေရသည်။

အနီရောင်လေးကို ထင်းနေအောင် မြင်ရတာမျိုးပါ။ ပြီးတော့ သူကြည့်နေပုံက မမြင်မစမ်းမှန်းဆကြည့်နေတာနဲ့ မတူ။

"ဘာပြောရမှာလဲ ခင်ဗျား မျက်လုံးတွေကတော့ မြင်နေရသလိုပဲ"

သူက မရယ်စဖူးသွားတွေပေါ်အောင်ရယ်၍ လက်ကိုနှစ်ဖက်လုံး ဖြေချလိုက်၏။

"ဟုတ်ပြီ ဒါဆိုမင်းလည်း ငါ့ကိုမြင်နေရတယ်လို့ထင်တဲ့သူပဲပေါ့"

"ဟင့်အင်း မျက်စိမမြင်တဲ့သူရဲ့ မျက်လုံးကို မယ်မှမမြင်ဘူးတာ အဲ ခုလိုသေချာစူးစမ်းပြီး ကပ်ကြည့်တာကိုပြောတာ ခင်ဗျားကို မြင်နေရတယ်လို့ မထင်ခဲ့ပါဘူး"

"ဒါက မင်းကပြောတဲ့စကားပေါ်မှာ သံသယစိတ်မရှိလို့ပါ သံသယနဲ့ကြည့်ရှုရှာဖွေတဲ့သူဆိုရင် ဘယ်လိုထင်မလဲ အဲ့ဒါကိုမေးတာ"

မယ့်မျက်နှာလေး ရှုံ့တွတွဖြစ်သွား၏။

"မသိဘူး မယ်အဲဒီလိုခေါင်းရှုပ်ခံပြီး သူများကို စပ်စုနေတဲ့အထိ ဝါသနာမပါဘူး အခုဘာတွေဖြစ်နေလို့ မေးတာလဲ"

"သူတို့က ငါမြင်နေရတယ်လို့ ထင်နေကြတာ"





"အို ဖြစ်ရလေ လောကမှာ ကန်းချင်တဲ့သူရှိတယ်လို့ ကြားဖူးလို့လား ထင်စရာမဟုတ်တာကို"

ညိုက ရယ်ပြန်သည်။ မယ်က ဘာမှမသိရှာ။ ဒီအိမ်မှာနေပြီး မယ် ဘာကိုမှလည်း စိတ်ဝင်စားတာမရှိ တော်တော်စပ်စု၍ တော်တော့်ကို ပြောဆိုရခက်မည်ထင်ခဲ့သည့်မယ်ဟာ သူများတွေ သူ့မကို မကြည့်ဖြူတာကြောင့် ဒေါသဖြစ်တာ မခံချင်စိတ်လေးတွေဖြစ်နေတတ်တာ ဒါပဲ ဖြစ်ခဲ့၏။

သူထားသလိုနေသည်။ မမေးနဲ့ဆိုတာကိုမမေး။ လွှင်ဦးကတော့ စိတ်ညစ်လက်ညစ် ခဏခဏတိုင်၏။

"အစ်ကိုလေး ကောင်မလေးက ထွက်ခဲပါက်ရှာနေတဲ့ ငှက်ကလေးလိုပဲ"တဲ့။ သူသိပါသည်။ မယ်ဒီမှာမနေချင်ဘဲ မျိုသိပ်နေရတာ ဖြစ်၏။ ဒါကို ဒေါ်ထားထားတို့ကတော့ အကြံတူဟုမြင်ကာ ရန်လိုနေကြသည်။

သူတွေးနေရင်း မယ်က စကားစလာတော့သည်။

"ကိုညို"

"ပြော"

"အခု ခင်ဗျား မမြင်ရတာ တကယ်လား"

"အရင်အတိုင်းပါပဲဆို ဘာလုပ်မလို့လဲ"

"ဟိုတစ်ယောက်နဲ့ လက်ထပ်ဖို့ကိစ္စကကော ဘာလဲ မမြင်ရရင်ရိုး သူက ဟင့်အင်း လုပ်နေပြီလား ခင်ဗျားအဲဒါကိုစိတ်ပူပြီး မယ့်ကို မေးခွန်းတွေ လာထုတ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"လားတွေ များလှချေ ားတွ"

သူက မယ့်ကိုကျောခိုင်းရပ်လိုက်ပြီး ဆံပင်တွေထဲ လက်ထည့်၍ သပ်တင်လိုက်၏။ မယ်က သူ့ရှေ့မှာ သွားရပ်၍ သေချာမော့ကြည့်ပြီးမှ....

"ခင်ဗျားက မေးခွန်းတော်တော်ကြောက်ပုံရတယ် ဒါမှမဟုတ် မာနကြီး နေတာလား မောက်မာတာလား ခင်ဗျားမေးစရာရှိရင် မေးတယ် သူများမေးတော့ မဖြေဘူး"

"ဖြေချင်အောင်မေးလေ မင်းမေးတာ ဖြေချင်စရာမှမရှိတာဘဲ ငါ့ပုံစံက မိန်းမတစ်ယောက်မဖြစ်မနေ လိုချင်နေတဲ့ပုံပေါက်နေလို့လား"

မယ်က မျက်စောင်းလေးထိုး၍ သူ့ကိုမော့ကြည့်ရင်း မမြင်းမှန်းသိနေသဖြင့် နှုတ်ခမ်းကို ရုပ်ဆိုးအောင် မဲ့ရွဲ့ပစ်၏။

"ဘယ်သိမလဲ နှာဘူးပုံဘယ်လိုရှိသလဲ မယ်မှ သေသေချာချာ မကြည့်ဘူးတာ ခင်ဗျားလိုချင်နေနေ မနေနေ အဲဒါအဓိကမဟုတ်ဘူး မဖြေချင်နေ မယ်အခု ခင်ဗျားကိုစောင့်နေတာ"

"ဘာလုပ်ဖို့လဲ"

"မယ်ဒီမှာမနေတော့ဘူး"

"ဘာ"

"ခုပဲ သွားတော့မှာ"

မယ်ကပြောပြီး ပါးစပ်ပိတ်၍ ချက်ချင်းလှည့်ထွက်၏။

"မယ်"

"ဟင်"





လက်ကောက်ဝတ်လေးကို မ်းဆွဲလိုက်သဖြင့် ဖြစ်ကာ လက်မှာကိုင်ထားသည့် သူ့လက်ကို တအံ့တဩငိုင်းမှေးတွေပြီးတော့ သူ့မျက်နှာကို ပြန်ကြည့်သည်။ ညီက မယ့်ဘ ရှင်းသန့်ဧကြည့်၍ လက်ကို အသာလေးပြန် တ်၏။ ၇ မာနငေ

"မင်းသွားလို့မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ မယ်တွက်ပြီးသား ဒီမှာနေရတာလဲ စာရင် ဘယ်ဒုက္ခဖြစ်ဖြစ် မယ်ဂရုမစိုက်ဘူး ဒီလူဒီမျက်နှာကို ရင်ဆိုင်ရပြီဆိုမှ ဟိုဒုက္ခက သေးသေးလေး ဖြစ်သွားတာ သွားမှာ မယ်ဘာမှယူမသွားဘူး ဒီကိုလိုက်လာခဲ့တဲ့ ဘောင်းဘီနဲ့အကျီလဲပြီးထွက်မှာ ခင်ဗျားမမြင်လိုက်ရလို့ မပူနဲ့ ကိုလွင်ဦးမြင်မှာပဲ"

"ဘာတွေ လျှောက်ပြောနေတာလဲ မင်းကိုဒီမှာထားခဲ့တဲ့နောက်ပိုင်းမှာ ငါ့ဘက်က မယ့်မကြည့် သံသယနဲ့ ဆက်ဆံခဲ့တာ ရှိဖူးသလား"

"မသိဘူးလေ ခင်ဗျားကမြင်ရတာမှ မဟုတ်တာ မမြင်ရလေခြင်းဆိုပြီး လည်ပင်းနင်နေရင်လည်း ကြိတ်မှိတ်ခံချင်ခံနေမှာ"

မယ်က အ ားမနာ ပါးမနာ သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်သည်။ ဆံပင်တိုတို ဘွ ဝေ့ခနဲ ဝဲခနဲ ခါထွက်ကုန်အောင် ခေါင်းကိုခါပစ်လိုက် လွတ်လွတ်လပ်လပ်ကြီး လှုပ်ရှားနေတော့သည်။ ညီက နှုတ်ခမ်းမဖွင့်ဘဲပြုံး၍ မျက်နှာလွှဲ၏။ ပြီးမှ ပြန်လှည့်လာကာ....

"မင်းကို ငါက အကူအညီပေးထားရတဲ့အနေနဲ့ မဟုတ်ဘဲ ငါက အကူအညီတောင်းထားခဲ့တာမျိုး ဖြစ်နေပါ့မယ် မင်းရဲ့အကူအညီ တကယ်လည်းလိုနေလို့ မင်းထွက်မသွားပါနဲ့ဦး အားလုံးအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာနေဖို့ ငါလိုလိုလားလား တောင်းဆိုတာ"

…ပုံးအဆင်ပြေဖို့ဟုတ်လား အကူအညီခင်ဗျားကလိုတယ်"

…ာအံ့တသြ ပြန်လှည့်မေးသည်။ ဒါ အံ့သြစရာပဲဖြစ်၏။ ကူညီ …နဲ့ ဟန်တပြင်ပြင် လက်တပြင်ပြင်ဖြစ်နေကြတဲ့လူတွေ ညီ …ိုင်းနေတာ မယ်သိနေတာပဲ။ ညီက မျက်နှာမှုန်မှုန်နှင့် ခေါင်း …တ်၍…

"ဟုတ်တယ် ဘာမှမမေးနဲ့ကွာ ငါဖြေရင် မင်းစိတ်တိုဦးမယ် ငါ့နားမှာ မင်းရှိမှဖြစ်မှာ ငါ့အနားမှာတခြားလူဘယ်သူမှမရှိစေချင်တဲ့ အဖြစ်အတွက် မင်းရှိနေတာကိုပဲ ငါလိုချင်တယ်"

"အဲဒါ ခင်ဗျားက ဟိုတစ်ယောက်နဲ့"

"ဒီလိုဘဝမျိုးနဲ့ လက်ထပ်ရအောင် ငါရူးနေတာမှ မဟုတ်တာ"

ညီလေသံက မာသွားသည်။ တစ်ဘက်လှည့်သွားတော့ မယ်က သူ့ရှေ့ကိုပဲလိုက်ရပ်ကာ…

"အဲဒါ ခင်ဗျားက သက်သက်ဘဝင်ကိုင်တာပဲ ဝေဖန်တာမကြိုက်လည်း မတတ်နိုင်ဘူး ပပမင်းဆိုတဲ့ အမျိုးသမီးက သာတယ်နာတယ် တွက်နေတဲ့ပုံမျိုးမရှိပါဘူး ခင်ဗျားဒီလိုမြင်နေတာကိုပဲ သူစိတ်မကောင်းဖြစ်ပြီး အလျှော့ပေးနေတဲ့ပုံ"

"သြော်…သြော်"

"ဟုတ်တယ် လက်ထပ်ဖို့ ရက်ရွှေ့ရွှေ့နေတာက ခင်ဗျားကြောင့်လို့ မယ်ကြားတယ် တကယ်ဆို လက်ထပ်လိုက်ရင်လည်း ကိုယ့်ခနီးမယားကပြုစုမှာပဲ ဒီတိုင်းကျတော့"





"ဆက်ပြော"

မယ်က သူ့မျက်နှာကို ခပ်စူးစူးပြန်ကြည့်သည်။ ပါးသိုင်းမွေးတွေ ရှိနေလျက်နှင့် သူ့အသားဝင်းဝင်းက ပျောက်မသွားဘဲ ရှင်းသန့်နေသည်။ သို့သော် နီးမြန်းနေသည့် နှုတ်ခမ်းလွှာများကတော့ မာနငွေ ပြည့်လျှမ်း၍ စေ့ပိတ်ထားသဖြင့် မုန်းဖို့ကောင်းပါ၏။

"သူ့မှာ ပိုင်ပိုင်နိုင်နိုင် ပြုစုချင်ပေမယ့် ခင်ဗျားက လက်မခံပေ ဒီတိုင်းကြည့်နေရတာမျိုး ဖြစ်နေတာလေ"

"ဒါကျတော့ မင်းတော်တော် လူကဲခတ်ကောင်းနေတာပဲ တကယ်ပဲ ပပက ငါ့ကိုသိပ်ချစ်နေတဲ့ပုံ ပေါ်လွင်နေသလား"

မဟုတ်ဘူးလို့ ပြောချင်တာလားမသိ။ မယ်ရုတ်တရက်ပြန်မပြောနိုင်ပါ။ အကဲခတ်မိသလောက် ပြောလိုက်တာဖြစ်သည်။ သူတို့အတွင်းရေးတွေကို မယ်မှမသိဘဲ…

"ပြောလေမယ် ငါ့ကိုချစ်လို့မဟုတ်ဘဲ ငါပိုင်ဆိုင်မယ့် စည်းစိမ်တွေကို မက်မောလို့ ကျိုးကျိုးကန်းကန်းလိုချင်နေတာပဲလို့ကော မတွေးမိဘူးလား"

ညီက ဘောင်းဘီအိတ်ထဲ လက်တွေထည့်လိုက်ပြီး ခပ်ရွှဲရွှဲ မျက်နှာနှင့် မေးဆတ်မေး၏။ ပြီးတော့ မယ် မျက်ဝန်းလေးတွေကို သူစိုက်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းလေးတွေဆီ မယ်ဖြန်းခနဲ ရှိန်းဖိန်းကာ မျက်နှာလွှဲပစ်လိုက်မိ၏။ ကိုယ့်ကို သူမြင်နေသလိုပါလား မမြင်ဘူးဆိုတာ သိလျက်နှင့် ရှက်တာက ရှက်တာပဲဖြစ်သည်။

"ဟော့ မေးနေတာ ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့အတွင်းရေးတွေ ဒီလောက်ရှုပ်နေတာ မယ်မဝင်ရဲဘူး ဝင်တော့ကော ပပမင်းက ကြည်ဖြူမလား ဘယ်လိုမှ မသင့်တော်တဲ့ ကိစ္စ"

"ခုလည်းမင်းငါ့နားမှာပဲ မဟုတ်ဘူးလား"

"အဲဒါက မဖြစ်လို့နေခဲ့ရတာလေ အခု အဲဒါကြောင့်ပဲ သွားတော့မလို့ ဆုံးဖြတ်တာ"

ညီက ပင့်သက်ရှိုက်လိုက်ပြီး ခုတင်ဆီလျှောက်သွား၏။

"မင်း မသွားပါနဲ့"

ဟု ထပ်ပြောကာ...

"မင်းပြောသလိုပဲ အိမ်တွင်းရေးတွေ သိပ်ရှုပ်နေလို့ မင်းကိုငါ အကူအညီတောင်းနေတာ မင်းထင်သလို ပပနဲ့ ငါ့ကြားမှာ ဆက်သွယ်ထားတဲ့ကြိုးက မေတ္တာကြိုးမဟုတ်ဘူး အဲဒီမှာ ရှုပ်ထွေးတဲ့ လျှို့ဝှက်ချက်တွေရှိတယ် မင်းက ငါ့ကို မမြင်မစမ်းဘဝနဲ့ ဒီလိုလူတွေလက်ထဲမှာ ထားခဲ့နိုင်သလား"

ပြောနေလိုက်တာ မယ်မှ မကယ်ရင် သေတော့မလိုလိုပါလား

"မယ် ခဏ"

သူက ခေါင်းရင်းဘက်မှာ ရပ်နေပြီး မယ့်ကိုခေါ်၏။ မယ်က ချက်ချင်းလျှောက်သွားသည်။ သူလက်တစ်ဖက်ထုတ်လိုက်တော့ သော့တွဲလေးတစ်တွဲပါလာ၏။ ထိုအထဲမှာ အသဲပုံသော့ချိတ်လေးက ကျော်ဓော့ပိုင်းလောက်နီးနီးရှိကာ ပလက်တီနမ်နှင့် လှလှပပလေး လုပ်ထားတာမို့ လွဲရမ်းနေတာကိုက ကြည့်လို့မဝ....



"မင်းရဲ့လက်ခဏာပေး"

"ဘာလုပ်မလို့လဲ"

"ပေးစမ်းပါ"

မယ်က သူ့ရှေ့မှာ လက်ဖဝါးလေးဖြန့်လျက်နှင့် ပေး၏။ သူက မယ့်လက်ကိုကိုင်မိမှ သော့တွဲလေးကို လက်ဖဝါးထဲထည့်ပေးသည်။

"အသဲပုံသော့ချိတ်နဲ့ ကပ်ထားတာက အပြင်မီးခံသေတ္တာသော့ပဲ ငါက ကန်းနေတဲ့သူဆိုတော့ ဒါကိုင်ထားလည်း အလကားပဲ မင်း ယူထားပါ"

"ဟာ မဟုတ်တာ ဟင့်အင်း"

မယ်ပြန်ရုန်းတော့ သူက မယ့်လက်ကို သော့တွဲနှင့်အတူ ဖိဆုပ်ထား၏။

"ယူထားပါ မင်းလိုအပ်သလို သုံးဖို့ခွင့်ပြုလိုက်တာ ဒါ ငါ့ဘက်က ယုံကြည်မှုပဲ မင်းငါ့ကို ပြန်ကူညီဖို့က ဘယ်မှထွက်မသွားဖို့ပဲ"

"ခင်ဗျား"

"တော်ပြီ"

ညီက မယ့်လက်မောင်းသားလေးတွေဆီ ခပ်ဖွဖွစမ်း၍ ပခုံးလေးတစ်ဖက်အရောက်မှာ ရပ်တန့်ရင်း တင်းခနဲ ဖျစ်လိုက်သည်။

"မယ် မင်းနှုတ်ခမ်းတွေကို ငါပိတ်ပစ်လိုက်ချင်တာ ဒါပေမဲ့"

မြတ်စွာဘုရား။ မယ့်မျက်လုံးလေး ပုစွန်ဆိတ်ဖြစ်သွားလေသည်။ သူဘာပြောလိုက်တာလဲ။

◷ ◷ ◷

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ကိုညီ"

"ဘာလဲ"

"မပျင်းဘူးလား"

"ပျင်းတော့ မင်းက[illegible]ပြမလို့လား"

"အံမယ် ကပြရင် သူမြင်တာကျနေတာပဲ"

ပန်းခြံဘက်ကို ငေးနေရင်း ညီကပြုံး၍လှည့်လာ၏။ သံတန်းကို ကျောကပ်မှီပြီး လက်ပိုက်လိုက်ကာ....

"ငါမြင်နေရင် မင်းရှက်ဖို့ကောင်းဦးမှာ မမြင်တော့ လွတ်လွတ် လပ်လပ် ကရတာပေါ့ ကပါလား ကက်ဆက်ဖွင့်လိုက်လေ မမြင်ရ လည်း သံစဉ်တွေနဲ့ မင်းကိုငါမှန်းကြည့်လို့ရတယ်"

"လုပ်လိုက်ပါ ဒီက အဲဒီလိုကဲချင်တာ အောက်ထပ်က တက် လာပြီး ကြီးကြီးကျယ်ကျယ်တွေ လာပြောလို့ကတော့ သည်းမခံနိုင်နဲ့"

"သည်းခံတာ ငါကိုယ်တိုင်ဝါသနာမပါဘူး"





"ပြီးရော"

မယ်က တက်ကြွစွာ လှုပ်ရှား၏။ အခန်းထဲအတူ ပြန်လာကြပြီး သူမအကြိုက်ဆုံး ဂျနီဖာလိုပက်ကိုထည့်သည်။ ကက်ဆက်မဟုတ်ဘဲ ဗီစီဒီထည့်ထားပြီး သီချင်းသံစဉ်တွေပို ကျော်ပစ်လိုက်၏။

**If you had my love** ကို ကကွက်တွေချည်းဖွင့်၏။ အခန်းတံ ခါးပြေးပိတ်ပြီး ....

"ခင်ဗျားနားညည်းတာနဲ့ တော်ပြီလို့မတားနဲ့နော် ဒီက အရှိန်ရ ရင် ရပ်မှာမဟုတ်ဘူး"

စိန်ခေါ်ရဲတာက သူမြင်မှာမဟုတ်လို့ပါ။ ညီကလည်း ပြုံးနေ၏။

"မင်းကမှာ ကစမ်းပါ ရပ်တော့လို့ပြောရင် သတ်"

မယ်က သူလည်းမမြင်ဘဲနဲ့ သနားပါတယ်ဆိုသည့် လှောင်ပြုံးနှင့် ခေါင်းကော ပါးစပ်ကော ရှုံ့တွ၍ ဆလံလုပ်နေသည်။ ပြီးတော့ ဆံပင် တွေ ဖွာခနဲ လွင့်သွားအောင် လှည့်ပစ်လိုက်ပြီး ဂျနီဖာလိုပက်အတိုင်း မီအောင်လိုက်က၏။ သူငယ်ချင်းအိမ်လိုက်သွားတိုင်း ကဖြစ်ခဲ့တာက ဒီကကွက်တွေပဲဖြစ်၏။

မယ့်မှာ အနိမ့်အမြင့် သူငယ်ချင်းတွေ အလွှာစုံရှိသည်။ ကိုယ်တိုင် က မချမ်းသာပေမယ့် ချမ်းသာသည့် သူငယ်ချင်းမလေးတွေကတော့ မယ့်ကို အလွန်တရာခင်ကြပါ၏။ မယ်က ဂစ်တာနဲ့ မနီးစပ်ဘဲ တီး တတ်သည်။

အိမ်မှာ တီဗီ၊ ဗီစီဒီစက်မရှိပေမယ့် နိုင်ငံခြားအဆိုတော်တွေ ဘယ်လိုကလဲ၊ ဘယ်သူလှလဲ မယ်က နှစ်ခါသုံးခါလောက်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ယဉ်သွားတာနှင့် လိုက်ကန့်ငြိသည်။

တစ်ခါတလေ သူငယ်ချင်းကောင်လေးတွေကော အဲဒီကောင်မလေးတွေကော ရပ်ကွက်ထဲက သောက်ရေကန်ဘောင်ကြီးတွေဘေးမှာ စုရုံးဆုံစည်းကြပြီး ဂစ်တာတီးကြ၊ သီချင်းဆိုကြ၊ အဲဒီထဲမှာလည်း မယ်ပဲခေါင်းဆောင်။

တကယ်က ရန်ဖြစ်စကားများပြီဆို သစ်ကိုင်းနဲ့ကြဲ၊ သစ်ကိုင်းနဲ့ရိုက်၊ အုတ်ခဲနဲ့နီးရင် အုတ်ခဲနဲ့ကောက်၍ လက်ကလည်း ခတ်လိုက်သလို မြန်တတ်သော မယ်က အလိုလိုနေရင်း ခေါင်းတစ်လုံးကျော လာခဲ့တာဖြစ်သည်။

ကနေရင်း ကိုယ့်ပညာခန်းပေ ကို ပီတိဖြစ်လျက် ပြုံးလည်း ပြုံးမိသေးသည်။ ကိုညီမြင်နေလျှင် ကရဲရူး ကရဲမှာပေမယ့် မမြင်တော့လည်း မြင်စေချင်မိသေးသည်။ ဒါကိုပဲပြန်ရစ်၊ ပြန်ဖွင့်၊ လိုက်က မောတော့မှ ခြေလှမ်းယဲ့ယဲ့နှင့် လျှောက်သွားပြီး ပိတ်ပစ်လိုက်၏။

နားလိုက်တော့ တော်တော်ပင်ပန်းသွားတာက သိသာလာ၏။ 'ဘယ့်နှယ်လဲ မယ်ကတာလှရဲ့လား' လို့မေးပြီး မမြင်ဘဲကခိုင်းသည့် သူ့ကို လှောင်ပြောင်ဖို့ စိတ်ကူးထားတာတွေလည်းမောလို့ ပျောက်ကုန်ပြီ။ သို့သော် သူ့ဘက်လှည့်လိုက်မိသည်နှင့် မျက်လုံးလေးဝိုင်းသွားမိ၏။

ကြည့်စမ်း သာမန်လူတစ်ယောက်က မယ်ကတာကို ထိုင်ကြည့်ပြီး ညဘောတွေကျနေသယိုး တံခါးဝန်းရံမှာ ပခုံးစောင်းနှင့် ခပ်ရွဲ့ရွဲ့ မှီရပ်လျက် လက်ပိုက်၍ ကိုယ်တော်က ပြုံးနေလိုက်တာ....





သူကြည့်နေတာ မယ့်ကိုတည့်တည့်ပဲဟာ ဒါတော့လွန်ပြီ၊ ဘာပဲဖြစ်ဖြစ် သံသယစိတ်တော့ ဝင်နေပြီဖြစ်၏။ မယ်မောနေတာတွေကို သတိမရတော့ဘဲ သူ့ရှေ့ကို ရောက်သွား၏။

ဘောင်းဘီရှည် ပန်းရောင်လေးနှင့် ကော်လံပါသော လက်ပြတ်တီရှပ်အဖြူလေးကို ဝတ်ထားသည့် မယ့်ပုံရိပ်က သူ့မျက်ဝန်းဖုံမှာ သေးသေးလေးထင်နေ၏။

"ကိုညီ"

"ဟင် ဘာလဲ"

သူက မတ်မက် းလိုက်ပေမယ့် မျက်နှာကရယ်ရ ပက်ကျိုပုံနှ

"ဒီက ကတ ှတာပဲလား"

"လှတယ်"

"ဘာ ခင်ဗျား..ခင်ဗျား..မြင်နေတယ် ဟုတ်လား မြင်ရတယ်ပေါ့"

"ဝါးတားတားလေးပါ"

"ကြည့်စမ်း ခင်ဗျား"

မချိမချဉ် ဖြေပုံကို အသည်းယားကာ မယ် ညီ့ရင်ဘတ်ကို တအားလွှဲ၍ ထုပစ်လိုက်မိ၏။ သို့သော် မယ့်လက်ကလေးတွေကို သူဖမ်းဆုပ်ထားလိုက်ပြီး..

"မင်း သိပ်လှတာပဲ မယ်ရယ်"

"အို ဘာလုပ်တာလဲ ခင်ဗျားလွှတ်နော် မလုပ်နဲ့"

မယ် ဘယ်လိုမှ ရုန်းလို့မရ မယ့်ကိုသူ ဖက်လုံးကလေးလို သဘော

www.burmeseclassic.com



ထားသလားမသိ၊ ပိုင်ပိုင်နိုင်နိုင် ဆွဲချုပ်ပစ်လိုက်ပြီး နူးညံ့မြတ်နိုးသော အနမ်းများဖြင့် ဂရုမစိုက်စွာ အနိုင်ယူ၏။

မယ့် ခွန်အားတွေ ဘယ်သို့ ဆုတ်ခမ်းကုန်မှန်းမသိ။ အဲဒီလူကြီးကို တွန်းထုတ်ရိုက်နှက်ပစ်လိုက်ချင်တာ စိတ်ကူးများပဲဖြစ်ကာ တကယ်တမ်းကျတော့ သူ့ရင်ခွင်ထဲမှာပဲ ရှုံးနိမ့်ခဲ့ရသည်။ ချစ်သူတွေလည်း မဟုတ်ဘဲနဲ့...

ထပ်တူညီ ခင်ဗျားကို သိပ်မုန်းတာပဲသိလား၊ မယ့်နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်လျက်....





အခန်း (၂၁)

ကားလေးက ဖြည်းဖြည်းမှန်မှန်လိမ့်နေ၏။ ကိုအောင်က မောင်းနေလျက် ညီကဘေးမှာထိုင်နေသည်။ ဘောင်းဘီရှည်နက်ပြာနှင့် စပို့ရှပ်လက်တိုအဖြူစင်းကို ဝတ်ထားလျက် ညီက မျက်မှန်နက်ကို တပ်ထားသေးသည်။ ကိုအောင်က ငဲ့ကြည့်ကာ....

"မင်း ဟိုကိစ္စကို ပြီးပြတ်အောင်လုပ်သင့်တာညီရ တရားခံဖမ်းမိနေပြီပဲကွာ အပြစ်ရှိတဲ့သူကို အပြစ်ပေးပြီးရင်ပြီးပြီ မယ့်ဆီနောက်မှသွားလည်းရတာပဲ"

ညီက ခေါင်းခါ၏။

"ငါ မနေနိုင်ဘူး သူ့ကိုနမ်းလိုက်ရတဲ့အချိန်မှာ ဘောင်ဘင်ခတ်သွားတဲ့ ငါ့နှလုံးသွေးက ခုချိန်ထိ အသားမကျသေးဘူး အဲဒီ ရင်ခုန်သံတွေကို ငါမက်မောနေတယ် မယ့်ကိုငါ သိပ်ချစ်တယ်"

"ချက်ချင်းပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပြောလို့မရပါဘူးကွာ သူငါ့နားမှာရှိနေတာ နာရီမ
စက္ကန့်တွေနည်းသလား နေ့တွေညတွေ ပြောင်းလဲခဲ့တာ အများကြ
အဲဒီတုန်းကတည်းက သူ့အသံလေးကို ငါသာယာတာ ငါဘယ်လော
စိတ်ညစ်ညစ် သူအနားမှာရှိရင် ပြုံးမိရယ်မိတာ၊ အမှုကိစ္စတွေနဲ့ ရှုပ်ထွေ
နေတဲ့ကြားက သူ့ကို အန်တီထားတို့နဲ့ ရှိနေလို့ စိတ်မချတဲ့ သော
ကိုလည်း ခံစားခဲ့ရတယ် ဒါတွေကျတော့ သူမသိဘူး မျက်လုံးမြင်တဲ့
မှာ သူ့မျက်နှာလေးကိုငါမြင်လိုက်ရတော့"

"ပြောပါဦး"

ကိုအောင်က ရွှဲ့မေးတော့ ညီက ရယ်လိုက်ပြီး မျက်မှန်ချွတ်သည
"စက္ကန့်တွေက မိနစ်ကိုစောင့်စားချိန်မရလိုက်ဘူးထင်တ
စက္ကန့်ပိုင်းလေးမှာပဲ ချစ်မိသွားတာ သိပ်လှတာပဲကွာ ငါ့ဘေးမှာ အ
လောက်စွာပြီး ချစ်ဖို့ကောင်းတဲ့ကောင်မလေးရှိနေတဲ့ အချိန်တွေ
မျက်လုံးတွေ ကွယ်နေခဲ့တာကိုတွေးပြီး ဒေါသဖြစ်မိသေးတယ်"

"ရောဂါက မသေးဘူး ဟား..ဟား"

ကိုအောင်က အသံထွက်အောင် ရယ်၏။ ညီက အသံမထွက်
သွားတွေပေါ်အောင်ရယ်နေသည်။ ဒါလှို့ဝှက်ကြံစည်မှုထဲမှာ လူ
ရှားမွန်းကြပ်ခဲ့ရသမျှ သူတို့ခုမှ ပြုံးနိုင်ရယ်နိုင်ကြတော့ ဖြစ်၏။

"ဂျူနီဖာလိုပက်ဖွင့်ပြီး လိုက်ကတာ မင်းမမြင်လို့ တကယ်
တယ် သူတို့အကကိုမှီအောင် လိုက်ကတာ မြန်မာဆိုတော့ ပိုလှတ
သိပ်သွက်တဲ့ကောင်မလေး ငါ့ကိုမမြင်ရဘူးထင်ပြီး လွတ်လွတ်
လပ်ကနေတာ သိလား ရယ်ရတယ် ငါမြင်နေရမှန်းသိတော့ ရှက်





လိုက်တာ ချော့လို့ကိုမရတော့ဘူး"

"ဟုတ်လို့လား"

ကိုအောင်က ခပ်စွေစွေငဲ့ကြည့်၍...

"မင်းကြည့်တာလောက်နဲ့ သူ့ငိုချင်မှငိုမှာပါ ဘာလုပ်လိုက်လက်
ပြော"

ညီက ရယ်လျက်နှင့် တစ်ဘက်လှည့်ပစ်လိုက်၏။ မျက်ဝန်းထဲ
မှာ မယ့် မျက်နှာလေးကို ဖျောက်မရနိုင်။ နူးအိချို့မြသော နှုတ်ခမ်း
လေးတွေကို တမ်းတမိ၏။

ချစ်တယ် မယ်ရယ် မပြောမဆိုနဲ့ မင်းဘာဖြစ်လို့ ထွက်သွားရ
တာလဲ။ မင်းကို ချစ်စကားလေးမပြောဖြစ်လိုက်ပေမယ့် ချစ်မပြီးသမိ
တာကို မင်းနားလည်ဖို့ကောင်းတယ်။ ထိုအချိန်လေးမှစ၍ ရင်...
လုံးဝအတွေ့မခံတော့ဘဲ မိုးချုပ်လို့ အခန်းရှေ့ကနေ သွားကော်...
မယ်မရှိတော့ပေ။

ဒီအချိန် ခြံထဲမှာ ဆင်းမနေဘူးဆိုတာ သူသိသည်။ အောက်ထပ်...
ညှိခန်းမှာ ပြီးတော့ တခြားဘယ်နေရာ ဘယ်အခန်းထဲမှာမှ မယ
ရောက်နေမှာ မဟုတ်ဘူး ဆိုတာလည်း သေချာသည်မို့ မယ်ထွက်သွား
ပြီဆိုတာ သူသိလိုက်၏။ သူ့နောက်ဖေးသံလှေကားလေးက ဆင်းသွား
၍ လွင်ဦးကိုမေးတော့လည်း မသိဘူးတဲ့။

ထိုညကပဲ ကိုအောင့်ကို လှမ်းဆက်သွယ်ခဲ့သည်။ မယ့်ကို ရှာပေး
ပိုပါ။ ည ဆယ်နာရီကျော်မှ ကိုအောင်ဖုန်းပြန်ဆက်၏

"မင်း ကောင်မလေး သူ့အိမ်ပြန်ရောက်သွားပြီ ပူမနေနဲ့"သွားဆဲ



www.burmeseclassic.com

www.burmeseclassic.com



"ဒို သူအားလုံးသိသွားပြီပေါ့"

သချာတယ် မင်းညာထားတာတွေသိလို့ ပိုမုန်းသွားပြီဆိုတာ

ခဲ့ သူ့ရင်မှာ တွေးပူပြီးဘယ်လိုမှနေလို့မရ လိုက်သွားဖို့ကလည်း

ာလုံးမမြင်ရတဲ့သူအဖြစ် နေခဲ့တာမို့ ညကြီးမင်းကြီး မသင့်တော်ပါ

ထို့ကြောင့် သူ ကိုအောင့်ကိုပဲ နားပူခဲ့ရသည်။

"အေးဆေးနေတော့ ငါအားလုံးစီစဉ်ပြီးပြီ"

"ဘာလဲ ဘာစီစဉ်တာလဲ သူပြန်လာမှာလား"

"အမလေးကွာ ကလေးမုန့်တောင်းတာကျနေတာပဲ ဟိတ်ကောင်

ကြီးမှ ဝက်သက်ပေါက်မနေနဲ့ ပြန်ပါလာဖို့က မင်းဟာမင်း ကြိုးစားပေါ့

ရောက် ဂါတ်ရောက်နဲ့ ဟိုပြေးရ ဒီပြေးရ ငါ့ဘဝကြီးလုံးလုံး

စက္ကန့်ပိုင်ဖြစ်နေပြီ ဒီမှာညီ မင်းစိတ်ကူးမလွဲနဲ့ ငါ့ကိုပဲ ယူလိုက်တော့

လောင်းဝဲစား"

မျက်နှာထဲကနေ သူဆဲတော့ ကိုအောင်ခွက်ထိုးခွက်လန်ရယ်၏။

ဟုတ်တယ် မင်းမှာတကယ်မရှိမဖြစ်တာက ငါပဲ"

ဆက်ပြောပြီး ရယ်နေသေးသည်။ ဒီနေ့တော့ သူဘယ်လိုမှ မနေ

နိုင်ဘဲ မယ်ဒ့်အိမ်ကိုသွားဖို့ထွက်လာခဲ့တာပါ။ လောလောဆယ် မယ်နဲ့

သူ့အဆင်ပြေပြေလေး နေချင်သည်။

အမှုကိစ္စတွေ ပေါ်သွားပြီးတဲ့တစ်နေ့ အားလုံးရှင်းပြီးတာနဲ့

မယ့်ကို သူလက်ထပ်မည်။ ကိုအောင်က မယ့်ဖေဖေနဲ့ အဒေါ်ဆိုတာကို

ပြေလည်အောင်အားလုံးပြောဆိုဆွေးနွေးပြီးသား။

ဟိတ်ကျသွားသည့်သူ့ကို ကိုအောင်က ကားမောင်းရင်း





လှည့်ကြည့်၏။

"အဲ့မှာ ငါးရှူပြုံးကြီးနဲ့ ပြောနေတာတော့ ခေါင်းထဲမထည့်ဘူး"

"ဘာလဲ"

ညီက သူ့ကိုမကြည့်ဘဲ အမှတ်တရထည့်ယူလာသည့် ကက်ဆက်

ခွေလေးကို ဖွင့်လိုက်၏။ မယ်ထွက်သွားခဲ့သည့် အချိန်တိုင်းမှာ မယ်နဲ့

သူဆုံခဲ့သမျှနှင့် တိုက်ဆိုင်စွာ တူညီနေသော ဒီသီချင်းလေးကိုပဲ နား

ထောင်၍ အလွမ်းဖြေခဲ့ရသည်။ ဖိုးကာ၏ 'ကြယ်စင်အိပ်မက်နတ်သမီး'

(...တမ်းတခဲ့အခုညတိုင်း နင်မရှိလို့မဖြစ်ဘူး...

.....အေးမြတဲ့ အပြုံးနုလေး...မရုပ်သိမ်းလိုက်ပါနဲ့...

.....အားလုံးသောအလှတွေထက် ကိုယ်မင်းကိုပဲ ချစ်တယ်....

.....ကြယ်စင်လေးရယ် မင်းဟာ ကိုယ့်ရဲ့ နတ်သမီး....

.....ညလေးတစ်ညရဲ့ လှပသော ကောင်းကင်ယံထက်....

.......ကိုယ်ငေးလို့ မျှော်မိစဉ်....

.......ကြယ်လေးတစ်ပွင့်ရယ် အမှတ်မထင်ကိုယ့်ရင်ခွင်ထဲ...

......ခုန်ဆင်းလို့လာခဲ့ ဒီအချိန်စပြီးလို့ အိပ်မက်တိုင်း......

.......ဖန်ဆင်းလို့ရောက်လာ မင်းအရိပ်များနဲ့ ကိုယ့်မှာ.....)

သီချင်းက ထိချက်ပြင်း၏။ မယ်နဲ့သူ့ဘဝအဖြစ်တို့ကို ဆိုထားခဲ့

တာလား ရင်ထဲမှာ ဆွေးသွားသည်။ ငါချစ်တတ်ပြီဆိုမှ မယ်ရယ်....

(.....မင်းနဲ့တို့တွေ့ဆုံဖို့ရာ စောင့်မျှော်မိဆဲ အို သီးခြားကမ္ဘာထဲ

......အပြစ်ကင်းတဲ့ အချစ်အိပ်မက်ထဲ မင်းပုံရိပ်များ....

......ကိုယ်ထိုင်ကာကြည့်ရင်း ရောင်နီလာတိုင်းပဲ ဝေးလွင့်သွားဆဲ



www.burmeseclassic.com

www.burmeseclassic.com



......အို တို့နှစ်ဦးဘဝတွေ စည်းခြားခြင်းနဲ့.....

......ပြန်ဆုံမယ် အိပ်မက်များထဲ ငါမျှော်လင့်နေဆဲ.....

......တစ်ကိုယ်ရေ အလွမ်းညတွေထဲ......

......တမ်းတခဲ့ ခုညတိုင် နှင်မရှိလို့ မဖြစ်ဘူး.....)

ကားက ဩမ့်ခနဲ ခါထွက်သွား၏။

"ညီ....ညီ တံခါးလော့ခ်ချ"

"ဟာ"

ညီ တံခါးပိတ်လိုက်ခြင်းကိုကော ကက်ဆက်သံပါ တစ်ခါတည်း ပိတ်ကျပြီးဆုံးအောင်လုပ်ပစ်လိုက်သည်။ ဝေါခနဲ ကပ်ဖြတ်သွားသည့် ကားက အရှိန်ပြင်းလွန်းကာ ချက်ချင်းဝေးကွာသွားသည်။ ဖြစ်သလို ကွေ့ချတိမ်းရှောင်လိုက်ရသဖြင့် ကိုအောင့်ရင်ဘတ်က စတီယာရင်ကို ပစ်တိုက်ပြီးမှ နောက်ပြန်ကန်ထွက်၏။

"အင့်"ခနဲ အသံနှင့်အတူ ကိုအောင်မျက်လုံးတွေမှိတ်၍ ရှုံ့မဲ့သွား၏။

"ကိုအောင်"

ညီ စိုးရိမ်တကြီး ကိုအောင့်ကို ဆွဲထူသည်။

"အ...အင်း"

ထောင့်ကွယ်အကွေ့ကနေ ထွက်လာသည့်ကားက အနက်ရောင် အထဲက အရိပ်ကိုပဲ မြင်လိုက်ရသည်။

"ကိုအောင် မင်းရလား"

အသက်ရှူမှားသွားရှင်းမှ ကိုအောင်ရှုံ့မဲ့ ခေါင်းညိတ်ပေမယ့် စကား





မပြန်နိုင်။

"မင်း ဆင်း ဒါမင်းနဲ့ မဆိုင်ဘူး"

"ညီ...အ"

ကိုအောင်လက်ကာပေမယ့် ဘာမှမပြောနိုင် ဘာပြောမယ်ဆို တာ ညီသိ၏။

"မင်း မပူနဲ့ကိုအောင် ဒါသက်သက်လုပ်ကြံတာ နောက်ထပ်ပြန် လှည့်လာလို့ အခန့်မသင့်ရင် မင်းပါငါနဲ့ရောပါသွားလိမ့်မယ် မင်းက ချောလူ"

စကားပြောနေရင်း ညီက နီရဲသော မျက်နှာကြီးနှင့် ကိုအောင့်ကို မရမက ပွေ့ချသည်။ တိုက်လုတိုက်ခင် ဦးတိုက်ရပ်နေသည့် ကားရှေ့က သစ်ပင်နောက်ကွယ်မှာ ကိုအောင့်ကိုချပေးလိုက်ပြီး...

"မင်း ဒီမှာအေးဆေးနေခဲ့"

"ညီ...မင်း"

ရင်ဘတ်ကိုဖိလျက် လက်တကာကာနှင့် ကိုအောင်ကျန်နေခဲ့ သည်။ ညီက လမ်းဘေးကုန်းလျှောအတိုင်း အတော်တော်ဝေးဝေးဆင်း ကျနေသည့်ကားကို အကြမ်းပရမ်း ပြန်ဆုတ်တက်၏။

ကားသွားကားလာရှင်းနေသော လမ်းမပေါ်သို့ ရောက်သည်နှင့် ဝေါခနဲပြန်လှည့်သည်။ ကားသည် နောက်ကြောင်းသို့ ဦးတည်လိုက်မိ သည်နှင့် ဒေါသကြောင့် အရှိန်လွန်ပြေးသွားခဲ့၏။ လမ်းဆုံသို့ ရောက် သည်နှင့် အရှိန်ပြန်ကျကာ မောင်းနှင်ခွင့်ရှုန်းနဲ့ပဲ မီးပွိုင့်လွတ်အောင် ချိန်သားကိုက်နှင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သေချာပေါက် တွက်ဆလိုက်မိသည့်ဘက်သို့ ကွေ့ဝင်ပစ်လိုက်၏။ တွေ့ပြီ ကားနက်လေး အနက်တွေအများကြီးမို့ မှားနိုင်ပေမယ့် သူမမှားဘူးဆိုတာ ညီကိုယ့်ကိုယ်ကိုသိသည်။

ကားကိုမြင်လိုက်သည်နှင့် ဖျင်းခနဲရှိန်းထသွားသည့် ပူလောင်မှုက 'လိုက်..လိုက်စမ်း' လို့ ရိုက်ပုတ်သတိပေးလိုက်သလို ဖြစ်လျက်....

"တောက်"

ပတ်ဝန်းကျင်ဆိုတာတွေ ဥပဒေကန့်သတ်ချက်တွေသာရှိမနေဘူးဆိုရင် နောက်ကနေ ဒိုင်းခနဲဆောင့်တိုက်ပစ်လိုက်ချင်သည်။ နှစ်လောင်းပြိုင်သေတော့ ဘာဖြစ်လဲ ဒါမှမဟုတ် သူတို့ကားထဲမှာ တစ်ယောက်မက ရှိနေနိုင်သည်။ ကားထဲမှာ ဘယ်သူလဲ။

မှန်တွေတင်ထားသဖြင့် သေချာမမြင်ရ။ ဦးမင်းသူကတော့ အချုပ်ထဲမှာရောက်နေပါပြီ ဒေါ်မြတ်မြတ်မင်းလည်း မဖြစ်နိုင်။ သူ့ယောကျ်ား၏အမှုကိစ္စလျှော့ပေါ့ရေးအတွက် ဟိုပြေးဒီပြေးဖြစ်ရင်း အိပ်ရာထဲလဲပြီဟု ကြား၏။

အားလုံးပိုင်ပြီ လုံပြီဟုတွက်ခဲ့ပြီးမှ အမှုက ချက်ချင်းကြီးထပေါ်လာတော့ သူတို့ဘာမှ ပြင်ဆင်ဉာဏ်များချိန်မရတော့ဘဲ ဖြစ်သွား၏။ ခုလိုလုပ်ကြံတာက ငါးမရ ရေချိုးပြန်တာမျိုး၊ ဒါမှမဟုတ် ရှူ့မဲမဲတာလား သူအတင်းကပ်လိုက်နေတာကို ရှေ့ကားက သိသွား၏။ အရှိန်ပိုမြင့်သွားသည်။ ညီကလည်း ကပ်လိုက်၏။

လူသူကင်းရှင်းတဲ့နေရာတစ်ခုခုကို ရောက်လိုက်စမ်း၊ အံကြိတ်၍ ညီကလိုက်ရှာနေမှန်းသိအောင် တမင်ပွတ်ကပ်တက်၏။ ဘေးချင်း





ယှဉ်မိတော့ ကြည့်ပေမယ့် အထဲကို မမြင်ရပေ။

ညီနည်းနည်း ပြန်လျှော့ပေးလိုက်တော့သည်။ ကားနက်လေးက ရှေ့ကိုပြေးတက်သွား၏။ တစ်ဖက်ကားထဲကလူဟာ ဘယ်သူဘယ်ဝါမှန်းမသိပေမယ့် သူဘယ်သူဆိုတာကို ညီသိသွားမှာ တော်တော်စိုးရွံ့နေပုံပေါ်၏။

ကားကို မျက်ခြည်ပြတ်ပြေးဖို့ပဲ ကြိုးစားနေသည်။ ကားတွေမရှင်းလို့လျှော့လိုက် ပြန်ကပ်လိုက်နှင့် ကားနက်လေးနဲ့ ညီရဲ့ လင့်ခ်ရိဇာအဖြူက ပြိုင်ပွဲလမ်းပေါ်မှာလို မသိမသာ ကြမ်းရမ်းလာ၏။

ဖေဖေ့တုန်းကလည်း ဒီလိုပဲ ခံလိုက်ရတာ စောစောက သူ့နဲ့ကိုအောင်အဖြစ်ဟာ ကိုအောင်သာ လက်မတင်လေး နောက်ကျသွားခဲ့လျှင်သွားပြီ။ သေမှာကို တွေးပြီးရင်ဖိုနေတာ မဟုတ်ပါ။ ဖေဖေ ဒီလိုပဲ ခံခဲ့ရသည့်အဖြစ်ကို ယူကျုံးမရခံစားနေမိခြင်းဖြစ်သည်။

သူတို့ကျတော့ ရန်ငြိုးလည်းမဟုတ် ကလဲ့စားဆိုတာလည်း မဟုတ်ဘဲ လောဘ မောဟ အရာများကြောင့် လူတစ်ယောက်အသက်ကို သွေးအေးရက်စက်ခဲ့သည်။

ကိုယ့်အလှည့်ကျတော့ ဖေဖေ့အတွက် တုံ့ပြန်ချင်တာတွေ တန့်နံ့လက်ယားနေသည့်တိုင် ဥပဒေဘောင်ထဲကပဲ ဖြေရှင်းခဲ့လိုက်သည်။ ဒါတောင် သူတို့က မကျေနပ်ဘဲ ထပ်မံကျူးလွန်ဖို့ ကြိုးစားကြသေးသည်။

ပထမဖေဖေ့ကိုသတ်ပစ်သည်။ ပြီးတော့ ဘွားစော(ဒေါ်မယ်စော) နောက်ထပ် ဒရိုင်ဘာချစ်ကူး ချစ်ထူးဆိုသည့်လူကတော့ မသေသေးပါ သေမလား ရှင်မလား ခုထိမသိရသေးဘဲဆေးရုံပေါ် မှာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကကယ်က ချစ်ထူးက ဒေါ်မယ်စော၏မြေးသားမက် ဖြစ်နေတာကို ဦးမင်းသူက မသိဘဲ လုမိုက်ဂွားခဲ့သည်။ ဒေါ်မယ်စောတို့က ပဲခူးနားက ရွာစဉ်ငယ်လေးတွေမှာ ဇာတိချက်မြှုပ်ဒေသဖြစ်၏။ မြေးမလေးတစ်ယောက်ပဲရှိတော့ ပြီးအိမ်ထောင်လည်းကျနေပြီမို့ ဒေါ်မယ်စောရွာကို မပြန်တော့ဘဲ နေတာကြာပြီဖြစ်သည်။

မြေးဖြစ်သူကလည်း မြို့မှာသွားအေရှိပေမယ့် ကိုယ်ကမကူညီနိုင်တဲ့အပြင် မနိုပ်စက်ဘူးဟု ဆုံးဖြတ်ထားသူမို့ ရွာမှာပဲဖြစ်သလို ရှာဖွေစားသောက်ပြီးမြို့ကို သွားတာလာတာ သိပ်မရှိခဲ့ပေ။

ထို့ကြောင့် မြေးသမက်နှင့် ဒေါ်မယ်စော မြင်ဖူးရုံလောက်သာ ဖြစ်ခဲ့ကြတာ မဆန်းပါ။ ဒေါ်မယ်စောနဲ့ချစ်ထူး ဤသို့တော်စပ်မှန်း ဦးမင်းသူကိုယ်တိုင်မသိခဲ့တာလည်း ထူးဆန်းသည့်အဖြစ် မဟုတ်ပေ။

ထူးဆန်းသည်က ဦးမင်းသူကံဆိုးစေမည့် တိုက်ဆိုင်သောအကြောင်းအရာများပဲဖြစ်၏။ ချစ်ထူးက မိန်းမကိုရွာမှာထားပြီး ရန်ကုန်မှာ စပယ်ယာလုပ်လိုက် ပွဲစားဖြစ်လိုက် ကြုံသလိုလှုပ်ရှားရုန်းကန်ပြီး မိန်းမဆီငွေပို့ရင်း သွားလာဆက်သွယ်သူဖြစ်သည်။

ဒုတိယကိုယ်ဝန်ရှိလာတော့ မိန်းမကို အထရာဆောင်းရိုက်သည် ထူးခြားမှုများရှိနေခဲ့သည့် ကိုယ်ဝန်က အမွှာပူးလေးဖြစ်နေသဖြင့် လရင့်လာတော့ ရန်ကုန်မြို့ပေါ်မှာခေါ်လာပြီး ဆေးရုံတင်ထားလိုက်ရ၏။

ထိုအခါ မီးဖွားဖို့စရိတ် ဆေးရုံမှာစားသောက်သုံးစွဲဖို့ ဆေးဖိုးဝါးခစသဖြင့် တာဝန်အားလုံးကျေပွန်ဖို့ ချစ်ထူးစွန့်စားခဲ့ရရင်း ဦးမင်းသူ





နှင့် ဆက်သွယ်မိသွား၏။ လူတစ်ယောက်လုံးကြီးကို ကားနဲ့တိုက်သတ်ပေးရပြီး ချစ်ထူးဘယ်ပုန်းဘယ်ရှောင်ရမှန်းမသိအောင် ကြောက်ခဲ့၏။

မိန်းမကလည်း မီးဖွားတော့မည်။ ထို့ကြောင့် ဒေါ်မယ်စောကိုပဲ ဆက်သွယ်ကာ မိန်းမလုပ်သူကိုအပ်သည်။ ဒီအချိန်ကျမှ တခြားကို ခရီးထွက်ဖို့ ဖြစ်လာသည့် ချစ်ထူးကို ဒေါ်မယ်စောက အပြစ်တင်ရှုံ့ချ၏။ သူမမှာလည်း ဦးညီညီနဲ့ ဒေါ်ငြိမ်းသန္တာ သေဆုံးကုန်ခဲ့သည့် အဖြစ်ကြောင့် ဘာမှမဆိုင်သော်လည်း တိမ်းရှောင်နေရသည့်အဖြစ်ကို ပြောပြ၏။ ချစ်ထူးပို၍ဒုက္ခရောက်တော့သည်။ သူသတ်မိသည်က ဦးညီညီကိုပဲဖြစ်၏။ ဦးညီညီက ဒေါ်မယ်စော၏ ကျေးဇူးရှင်။

“ဒီကိစ္စကိုတော့ ငါကတော့ အသက်နဲ့လဲပြီး ဖော်ထုတ်မယ် ငါ့ကျေးဇူးရှင်ရဲ့ ရင်သွေးလေး ရှိသေးတယ် သူ့ဒါကိုသိရင် ဖော်နိုင်မှာပါ အချိန်မတန်သေးလို့ ငါရှောင်နေတာ”

ဟု လက်သီးဆုတ်ပြောတော့ သူဘယ်လိုမှ မျိုသိပ်မရတော့ဘဲ ဒေါ်မယ်စောကို ရင်ဖွင့်ပြောပြရတော့သည်။ ဒေါ်မယ်စော အသတ်မခံရမီ လက်မတင်လေးမှာ ဦးညီညီ တစ်ညလုံးရေးခဲ့သော ဒိုင်ယာရီစာအုပ်က ချစ်ထူးလက်ထဲရောက်သွားခဲ့၏။ ထို့ကြောင့် ဒေါ်မယ်စောကို သတ်၍ အိမ်ကိုမီးရှို့ခဲ့ပေမယ့် စာအုပ်က မီးထဲမပါခဲ့ပေ။

“မင်း..မင်းမိန်းမ မွေးဖွားပြီး ကျန်းမာတာနဲ့ ဒီအမှုကိုဖော်ပါဦးဒေကပေးတဲ့အပြစ်ကိုခံလိုက်ပါ အလင်းရောင်ကို ရှောင်ကွင်းပြီးလျှောနေရတဲ့ ဒုက္ခနဲ့ တစ်သက်လုံး လူညွန့်တုံးမခံနဲ့ ချစ်ထူး မင်းတို့ဘဝရှေ့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရှင်သန်ဖို့အချိန်တွေ အများကြီးရှိသေးတယ်"

ချစ်ထူးက ဆေးရုံမှာ ပြောနိုင်သမျှကို အားလုံးပြောပြ၍ အစစ်ခံသည်။ ဗိုင်းဝန်းထိုးကြိတ် နှိပ်စက်ခံထားရသော ဒဏ်ရာများနှင့် ဒီတိုင်းသေသွားရမှာကို အတော်စိုးရိမ်နေပုံလည်းပေါ်ကာ သူ့ကိုစစ်ချက်ယူဖို့ ဆေးရုံရောက်ကတည်းက တောင်းဆိုခဲ့တာဖြစ်၏။

ပြီးတော့ ဒေါ်မယ်စော တဖွဖွပြောနေသော ကျေးဇူးရှင်သွေးဆိုသော ညီ့ကိုတောင်းပန်ပေးဖို့ သူ့အသက်နဲ့လဲ၍ အမှန်တရားကို ဖော်ထုတ်ခဲ့ပါသည်။ သူ့ဇနီးနဲ့ ကလေးတွေကို ငဲ့ညှာကြည့်ရှုဖို့ အားလုံးမှာသွားပြီးမှ စိတ်လျှော့ပစ်လိုက်သည့်ကိုယ်ဟာ သတိမဲ့မျောလွင့်သွားခဲ့ရှာသည်။

ဒါတွေအားလုံး အမှန်အတိုင်းပေါ်ထွက်လာအောင် ချစ်ထူးနဲ့ဆက်သွယ်မိတာလည်း ကိုအောင်ပဲဖြစ်သည်။ လူမသိ သူမသိ လှုပ်ရှား၍ အချက်အလက်သက်သေခိုင်ပြီဆိုမှ ဦးမင်းသူကို တရားစွဲခဲ့၏။

ဝုန်းခနဲပြုတ်ကျသွားသလို လူကြီးလူကောင်းဆိုသော ဦးမင်းသူ၏ မင်းသားခေါင်းက ချက်ချင်းကြီး ပြုတ်ကျသွားခဲ့၏။ ဖေဖေ့ဒိုင်ယာရီထဲမှာ သူကြားသိခဲ့သမျှ ဦးမင်းသူကျူးလွန်ခဲ့သော အတိတ်က ပြစ်မှုတွေလည်း ပါနေသဖြင့် ဦးမင်းသူအတွက်က အနာဂတ်မှာ လွတ်မြောက်နိုင်ဖွယ် မမြင်တော့ပါ။

ထို့ကြောင့် ရှုံးမဲမဲသည့်ရိုက်ချက်က ရှေ့တည့်တည့်ကနေ ညီ့ဆီရောက်လာခဲ့ခြင်းဖြစ်သည်။ သူများမိသားစုဘဝပျက်ခဲ့တုန်းက သင်းတို့ လက်ပိုက်ပြုံးနေခဲ့မှာပါ။ ညီ့နှုတ်ခမ်းတွေ မဲ့ပြုံးနှင့် တင်းခနဲစေ့၏။





အတွေးစကို ဖြတ်တောက်ကာ လီဗာကိုဖိနင်းပစ်လိုက်သည်။

အားလုံးရှင်းလင်းသော နေရာရောက်တော့သူတို့ကလည်း ညီ့ကိုကောက်ကျစ်စွာရင်ဆိုင်ဖို့စိတ်ကူးနှင့် ကားကိုထောင်တက်သွားပြီးမှ ဝေါခနဲ ပြန်ကွေ့လာ၏။ အဲဒါမျိုးပဲကြိုက်တာ...

အမှန်တရားဆိုသည့် ယောကျ်ားမာနက နောက်ထပ်ကစ်ခါခံရဖို့ မရှိနိုင်ဘူးဆိုတာကိုယုံကြည်ပြီးဖြစ်၏။ ညီက သွေးအေးနိုင်အောင်နှုတ်ခမ်းစေ့၍ ပင့်သက်ရှိုက်သည်။ မျက်ဝန်းတွေ ကျဉ်းမြောင်းသွားသည်အထိ ထိုကားဆီကို စူးစိုက်ကြည့်ကာ သူနဲ့ကိုယ်မျဉ်းဖြောင့်တစ်ကြောင်းတည်းလိုဖြစ်အောင် အရှိန်တင်၍တက်၏။

ကိုယ့်ကိုယ်ကို အသေခံပြီး တစ်ဖက်သားကိုအမဲ ခေါ်သွားဖို့ ရည်ရွယ်ချက်များနှင့် ကားနက်လေးက တရကြမ်းပစ်ဝင်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် သေချာပေါက် တိုက်ပစ်လိုက်ကြတော့မည်ဟုထင်ရအောင် ကားနှစ်စီးလုံးဦးချင်းဆိုင်လုလုဖြစ်လာသည်။

ညီက နှုတ်ခမ်းတစ်ချက်တွန့်၍ပြုံး၏။ စတီယာရင်ကို ကျွမ်းကျင်စွာ လှည့်ပတ်ပစ်လိုက်လေသည်။ ဒါဟာ သေချာပေါက်လွတ်လမ်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ညီကိုယ့်ကိုယ်ကို အသေခံ၍ သူတစ်ပါးကို သတ်ချင်ရုံလောက်သော အမှောင်တိုက်မျိုးနှင့် ဒေါသမရှိ သေချင်တဲ့သူ သွားပါစေပေါ့။ ကားနှစ်စီးက လွတ်ရုံလေး ပွတ်ကပ်ဖြတ်သွား၏။ မတိုက်မိသော်လည်း ကျန်ခဲ့သည့် အရှိန်ကပဲ နားထဲမှာ ဆူညံစွာ မြည်ဟီးသွားခဲ့သည်။

"ဝုန်း....ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



ညီတော်တော်နဲ့ အရှိန်မသတ်နိုင်ဘဲ ဝေးကွာလာခဲ့သော်လည်း နောက်ကြည့်မှန်ထဲမှာ မြင်နေရသည်။ တိုက်မိလိုက်သည့် အသံကြီးကို ကြားလိုက်ရ၏။ သူပြန်လှည့်လာနိုင်သည့်အချိန်တွင် ကားနှစ်စီး တိုက်မိကာ နှစ်ပတ်သုံးပတ်လိမ့်ထွက်သွားသော ကားနက်လေးထ လမ်းဘေးချိုင့်ထဲမှာ ဖောက်ထိုးစိုက်ကျနေ၏။ ကားတံခါးတစ်ဖက် ပွင့်လျက် ထိုအစပ်မှာ ခွေခေါက်ပုံကျနေသူဟာ...

"ပပ"

သူထင်ခဲ့မိသေးသည်။ ဒါပေမဲ့ ဒီလောက် ဒရကြမ်းဖြစ်လာတော့ ပပမဖြစ်နိုင်ဟု တွက်ခဲ့၏။ ဦးမင်းလူ၏ လက်ပွားတွေ ဒါမှမဟုတ် ခေါ်မြတ်မြတ်မင်း နောက်ထပ်လူမိုက်ငှားလိုက်ပြန်ပြီဟု ခုတော့—

လမ်းပေါ်မှာ ငုတ်တုတ်ကျန်ခဲ့သော ကထန်းလက်မကြီးတွေသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကွန်တိန်နာကားကြီးပေါ်မှ လူတွေလည်း အနားမှာ ရောက်နေကြ၏။ ပြီးတော့ သွားလာဖြတ်သန်းလာကြသည့် ကားတစ်စီးတစ်လေမှ လူတချို့နှင့်....

"ဒရကြမ်းကြီးမောင်းချလာတာကွာ ခက်တာပဲ ဟော့ ဟိုကား ကို နေရာမလွှဲစေနဲ့ စခန်းကို အကြောင်းကြားရမယ် ဒီကားဘရိတ် ပေါက်လာသလားမသိဘူး"

တစ်ဖက်ကားမောင်းသည့်လူကြီးက အားလုံးကြားအောင်ပြော၏ ညီက ထိုနေရာမှာ အကြာကြီးရပ်နေပြီးမှ တစ်လှမ်းချင်းတိုးသွားသည် ပပ အသက်မှ ရှိသေးသလား မရှိတော့ဘူးလား။

အနားမှာသူခြေစုံရပ်မိလျှင် ပပ၏ မျက်တောင်တွေ လှုပ်ရှားလာ





တာ မြင်လိုက်ရသည်။ နှုတ်ခမ်းတို့လှုပ်ခတ်လာတော့ သွေးတွေပွက် ခနဲ သွန်ကျလာ၏။ ပပ သူ့ကိုတစ်စုံတစ်ရာ ပြောချင်နေပြီ။

သူပြန်လှည့်လာမှာကို သိနေသောကြောင့် နောက်ဆုံးထွက်သက် ကို အားခဲတဲ့ဆွဲထားပုံပေါ်၏။ ညီက သူမဘေးမှာ ဒူးတစ်ဖက်ချ ထိုင် လိုက်ကာ...

"ပပ"

ပပ မထူးနိုင်ပါ။ မျက်ဝန်းလေးတွေ သူ့ထံဝင့်တက်လာပေမယ့် မရောက်နိုင်...

"ညီ"

အသံလေးသဲ့သဲ့ထွက်လာပြီး ရင်ဘတ်ကလေးအဆမတန် လှုပ် ခါလာ၏။

"ဘာပြောချင်လို့လဲ ပြောလေ တစ်ခုတော့ရှိတယ် ပပ မင်းကိုငါ သတ်ချင်လို့တမင်လိုက်လာတာ မဟုတ်ဘူး မင်းကလိုက်သတ်တဲ့သူ အဲဒါကိုတော့ နားလည်ပါ တမလွန်ထိ မင်းရဲ့ဒေါသမောဟတွေ သယ် သွားရမှာစိုးလို့"

ပပအံကြိတ်လိုက်တာကို သူမြင်သည်။ နောက်ဆုံးထွက်သက် မှာ နောင်တနှင့်အသိတရားတွေရပြီး ဝန်ချသွားကြတဲ့လူတွေထဲမှာ ပပမပါဘူးဆိုတာ သူသိလိုက်၏။ ပပသည် ထွက်သက်နှင့်အတူ ပြောလိုသော စကားတို့ကို ဖျစ်ညှစ်စုစည်း၍...

"နင့်....ကို....မုန်း"

သူနားတစ်ဖက် စိုက်ပေးထားတာမို့ သေချာကြားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပပသည် နှုတ်ခမ်းအစုံဖွင့်ဟလျက်သားနှင့် တစိမ့်စိမ့်ကျနေသော သွေး တို့ကိုလည်း မသိမ်းဆည်းနိုင်တော့ပေ။

သူမဘဝနိဂုံးချုပ်သွားပါပြီ။ အနားမှာတဖြည်းဖြည်း စုဆောင်းများ ပြားလာသော လူတွေက ကားမောင်းသူလည်း ပွဲချင်းပြီးပဲဟု တွက်ချ ကြ၏။ ညီ မျက်နှာငုံ့ချပြီး စကားပြောနေတာကိုလည်း သေဆုံးသူဟာ မိန်းမလှလေးမို့ သနားစာနာစိတ်နဲ့သေချာငုံ့ကြည့်နေသည်ဟုသာ ထင် ကြ၏။

ပပသေတဲ့အတိ အမှန်းစကားတွေ ရေရွတ်သွားတာကို ကြားသူ မြင်သူတစ်ယောက်မှမရှိခဲ့ပါ။ ညီ ဖြည်းညင်းစွာထရပ်လိုက်သည်။ မိန်းမ နဲ့ ယောကျ်ားဖြစ်သွားခဲ့သည့် ဒီပွဲမှာ သူတရားရဲ့လား၊ တရားတယ် ညီ ကိုယ့်စိတ်ကိုဖြေလိုက်၏။ သူပြန်လိုက်ခဲ့တာ လူသတ်သမားဟာ ပပပဲဟု သေချာတွက်ခဲ့၍မဟုတ်။

အသေခံ၍ ဒုရကြမ်းမောင်းဝင်လာတော့ ပို၍ယုံကြည်ခဲ့သည် ဒါဟာ မိန်းမသားတစ်ယောက် ဖွန့်စားရဲသော တိုက်ကွက်မျိုးမဟုတ် ဒိတ်မကောင်းဘူးပပရယ် ခွင့်လွှတ်ပါလို့တော့ ပြောဖို့မလိုဘူးထင်တယ် ငါမှားခဲ့တာမှ မဟုတ်ဘဲ။

သူကားပေါ်ပြန်ရောက်ခဲ့တော့ နောက်ကြောင်းကို ပြန်လှည့် ပြန်သည်။ ကိုအောင် ကျန်နေခဲ့သေးသည်မို့....





## အခန်း (၂၂)

"စကားတော့ပြောကြည့်ပါဦး မိမယ်ရယ် ညည်းကလည်း လွန် ကွန်းပါတယ် ဟိုခများ ပြောပုံဆိုပုံက အမြွတ်တနိုး တန်ဖိုးထားတဲ့ပုံပါ"

ဒေါ်လေးပြောတော့ မယ်က ခပ်မဲ့မဲ့နှင့်ခေါင်းခါ၏။

"မြတ်နိုးရလောက်အောင် ဘာမှရင်းနှီးငြိတွယ်ခဲ့တာမရှိဘူး ဒေါ် လေး၊ လေးစားရအောင်လည်း မယ်တို့မှာ အိမ်စုပ်မှာ တစ်နေ့ရှာမှ တစ်နေ့စားရတဲ့ဘဝ ဘာမှဆက်မပြောနဲ့တော့ဒေါ်လေး သူ မယ့်ကို အနိုင်ကျင့်ဖို့ ကြိုးစားတာသိလား ကံကောင်းလို့ လွတ်မြောက်ခဲ့တာ သူ့အခုလိုက်ရှာနေတာလည်း ဒေါ်လေးထင်သလို မဟုတ်ဘူး လွတ် သွားတဲ့အမဲကောင်ကို နမြောတသခံစားနေရတဲ့ မုဆိုးလိုလောဘ မျိုးနဲ့"

မယ်-ဒီအတိုင်းပဲထင်သည်။ မယ့်ကို သူပိုင်စိုးပိုင်နင်း ချုပ်နှောင်



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်၏။ ဘယ်လိုမှ အလွယ်တကူမဖြစ်တော့ပြီမှန်းသိလို့ ဖြန်လျှော့ပေးခဲ့တာ ဆင်းရဲတဲ့ မိန်းကလေးပဲဆိုပြီး အပိုင်တွက်၍ ကြံစည်ခဲ့ပြီးမှ မလွယ်ကူလို့ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်တဲ့ သဘော

တွေးမိလေ ရင်နာလေ ရှက်လည်းရှက်သည်။ နောက်ထပ်မျက်နှာချင်းမဆိုင်ရဲလောက်အောင် ရှက်မိသည်။ နာလည်း နာကြည်း၏

မယ်က ကိုယ့်ကိုစောင့်ရှောက်ထားတဲ့သူပဲဟုမြင်သည်။ သူ မမြင်နိုင်ဘူးထင်ပြီးတော့လည်း လွတ်လွတ်လပ်လပ်ကြီး ခုန်ပေါက်တွန့်လိမ်၍ ကနေခဲ့မိ၏။ နွဲ့လိမ်လှုပ်ခါနေသော သူမကကွက်တွေမှာ သူကတော့ တစိမ့်စိမ့်ကြည့်ပြီး စိတ်ကူးယဉ်နေခဲ့၏။ ပြီးတော့ သူ…

မယ်အံကလေးကြိတ်၍ ထရပ်လိုက်မိသည်။

“သမီးရယ် ပြောလို့သာယုံရတယ် ထပ်တူညီဆိုတဲ့ ကောင်လေးကော သူ့အဖော်ကောင်လေးကိုကော ဒေါ်လေးတို့ အကဲခတ်မိသ ရုပ်ရည်သန့်သန့်ချောချောလေးတွေပါ ဒီလောက်ချမ်းသာတဲ့ လူမျိုးက ညည်းပြောသလို မတော်မတရား စိတ်ရှိတယ်ဆိုရင်တောင် ညည်းထက်လှ ညည်းထက်နုရွတာလေးတွေ သူ့မှာရှားမတဲ့လား ဒီလိုရပ်ကွက်ထိ လိုက်လာပြီး ဟိုလူ့သိ ဒီလူကြည့်နဲ့ ညည်းကိုမှရေးကြီးခွင်ကျယ်ရှာနေတဲ့ဟာ”

“ဒေါ်လေးက ဘာလဲ ဒီလူချမ်းသာလွန်းလို့ အထင်ကြီးနေတာလား ဘာဖြစ်လို့ ကြံဖန်ဖြေတွေးနေတာလဲ”

မယ်က ရပ်နေပေမယ့် ဒေါ်လေးက သစ်မြစ်ဆုံပေါ်မှာ ထိုင်ချလိုက်ပြီး ထဘီစကို ဒူးပေါ်နည်းနည်းသိမ်းထားလိုက်၏။





“ဟုတ်တယ် အထင်ကြီးတယ် ဒီလောက် အခြေအနေအဆင့်အတန်းကွာဟနေတဲ့ ငါ့တူမလေးကို ငါသဘောမတူဘဲနေပါ့မလား ကိုအောင်ဆိုတဲ့ ကောင်လေးက ဆေးရုံမှညည်းအဖေ တက်နေတုန်းကတည်းက ဆေးဖိုးဝါးခကော အိမ်မှာလိုအပ်တာ အားလုံးသူပဲထောက်ပံ့နေတာ ဒီအမှုထဲမှာ ကြားညှပ်ပြီး အန်တီတို့ဆိုက္ကားက စခန်းမှာ ခေတ္တထိန်းသိမ်းခံထားရတော့ စားမှုသောက်မှု ဒုက္ခဖြစ်မှာပေါ့တဲ့ သူကူညီသင့်လို့ကူညီတာကို ယူပါဆိုပြီး လိုလေသေးမရှိပေးတာ ညည်းတင်သွားတဲ့ လူ့သေကောင်ကြီးက ထပ်တူညီရဲ့အဘွားဆိုလား ဘာလားတော့ မသိပါဘူး ဘာမှမတော်ဘဲ အိမ်ဖော်လိုလို ဘာလိုလို မျိုးကြားတာပဲ”

ဒေါ်ရီရီက မယ်သိပြီးသားတွေကော မသိသေးတာတွေကော လုံးထွေးပြောနေပြန်သည်။ ဆိုက္ကားနဲ့ မယ့်ကိစ္စသတင်းကြားသည်နှင့် ရောဂါပိုတိုးသွားကာ ဦးဘရင် အခြေအနေပိုဆိုးသွားခဲ့၏။ ထိုအခါ သေသူဘက်ကလိုလို ဘာလိုလိုနှင့် အမှုနဲ့ တစ်စုံတစ်ရာပတ်သက်သူဟုသာ အသိပေးပြီး ကိုအောင်က အစစအရာရာကူညီခဲ့၏။

ဦးဘရင်ကို ဆေးရုံတင်ဖြစ်ခဲ့တာလည်း သူတိုက်တွန်းလို့ပဲဖြစ်သည်။

“ကျွန်တော်က ကာယကံရှင်တော့မဟုတ်ပါဘူး အခု တရားခံမပေါ်ဘဲ အသတ်ခံလိုက်ရတဲ့ ဒေါ်မယ်စောက ကျွန်တော့်သူငယ်ချင်းနဲ့ ပတ်သက်တော့”

ထပ်တူညီဆိုတဲ့ နာမည်ကိုထည့်မပြောခဲ့သေးပေ။ ဘယ်လိုဘာပုံပတ်သက်သည်ဟုလည်း မပြောခဲ့ပါ။ ဆိုက္ကားကတော့ အလောင်း

www.burmeseclassic.com



ဖျောက်ဖျက်ရေးမှာ အဓိကပါဝင်သည့် သက်သေခံပစ္စည်းအဖြစ် ရဲစခန်းကနေ့ ခေတ္တထိန်းသိမ်းထားခဲ့၏။

ဆိုက္ကားသမား ဘယ်သူ ဘယ်ကိုပြေးသလဲစသည့် ကောက်ကြောင်းခြေရာတွေကို ကိုအောင်တို့ ဘယ်လိုကြိုးစားဖြေရှင်းခဲ့ကြသည်မသိ။

ဟိုတုန်းကတော့ ကိုယ့်မှာပြည့်စုံနေပေမယ့် တူမလေး ကြောက်ကြောက်လန့်လန့်နဲ့ ဘယ်ပြေးနေမှန်းမသိတော့ မစားနိုင် မအိပ်နိုင်။

သိပ်မကြာခင်မှာ ကိုအောင်က မယ့်ဓာတ်ပုံလေးယူလာပြီး 'သူ့မို့လား သူဆိုရင် မပူပါနဲ့ ဘေးမသီရန်မခ အေးအေးချမ်းချမ်း ရှိနေတာပါ' ဟု နှစ်သိမ့်ခဲ့၏။ ဓာတ်ပုံထဲမှာ ရယ်မောကြည်လင်နေတော့လည်း စိတ်ချလက်ချဖြစ်သွားခဲ့မိသည်။

ခုတော့ ရုတ်တရက်ကြီးပြန်ရောက်လာပြီး သူမကပဲ ပြုံးပြုံးပျာပျာနဲ့ အပြစ်တင်သေးသည်။

"ဒေါ်လေးရယ် ဒီမှာအခြေအနေဆိုးနေပြီဆိုပြီး မယ်ကမထွက်ရဲခဲ့တာ ဒီလိုမှန်းသိရင် ဟိုမှာစိတ်ညစ်ခံပြီး မနေဘူး"

ဒေါ်ရီရီက ပြောလည်းပြော တွေးလည်းတွေးနှင့် မယ်ရပ်နေတာကို မော့ကြည့်၏။

"မိမယ် ညည်းစဉ်းလည်းစဉ်းစားစမ်းပါဦး အဲဒီလူသေကောင်ကြီးနဲ့ ညည်းဗရုတ်သုတ်ခတွေ ဖြစ်နေတုန်း ထပ်တူညီနဲ့ ဘယ်လိုဆုံကြတာတုန်း သူက ကူညီခဲ့တာလား ညည်းက ကူညီခဲ့ရတာလား ညည်းကိုယ်မှာ မှဲ့တစ်ပေါက်မှ မစွန်းဘဲ ပြန်ရောက်လာတာ ညည်း





တော်လွန်းလို့လား"

ဒေါ်ရီရီ ဒေါသတွေထဖြစ်တော့ မယ်လည်း မခံချင်စိတ်လေး ဖြစ်မိသည်။ ဒါပေမဲ့ ချက်ချင်းစကားစရှာလို့မရ။

"ကန်းနေတုန်းကလည်း ယုတ်မာချင်ရင် လွယ်လွယ်လေးပဲ မျက်စိမြင်တော့မှ ညည်းရှောနေလှနေတာကိုမြင်ပြီး ဖောက်ပြန်တယ်ဆိုရအောင် တစ်လောကလုံးမှာ ညည်းလိုလှတဲ့သူမရှိတော့ဘူးလို့များထင်နေသလား ဘယ်ဟာမဆို မှူမှူတတ တွေးစမ်းပါ"

"လှတယ်ဆို ဒေါ်လေးပဲ မယ်ကိုးတန်းစတက်ကတည်းက ဆုံးမလိုက်ရတာ ငါ့တူမလေးချောချောလှလှလေးမို့ ရင်ပူလိုက်ရတာ ဆင်းရဲသားကိုစိတ်ကူးပြီး နှုတ်ခမ်းပဲ့ချင်း မီးမှုတ်မှာလည်းစိုးတယ် ကိုယ်နဲ့တန်မရာ သူဌေးပဂေးတွေတောင်မှန်းပြီး အကျနာမှာလည်း ပူတာပဲဆို မိမယ် ရောင့်ရဲနိုင်အောင် ကြိုးစားရမယ်ဆို"

"အမလေး မှတ်မိနေလိုက်တာ ကွန်ပျူတာထဲက ထွက်လာတဲ့စာလုံးတွေကျနေတာပဲ ဟဲ့ အဲဒါလည်း ကိုယ့်တူမလေးမို့ မှားမှာစိုးလို့ပြောတာပဲ ကုသိုလ်ကံဆုံတာ မြင်ရသလား"

ဒေါ်ရီရီ အားမလို အားမရထရပ်လိုက်ပြီး မယ့်ကို မမြင်ဖူးသလိုကြည့်၏။ အနီရဲ ဘောင်းဘီရှည်ပွပွနှင့် ဂျင်းအကျႌလက်ပြတ်ခါးတိုလေး ဝတ်ထားသည့် မယ့်လက်မောင်းသား ဝင်းဝင်းလေးတွေကအဝတ်စားအောက်မှာ ထင်းနေသည်။ အသားဖြူဖြူ နှုတ်ခမ်းပါးရဲရဲလေးများနှင့် မယ်ဘွဲ့ဆိုတဲ့ ကောင်မလေးလှတာဟာ မဆိုးပါဘူး ဆိုတဲ့စကားလောက်နှင့် မလုံလောက်နိုင်။ သူမမှာ တူမလေးလှတာကို



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူသည့်စိတ်လည်းရှိသည်။ အပေါင်း အသင်းဆို ပုပုရွရွ ဖြေ မည်း ဘာမှမရွေးဘဲ ပေါင်းသင်းတတ်သည့် မယ့်ကို ဒါတွေနဲ့ပဲ ငြိတွယ်သွားမှာလည်း စိုး၏။

သို့သော် 'ငါ့တူမလေးက မင်းကတော်ရုပ် သူဌေးကတော်ဖြစ် မယ့် ရုပ်ကလေး' စသဖြင့် တရားလက်လွှတ်စကားမျိုး ကလေးရှေ့မှာ မပြောမိအောင်တော့ ဆင်ခြင်ခဲ့၏။ ဒီလိုတော့ အဖြစ်မခံနိုင်ပေ။ မမြင် နိုင်သည့် ကုသိုလ်ကံအတွက် ပြောဆိုဆုံးမတိုင်း ကိုယ့်ဖို့ချည်း မဟုတ် ဘဲ တစ်ကွက်တော့ ချန်ထားရသည်၊ ဒါကိုသင်းကလေးနားမလည်ပါ လော ဒေါ်ရီရီ စိတ်ညစ်သည့် မျက်နှာနှင့်ကြည့်တော့ မယ်လည်း စိတ်မရှည်…

"အဲဒါတွေ ဘာမှပြောမနေနဲ့တော့ ဒေါ်လေး အဖေလည်း အနု ကျန်းမာရေးကောင်းနေပြီ ဆိုက္ကားလည်းပြန်ရပြီ အဖေ့ကို ဆိုက္ကား မနင်းခိုင်းနဲ့တော့ ဒီအိမ်ပြန်ရောင်းပြီး ဒဂုံမြို့သစ်မှာ ချို့ချို့ချောင်ချောင် အိမ်လေးတစ်လုံးရှာဝယ်မယ် ဒေါ်လေးက ဈေးရောင်း မယ်က အလုပ် လုပ်မယ်"

"လွယ်လိုက်တာ ပြောလိုက်တာတော့ ချက်ချင်းပြီးသွားတာပဲ နော် ကဲ ရောင်းပါပြီတဲ့ ညည်းကဘာလုပ်မှာလဲ"

မယ်က ဒေါ်ရီရီရှေ့ကနေ လျှောက်ထွက်သွားပြီး လွှန်သွားမှ ဘောင်းဘီနှစ်ဖက်စလေးမ၍ သမင်လည်ပြန်ကြည့်သည်။

"မယ့်ကို မပူပါနဲ့ မယ်က လုပ်မယ်ဆို မဖြစ်မနေလုပ်မှာ ဖင်မာ တို့မာမီမှာလည်း မီနီမားကက်လေးတွေ နှစ်ခုတောင်ရှိတာ ချောတို့ မှာလည်း ဖိနပ်ဆိုင်ကြီးတွေရှိတာပဲ မနေ့ညနေက ချောလာတုန်းက





တောင် မယ် အလုပ်လုပ်ချင်တယ်ပြောတော့ ဆိုင်မှာလာလုပ်ပါလား သူ့အစ်မကြီးကို ပြောပေးမယ်တဲ့ မမလှိုင်ကဆိုရင် မယ် အဲဒီမှာသွား သွားနေကတည်းက မယ့်ကို သိပ်ချစ်တာ၊ အလုပ်တောင်းရင် ရမှာပဲ ဘယ်အလုပ်ပဲဖြစ်ဖြစ် လောလောဆယ် လူနှစ်ယောက်က ဝင်ငွေရှိနေ ပြီဆို အိမ်မှာပူစရာမလိုတော့ဘူးလေ နောက်ထပ်ကောင်းတဲ့အလုပ် တွေ့ရင် ထပ်ပြောင်း ဒါပဲ"

ပြောတာလေးကလည်း ဆိုးတော့မဆိုးပါဘူး။ ဒဂုံမြို့သစ်ဘက်မှာ ဆို မြေဈေးလည်းသင့်သည်။ ခြံနဲ့အိမ်နဲ့ တူတူတန်တန်လေးဝယ်နိုင် မည့်အပြင် ဒီကအိမ်ရောင်းသွားသည့်ငွေက ရင်းနှီးဖို့တောင် ကျန်ဦးမည် ဖြစ်၏။ ဒါပေမဲ့ ဟိုအရင်နှစ်က ဒီလိုစကားပြောကြည့်ဖူးတာတောင် အစ်ကိုက ခါးခါးသီးသီး ငြင်းခဲ့တာဖြစ်သည်။

"နေရာတစ်နေရာ ပြောင်းရွှေ့ကြတာလွယ်တယ် မှတ်လို့လား ကိုယ်နဲ့ မကျွမ်းဝင်ခဲ့တဲ့ ရပ်ကွက်အထာရှိတယ် ကိုယ့်အလုပ်အကိုင် နဲ့ ဖြစ်မဖြစ် ပြန်တွက်ကြည့်ရင် နှင်ရင်ဘတ်ထုသွားရနိုင်တယ် လာ မပြောနဲ့ ထမင်းငတ်သေတဲ့မိသာမရှိဘူး" တဲ့။

ဟုတ်နိုးနိုးနှင့် စဉ်းစားကြည့်ပြီးမှ ဒေါ်ရီရီခေါင်းခါလိုက်မိသည်။

"ညည်းအဖေက လက်ခံမှာမဟုတ်ဘူးအေ ဘာတွေညာတွေ ဒွေးမနေစမ်းပါနဲ့ ကိုယ့်အပေါ် ကျေးဇူးရှိခဲ့ဖူးတာကို အောက်မေ့ပြီး ညီဆိုတဲ့ ကောင်လေးကိုတော့ ကောင်းကောင်းမွန်မွန် စကားပြန်လိုက် ပါ ဟိုကိစ္စဒီကိစ္စက ညည်းသဘော ညည်းကိုငါတို့ဘာမှ မချုပ်ချယ်ဘူး အမိန့်မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားတွေအများကြီးပြောပြီးဆုံးတော့ ဒါပဲပြန်ရောက်လာသဖြင့် မယ်က ဟိုဘက်ပြန်လှည့်သည်။ ကျောခိုင်းလျက်နှင့် ဒေါ်ရီရီမကြားအောင် ပွစိပွစိပြောရင်းမဲ့ရွဲ့နေသေးသည်။

"ကျေးဇူး ဘာကျေးဇူးလဲ အဲဒီနေခဲ့တာ ဒီမှာကော စိတ်ချမ်းသာကိုယ်ချမ်းသာရှိခဲ့လို့လား သူ့ကိုလည်း ခိုင်းသမျှဖြူစုလုပ်ကိုင်ပေးရတာပဲ သူများစောင်းချိတ်မဲ့ရွဲ့တာလည်း ခံရတာပဲ ထမင်းလေးကျွေးပြီး အသေနှိပ်စက်တာ"

"မိမယ်"

"ဘာတုံး....အဲ"

မကြားအောင်ပြော၍ မဲ့ရွဲ့နေတုန်း ဒေါ်ရီရီခေါ်သံကြောင့် အရှိန်က ပါသွား၏။

"အံမာ"

"ကန်တော့...ကန်တော့...ဒေါ်လေး....ဟို...မယ်က"

"မယ်က ဟိုဘက်လှည့်ပြီး ငါမကြားအောင် ရွတ်ဖတ်နေတယ်မို့သား ဟွန်း သိတယ် နင့်အကြောင်း"

မယ်က တည့်တည့်ပြန်လှည့်လာပြီး ပေါင်ပွတ်လိုက် လက်ဖဝါးချင်းပွတ်လိုက်နှင့် ခေါင်းခါသည်။

"ဒေါ်လေးကလည်း ဟိုဥစ္စာ"

"ဘယ်ဥစ္စာလည်း ညည်းကို သူများကျေးဇူးရှိခဲ့တာကို မမေ့ဖို့ ပြောတာ ကိုအောင်နဲ့ဆို ညည်းအဖေရင်းနီးနေပြီ သူတို့က ကောင်း ကောင်းမွန်မွန်တွေ ပါရစေ စကားပြောချင်ပါတယ် ပြောနေတာ ဘယ်လို





ငြင်းမလဲ ခုပဲ အားနာဖို့ကောင်းနေပြီ"

"အဲဒါကိုပြောတာပေါ့ မယ်နဲ့ ကိုညီမှာ ကျေးဇူးမရှိဘူး သူ့ကို မယ်လည်း ပြန်ကူညီခဲ့ရတာတွေ ရှိနေတာပဲ ကျေပြီ"

"ဘာကျေတာလဲ"

"ဒေါ်လေးက မသိဘဲနဲ့"

သူ သူများကို ဖိနှိပ်စော်ကားခဲ့လိုက်တာ ကျေရုံတင်မကဘူးလို့ ထုတ်ပြောလိုက်ချင်သည်။ ခုချိန်ထိ သတိရလိုက်တိုင်း မျက်နှာပြင်မှာ ပူနွေးတတတ်လာနေဆဲ။ မယ်ဟာ ဆင်းရဲပေမယ့် လွတ်လွတ်လပ်လပ် သွားလာပေါင်းသင်းတတ်တာက သဝ်ငါ်ပ်။

မယ့်သူငယ်ချင်းတွေထဲမှာ ယောကျ်ားလေးအပေါင်းအသင်းတွေ ပါပဲ။ ဒါပေမဲ့ အဲဒီလို လူမျိုးမရှိပါဘူး မယ် နခဲ့တာ တကယ့်ကို သန့် သန့်စင်စင် ကြည့်တော့ဖြင့် လူကြီးလူကောင်း မာကျောကျော တည် တည်တင်းတင်းနဲ့ အကျင့်ကမကောင်း။

"ညည်းကိုဘယ်လိုပြောလို့မှမရတော့ဘူးလား မိမယ် ဒါဆိုပြီး တာပဲ ငါတို့လည်း မျက်နှာပူလှပြီ ဒီအိမ်ရောင်းပြီးသွားကြတာပေါ့အေ ကောင်းတာပဲ"

ဒေါ်ရီရီ တကယ်ဒေါသဖြစ်သွားသည်။ ဖျောင်းဖျနားချဖို့လည်း စိတ်မကူးချင်တော့ပေ။ မယ်ကတော့ ပခုံးတွန့်ရယ်မောကျန်ခဲ့ပြီလား မသိ။ ဒီမိန်းကလေးဟာ အခုမှမဟုတ်ဘူး ဟိုတုန်းကတည်းက ပြော မရ ဆိုမရ ရာဇဝင်တွင်အောင် ခေါင်းမာခဲ့တဲ့သူ....



www.burmeseclassic.com

www.burmeseclassic.com



"ဒ ခန်း (မြဲ)

ကိုအောင်ပြောတာက နားထောင်ပြီး ညီက ပြုံးလိုက်၏။ နှုတ်ခမ်းက စီးကရက်ကို လက်ညှိုးနဲ့ လက်မနဲ့ညှပ်ယူပြီး ပြတင်းပေါက်ဆီ နတောက်ထုတ်ပစ်လိုက်၏။ ပြီးတော့...

"ငါထင်သားပဲ"

ဟု ပြောလေသည်။

"မင်းက ဘာသိတာလဲ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ထိ ရင်းနှီးခဲ့ပြီးပြီ ချစ်သူတွေ မဟုတ်ကြသေးတာလဲ တစ်ယောက်အကြောင်း တစ်ယောက် ဒီလောက်ဆိုနားလည်သင့်ပြီပေါ့ သူ့ဘက်က ဒီလောက်ထိ တင်းမာနေဖို့ လိုသလား"

"ဒါက သူ့အမြင်နဲ့သူတွေးတာက တစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့ ဒါပေမဲ့ ငါသိတယ် သူ့ကိုငါကိုယ်ထိလက်ရောက်စော်ကားလိုက်မိတာ





တော်တော်ရှိင်းသွားတယ် ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုဒီလောက်ထိ အခွင့်အရေးယူပစ်ရလောက်အောင် သူနဲ့ငါ့အခြေအနေက လုံးဝကို အပေးအယူနားလည်မှု ဘာဆိုဘာမှမရှိသေးဘူး"

"မင်းက ဘာကိုပြောတာလဲ"

"သူနဲ့ငါ မရင်းနှီးခဲ့တာကိုပြောတာလေ သူမှာလည်း အရိပ်တစ်ခုမှာ လုံခြုံမှုရှိနေရုံပဲ ငါကလည်း ငါ့ကိစ္စတွေနဲ့ ရှုပ်နေတော့ သူ့ကို ဂရုစိုက် အရေးပေးတာမရှိခဲ့ဘူး ကြည်နူးရယ်မောခဲ့ကြတာ ဘာမှမရှိဘူး ဆိုလိုတာက ဒီလိုကွာ ငါ့ဘက်က မရိုးသားမှုတစ်ခုခုရှိနေတာကို သူခံစားမိအောင် ပြုမူပြောဆိုပြစ်ခဲ့တာမျိုး ရှိတာမျိုးပေါ့ အဲဒီတော့ သူလက်ခံထားသမျှ ငါနဲ့ပတ်သက်တာ အားလုံးက အဖြူထည်ပဲ ဖြစ်နေလိမ့်မယ် ဒါကို ငါက..."

"ဘာဖြစ်လဲ သွေးသားမတော်စပ်ကြတဲ့ ယောကျာ်းနဲ့ မိန်းမမှာ အချိန်မရွေး မရိုးသားနွ ရှိတယ်"

ကိုအောင်က အားမလို အားမရဖြစ်နေသူပါ အခြေအနေအားလုံးက သူနေရာနဲ့သူ ကောင်းတဲ့သူကောင်းသလို မကောင်းတဲ့သူ မကောင်းတဲ့အတိုင်း ပြီးနေပြီ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတပ်ပေါင်းကြမို့ပဲရှိတော့တာကို မဖြစ်သင့်တဲ့ ဘက်မှာ စာတ်လမ်းဆုံးဖို့ ဖန်တီးလာခဲ့သည်။

အစကဖြစ်လာမှာပါ ပြေလည်သွားမှာပါနဲ့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ရတော့မည့်အဖြစ်မျိုး။ နှစ်ယောက်သား ကိုယ့်အတွေးနဲ့ ကိုယ်ငြိမ်သက်သွားခဲ့ကြ၏။ စားပွဲပေါ်မှာ ရှိနေသမျှ စားစရာတွေလည်း ဘာမှလက်ရာမပျက်သေးဘဲ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီယာတစ်လုံးက တစ်ဝက်ကျလျက် ဒီပြင်စားစရာတွေမှာ တစ်ခုမှလက်ရာမပျက်ခဲ့ပေ။ ကိုအောင်က ဖန်ခွက်ထဲမှာ ထည့်ထားပြီးသည့် ဘီယာကို သောက်မလို့ ကိုင်လိုက်ပြီးမှ ပြန်ချ၍ ဖန်ခွက်တစ်လုံးမော့ထားရုံနှင့် မျက်နှာတွေနီနေသည့် ညီကိုကြည့်သည်။

"ဘာလဲ ဘီယာကြောင့်လည်း ငိုချင်နေတာလား"

ညီက အသံထွက်အောင်ရယ်သည်။ ပြီးတော့ နောက်ထပ်တစ်ပက်လောက်ထပ်ဖြည့်ပြီး...

"ငို့စရာလား"

ဟု ရယ်ရင်းပြော၏။ ဖန်ခွက်ကို ဆုပ်ကိုင်ထား၍ သူ့ကိုပြန်ကြည့်ကာ...

"မျက်လုံးကွယ်နေခဲ့တဲ့ ကာလက သိပ်တော့မကြာဘူး ဒါပေမဲ့ အဲဒီကာလလေးမှာ ပြတ်တောက်သွားလို့ထင်တယ် တစ်ခွက်လောက်တောင် ရီဝေဝေဖြစ်နေပြီ"

ကိုအောင်က မယုံပါဘူးဆိုသည့် မျက်နှာနှင့် စိုက်ကြည့်ပြီး ကိုင်ထားတာကို မော့လိုက်၏။

"ငါပြောတာက"

ဖန်ခွက်ကို ချပြီးပြီးချင်း ပါးစပ်ထဲက ရှိသမျှကို လည်ပင်းရှည်၍ အလျင်အမြန် မျိုချလိုက်သည်။ ဒီလိုပဲ ပြောချင်စိတ်ပေါ် လာပြီဆို ချက်ချင်းပြောရမှ။ ကိုအောင် မကျေမနပ်ဖြစ်နေတာကို ညီက ခွင့်လွှတ်သော အပြုံးနှင့်ကြည့်၍ အေးအေးဆေးဆေးစောင့်သည်။

"ဘာပြောချင်တာလဲ ပြော"





"မင်းနဲ့ သူ အခြေအနေချင်း ဒီလောက်ကွာတာ အခု မင်းသူ့ကို သွားတွေ့တာပဲနှစ်ခါရှိပြီ သူနားလည်ဖို့ ကောင်းတာပေ့ါ မင်းအတွက် သူ့လို မိန်းကလေး၊ သူ့ထက်သာတဲ့ မိန်းမ ဘယ်နည်းနဲ့ဖြစ်ဖြစ် မရှားဘူး ငါပြောတာ မှန်လား"

"အင်းပါ ဆက်ပြောပါ"

"အဲဒါ နားလည်ရမယ့် အဓိကပွိုင့်ပဲလေ မချစ်တဲ့ယောကျ်ားက သူ့ကို တန်ဖိုးထားပြီး ခေါက်တုံ့ခေါက်ပြန်လာနေမတဲ့လား မင်းတို့ချင်း ပြေလည်ပြီလို့ ငါ့မှာအပိုင်တွက်ထားခဲ့တာ ခုတော့ မဟုတ်တာလေးနဲ့ ပြဿနာကကြီးလာပြီ နောက်ကွာ မိန်းကလေးတစ်ယောက် အနေနဲ့ တွေးရင်တောင်မှ ချစ်တာ မချစ်တာကို ကဗျာတစ်ဖွဲ့ စာတစ်ဖွဲ့လုပ်နေမယ့်အစား အားကိုးထိုက် အားကိုးသင့်တဲ့ ယောကျ်ားဆိုရင် လက်ခံနိုင်အောင် ကြိုးစားရမှာပဲ မင်းမှာ ဘာလိုအပ်တာရှိလို့လဲ ပြီးတော့ ရင်းနှီးခင်မင်ပြီးသား"

ညီ ပြုံးနေရပေမယ့် စိတ်ထဲမှာတော့ သိပ်မကောင်းတော့ပါ။ ကိုအောင်ပြောတာလည်းမှန်သည်။ ဒါပေမဲ့ မယ်လည်းမမှားဘူးပို့ပဲ သူနားလည်၏။ တကယ်ချစ်၍ တကယ်တန်ဖိုးထားတယ်ဆိုတာ ကိုယ့်စိတ်ထဲမှာပဲရှိနေတာ၊ သူ့ကိုဖွင့်ပြောပြခဲ့တာမရှိ အမူအရာအားဖြင့်သော်လည်းကောင်း စကားအရိပ်အယောင်အနေဖြင့်လည်းကောင်း သူမကို သိသာစေခဲ့တာလည်း မရှိ။

ထို့ကြောင့် သူမရှက်နေပါလိမ့်မည်။ ဖြစ်သင့်သည်က သူ့ထံမှ ချစ်ခွင့်တောင်းခဲ့ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ညီ မင်းဘာလုပ်ဖို့ စိတ်ကူးလဲ"

အတွေးစတို့ ပြတ်တောက်သွားသည်။ ကိုအောင်က စီးကရက် မီးညှိနေ၏။ ညီမဖြေသေးတော့ မီးညှိနေရင်း မျက်ခုံးတစ်ဖက်ပင့် ကြည့်သည်။

"ငါက လုပ်ငန်းတွေထဲ ပြန်ဝင်တော့မှာ မင်းအတွက် မှမြင်မစမ်း နဲ့ ဒုက္ခိတမို့လို့ စိုးရိမ်စိတ်နဲ့ စိတ်ကောလူကော ငါနစ်ပြီး ကူညီခဲ့တာ အမှုတွေလည်းပြီးပြီ တရားခံတွေလည်း သူတို့လမ်းသူတို့ရောက်နေ ကြပြီ မင်းမိန်းမရဖို့တော့ မင်းဟာမင်းကြိုးစားတော့ ငါမပါတော့ဘူး"

"မင်းကို ဘယ်သူက ခေါ်နေလို့လဲ ဦးဘရင်ဆိုတဲ့ လူကြီးက ငါတို့လျှို့ဝှက်စုံစမ်းနေတဲ့ အချိန်ကတည်းက ဆိုက္ကားပိုင်ရှင်အဖြစ်နဲ့ မင်းနဲ့သူရင်းနှီးခဲ့တာ အဲဒါကြောင့် အရှိန်နဲ့မင်းကိုလှွတ်တာပါ ရပြီ ကျန် တာ ငါပဲ လှုပ်ရှားမယ်"

"အဲဒါ မေးတာပဲ ဘယ်လိုလှုပ်ရှားမှာလဲ မယ်က မင်းကို အလွယ် တကူလက်ခံမယ်လို့ ငါမထင်ဘူး သူ့ပုံစံက အခြားမိန်းကလေးတွေလို အမှုပိုနေတာမျိုးနဲ့လည်းမတူဘူး တကယ်ကို လုံးဝလည်း မမျှော်လင့် ဘဲနဲ့ မပတ်သက်ချင်လို့ မဆက်ဆံချင်တာမျိုးကွ၊ မင်းသွားတာ နှစ်ခေါင် ငါသွားတာဆို ခဏခဏပဲ လုံးဝကို အရိပ်အယောင်မပြတာ တွေ့တို့ မတွေ့ချင်တော့တာ သေချာတယ် ငါနားလည်တာ အဲဒါပေါ့ ဒီကောင် မလေး ပျော်တတ်ပုံရတယ်ဆိုပြီး လူငယ်သဘာဝ ပွင့်ပွင့်လင်းလင်း ပေါ့ပေါ့ပါးပါးလို့ပဲ ထင်ထားခဲ့တာ"

"ရှိပါစေကွာ တစ်ခါတစ်လေ အရမ်းခက်ခဲမယ်ထင်တာတွေ





လွယ်လွယ်လေးနဲ့ ပြီးသွားတတ်ပါတယ် အတွေ့မခံတာကိုက ငါ့ကို သူမတွေ့ရဲတာပဲ ငါယုံကြည်တယ် မယ့်ကိုငါပဲ ပိုင်ဆိုင်ခွင့်ရမှာ ငါမယ့် ကို သိပ်ချစ်တယ် သူ့ကိုမရလို့ လုံးဝမဖြစ်ဘူး။ သူကော ငါကော ဘာ သိဘာသာနေမိခဲ့ကြတဲ့ ကာလတွေမှာ ငါ့ရင်ထဲမှာ မသိတဲ့ ချစ်စိတ် တွေ အစိုင်အမာရှိနေခဲ့သလို သူ့မှာလည်းရှိမှာပဲ"

"အင်း တွက်ရေးတော့ စက်သူဌေး တွက်ကြည့်တော့ စက်မရှိ တဲ့ ကြည့်လုပ်"

ကိုအောင်က ခပ်ပြုံးပြုံးပြောပြီး နာရီကိုငုံ့ကြည့်သည်။

"ငါလစ်တော့မယ် မင်းလည်း များများထည့်မနေနဲ့ ယိုင်နေ ဦးမယ်"

ကိုအောင်ပြောပြောဆိုဆို ထရပ်လိုက်၏။

အချိန်လုပြီး လှုပ်ရှားသွားလာခဲ့ရတာတွေများတော့လည်း အကျင့် ပါနေခဲ့ပြီဖြစ်၏။ မိဘကလုပ်ကြံခံရ၊ ကိုယ်တိုင်ကျတော့ ရန်သူလက်ထဲ မှာ မျက်စိမမြင်တဲ့ အကန်းဘဝနှင့် ညီအဖြစ်ကြောင့် သူ့မှာအသက် သေရမှာလည်းမကြောက် ဘယ်လိုရန်စွယ် အန္တရာယ်ဖြစ်ဖြစ် ဂရုစိုက် ရမှန်းလည်းမသိ။ စားသောက်နေရင်းတန်းလန်းနှင့် လှစ်ခနဲ ဆိုထ လိုက်ရ သွားလာနေရင်း အရှေ့ကို မျက်နှာမူရင်းမှ နောက်ကို ပြန်ပြေးလိုပြေးရ၊ ဒီမြို့ ကနေ ချက်ချင်းပဲ ဟိုမြို့ကိုရောက်လိုရောက်၊ ခုတော့ အားလုံးပြီးဆုံး ခဲ့ပါပြီ အမှန်တရားဟာ သူ့လမ်းကြောင်းနဲ့သူ ခိုင်ခိုင်ခံ့ညားစွာ ရှိနေပြီးသား။

ဦးမင်းသူလည်း ထောင်ကျသွားပြီ ဒေါ်မြတ်မြတ်မင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှာ လူနာဘဝနဲ့ပဲရှိသည်။ ဒေါ်ထားထားနွဲ့က ညီ့ကို နှုတ်လည်းမဆက်၊ လွမ်းချင်းလေးတောင်မဆိုဘဲ ပျောက်ချင်းမလှ ပျောက်သွား၏။ သူမသည် တူဖြစ်သူကို မလိုလားခြင်း ဖြစ်ခဲ့ပေမယ့် အမွေကိစ္စ စည်းစိမ်ဥစ္စာတွေကို မက်မောခဲ့လို့မဟုတ်တူးဆိုတာ အားလုံးသိကြ၏။ ဒါဆို ဘာကြောင့်လဲ။

အခြေအနေအရ အခုအမှုကိစ္စတွေ စဖြစ်ကတည်းက တရားခံ ဘယ်သူလဲဆိုတာကို ဒေါ်ထားထားနွဲ့ သိနေတာဖြစ်သည်။ ဒါကို မထုတ်ဖော်သည့်အပြင် ဦးမင်းသူတို့လင်မယားနှင့် ပူးပေါင်းနေသလို ထင်ရလောက်အောင် လုံးထွေးခင်မင်နေခဲ့ကြ၏။

တူအရင်းခေါက်ခေါက်ကို မလိုလားစွာ ဆက်ဆံခဲ့တာက အကြောင်းတရား မရှိတော့သလိုပင်။ ခုလည်း ဦးမင်းသူဟာ ဒီလိုလူပါလား ဟု သိလိုက်ရလို့ တူဖြစ်တဲ့သူကို မသိခဲ့လို့ ခင်မင်စွာနေခဲ့မိတာဘာညာ ကြားကောင်းရုံလောက်လေးတောင် ဖြေရှင်းလာတာမျိုး မလုပ်ခဲ့ပေ။

ဘယ်သူ့ကိုမှမခေါ်မပြော နှုတ်မဆက်ခဲ့ဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့၏။ စာလေးတစ်စောင်တောင်မှ ရေးခဲ့တာမရှိ။

ရှုပ်ထွေးသော အဖြစ်တို့ဟာ အမှန်တရားအတိုင်း ရှင်းလင်းသွားခဲ့သော်လည်း မရှင်းလင်းသေးဘဲ ပြီးဆုံးသွားခဲ့တာတွေက ရှိသေးသည်။

ဒေါ်ထားထားနွဲ့ မရှိတော့သည်နှင့် သူမထားခဲ့သည့် အလုပ်သမားတွေလည်း သူတို့ဘာသာပဲ ထွက်ခွာသွားခဲ့ကြ၏။ ညီကတော့ ဘယ်သူ့ကိုမှ လာပါလို့လည်းမခေါ် နှင်ချပစ်လိုက်တာမျိုးလည်းမလုပ်ခဲ့ပါ ဒါပေမဲ့ သွားမယ်ဆိုတော့လည်း ဘယ်သူ့ကိုမှ မတားပေ။





"မယ်နဲ့ လက်ထပ်ပြီးမှပဲ အလုပ်သမားထားဖို့ကိစ္စ တစ်ကနေ ပြန်စမယ်ကွာ သွားကြပါစေ"

ဟု ကိုအောင့်ကိုပြော၏။ အားလုံးက အလိုလို ပြီးဆုံးသွားခဲ့ပြီဖြစ်၏။ မပြီးဆုံးနိုင်တာက ဘာနဲ့မှ လဲလှယ်ဝယ်ယူလို့မရသည့် ချစ်ခြင်းမေတ္တာ....

မယ့်ရင်ထဲမှာ ဘာရှိနေတယ်ဆိုတာ မသိနိုင်သေး၍ ကြိုးစားလိုက်ဦးပေါ့ ညီ၊ ညီ့ကိုထားပြီး ထွက်ခွာခဲ့ရပေမယ့် စိတ်တော့မကောင်း...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

ဘောင်းဘီရှည်အညိုက အပွကြီးမဟုတ်ပေမယ့် ခပ်ပွပွပဲဖြစ်ကာ ခြေလှမ်းကျဲကျဲလှမ်းတတ်သည့် သူမအရပ်က မြင့်၏။

မိတ်ကပ်ရောင် တီရှပ်လက်ပြတ်ခါးကျပ်လေးကြောင့် သွယ်သည့်ကိုယ်လုံးက ထင်းနေသည်။ ဆံပင်ပါးပါးက ပခုံးထောက်ရုံလေးမို့ ခြေလှမ်းတိုင်းမှာ နားသယ်စပ်ဆံစတို့က လွင့်ခါနေ၏။

ခေါင်းငုံ့လျှောက်လိုက် မျက်နှာမော့လာလိုက်နှင့် ရှေ့ဆံပင်တွေ လက်တစ်ဖက်နှင့် သိမ်းတင်ပစ်လိုက်တာလည်းရှိသည်။ သူမ လမ်းတစ်ဖက်က ကူးလာကတည်းက မြင်လိုက်သဖြင့် ညီကားရပ်ပြီး သေသေချာချာ ထိုင်ကြည့်နေခဲ့တာဖြစ်၏။

အရောင်ဖျော့ဖျော့ ဘောင်းဘီရှည် အင်္ကျီလက်ပြတ်လေးနှင့် ဝင်းစိုနေသော လက်မောင်းသားလေးတွေက ဝတ်ထားသည့် အင်္ကျီရောင်တို့နှင့် ရောထွေးနေသည်။





သူမကလေးဟာ မယ်ဘွဲ့ပဲဖြစ်လေသည်။ အလီလီ အခါခါ သွားရှာနေခဲ့တုန်းက ထွက်တွေ့ဖေါ်မရ။

“သားကိုလည်း အားနာနေပါပြီကွယ် ပြောရတာလည်းခက်နေပြီ အခေါ်တူမက ဒီလိုပဲ သူခေါင်းမာပြီဆို ဘာပြောပြောရကို မရတာ”

ကိုယ်က စိတ်ရှည်သည်းခံပြီး တွေ့ဖို့ကြိုးစားနေပေမယ့် ကြားထဲက လူကြီးတွေကို အားနာလာတာမို့ ညီ ခြေလှမ်းတော့ နည်းနည်း ပြန်ဆုတ်ရသည်။ ခုကျမှ မထင်မှတ်ဘဲ မယ့်ကို သူတွေ့နေရပြီ။ တစ်ဖက်ကနေ ကူးလာပြီး သူမခြေလှမ်းတွေ အင်း၀ စာအုပ်ဆိုင်ရှေ့မှာ ရပ်သွားမှ ညီက ကားကိုသေချာရပ်သည်။

မယ်က ဘယ်ကိုမှမကြည့်ပါ။ စာအုပ်ဆိုင်မှာ အဖေမှာလိုက်သည့် စာအုပ်ရှိမရှိ ရှာဖွေဖို့ပဲ စိတ်စောနေ၏။ ကိုယ်ဟာကိုယ်ရှာလို့မရမှ ရောင်းတဲ့သူကိုမေးရသည်။

“ဦးလေး တိုင်းရင်းဆေးပညာနှင့် ကုထုံးများ အမှတ်စဉ် (၂) ရှိလားဟင်”

“ကိုယ့်ဆီမှာရှိတယ်”

ရောင်းတဲ့သူကို ကြည့်နေသည့် မယ့်မျက်လုံးတို့က အသံလာတဲ့ဆီ ရောက်သွား၏။

“ဟင်”

ဒီလို ပက်ပင်ကြီးတိုးလိမ့်မယ်လို့ နည်းနည်းမှ မထင်ခဲ့ပါ။ နေရာတကာ မကြောက်တတ်ခဲ့သည့် မယ့်ရင်ထဲမှာ ဒိန်းခနဲ ခောက်ခနဲသွားသည်။ လက်ဖျားလေးတွေ ချက်ချင်းစိမ့်တက်လာသည်။ မျက်နှာလွှဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ဆိုင်ရှင်က မယ့်တို့နှစ်ယောက်ကိုကြည့်ပြီးမှ...

"တိုင်းရင်းဆေးပညာအတွဲတွေက အများကြီးပဲ တူမရဲ့ စာရေးဆရာတွေများတော့ ဘယ်သူ့ကို လိုချင်တာလဲ စာရေးဆရာနာမည်နဲ့ ပြောလေ"

"ဒေါက်တာတင်သိန်း"

"အဲဒါလည်း ကိုယ့်ဆီမှာရှိတယ် ကိုယ်ပေးမယ်လေ ဒီမှာခင်ဗျာ နေပါစေ ရပြီ"

ညီက ဆိုင်ရှင်ကိုလည်းပြောကာ မယ့်လက်ကလေးကို ဆွဲခေါ်သွားခဲ့၏။

"ကိုညီ"

"ဘာလဲ"

"ခင်ဗျားပေးတာကို ဘယ်သူက ယူမယ်ပြောလို့လဲ"

"စာအုပ်က ဦးလေးအတွက်မို့လား သူယူလိမ့်မယ်"

ညီက မယ့်ကို လက်ဆွဲလျှောက်နေရင်း ပြန်ငုံ့ကြည့်ကာ....

"စကားပြောချင်တယ် တစ်နေရာရာခဏသွားမလား ဟိုရှေ့က တီးရှော့မှာထိုင်မလား"

"မထိုင်ချင်ဘူး ဘယ်မှလည်းမသွားချင်ဘူး"

ညီက ခြေလှမ်းတွေရပ်ပစ်လိုက်ပြီး မယ့်ကို ခပ်စိမ်းစိမ်းကြည့်သည်။ သူ့အကြည့်များမှာ ချစ်ရိပ်ချစ်ငွေ့ မြူမှုန်မျှ ရှိမနေခဲ့ပါ။ ဒေါသဖြစ်သွားတာလား ဒါမှမဟုတ် မယ်ထင်သလို မယ့်ကို ခပ်လွယ်လွယ် ပြောဆိုမရတာမျိုးကြောင့် စိတ်ပျက်သွားခြင်းလားမသိ။





"မယ်တွဲ့ မင်းဘာတွေဖြစ်နေတာလဲ ငါက မင်းကို တစ်အိမ်တည်း အတူနေပြီး တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီခဲ့ဖူးတဲ့ လူတွေအဖြစ် ရိုးရိုးသားသားခင်မင်မပျက်နေထိုင်သွားဖို့ ကြိုးစားနေတာ ဘာလဲ မင်းကို မရိုးမသားချဉ်းကပ်နေတယ်ထင်နေလို့လား"

မယ့်မျက်နှာ ဖျန်းခနဲ ရဲတက်သွား၏။ ရှက်ဖို့ကောင်းလိုက်တာ အီတကယ်ပဲလား သူတကယ်ပြောလိုက်တာလား။ မယ့်ရှက်စိတ်တွေ မွှန်တက်သွားခဲ့သည်။ ဒါပေမဲ့ ထိုမျက်နှာကိုပဲ တအံ့တသြမော့ကြည့်လိုက်မိတာ ဟန်မဆောင်လိုက်နိုင်....

ထိုအကြည့်ကြောင့် မယ်ဟာ သူပြောသလိုပဲ တကယ်ထင်နေခဲ့တာပါလို့ ဝန်ခံပြီးသားဖြစ်သွားပြီမှန်း သတိရလိုက်တော့ နောက်ကျသွားပါပြီ။ မျက်နှာငုံ့ချလိုက်ခြင်းမှာ မယ် ခြေလှမ်းတွေ မှားကုန်သည်။ သူခေါ်တဲ့နောက် မလိုက်ဘူးလို့ပြောထားပြီး သူ့ရှေ့ကို ရောက်သွားခဲ့မိ၏။

"မင်းကို ကိုယ့်ရဲ့ကိစ္စအဝဝပြီးဆုံးအောင်မြင်သွားတဲ့ အထိမ်းအမှတ်နဲ့ လက်ဆုံစားချင်လို့ လာလာခေါ်နေတာ"

"မယ်မှ မစားချင်တာ"

"အဲဒါက မင်းဘက်က တစ်မျိုးတစ်မည်ထင်နေတာကို ပြတာပဲ"

"ဘာ"

မယ်တုံ့ခနဲ ရပ်သွားသည်။ သူမဘေးက ကပ်လျှောက်သွားသူ နှစ်ယောက်နှင့် တိုက်လုလိုက်ခင် ဖြစ်သွားသဖြင့် ခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်ရ၏။ ညီကတော့ မယ်ပုံပျက်ပန်းပျက် ဖြစ်သွားတာကို ခပ်အေးအေးပဲ ငုံ့မိုးကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ငါလက်ထပ်တော့မှာ အဲဒါလည်းကြားမလို့ ဘာလဲ နားမထောင်ရဲဘူးလား"

"ခင်ဗျား"

အရုက်တရားများသည် ဆရာမတစ်ယောက်က ကျောင်းသခ်ိန်းစာ စာအုပ်ထဲမှာ အမှတ်တွေခြစ်ပေးနေသလို ရှပ်ခနဲ ရှပ်ခနဲ တစ်ချက်ပြီးတစ်ချက်အရာထင်ကျန်ခဲ့၏။ မျက်ရည်တွေဝေ့လာ၏။ မယ် နှုတ်ခမ်းလေးကိုက်၍ ခေါင်းညိတ်လိုက်သည်။

"ဟိုဆိုင်မှာထိုင်မယ်"

ဟု အသံမတုန်အောင် ထိန်းပြောသည်။ ညီကလည်း ခေါင်းညိတ်ပြီး အ၊တူလျှောက်ခဲ့ကြ၏။ သို့သော် ဆိုင်ရှေ့လူတွေကျပ်ခဲနေသဖြင့် စားပွဲတစ်လုံးလုံးလွတ်နေသည့် နေရာမရှိတော့ပေ။

"ကားလည်းကျန်ခဲ့ပြီ တခြားတစ်နေရာရာသွားရအောင် မင်းငါ့ကို မယုံသေးဘူးလား ချစ်တဲ့သူနဲ့ လက်ထပ်တော့မယ် ယောကျ်ားလေးတစ်ယောက်က နှုတ်သမီးလေးထက်လှတဲ့မိန်းမကိုတောင် မမက်ဘူးတဲ့ ယုံရင်လိုက်ခဲ့"

သူတစ်ခုပြီးတစ်ခု မယ့်ရင်ထဲကို ပစ်သွင်းနေသည်။ ပန်းပွင့်ကလေးတွေ မဟုတ်ဘဲ အဆိပ်လူးမြှားတွေ ထင်ပါသည်။ ထိုအခါ မယ့်ကို သူပိုင်စိုးပိုင်နင်းဆက်ဆံခဲ့တာတွေကို သတိရကာ မယ့်တစ်ကိုယ်လုံးသည် သူ့ရှေ့မှာ အခိုးအငွေ့လေး ဖြစ်နေသကဲ့သို့ပင်။

သူတကယ်ပြောနေတာလား မျက်နှာကို စေ့စေ့မကြည့်ရဲဘဲ ထိုအတွေးလေဖြစ်ခဲ့သည်။ ဒီယောကျ်ားကို လိုချင်တပ်မက်၍ မဟုတ်ပါ။





ကိုယ့်ကို မက်မောနေတာ မဟုတ်ရင်တောင် မယ်ကပဲ လက်ပြနှုတ်ဆက်ခဲ့ချင်တာ၊ ချန်ရစ်ထားခဲ့ခံရတာမျိုး မဖြစ်ချင်ပေ။

ပြီးတော့ မယ့်ရှေ့မှာ တမင်တကာချိုးဖဲ့ပြောနေသလိုကြီး၊ သူ အခါခါလာတွေ့တာကို မာနကိုင်နေတယ်ထင်ပြီး မဟုတ်တာတွေ ပြောနေတာပဲ ဖြစ်ပါစေ။

ကားပေါ်မှာ ထိုင်မိသည်နှင့် သူက မယ့်ဘက်က တံခါးကိုသေချာ ပိတ်ပေးပြီးမှ တစ်ဖက်မှာ ဝင်ထိုင်သည်။

ကားလေးက လမ်းပေါ်မှာပဲ လူတွေယာဉ်တွေကြားထဲမှာ ပြေးလွှားနေတာပါ။ ဒါပေမဲ့ မယ့်စိတ်ထဲမှာ လေထဲမှာလွင့်နေလိုပင်။ ဒီတိုင်းပဲ ပြောနေသမျှနားထောင်၍ ရှက်ကြောက် သိမ်ငယ်ခြင်းကို ကြိတ်မှိတ်ခံစားနေတော့မှာလား။

မယ် ကိုယ့်အဖြစ်ကို ဖြေသိမ့်ဖို့အကြောင်းရှာရင်း တိတ်ဆိတ်စွာ ကားမောင်းနေသည့် သူ့ဘက်ကို ရဲရဲတင်းတင်း လှည့်ကြည့်လိုက်၏။

"ကိုညီ"

"ဟင်"

"ခင်ဗျား ဘာပြောချင်တာလဲ မယ့်ကို အရုက်ကွဲစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုခုနဲ့ ရန်စနေတာလား ခင်ဗျားအမြင်မှာ ဘာမဟုတ်ထဲ မာနကြီးနေတဲ့ မိန်းမဆိုတဲ့ အမြင်နဲ့ ချိုးဖဲ့ချင်တာလား ပွင့်ပွင့်လင်းလင်းပြော ယောကျ်ားမဟုတ်ဘူး ခင်ဗျားဝေ့လည်ကြောင်ပတ်တွေနဲ့ မတိုက်ခိုက်ပါနဲ့"

"တကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖျတ်ခနဲ လှည့်ကြည့်သည်။ မယ့်ကို သနားစရာ မိန်းမငယ်လေးတစ်ယောက်လို စူးခနဲကြည့်၍ ရှေ့ကို ပြန်လှည့်ပြီးမှ...

"တကယ်ပြောနေတာ ငါနဲ့စေ့စပ်တဲ့ မိန်းကလေးတွေ အများကြီးပဲ ပပကတော့ ငါနဲ့အရင်းနှီးဆုံး မိန်းကလေးလို့ သတ်မှတ်ပြီး တရားဝင်စေ့စပ်ခဲ့တဲ့သူပေါ့ အခု သူမရှိတော့ဘူးလေ အများကြီးထဲကနေ ထပ်ရွေးရတာ"

သူက စကားရပ်လိုက်ပြီး ကားကိုအင်းလျားလမ်းဘက်ကွေ့လိုက်၏။

"မိန်းကလေးတချို့က စိတ်ပျက်ဖို့ကောင်းတယ်ကွ သူတို့ကိုနားလည်အောင် ကြိုးစားလို့မရဘူး ငါ့ကိုလည်း နားမလည်ဘူးထင်တယ် နေပါစေလေ ပြောခဲ့သလိုပေါ့ ငါ့မှာရွေးချယ်စရာတွေ အများကြီးပါပဲ"

မယ် နှုတ်ခမ်းလေးကိုက်မိပြန်သည်။ စလွယ်သိုင်းချိတ်ထားသည့် အဖြူရောင်အိတ်လေးကို ဖြုတ်၍ပေါင်ပေါ်တင်သည်။ နောက်ထပ် အလုပ်မရှိတော့ လက်နှစ်ဖက်ကို ဖွဖွပိုက်၍ တစ်ဖက်လှည့်နေမိ၏။

လမ်းဘေးမြင်ကွင်းက လူတွေကားတွေ ရှုပ်နေတာမဟုတ်တော့ဘဲ အလွန်လှသော ကန်ဘောင်ရိုးနှင့် သစ်ပင်အုပ်အုပ်ကလေးတွေ ဖြစ်လာ၏။ မယ်တတော့ ဒါတွေကို ခံစားနေတာမဟုတ်ပါ နောက်ထပ် စကားပြောဖို့ကြိုးစားနေရတာဖြစ်၏။

ငယ်ငယ်ကတည်းက ကစားပြီဆို နိုင်ရင်နိုင် မနိုင်ရင် သူများကို တစ်ခုခုလုပ်ပြီး ထွက်ပြေးတတ်သည့်အကျင့်ကြောင့် အရှုံးမပေးချင်၊ အနိုင်မရနိုင်သည့်က မယ်က မိန်းကလေးဖြစ်နေ၏။ သူ့ဘာပြောပြော ပြန်လှန်မေးခွန်းထုတ်ဖို့ စကားလုံးက ရှားနေသည်။





"ပြီးတော့ မင်းနဲ့တွေ့ချင်နေတာ တစ်ခုရှိသေးတယ် ဦးလေးက ပြောတယ် မင်းပူဆာလွန်းလို့ အိမ်နဲ့ခြံနဲ့ရောင်းပစ်တော့မလို့တဲ့"

မယ် ဖျတ်ခနဲ လှည့်လာသည်။ သူ့လက်ထဲကို လက်နက်တစ်ခု ရောက်သွားပြန်ပြီလားဟု တွေးပူရင်း မျက်မှောင်ကုတ်ကြည့်နေမိ၏။

ညီက ကားကိုလမ်းဘေးလွတ်ကင်းသည့် နေရာမှာ ချရပ်လိုက်ပြီးမှ စတီယာရင်ပေါ်မှာ လက်တင်ရင်း မယ့်ကို လှည့်ကြည့်၍...

"ဒီအချိန်မှာ အိမ်ဈေးတွေကကျနေတော့ အတင်းရောင်းချင်တယ်ဆိုရင် သူများကနှိမ်မှာပဲ ငါပြောတာ မင်းအဖေက မင်းစိတ်ချမ်းသာစေချင်တယ်တဲ့"

"မြန်မြန်ပြောစမ်းပါ ရှင်ဘာကိုအရသာခံပြီး ဆွဲပြောနေတာလဲ"

"ဟော...ကဲ"

သူက အသံမထွက်ဘဲ ပခုံးတွေလှုပ်အောင် ခေါင်းမော့ရယ်၏။ သူ့ပုံစံ သူ့ရယ်သံဟာ မယ့် မျက်နှာကို ပါးပါးလှီးချနေသည့် အတိုင်းပင်။

နှလုံးသားက ခံစားရတာပါ၊ ရှက်ရွံ့ပူလောင်တာက မျက်နှာမှာပဲ ဖြစ်၏။ သူ့ကိုစူးစိုက်ကြည့်ရင်း မယ့် မျက်နှာမှာဘယ်လိုဘယ်ကြောင်းတွေ ဖြစ်ကုန်ပြီလဲမသိ။

"မင်း စိတ်ချမ်းသာအောင် ငါလည်းကူညီချင်တယ် ပြီးတော့ ငါ့ ဇနီးလောင်းကိုလည်း လက်ဆောင်ပေးချင်တာနဲ့လေ"

ညီက စကားရပ်ပြီး နှုတ်ခမ်းတို့ကို တင်းခနဲ စေ့သည်။ မယ့်ကို မျက်ခုံးနှစ်ဖက်တွန့်ကြည့်ပြီး အရသာခံနေသေး၏။ ပြီး...

"မင်းရဲ့ အိမ်နဲ့ခြံကို ငါဝယ်လိုက်တယ် စာချုပ်ချုပ်ဖို့မလိုဘူး



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ကို ခင်မင်တယ် ယုံကြည်တယ် အဲဒါကြောင့် ငွေလည်း တစ်ခါတည်း ပေးလိုက်ပြီးပြီ အခုမင်းနဲ့ မဆုံမိခင်လေးပဲ ပြန်ရင်မေးကြည့်"

"ခင်ဗျား ခင်ဗျားတကယ်ပြောနေတာလား"

မယ် ဘယ်လိုမှ ထိန်းသိမ်းမနိုင်တော့ပါ။ မငိုရှိုက်ပါဘဲ မျက်ရည်တွေ တလိမ့်လိမ့် တိုးဆင်းလာကြ၏။ ညီက မဖြင်ချင်သလို ရှေ့ကို မျက်နှာပြန်လှည့်လိုက်ပြီး...

"ဒီနေ့ထိ မဟုတ်တဲ့စကားမပြောဘူးသေးဘူး အဲ ရှိသေးတယ် ငါ့ဘက်က ထိုက်ထိုက်တန်တန်ပေးဝယ်တာဆိုတော့ ဦးလေးကျေနပ်သွားပါတယ် မင်္ဂလာပွဲရက်ကလည်း နီးလာပြီဆိုတော့ လက်ဆောင်ပေးဖို့ ဝယ်ထားတဲ့ ခြံကို မြန်မြန်ပဲပေးချင်တယ်တဲ့ မင်း ပြန်တာနဲ့ ပြောင်းရွှေ့ဖို့ကိစ္စ မင်းအဖေပြောမယ်ထင်တယ် ငါကတော့ မပြောလိုက်ဘူး တော်ကြာ မင်းအထင်လွဲမှာစိုးလို့ ကြိုပြောထားတာ"

"လူယုတ်မာ"

မယ် အသားဆတ်ဆတ်တုန်လာ၏။ ပေါင်ပေါ်က လွယ်အိတ်ကို စုံကိုင်၍ ညီကို တအားလွှဲရိုက်ရင်း....

"သက်သက်လုပ်တာ အဲဒါ ခင်ဗျား မယ့်ကို သက်သက်ကြီးဖွဲ့တာ မကျေနပ်ဘူး မရောင်းဘူး ခင်ဗျားငွေကို ဒီတိုင်းပြန်ပေးမယ်"

ညီက ရိုက်ချက်တွေကို လက်နဲ့ကာရင်း ဒီတိုင်းခံနေ၏။ မယ် စိတ်ရှိလက်ရှိ ပြောဆိုရိုက်ပုတ်ပြီး ဟီးခနဲ ငိုချလိုက်သည်။ ပြီးတော့ တံခါးလှည့်ဖွင့်၏။

"တောက် မယ့်ကို ဒီလိုကျောလို့မရဘူး ခင်ဗျားပဲ ညစ်တတ်တာ





မဟုတ်ဘူးသိလား"

"ဟုတ်လား မင်း ညစ်တတ်ရင် ခုတစ်ခါတည်း ညစ်ခဲ့ဖမ်းပါ"

"ဘာလုပ်တာလဲ လွှတ်"

ညီ မယ့်နားကို ဘယ်လိုရောက်လာမှန်းမသိဘဲ တံခါးဖွင့်လိုက်သည့် လက်တွေကိုပါ နောက်ကနေ သိမ်းဖက်ထားလိုက်သည်။

"သိပ်ချစ်ဖို့ကောင်းတာပဲ"

"ခင်ဗျား မယုတ်မာနဲ့နော် လူကို ဘာမှတ်နေသလဲ ဟောဒီမှာ"

မယ့် မျက်နှာလေး မော့ခနဲ ပါသွားသည်။ အရှိန်ယူပြီး အော်လိုက်ပေမယ့် မဆုံးလိုက်နိုင် ဒီလိုပဲ သူ....

စိတ်ရှိလက်ရှိ ပြောဆိုတုံ့ပြန်ဖို့ ကြိုးစားပေမယ့်ညီက မယ့်ကို နည်းနည်းလေးမှ လျှော့မပေးခဲ့ပါ။

"ဘာဖြစ်လို့ ပြောမရ ဆိုမရ နှာကောက်နေရတာလဲ ချာတိတ်ရယ် မင်းဆီမှာပဲ တဝဲဝဲဖြစ်နေတဲ့ ရွှေစွန်ညီကြီးကို မယ်ဘွဲ့ကို လိုချင်လို့များလားလို့ မတွေးတော့ဘူးလား မင်းမရှိရင် မဖြစ်တော့တဲ့ ညီဆိုတဲ့ ကောင်က ကြံမိကြံရာကြံရင်း ခြံရောင်းပြေးမယ့် သားအဖကို အမိအရဆုပ်ဖမ်းလိုက်ရတာ အပြစ်ရှိသလား"

မယ့် ကိုယ်လုံးလေးကို မြုပ်နေအောင် ဖက်ထားရင်း နဖူးပြေပြေလေးမှာ သူ့ပါးနှင့် တိုးတိုက်ပွတ်ကပ်ပြီး တဖွဖွပြောနေသည်။ ပြီးတော့ လက်မောင်းသား နုနုလေးတွေကို တယုတယ ထွေးဆုပ်ကာ.....

"ဦးလေးကို ခြံဝယ်ရင်းပြောလိုက်တယ် ခြံလည်းဝယ်တယ် သမီးကိုလည်း ပေးပါလို့ အားလုံးပဲ ကိုယ့်ဆီမှာပဲ တစ်စုတည်းရှိတည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနေကြဖို့လေ ကိုယ့်မှာ မိဘမှမရှိတော့တာ ဦးလေးနဲ့ အဒေါ်ကို မိဘလို့ ဒီချာတိတ်မက ကိုယ့်ဇနီး”

“ဟင့်အင်း”

မယ် အတင်းရုန်းတော့ ညီက ဖိချုပ်ထား၏။

“မင်းကို ကိုယ်သိပ်ချစ်တယ် အဲဒါ မယုံဘူးလား မော့စမ်းကွာ မယုံဘူးလား ကြည့်ဖြေ”

မယ် သူ့ကို မော့မကြည့်ရဲပါ။ သတ္တိရှိတယ်ဆိုတာတွေ အားလုံးထဲမှာ ရည်းစားစကားပြောခံရသည့်အဖြစ်မျိုး မပါခဲ့ပေ။ ပြီးတော့ သူ အတင်းခြေပစ်ခဲ့သည့် အနမ်းတွေ...

“ယုံယုံ မယုံယုံ လက်ထပ်မယ်ကွာ မင်းယုံအောင်ကို ချစ်ပြနိုင်တယ် ကိုယ်တို့လက်ထပ်ရအောင်နော် ချာတိတ်က လိမ္မာတယ် ဘာစားမလဲပြော”

“ခင်ဗျားနော် လူကိုဘာမှတ်နေလဲ”

“ခေါင်းမာမာ ဂျစ်ကန်ကန်ထင်သလိုတွေးပြီး ပြတ်ပြတ်တောက်တောက်လည်းနေနိုင်တဲ့ မချစ်တတ်သေးတဲ့ ချာတိတ်မလေးလို့မှတ်တယ်”

“မှတ်ရင်ပြီးတာပဲ ခုနက ခင်ဗျားအားရပါးရပြောခဲ့တာတွေ ဘာတွေလဲ မဟုတ်တဲ့စကားမပြောဘူးသေးဘူးဆို”

“အားလုံးမဟုတ်တာ ဘာမှမပါဘူး ကိုယ်တကယ်လက်ထပ်တော့မှာပဲလေ ဘယ်သူနဲ့လို့ ကိုယ်ပြောခဲ့သလဲ မင်းရဲ့ခြံနဲ့အိမ်ကိုဝယ်လိုက်တာ တကယ်ပဲ အဲဒါလည်း ညာတာမပါဘူး တစ်ခုပဲ ချန်ထားတာ အဲဒါမင်းပဲလို့ မပြောတာပေါ့။ မပြောတာက မင်းဒေါသထွက်စေ





ချင်လို့လေ ဒီကားပေါ်မှာ ပါလာအောင် အမျိုးမျိုးကြိုးစားရတာ ဒေါသတွေထွက်ပြီး ပေါက်ကွဲလာအောင် မနည်းဖျစ်ညှစ်ပြောနေရတာသိလား ချာတိတ်မျက်ရည်တွေ ဝဲနေကတည်းက ရင်ခွင်ထဲဆွဲသွင်းပြီး တိတ်ပါတော့လို့ ချော့ချင်နေတာ နေမထိ ထိုင်မသာကြီး”

သူ မယ့် မျက်နှာလေးကို မော့ယူပြီး နဖူးလေးကို နမ်းသည်။

“ဦးလေးက ပြောတယ် မင်းစိတ်ချမ်းသာစေချင်တယ်တဲ့ မင်းက သဘောတူတယ်ဆိုရင် ကန့်ကွက်စရာမရှိဘူးတဲ့ ဒေါ်လေးကလည်း သဘောတူတာပဲ အဲဒါကြောင့် ကိုယ်အခု ထွက်လာတာ ဘာလုပ်ဖို့လဲ သိလား လက်ထပ်လက်စွပ်ဝယ်မလို့”

ပြောရင်းရယ်၍ ပါးချင်းကပ်သည်။ ပြီးတော့ မယ့်ကိုယ်လေးကို တင်းခနဲဖက်၏။

“နောက်ဆုံးဘယ်လိုမှ ချဉ်းကပ်ဖို့မလွယ်ရင် ကားတင်ပြေးဖို့ ဆုံးဖြတ်ပြီးသား မင်းက ကိုယ့်ထက်အသက်အရမ်းငယ်တယ် စိတ်မချဘူး အခုမေးပြီကွာ ဖြေ”

“ဘာလဲ လွှတ်စမ်းပါ ဒီမှာမနေတတ်လို့”

“နောက်ဆို အကျင့်ပါသွားမှာ ခဏလေးနေ”

ဘာလိုလို သူ့စကားကြောင့် မယ်ရှက်သွားပြန်သည်။

“ကိုယ့်ကို လက်ထပ်မှာလား မထပ်ဘူးလား စဉ်းစားဦးမယ် ဘာညာမရဘူးနော် မင်းထင်ရာလုပ်တတ်တော့ ကိုယ်စိတ်မချဘူး လက်မထပ်ဘူးဆိုရင် ခုပဲ မင်းကို ခေါ်သွားတော့မယ် ဒီနေ့ မင်းကိုယ့်ဇနီးဖြစ်ပြီပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား လျှောက်မပြောနဲ့နော်"

"တကယ်ပြောနေတာ အဲဒါက အခမ္မသိမ်းပိုက်ရမှာလေ လက်ထပ်မယ်ဆိုရင် အခုတစ်ခါတည်းရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးကြမယ်"

"ဘာထူးလို့လဲ ခင်ဗျားအတွက်ချည်းပဲ"

"ဟုတ်တယ် နည်းနည်းတော့ ညစ်ပတ်ဖို့ ဆုံးဖြတ်ထားတယ် ဒါပေမဲ့ လက်မှတ်ထိုးပြီးရင် မင်းကိုအိမ်ပြန်ပို့မှာလေ နောက်တစ်ရက်နှစ်ရက်ကျမှ လူကြီးစုံရာနဲ့ ဇေ့စပ်မယ်။ တစ်ခါတည်းလက်ထပ်မယ် မင်းစဉ်းစားပေါ့ အေးအေးဆေးဆေး လက်ထပ်ဖို့ သဘောတူမယ်ဆိုရင် မိဘတွေကော မင်းကော တင့်တောင်းတင့်တယ်ဖြစ်ကြမှာ သဘောမတူဘူးဆိုရင်တော့"

"လဲသေလိုက် သွား"

"တကယ်လား"

ညီက ခပ်ကြိတ်ကြိတ်ရယ်ပြီး မယ့်ပါးလေးတစ်ဖက်ကို ချစ်စနိုးပုတ်၍ နှာခေါင်းချွန်ချွန်ကိုလည်း ဆွဲလိမ်သည်။

"ဟွန်း"

မယ်က သူ့လက်ကို ပုတ်ချပစ်လိုက်၍ မျက်စောင်းထိုးသည်။

"လူလည်ကြီး ဒါနဲ့များ နေပုံက ဟန်ကြီးတစ်ခွဲသားနဲ့"

"ဩော် အဲဒါတောင် ခင်ဗျားလေးက လူယုတ်မာလို့ထင်ပြီး ရှောင်သွားသေးတယ်မို့လား ဒီမှာ မျက်နှာကို သေသေချာချာကြည့်"

သူက မယ့်မျက်နှာလေးကို လက်နှစ်ဖက်နဲ့ ညှပ်ကိုင်၍ မော့ယူလိုက်သည်။





"မင်းကိုကျမှ ချစ်ခဲ့တာ မင်းကိုပဲ ကိုယ်နမ်းခဲ့ဖူးတာ ယုံပါချာတိတ်ရယ် တကယ်ပြောတာ မင်းကို ကိုယ်သိပ်ချစ်ခဲ့တယ်"

မယ် သူ့မျက်နှာကို ပြန်ငေးကြည့်မိသည်။ မယ့်နှုတ်ခမ်းလေးတွေကို ဖွဖွလေးနမ်းပြီး နောက်ပြန်ခုတ်၏။ သူ့မျက်နှာဟာ နှုတ်ခမ်းမွေးစစနှင့် ပါးသိုင်းမွေးတွေ ရှိနေပေမယ့် ချောမွေ့သန့်စင်နေသည်။

မယ်ထင်ခဲ့သော လှည့်ပတ်ဖြားယောင်းမှုမျိုးတွေဘာမှမရှိ၊ ဒါပေမဲ့ မယ်မယုံရဲဘဲ ဖြစ်နေသည်။ မယုံတာက သူချစ်တာကို မဟုတ်ပါ။

မယ်ဟာ သူလိုယောကျ်ားတစ်ယောက်၏ အထူးချစ်ခင်ဖွဲ့မက်ခြင်းခံရသော မိန်းမတစ်ယောက်ဖြစ်ခဲ့သတဲ့လား။ ကိုယ့်ကိုယ်ကို အံ့ဩမိသည်။ ပြီးတော့ ကြည်နူးခြင်းဟာ ပီတိနှင့် ဆက်သွယ်နေသည်ဆိုလျှင် မယ်ပီတိနှင့် တသိမ့်သိမ့်ပျော်ရွှင်လာခဲ့မိ၏။

"ပပကိုကျတော့ကော သူနဲ့ခင်ဗျားဒီလောက်ရင်းနှီးနေခဲ့တာ မချစ်ခဲ့ဘူးလားဟင်"

မျိုသိပ်မထားချင်တော့ ဖွင့်ဟမေးမိသည်။ ပပက ဆံပင်အံရှည်နှင့် အလွန်လှပချောမွေ့သည့် မိန်းကလေး၊ မယ့်ကိုမှချစ်သည်ဆိုတာကို သူထပ်ရှင်းပြစေချင်သည်။ ဒါဟာ အချစ်အကြောင်း မယ်နားမလည်ခဲ့၍လား....

"မယ်ရယ် အချစ်ဆိုတာ ထိတွေ့ရင်းနှီးမှုနဲ့မဆိုင်ဘူး ဆုံဆည်းမှုကြောင့် ကြာရှည်တာ တိုတောင်းတာနဲ့လည်းမဆိုင်ဘူး အဲဒါတွေပြောရရင် အများကြီးပဲကွ မပြောတော့ဘူး ကိုယ်အခုမှုအားလုံးလည်းစေစင်းနေပြီ ရုပ်ဆိုင်းထားရတဲ့ လုပ်ငန်းတွေလည်း ပြန်လည်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ် ကိုယ်တို့လက်ထပ်ပြီးရင် ချာတိတ်က ကိုယ့်ကိုအမေအဖြစ် စေမယ့် ဇနီးမယားဖြစ်ရမယ် ကိုယ်ကလည်း မင်းကို သိပ်ချစ်ပြီး ဝတ္တရားကျေတဲ့ ခင်ပွန်းကောင်းပေါ့ ယုံတာမယုံတာရှိသေးလား ချစ်ဖို့မချစ်ဖို့ စဥ်းစားဦးမှာလား မရှင်းတာရှိရင် မေးကွာ"

"မေးမှာပဲ ဖယ်"

မယ်က သူ့လက်တွေကို ဖယ်ချသည်။ ရင်ခွင်ထဲကနေ ရုန်းထွက်ပြီး သူ့ဘက်ကို မျက်နှာလှည့်ထိုင်သည်။

"မျက်လုံးတွေ ပြန်ကောင်းတာကို မကောင်းဘူးလို့ ဘာလို့ညာတာလဲ'

"အဲဒါက အမှုကိစ္စတွေ မပေါ်သေးလို့လေ မျက်လုံးပြန်ကောင်းလာတာနဲ့ လက်ထပ်ပေးဖို့မင်္ဂလာပွဲကြီးက စောင့်နေတာ ကိုယ်ဆက်ပြီး ကန်းနေမှ ဖြစ်မှာပေါ့၊ အဲဒါကြောင့် မင်းထွက်သွားမှန်းသိပေမယ့် ကိုယ်လိုက်မရှာနိုင်ခဲ့ဘူး အားလုံးကိုအောင်ပဲ ကူညီနေတာ"

"အစကတော့ ကိုညီနဲ့ သူ ချစ်ကြတယ်လို့ မယ်ကြားတာပဲ နိုင်ငံခြားသွားတော့လည်း အတူတူပဲဆို"

"မဟုတ်ပါဘူး ကိုယ်က ပညာသင်နဲ့သွားတာသပ်သပ် သူက ဒီလိုပဲ ခရီးလျှောက်ထွက်နေရရင်ပျော်တယ် နိုင်ငံခြားလည်းသွားချင်ရင်ထသွားတာပဲ မြန်မာနိုင်ငံထဲမှာပဲ ဘယ်ဖြစ်ဖြစ်သွားချင်ထသွားတာ သူနဲ့ ကိုယ် ငယ်ငယ်ကတည်းက ကျောင်းအတူတက်ဖူးကြတာပဲ ရှိတယ်။ သူငယ်ချင်းတွေလည်း မဖြစ်ခဲ့ဘူး လူကြီးချင်းစေ့စပ်ဖို့ ဖြစ်လာတော့လည်း ကိုယ့်ဘက်ကတော့ မရင်းနှီးခဲ့ပါဘူး ဒါပေမဲ့ လက်ခံ





နိုင်စရာမရှိဘူးဆိုတဲ့ အသိနဲ့ အစက လက်ထပ်ဖို့တကယ် သဘောတူခဲ့တာ ကိုယ်ပြန်မရောက်ခင် ဖေဖေအသက်ခံရတော့ ဒီကကိစ္စတွေကို ဘွားစောက လှမ်းပြောတယ်လေ"

"ဘွားစောဆိုတာက"

"မင်း ဆိုက္ကားနဲ့ သယ်လာတဲ့အလောင်းပေါ့ ဒေါ်မယ်စောတဲ့ မေမေ့လူယုံလေ ကိုယ့်ကို ငယ်ငယ်လေးကတည်းက ကျွေးမွေးထိန်းကျောင်းခဲ့တာ"

ညို မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွားသည်။ ဖြစ်ပျက်ခဲ့သည့် ရုပ်ထွေးမှုများနှင့် ပတ်သက်တာတွေကို မေ့မေ့ပျောက်ပျောက်ထားချင်ပုံပေါ်လျက် မယ့်ကို မဖြစ်မနေ ပြောပြလိုက်ရသဖြင့် အစပြန်ပေါ်သွားသည်ထင်၏။ မျက်နှာချက်ချင်းပဲ ညှိုးလျော်သွားကာ...

"အဲဒီညက ကိုအောင်နဲ့ ကိုယ်အချိန်မှီ လိုက်တာတောင် မမီလိုက်ဘူး တကယ်က အဲဒီမှာ ဘွားစောဘက်က လွှတ်လိုက်တဲ့လူနဲ့ တွေ့ဖို့ကိုယ်တို့စောင့်နေတာ ကိုအောင်က အချိန်လင့်တာကို စိတ်မရှည်ဖြစ်ပြီး ထွက်လိုက်သွားတုန်း မင်းရောက်လာတာပဲ"

"ဪ"

မယ် စိတ်မကောင်းဖြစ်သွားမိသည်။ အပေါ်ယံမဟုတ်ဘဲ ညို ခံစားချက်ကို စာနာစိတ်နှင့်လှိုက်လှိုက်လှဲလှဲ ဖြစ်သွားခြင်းပါ။ မျှော်နေတာက လူကို ရောက်လာတာက အလောင်းပဲဖြစ်ပြီး မထင်မှတ်ဘဲ လွှဲဖယ်သွားခဲ့ရသည့် ကံကြမ္မာက ကောက်တွေ့ရက်စက်လှပေ၏။

ထို့ပြင် သူနဲ့မယ်ဆုံတွေ့ပုံကလည်း ဆန်းကြယ်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ပတ်သက်သည့် လူကိုမှအလောင်းကောင် အဖြစ်နဲ့ မယ်က သယ်ဆောင်လာခဲ့၏။

"ဒါပေမဲ့ ဘွားစောက သေတဲ့အထိ သူအဆုံးမသတ်နိုင်ခဲ့တဲ့ ထုတ်ဖော်မှုကို ပခုံးပြောင်းထားရစ်ခဲ့သေးတယ်၊ အဲဒါကြောင့် ခုလို ကိုယ်တို့အလွယ်တကူဖော်ထုတ်နိုင်တာပေါ့ တကယ်တော့ ပပတို့ မိသားစုဟာ သိပ်ကို ရက်စက်ပြီး ဥာဏ်များတယ် လောဘကြီးတယ် ကိုယ့်မိဘတွေကို သတ်ခဲ့ပြီးတာတောင် အမှုကို မဖော်နိုင်အောင် သူ့သမီးလည်း ချမ်းသာအောင် လက်ထပ်ဖြစ်ဖို့ကို မရမကကြိုးစားခဲ့သေးတယ် ကိုယ့်ဘက်မှာ ကိုအောင်နဲ့ မိတ်ဆွေတချို့သာမရှိခဲ့ရင် မျက်မမြင်ဘဝနဲ့ ကိုယ်ဘာတတ်နိုင်မှာလဲ"

"ကိုညီ"

မယ်က ညီ့မျက်နှာကိုသေချာကြည့်ပြီးမှ မျက်လွှာလေးချ၏။

"အဲဒီအချိန်တုန်းက ကိုညီတို့အရမ်းသောက်များနေမှာကို မယ်မသိခဲ့လို့ပါ ပြီးတော့လေ မယ်... မယ်ရှက်ရှက်နဲ့ ထင်ရာတွေးပြီး ဒုက္ခပေးသလို လုပ်ခဲ့မိသေးတယ် မယ်တောင်းပန်ပါတယ်"

"မယ်ရယ်"

ညီက မယ့်ပါးပြင်လေးတစ်ဖက်ကို လက်မနဲ့တို့ထိပွတ်သပ်အား

"မင်းနဲ့ ဘာမှမဆိုင်ဘူး ကိုယ်မင်းကိုလည်း ဘာအကြောင်းမှ ပြောပြထားခဲ့တာမဟုတ်ဘူး မင်းမှန်ပါတယ် ကိုယ့်ဘေးမှာနေပြီး ဘာမှ မင်းမသိခဲ့ဘူး ပြီးတော့ ကိုယ်က မင်းကိုနားလည်မှုမယူဘဲ တစ်ကိုယ်ကောင်းဆန်ဆန် ပြုမူခဲ့တယ်လေ"





"အဲဒါတွေ တော်ပါတော့"

မယ့် ပါးပြင်လေးနှစ်ဖက် အရောင်ပြောင်းသွားတော့ ညီက မြတ်နိုးစွာ ငေးကြည့်၏။

"ဟုတ်တယ်လေ တကယ်ဆို မင်းနားလည်အောင် ကိုယ်က ကိုယ့်အချစ်ကို အရင်ပြောပြဝန်ခံသင့်တာပေါ့ ကိုယ်ဆန္ဒစောသွားတာပါ ပြီးတော့..."

ညီက စကားမဆက်သေးဘဲ မယ့် ကိုယ်လေးကို ညင်သာစွာ ပွေ့ယူလိုက်၏။

"ကလေးဆန်ဆန်နေတတ်လွန်းတဲ့ မင်းကို အဲဒီလောက်အရှက်သည်းသွားနိုင်တယ်လို့ ထင်ကိုမထင်ခဲ့တာ"

"ခင်ဗျားတော်တော့နော်"

"ပြောပြတာလေ ဒီအရွယ်မှာ ဒီလိုကိစ္စတွေရှိတတ်တာကို နည်းနည်းပါးပါးတော့ ကြားဖူးနားဝရှိမှပေါ့"

"အို ကြားဖူးနားဝနဲ့ လက်ခံလို့ရတဲ့ ကိစ္စလား ကလေးဆန်နေတာကလည်း တမင်ဆိုးနွဲ့နေတာ မဟုတ်ဘူး မယ် အဲဒီလိုပဲနေတတ်တာ ခင်ဗျားက ချစ်သူမရှိခဲ့ဖူးဘူးဆိုပေမယ့် မိန်းကလေးတွေနဲ့ ထိတွေ့ရောနှောနေခဲ့တာရှိသေးတယ် မယ် အဲဒီလို..."

ဆက်မပြောရဲတော့ဘဲ မျက်နှာလေး ဟိုဒီလွှဲငုံ့နေသည့် မယ့်ဆံပင်လေးတွေကိုဖွပစ်ပြီး ညီကရယ်သည်။

"ဆက်ပြောလေ အဲဒီလိုမျိုးနမ်း"

"ကိုညီနော် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



မယ် ပြုံးလည်း ပြုံးနေမိသည်။ မျက်နှာလေးတစ်ပြင်လုံးလည်း ပန်းရင့်ရောင်လွှမ်းနေပြီဖြစ်၏။ ညီက မယ့် ပခုံးစွန်းကလေးကို မချင့်မရဲ ဖျစ်၍ နမ်းမလိုငုံ့ကျလာစဉ် ဖုန်းသံလေးထမြည်လာသည်။

ညီ မျက်နှာတစ်ချက်မဲ့သွားပြီး ဖုန်းကိုင်လိုက်ရ၏။ ဘယ်သူ ခေါ်တာမှန်း သိပြီးသား....

"ဘာလဲ ကိုအောင် မင်းတော်တော်ရှုပ်ပါလားကွ"

"ဟင် အံမာ သူကသူများကို သပေါင်သပာမ်းနဲ့ ဘာလုပ်နေလို့လဲ"

"တွေးကြည့်လိုက်"

"ညီနော် ဒီမှာအလုပ်မအားတဲ့ကြားက စိတ်ပူလို့ဆက်လိုက်တာ"

"ပြောပါဦး"

"မင်း ဦးလေးဦးဘရင်ကို ခြံဖိုးငွေအကြေပေးလိုက်တယ်ဆို"

"ဟုတ်တယ် မင်းကိုငါလှမ်းခေါ်သေးတယ် အစည်းအဝေးခန်းမထဲရောက်နေတယ်ဆိုလို့"

"အေး အဲဒီသေနာလေးက ငါထွက်လာတော့ တန်းမပြောဘူး ခုပဲမင်းဖုန်းဆက်ထားတဲ့ကိစ္စကိုပြောတာ ငါထင်ပါတယ် မင်းဆက်တယ်ဆိုကတည်းက ငါတားတဲ့ကြားက ဒီကောင်လုပ်ချလိုက်ပြီဆိုတာ"

"ဟုတ်တယ် အဲဒီလိုလုပ်မှ ဖြစ်မှာမို့လို့ ငါက အဲဒီမိန်းကလေးကိုမှ အာသည်းအသန်မဖြစ်မနေလိုချင်နေတာ ဘယ်လိုလုပ်မလဲ"

"လိုချင်တော့ ဒီပြင်နည်းနဲ့ကြိုးစားပေါ့ကွ မင်းလုပ်ပုံက မကောင်းဘူး မင်းကို မယ်က ပိုမုန်းသွားနိုင်တယ် အဲဒါစိုးရိမ်လို့ ငါတားတာကို မင်းတော်တော်ခက်တဲ့ကောင် ဖြစ်ချင်ပြီဆို ဖွတ်ပဲကွာ"





ကိုအောင့် ပုံစံက သူ့အတွက် စိတ်ပူပြီး တကယ့်ကို စိတ်ပျက်လက်ပျက် ဖြစ်နေမှန်း သိသာ၏။ ပြောဆိုမရသည့် ကလေးတစ်ယောက်ကို မရိုက်ရက် မဆူရက်နှင့် မျိုသိပ်နေလိုက်ရသော လူကြီးတစ်ယောက်လို လေသံမျိုး။ ညီက ကုရှင်ကိုမှီလိုက်ပြီး အသံထွက်အောင်ရယ်သည်။

"အံမာ ရယ်သေးတယ် ပြီးမှ နဖူးရိုက်ပြီး ပက်လက်လန်မှာ မြင်ယောင်သေးတယ်"

ဖုန်းထဲကနေ ကိုအောင့်ဆဲသံထွက်လာတော့ ညီရယ်ရာ ပခုံးလေးတွေ ပင် လှုပ်၏။ မယ်က ဘာမှန်းမသိပေမယ့် ညီရယ်လေ မလုံမလဲလေး ဖြစ်၍ မျက်စောင်းရှယ်လေးနှင့် နှုတ်ခမ်းလေးစူလာသည်။

"ကိုအောင် အခု မင်းဘာလုပ်နေသလဲ"

"ရုံးခန်းထဲမှာ ပြန်တော့မလို့"

"အေး အိမ်ကိုမပြန်နဲ့ တိုင်းတရားရုံးကို တန်းလိုက်ခဲ့တော့"

"ဟင် ဘာလုပ်ဖို့လဲ"

"မယ်နဲ့ ငါလက်ထပ်မယ်လေ မင်းကသက်သေ"

"ဘာ မင်းက မယ်နဲ့"

ကိုအောင် တအံ့တသြကြီးမေးတော့ ညီကရယ်၍ မယ့် ပခုံးလေးကို ဆတ်ခနဲဆွဲဖက်လိုက်သည်။ ပြီးတော့...

"မယုံဘူးလား မယ်ရှိနေတယ် မေးကြည့်"

ညီက မယ့်နားလေးမှာ ဖုန်းကပ်ပေးလိုက်သည်။

"ဟာ ဘာလုပ်တာလဲ ကိုညီနော် ဟင့်အင်း မပြောဘူး သွား"

မယ် သဘောပေါက်သွားကာ ရှက်ရှက်နှင့် ဖုန်းကို အတင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



တွန်းပစ်၏။

"နည်းနည်းတစ်လုံးနှစ်လုံးပဲကွာ သူမေးတာ ဖြေလိုက်ရင် ပြီး တာပဲနော် လိမ္မာတယ်"

"မလိမ္မာဘူး သွား"

မယ်နဲ့သူဖြစ်နေကြတာတွေကို ကိုအောင်က ကြားသွားသည်ထင် သည်။ ဖုန်းထဲက ရယ်သံသဲ့သဲ့ မယ့်နားထဲတိုးဝင်လာသည်။

"ရပြီ ရပြီမယ် မပြောနဲ့တော့ တို့သဘောပေါက်ပြီ ဒါကြောင့် ဒီ ကောင် အောက်ခြေလွတ်နေတာ ပြောလိုက်သိလား ခုလာနေပြီ ရုံးမှာ ဆုံမယ်လို့"

မယ် အားလုံးကြားလိုက်သည် ဒီလိုဖြစ်သွားအောင် သူတမင်လုပ် တာမှန်းလည်း သိလိုက်၏။ သက်သက်အသံတွေ ဝင်ကုန်အောင်လုပ်တာ။

"မုန်းစရာကြီး"

ပျစ်ပျစ်နစ်နစ် မျက်စောင်းထိုး၍ မယ် နှုတ်ခမ်းစူသည်။

"တကယ်လား တကယ်မုန်းတာလား ပြန်ပြင်မယ်ဆို အချိန်မီ သေးတယ်"

"ကိုညီနော်"

မယ် ပခုံးလေးကျုံ့၍ ထိတ်လန့်သွားသလိုအော်သည်။ ညီက ဖုန်းပြန်ထည့်ရင်း မယ့်နဖူးလေးကို နမ်း၏။

"မရဘူး မုန်းဖို့တော့ လုံးဝခွင့်မပြုနိုင်ဘူး ကိုယ်တို့ရှေ့မှာ ချစ် ခင်ပေါင်းဖက်ပြီးသား မြေးမြစ်တွေရတဲ့အထိ ကြင်နာသွားကြတဲ့ ချစ် သူတွေရှိတယ် ချစ်တတ်ကြသူတိုင်း ဘယ်လိုတွေ့တွေ့ ဘယ်လိုဆုံဆုံ





အချစ်မှာ မတရားတာ မရှိဘူးတဲ့"

"သူတို့က ပြောလား"

"ပြောတယ်လေ မင်းကိုယ့်ကို မတရားဘူးထင်ရင် မုန်းကြည့်ပါ လား ကိုယ်တိုင်ပြောမှာ"

"ဘယ်သူ့ကိုလဲ"

"ရှေ့မှာ ပေါင်းဖက်သွားခဲ့ကြတဲ့ ချစ်သူတွေကိုပေါ့ မင်းကို အပြစ်ပေးလိမ့်မယ်"

"မကြောက်ဘူး"

"ထပ်ပြောကြည့်စမ်း"

မယ် ညီ့ရင်ဘတ်ကို ထုပစ်လိုက်ပြီး အသံလေးကျွက်အော် ရယ်သည်။

"ခုမှ မျက်နှာချိုမသွေးနဲ့ မရဘူး သူတို့က ပြောထားတယ် အဲဒါ မျိုးကို ခွင့်မလွှတ်ရဘူးတဲ့"

"သွား"

ရယ်သံလေးတွေ လွင့်သွားသည်။

ညီ ရင်ခွင်ထဲမှာ မယ်ငြိမ်ငြိမ်သက်သက်လေး မှီနေမိရင်း ချစ် ခြင်းဆိုသည့်အရာကို ပုံဖော်ကြည့်မိသည်။ ဒါပေမဲ့ သူမ ရခဲ့တာက အနမ်းတွေပဲဖြစ်ကာ..။ အချစ်ဆိုတာ ဒါပဲလား....

*အစဉ်လေးစားလျက်*

*လရောင်ကျူးရင့်*



www.burmeseclassic.com